The
# Commerce
Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .15, NO . 20
တနင်္လာနေ့တိုင်းထုတ်ဝေသည်
June 1 , 2015



## အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုနဲ့
## အစားအစာ
## ဘေးကင်းလုံခြုံရေး
| စံမိအောင် | ၂၀

## မြို့ရွှေဘိုက
## လက်ခတ်သံ



၁၄

ဘယ်လ်ဂျီယံနိုင်ငံတွင်
မြန်မာ့စီးပွားရေးအခွင့်အလမ်းများဆိုင်ရာ
ဆွေးနွေးပွဲကျင်းပ ၁၃

ရန်ကုန်စတော့အိတ်ချိန်း ဈေးကွက်အတွက်
လိုင်စင်အောင်မြင်သူများကို ထုတ်ပြန်ကြေညာမည် ၁၅

ဂျာမနီနိုင်ငံမှ Thyssen Krupp ကုမ္ပဏီ
မြန်မာနိုင်ငံသို့ တစ်ကျော့ပြန်
ပြန်လည်ဝင်ရောက် ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည် ၂၆

PSWA
exceptionally your partner

# ပြည့်စုံဝင်းအောင် ကုမ္ပဏီလီမိတက်

## မော်တော်ယာဉ် အရောင်းပြခန်း

ရန်ကုန် အရောင်းပြခန်း (၁) – အမှတ် (၁၁၂)၊ ဘုရင့်နောင်လမ်း (ပုလဲလမ်း)၊ ရွှေပြည်သာ စက်မှုဇုန် (၄)။

Ph : 09-73161616, 09-73262626

ရန်ကုန် အရောင်းပြခန်း (၂) – အမှတ် (၄၉၉-၅၀၀)၊ ယောအတွင်းဝန်ဦးဖိုးလှိုင်လမ်း၊ ရွှေလင်ပန်းစက်မှုဇုန်။

Ph : 09-73243030, 09-73242929, 09-73222295, 09-421054000

မန္တလေး အရောင်းပြခန်း – ပပ ၂၃/၃၁-၃၂-၃၃၊ ၆၇လမ်းနှင့် ၆၈လမ်းကြား၊ ယောမင်းကြီးလမ်း၊ စက်မှုဇုန် (၁)။

Ph : 02-5153600, 02-5154825, 09-91020000, 09-5164000



# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် Creative Thinking for Policy Making ဟောပြောပွဲအခမ်းအနား တက်ရောက်



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာ-ဂျပန်စင်တာတို့ ပူးပေါင်းကျင်းပပြုလုပ်သည့် "Creative Thinking for Policy Making" ဆိုင်ရာ ဟောပြောပွဲဖွင့်ပွဲ အခမ်းအနားကို မေလ ၂၇ ရက်နေ့ နံနက် ၉ နာရီခွဲအချိန်က နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပပြုလုပ်ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် တက်ရောက်ခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် မြန်မာ-ဂျပန်စင်တာအား ဖွဲ့စည်းတည်ထောင်ပြီးချိန်မှစ၍ မြန်မာ- ဂျပန်စင်တာသည် မြန်မာနိုင်ငံ၏ စီးပွားရေးနှင့်လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန်အတွက် စီးပွားရေးလုပ်ငန်းဆောင်ရွက်နေသည့် ပုဂ္ဂိုလ်များအား အထွေထွေစီးပွားရေးဆိုင်ရာ သင်တန်းများ၊ အထူးစီးပွားရေးဆိုင်ရာ သင်တန်းများနှင့် ကုမ္ပဏီများ၏ လိုအပ်ချက်အရ ပို့ချပေးသည့် Tailor Made Course များကို ရန်ကုန်မြို့တွင်သာမက အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်ပါ အောင်မြင်စွာ ပို့ချပေးလျက်ရှိပါကြောင်း၊ ထို့အပြင် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ဆွေးနွေးပွဲများကိုလည်း အောင်မြင်စွာ ကျင်းပလျက်ရှိတာကို တွေ့ရှိရမှာဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်ပေါင်းစုံမှ ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်နေပြီး အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာအသိုင်းအဝိုင်းတွင် ပိုမိုတက်ကြွစွာပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကုန်သွယ်မှုမူဝါဒသစ်များချမှတ်၍ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု တိုးချဲ့မြှင့်တင်ရေးအတွက် အလေးပေးဆောင်ရွက်နေပါကြောင်း၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများအဖြစ် လုပ်ထုံးလုပ်နည်းများ ဖြေလျှော့ပေးခြင်း၊ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း၊ ပြန်လည်ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ပြောင်းလဲလာသည့် ခေတ်စနစ်နှင့်အညီ မိမိတို့အနေဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် သမားရိုးကျ နည်းလမ်းများဖြင့် လုပ်ကိုင်ခြင်းမပြုဘဲ ဆန်းသစ်သည့် အတွေးအခေါ်သစ်၊ စိတ်ကူးသစ်များဖြင့် ဝန်ကြီးဌာန၏ လုပ်ငန်းများ ပိုမိုထိရောက်ကောင်းမွန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အရေးကြီးပါကြောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကကဏ္ဍ၏ လုပ်ငန်းများ ပိုမိုလျင်မြန်ချောမွေ့ရေး၊ အထက်အကြီးအကဲများ၏ ထိရောက်ကောင်းမွန်သည့် မူဝါဒများချမှတ်ရာတွင် ပံ့ပိုးကူညီပေးနိုင်ရေးအတွက် မိမိတို့ ဝန်ထမ်းများအနေဖြင့် ကောင်းမွန်သည့် အတွေးအခေါ်သစ်များ၊ အယူအဆများနှင့် ဆန်းသစ်သည့် စိတ်ကူးများ ဖန်တီးနိုင်ရန်အတွက် အရည်အချင်းများ ပြည့်ဝနေရန် လိုအပ်ပါကြောင်း၊ ယနေ့ ဆွေးနွေးပို့ချမည့် အကြောင်းအရာများသည် တက်ရောက်ကြသည့် သင်တန်းသားများအတွက် မိမိတို့၏လုပ်ငန်းရည်မှန်းချက်များအကောင်အထည်ဖော် ဆောင်ရွက်ရာတွင်များစွာ အထောက်အကူပြုစေမှာ ဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု သတင်းရရှိပါသည်။

ထို့နောက် မြန်မာ-ဂျပန် စင်တာမှ Chief Advisor Mr. Morimasa KANAMARU မှ ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် ယခုကျင်းပပြုလုပ်သည့်ဟောပြောပွဲနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အဆိုပါ ဟောပြောပွဲသို့ မြန်မာ-ဂျပန်စင်တာ ပူးတွဲကြီးကြပ်ရေးကော်မတီအဖွဲ့ဝင် ဝန်ကြီးဌာနများမှ အရာထမ်း ၄၀ ဦး တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

# မြန်မာ့ရွှေသတ္တုဗဟိုဈေးကွက်ဖြစ်မြောက်ရေး အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် တက်ရောက်အမှာစကားပြောကြား



မြန်မာနိုင်ငံတွင် ပထမဦးဆုံး ထူထောင်ဖွင့်လှစ်မည့် မြန်မာ့ရွှေသတ္တုဗဟိုဈေးကွက် ဖြစ်ထွန်းလာစေရေးအတွက် အလုပ်ရုံဆွေးနွေးပွဲကို မေလ ၂၈ ရက် နံနက် ၁၀း၃၀ နာရီက နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပပြုလုပ်ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် တက်ရောက်အမှာစကားပြောကြားခဲ့ပါသည်။

အဆိုပါ အခမ်းအနားသို့ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာ့ဖွံ့ဖြိုးတိုးတက်ရေးအများပိုင်ကုမ္ပဏီမှ ဒါရိုက်တာအဖွဲ့ဝင်များ၊ ရွှေသတ္တုဆိုင်ရာကျွမ်းကျင်သူ ပြည်ပ ပညာရှင်များ တက်ရောက်ကြပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းသည် မြန်မာနိုင်ငံ၏ ရွှေလုပ်ငန်းကဏ္ဍတွင် ပါဝင်ဆောင်ရွက်နေကြသည့် တူးဖော်ရေးလုပ်ငန်း၊ သန့်စင်ရေးလုပ်ငန်း၊ အဆင့်မြင့်အချောထည်ပြုပြင်ရေးလုပ်ငန်း၊ ရွှေလက်လီလက်ကားရောင်းဝယ်ရေးလုပ်ငန်းများတွင် ပါဝင်နေသူအားလုံးကို ဦးစီးဦးဆောင်မှုပြုနေသည့် အသင်းကြီးတစ်ခုဖြစ်သည်နှင့် အညီ အသင်းဥက္ကဋ္ဌ အပါအဝင်ဗဟိုအလုပ်အမှုဆောင်များအနေဖြင့် နိုင်ငံတော်အစိုးရနှင့်လက်တွဲပြီး အစိုးရပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု (Public Private Partnership) များတွင် ပူးပေါင်းဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် နိုင်ငံရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများအရှိန်ရလာသည်နှင့်အမျှ နိုင်ငံတကာအဖွဲ့အစည်းများ၊ အေဂျင်စီများနှင့် လုပ်ငန်းရှင်များက မြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံမှုများ သိသာစွာများပြားလာပြီဖြစ်၍ ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် မြန်မာ့လုပ်ငန်းရှင်များ ပူးတွဲဆောင်ရွက်နိုင်ရေး၊ နည်းပညာသစ်များနှင့် စီမံအုပ်ချုပ်မှုနည်းစနစ်များ ပိုမိုလက်ခံရရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုချဲ့ထွင်နိုင်ရေးအပြင် ပုဂ္ဂလိကလုပ်ငန်းရှင်များမှ နိုင်ငံတကာနှင့် ရင်ပေါင်တန်း လုပ်ကိုင်နိုင်အောင် လုပ်ငန်းကဏ္ဍအလိုက် ကုန်သည်အသင်းအဖွဲ့များက ဦးဆောင်ပါဝင်ဆောင်ရွက်ရမှာဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ပေါ်စေရေးတွင် ပုဂ္ဂလိက ကဏ္ဍသည် အထူးအရေးပါကြောင်း၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ လက်ရှိကြုံတွေ့နေရသည့် အခက်အခဲများ၊

➲ စာမျက်နှာ ၂၂ သို့

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
ဒေါက်တာမောင်အောင်
အောင်စိုး(MPM)၊ သန်းအောင်ကျော်
ကျော်စိုးလင်း
မြတ်ထွန်းကျော်
ဝင်းမြင့်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်မြင့်မြင့်ထွန်း

**စာတည်းအဖွဲ့**
မောင်ရွှေ၊ ကြည်ကြည်ချယ်ရီမောင်၊ နီလာသိန်း၊
ခင်မောင်မောင်အုန်း၊ ချိုသက်မူ၊ သန်းအေး

**လက်ထောက်စာတည်း**
ချောစုမာ၊ နှင်းပန်းဖြူ၊
ယဉ်ယဉ်အေး၊ ခင်ခင်သော်

**သတင်းထောက်များ**
ခင်မြင့်မြင့်သန်း(မန္တလေး)၊
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွင့်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)
စိုးဦး(ကျုံပျော်)၊ မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ ဆုမွန်ဆွေ(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(လှိုင်ကော်)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့်

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(မြဲ-၃၈၁၉)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း - ၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
တင်တင်အေး၊ ခင်မြတ်မွန်၊
အုန်းခင်

**ကွန်ပျူတာ**
မြင့်မြင့်ကြည်၊ အေးအေးနွဲ့၊ တင်နီလာကျော်
သီရိဝင်း၊ မြတ်ဆုလှိုင်၊ သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(မြဲ-၀၉၇၄၄)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

**Rice Market News**
Vol: 15, No.20 Monday June 1 2015

# ဆန်ချောတွေက အေးတိအေးစက်နဲ့ ဆက်သွားနိုင်သော်လည်း တရုတ်ရဲ့ လက်ရှိဝယ်လိုအားကြောင့် ဆန်ကြမ်းနဲ့ ဆန်ကွဲတွေက ဈေးမကျနိုင်

ရန်ကုန်မြို့ ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း)ရဲ့ လက်ကားဆန်ဈေးနှုန်းများမှာ ၂၀၁၅ ခုနှစ် မေလ ၂၉ ရက်နေ့ဈေးနှုန်းများအရ ဖျာပုံပေါ်ဆန်းနှင့် နယ်စုံပေါ်ဆန်းလတ်စ တစ်အိတ်ကို ၃၄၀၀၀ ကျပ်၊ ရွှေဘိုပေါ်ဆန်း တစ်အိတ်ကို ၄၁၅၀၀ ကျပ်ဖြစ်ခဲ့ကြလို့ ယခင်တစ်ပတ်ထက် တစ်အိတ်ကို ၅၀၀ ကျပ်မှ ၁၅၀၀ ကျပ်အတွင်း ဈေးဆက်ကျလာခဲ့တာ တွေ့ရပါတယ်။ ယခင်တစ်ပတ်များအတွင်း ဆန်ချောဈေးတွေ အမြင့်ဆုံးဖြစ်ခဲ့ခြင်း၊ ကျောင်းအပ်ရာသီ ရက်သတ္တပတ်ဖြစ်နေခြင်းနဲ့ လကုန်ရက်လည်းဖြစ်ခဲ့ခြင်းများကြောင့် အရောင်းအဝယ် အေးချိန်ဖြစ်နေရာ ဆန်ကုန်သည်တွေ ပြောလေ့ရှိတဲ့ ရှားရှယ်၊ ပေါရှယ်ဆိုတဲ့အတိုင်း အရောင်းအဝယ်အေးချိန် ပစ္စည်းပေါချိန်မှာ ရှယ်စပါ ဟု အမှန်ပြောလည်း ချို့ယွင်းချက်ရှာကာ ဈေးလျှော့ခိုင်းရာမှ ဆန်ချောစ အချို့ ဈေးဆက်ကျလာရတာဖြစ်တယ်လို့ သိရပါတယ်။

ဆန်ကြမ်းဖြစ်တဲ့ ဧည့်မထလတ်စ တစ်အိတ်ကို ၁၈၅၀၀ ကျပ်၊ နှွဆန်ရှယ် ၁၉၀၀၀ကျပ်၊ ငစိန် လတ်စ ၁၇၀၀၀ ကျပ်၊ ထိပ်စ ၁၇၅၀၀ ကျပ်ဖြစ်ခဲ့ကြလို့ ယခင်တစ်ပတ်ထက် တစ်အိတ်ကို ၃၀၀ ကျပ်မှ ၅၀၀ ကျပ်အတွင်းဈေးတက်လာတာ တွေ့ရပါတယ်။ ဆန်ကြမ်းတွေ ယခင်ရက်တွေက အဝယ်အေးခဲ့သော်လည်း ယခုရက်မှာ အဝယ်ပြန်လိုက်လာလို့ ဈေးအနည်းငယ်ပြန်တက်လာရတာဖြစ်တယ်လို့ သိရပါတယ်။ ဝါးတန်းကုန်စည်ဒိုင်သို့ ဆန်ပုံမှန်ဝင်နေပြီး မြို့တွင်းလက်လီဆိုင်သမား အဝယ်အေးနေသော်လည်း ရန်ကုန်မှ တရုတ်-မူဆယ်လိုင်းသို့ ဆန်ကြမ်းဆန်ကွဲ၊ ကောက်ညှင်းဆန်ကွဲနဲ့ နှွရှယ်တွေ သွားနေကြောင်း ကုန်စည်ဒိုင်ဈေးကွက်မှ ကြားသိရပါတယ်။

ရန်ကုန်ဈေးကွက်အတွင်း ဧည့်မထ ၂၅ မှတ် (ပြည်ပ) ဆန်တစ်အိတ် ၅၀ ကီလိုကို ၁၆၁၀၀ ကျပ်-၁၆၅၀၀ ကျပ်ခန့် ဈေးရှိနေပြီး၊ ယခင်ရက်တွေက အဝယ်အေးခဲ့သော်လည်း ယခုရက်မှာတော့ ရန်ကုန် FOB အတင်သမားအချို့ ပြန်ဝယ်နေလို့ အဝယ်လိုက်လာကြောင်း၊ EMATA MYANMAR 25 % FOB (Yangon) ဈေး 320-325 USD / MT ခန့်ရရှိသည်ဟုလည်း ကြားသိရပါတယ်။

တရုတ်လိုင်း မူဆယ်ဆန်ဈေးကွက်မှာ မေလ ၂၉ ရက်နေ့ ဈေးနှုန်းများအရ ဧည့်မထ ၅ မှတ်၊ နှွရှယ်တစ်အိတ်ကို ၁၄၀-၁၄၃ ယွမ်၊ မှော်ဘီ ၁၄၁-၁၄၄ ယွမ်၊ ဧည့်မထ ၁၀ မှတ် မှော်ဘီ ၁၃၇-၁၄၀ ယွမ်၊ စူပါ ၁၃၇-၁၄၀ ယွမ်၊ ဧည့်မထ ၁၅ မှတ် မနောသုခ ၁၃၄ ယွမ်၊ မှော်ဘီ ၁၃၄-၁၃၆ ယွမ်၊ ဧည့်မထ ၂၅ မှတ် ရတနာတိုး ၁၃၁-၁၃၂ ယွမ်၊ ဧည့်မထ ၃၅ မှတ် ရတနာတိုး ၁၂၇-၁၂၉ ယွမ်၊ ငစိန် ၅ မှတ် ၁၃၉-၁၄၁ ယွမ်၊ ၁၅ မှတ် ၁၃၁-၁၃၂ ယွမ်၊ ကောက်ညှင်း ၁၅ မှတ် ၁၅၇-၁၅၉ ယွမ်၊ B 2,3,4 တစ်အိတ် ၁၀၂-၁၀၃ ယွမ်၊ B 1,2 ၁၀၄-၁၀၆ ယွမ်၊ B 1,EXTRA ၁၀၇-၁၁၁ ယွမ်ဖြစ်ခဲ့ကြပြီး မေ ၂၉ ရက် မူဆယ်ရှိငွေလဲနှုန်းမှာ တစ်ယွမ်ကို ၁၈၀ ဒသမ ၅၀ ကျပ်ဖြစ်ကြောင်း၊ ပြည်တွင်းနယ်စုံမှ မူဆယ်သို့ ယခုတစ်ပတ်အတွင်း ဆန်တန်ချိန် ၂၆၁၀၀ ခန့်ဝင်ရောက်ခဲ့ကြောင်း၊ ရန်ကုန်-မူဆယ် ဆန်တင်ဆောင်ခ တစ်တန်ကို ၉၆၀၀၀ ကျပ်ခန့်ရှိနေကြောင်းသိရှိရပြီး မူဆယ်မှာ ငွေလဲနှုန်းတက်နေခြင်း၊ အရောင်းအဝယ်လည်း ကောင်းနေခြင်းများကြောင့် မူဆယ်သို့ ဆန်ပိုမိုဝင်ရောက်နေတယ်လို့ကြားသိရပြီး မူဆယ်ဆန်ဈေးကွက် ရှေ့ဆက်ကောင်းနိုင်တယ်လို့လည်း ကြားသိရပါတယ်။

မြန်မာ့ဆန်နဲ့ ဆန်ကွဲပြည်ပတင်ပို့မှုမှာ ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ မေ ၂၂ ရက်ထိ တန်ချိန် ၂၆၇၃၀၀ ကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၉၁ သန်းကျော်ဖိုး ရရှိနေကာ ယခင်ဘဏ္ဍာနှစ်ကာလတူထက် တန်ချိန် ၁၁၇၂၀၀ ကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၃၇ သန်းကျော်ဖိုး ပိုမိုတင်ပို့ထားနိုင်တာ တွေ့ရပါတယ်။ ပြည်တွင်းမှာ အဓိကဈေးကွက်ကြီးရှိနေတဲ့ ဆန်ချောတွေက အေးတိအေးစက်နဲ့ ဆက်သွားနိုင်သော်လည်း လက်ရှိတရုတ်ရဲ့ ဝယ်လိုအားကြောင့် ဆန်ကြမ်းနဲ့ ဆန်ကွဲတွေက ဈေးမကျနိုင်ဟု ဆန်ဈေးကွက်မှ ခန့်မှန်းနေကြကြောင်း သိရပါတယ်။

**သန်းအေး-ဆန်စပါး**

# တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ဆန်တင်ပို့

မြန်မာ့ဆန်ကို နယ်စပ်ကုန်သွယ်ရေးစခန်းများမှ တင်ပို့ရာတွင် မြန်မာ-တရုတ်နယ်စပ်မှ အများဆုံး တင်ပို့ပြီး ယခုလတ်တလော ကာလတွင်လည်း တရုတ်နိုင်ငံကို ဆန်တင်ပို့မှုအားကောင်းလျက်ရှိနေပါတယ်။ မေ ၁၆ ရက်မှ ၂၂ ရက်ထိကာလအတွင်းမှာတော့ တရုတ်နယ်စပ်သာမက ထိုင်းနယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းကပါ တင်ပို့နိုင်ကြောင်း သိရှိရပါတယ်။

ယခုတစ်ပတ်အတွင်းမှာ မြန်မာ-တရုတ်နဲ့ထိုင်းနယ်စပ်စခန်းမှကန်ဒေါ်လာ ၉ ဒသမ ၇၁၁ သန်း တန်ဖိုးရှိတဲ့ ဆန်တန်ချိန် ၂၆၄၆၈ တန်ကို တစ်ဖက်နိုင်ငံများသို့ တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်ထက် ၁၂၈ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

မြန်မာ-တရုတ် ကုန်သွယ်ရေးစခန်းများက တင်ပို့နိုင်မှုများမှာ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန် ၁၅၀၂၀ တန်၊ ဧည့်မထ ၈၂၄၈ တန်နဲ့ လွယ်ဂျယ်မှ တန် ၃၀၀၀ တင်ပို့ခဲ့ပြီး တရုတ်ဘက်မှ ဝယ်လိုအားများနေတာရယ် ဒေါ်လာဈေးနဲ့ ယွမ်ဈေးတက်လာတာတွေရယ်ကြောင့် ဆန်တင်ပို့တဲ့ဈေးကွက် အခြေအနေကောင်းနေပြီး အရောင်းအဝယ် သွက်နေတယ်လို့ သိရပါတယ်။

ယခုဘဏ္ဍာနှစ်စ မေလ တတိယပတ်အတွင်းမှာ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ သုည ဒသမ ဝ၇၅ သန်းဖိုးရှိတဲ့ ဧည့်မထ ၂၅ မှတ် ဆန် တန် ၂၀၀ ကို တစ်ဖက်ထိုင်းနိုင်ငံကို တင်ပို့နိုင်ခဲ့ပါတယ်။တာချီလိတ်စခန်းမှ ဆန်တင်ပို့မှုမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ကန်ဒေါ်လာ သုည ဒသမ ၇၉၅ သန်းဖိုးရှိ ဧည့်မထဆန် ၁၈၇၈ တန်ကျော်နဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ကန်ဒေါ်လာ ၄ ဒသမ ဝ၁၄ သန်းဖိုးရှိတဲ့ ဧည့်မထ ဆန်တန် ၉၁၉၀ ကျော်ကို တင်ပို့ထားနိုင်ခဲ့တယ်လို့ စာရင်းဇယားများအရ သိရှိရပါတယ်။

ယခုတစ်ပတ် ဆန်ကွဲတင်ပို့မှုမှာ မူဆယ် (၁၀၅)မိုင်မှ ကန်ဒေါ်လာ ၃ ဒသမ ၆၅၃ သန်းဖိုးရှိ ဆန်ကွဲ ၁၁၂၃၄ တန်ကျော်တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်တင်ပို့မှုထက် တန် ၅၀၀ ကျော်လျော့နည်းခဲ့ပါတယ်။ လွယ်ဂျယ်ကုန်သွယ်ရေး စခန်းမှ ကန်ဒေါ်လာ သုည ဒသမ ၃၂၀ သန်းဖိုးရှိတဲ့ ဆန်ကွဲတန်ချိန် ၁၀၀၀ ကို တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်အတိုင်း တင်ပို့ခဲ့တယ်လို့သိရှိရပါတယ်။

**ယဉ်ယဉ်အေး**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၈-၅-၂၀၁၅ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၃၉၀ | ၃၇၉ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၈၁ | ၃၈၀ | ▽ | ၃၅၀ | ၃၅၀ | □ | ၃၇၀ | ၃၇၀ | □ | ၄၀၅ | ၄၀၅ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၃၆၈ | ၃၆၈ | □ | ၃၃၀ | ၃၂၅ | ▽ | ၃၄၅ | ၃၄၅ | □ | ၃၆၀ | ၃၆၀ | □ |
| ပေါင်းဆန် | ၃၇၀ | ၃၆၅ | ▽ | - | - | - | ၃၆၀ | ၃၅၀ | ▽ | ၄၀၅ | ၄၀၅ | □ |

*Source: oryza.com*

## အမေရိကနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၈-၅-၂၀၁၅ ဒေါ်လာ/တန်

| | ယူအက်စ် | | | ဥရုဂွေး | | | အာဂျင်တီးနား | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၄%-၇% | ၄၆၅ | ၄၆၅ | □ | ၅၆၅ | ၅၆၅ | □ | ၅၅၅ | ၅၅၅ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၄၅၅ | ၄၅၅ | □ | - | - | - | - | - | - |

*Source: oryza.com*

## ပြည်တွင်းမြို့ကြီးများ၏ (၂၉-၅-၂၀၁၅) ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၄၃၇၀ | □ | ၁၈၃၀၀ | □ | ၇၃၆၀ | △ | ၃၇၀၀၀ | △ |
| ပုသိမ် | ၄၂၃၂ | △ | ၁၉၅၀၀ | △ | ၈၇၆၂ | △ | ၃၇၀၀၀ | △ |
| ပဲခူး | ၄၀၅၀ | △ | ၁၇၅၀၀ | △ | ၆၂၀၀ | △ | ၂၈၀၀၀ | △ |
| ရွှေဘို | ၄၉၅၀ | □ | ၂၃၅၀၀ | □ | ၁၁၀၅၀ | △ | ၃၈၀၀၀ | △ |
| စစ်တွေ | ၄၂၅၀ | △ | ၁၇၅၀၀ | △ | ၇၅၀၀ | □ | ၃၀၀၀၀ | △ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၅၀၀၀ | □ | ၂၂၀၀၀ | □ | - | - | ၄၀၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၄၂၅၀ | □ | ၁၈၅၀၀ | △ | - | - | ၃၄၀၀၀ | ▽ |
| မန္တလေး | ၅၁၀၀ | □ | ၂၀၀၀၀ | □ | - | - | ၃၄၀၀၀ | □ |
| မကွေး | ၆၅၀၀ | □ | ၂၁၅၀၀ | □ | - | - | ၃၉၀၀၀ | □ |
| မော်လမြိုင် | ၄၄၀၀ | □ | ၁၈၅၀၀ | □ | ၇၂၀၀ | □ | ၃၀၀၀၀ | □ |
| လှိုင်ကော် | ၆၀၀၀ | □ | ၂၂၀၀၀ | □ | - | - | ၃၅၀၀၀ | □ |
| မြိတ် | ၄၀၀၀ | □ | ၂၁၀၀၀ | △ | - | - | ၃၉၀၀၀ | △ |
| ဘားအံ | ၄၀၀၀ | △ | ၁၉၅၀၀ | □ | - | - | ၃၃၀၀၀ | □ |
| တောင်ကြီး | - | - | ၂၂၀၀၀ | □ | - | - | ၄၂၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စအမျိုးအစားဖြစ်ပါသည်။ စပါးသစ်လတ်စ ဆန်သစ်ဈေးများ ဖြစ်ပါသည်။

# ပြည်စပါး၊ ဆန်ဈေး ဆက်လက်မြင့်တက်လာ

ဒီတစ်ပတ် စပါး၊ ဆန်ဈေးကွက်တွင် စပါးဈေးရော၊ ဆန်ဈေးပါ ဈေးမြင့်လာတာတွေ့ရပါတယ်။ တောင်သူလက်ဝယ်မှာ တောင်ပျံမွှေးစပါးဟာ မရှိသလောက်ဖြစ်နေပြီး ပွဲစား၊ လှောင်လက်သမားများထံတွင်သာ စပါးများရှိတော့ကြောင်း သိရပါတယ်။ မေလ ယခုတစ်ပတ် စပါးဈေးဟာ တင်း ၁၀၀ (၄၆ ပေါင်ကိုက်) ဈေး ၇၃၆၀၀၀ ကျပ်ထိ ဈေးတက်လာပြီး၊ တောင်ပျံမွှေးဆန်တစ်အိတ်ကို ၃၇၀၀၀ ကျပ်ထိ မြင့်တက်လာပါတယ်။ နယ်တင်ပို့မှုမရှိတော့ဘဲ ဒေသတွင်းဆန်အရောင်းအဝယ်သမားများဖြင့်သာ အရောင်းအဝယ်ဖြစ်လျက်ရှိနေပါတယ်။

ဧည့်မထစပါးဈေးကတော့ နယ်တင်ပို့မှုရှိပြီး၊ ဒေသတွင်းအရောင်းအဝယ်တွေလည်းဖြစ်လျက်ရှိပါတယ်။ ရန်ကုန်၊ မန္တလေးသို့ တစ်ရက်ခြား အိတ် ၈၀၀ ခန့် အတင်ရှိကြောင်းလည်း သိရပြီး၊ ဧည့်မထစပါးဈေးတင်း ၁၀၀ ကို ၅၀၆၀၀၀ ကျပ်နဲ့ဆန်တစ်အိတ် (ထိပ်စ) ၁၉၀၀၀ ကျပ်၊ ၂၀၀၀၀ ကျပ်တို့နဲ့ အရောင်းအဝယ်ပြုကြပြီး ဧည့်မထစပါး (အမာ) ဈေးကတော့ ၄၅၀၀၀၀ ကျပ်နီးပါးဖြစ်ပြီး ဆန်တစ်အိတ် (ထိပ်စ) ၁၈၃၀၀ ကျပ်ဖြစ်ကြောင်းသိရပါတယ်။ ပြည်နှွေစပါးဈေးကတော့ ၄၁၄၀၀၀ ကျပ်ဈေးပေါက်ကြောင်း သိရပါတယ်။

**နီနီဝင်း-ပြည်**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂၉-၅-၂၀၁၅ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၂၂/၅ | ၂၉/၅ | ပြောင်းလဲမှု | ၂၂/၅ | ၂၉/၅ | ပြောင်းလဲမှု | ၂၂/၅ | ၂၉/၅ | ပြောင်းလဲမှု | ၂၂/၅ | ၂၉/၅ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၂၀၇၄ | ၂၁၂၃ | ▲ | ၁၉၅၀ | ၁၉၀၀ | ▼ | ၁၉၅၀ | ၁၉၆၅ | ▲ | ၁၉၀၀ | ၁၉၀၀ | ■ |
| ၂ | ပဲစင်းငုံ | ၂၀၂၅ | ၂၀၄၁ | ▲ | ၁၉၅၀ | ၁၉၄၈ | ▼ | ၁၉၄၀ | ၁၉၅၀ | ▲ | ၁၉၀၀ | ၁၉၀၀ | ■ |
| ၃ | ပဲတီစိမ်း | ၁၈၆၅ | ၁၈၆၅ | ■ | ၂၀၆၂ | ၂၀၀၀ | ▲ | ၂၀၀၀ | ၁၉၂၁ | ▼ | ၁၈၇၀ | ၁၇၄၀ | ▼ |
| ၄ | ကုလားပဲရိုးရိုး | ၁၅၀၀ | ၁၄၃၀ | ▼ | - | - | - | - | - | - | ၁၁၃၅ | ၁၁၁၅ | ▼ |
| ၅ | ပဲလွန်းဖြူ | ၁၁၆၅ | ၁၁၆၅ | ■ | - | ၉၆၇ | - | - | - | - | ၈၄၅ | ၈၁၆ | ▼ |
| ၆ | ထောပတ်ပဲ | ၇၈၀ | ၇၈၀ | ■ | ၈၇၁ | ၈၈၉ | ▲ | - | - | - | ၆၃၅ | ၆၃၀ | ▼ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၂၉-၅-၂၀၁၅ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | | ၂၁/၅ | ၂၈/၅ | ပြောင်းလဲမှု | ၂၁/၅ | ၂၈/၅ | ပြောင်းလဲမှု | ၂၁/၅ | ၂၈/၅ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၁၆၀ | ၁၁၆၀ | ■ | ၁၂၄၈ | ၁၂၂၅ | ▼ | ၁၂၂၄ | ၁၁၇၄ | ▼ |
| ၂ | ပဲစင်းငုံ | ၁၁၀၀ | ၁၁၂၀ | ▲ | ၁၁၂၂ | ၁၁၃၁ | ▲ | ၁၁၁၅ | ၁၁၃၅ | ▲ |
| ၃ | ပဲတီရွှေဝါ | ၁၀၄၀ | ၁၀၄၀ | ■ | ၁၁၁၅ | ၁၀၆၄ | ▼ | ၁၂၀၉ | ၁၀၉၅ | ▼ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၆၂၀ | ၆၅၀ | ▲ | ၇၃၀ | ၇၂၈ | ▼ | ၇၃၀ | ၇၀၄ | ▼ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။
ဒေလီဈေးကွက်မှ ဈေးနှုန်းများမှာ အိန္ဒိယပြည်တွင်းပဲတီစိမ်းနှင့် မြန်မာမတ်ပဲ SQ ပေါက်ဈေးများဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှုအခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် | ယခုတစ်ပတ် | (၁.၄.၁၅) မှ |
| | (၁၆.၅.၁၅)ထိ | (၂၃.၅.၁၅)ထိ | (၂၃.၅.၁၅) ထိ |
| မတ်ပဲ | ၃၅၂၁၃ | ၂၅၇၉၅ | ၁၆၆၀၈၄ |
| ပဲတီစိမ်း | ၇၉၅၄ | ၅၉၂၆ | ၅၀၄၃၆ |
| ပဲစင်းငုံ | ၈၂၄၉ | ၅၉၆၆ | ၄၉၆၀၆ |
| ကုလားပဲ | ၁၃၆၂ | ၇၇၉ | ၄၅၄၆ |
| ပဲလွန်းဖြူ | ၈၁၈ | ၈၀၃ | ၅၇၃၇ |
| မြေထောက်ပဲ | ၁၀၄၈ | ၉၅၀ | ၅၉၈၁ |

## ပြည်ထောပတ်ပဲအဖွင့်ဈေးမှာ ကောင်းခဲ့ပေမယ့် နောက်ပိုင်းဈေးလျှော့

ပြည်ပဲဈေးကွက်မှာ မေလကုန်၌ ဆောင်းပဲများထဲမှ မတ်ပဲ၊ ကုလားပဲ၊ ပဲကြီး၊ သီးနှံများမှလွဲ၍ အခြားပဲများမှာ ပဲအဝင်လည်းနည်းသွားပြီး လက်ကျန်ပဲလည်း နည်းသွားခဲ့တာကြောင့် ထောပတ်ပဲသီးနှံမှာလည်း အရောင်းအဝယ်နည်းသွားပါတယ်။ ပဲတစ်တင်းကို မေလဆန်းမှစ၍ တစ်တင်း ၁၃၅၀၀ ကျပ်ဖြင့် ဈေးငြိမ်နေလျက်ရှိခဲ့တာကို တွေ့ရပါတယ်။

ပဲဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ထောပတ်ပဲသစ်များ စတင်ဝင်ရောက်ခဲ့ပြီး ပဲတစ်တင်းကို ၁၇၅၀၀ ကျပ်ဖြင့် ဈေးဖွင့် ရောင်းခဲ့တဲ့အတွက် ပဲဦးပေါ်စအချိန်မှ အထွက်လှိုင်ချိန်ထိသာ ပဲဈေးကောင်းခဲ့ပြီး ပဲသီးနှံရှားလာသည့်အချိန်မှာတော့ ပဲ အရည်အသွေးလည်း ကျဆင်းလာတာကြောင့် ဈေးမှာ တစ်တင်း ၁၅၀၀၀ ကျပ် အောက်သာရရှိခဲ့ပါတယ်။ ယခုနှစ်အတွင်း ထောပတ်ပဲဈေးမှာ အနိမ့်ဆုံး ၁၃၅၀၀ ကျပ်မှ အမြင့်ဆုံး ၁၇၅၀၀ ကျပ်ရရှိခဲ့တယ်လို့ သိရပါတယ်။ **ခင်ဆွေဝင်း-ပြည်**

## ပြည်စားတော်ပဲ အဝင်နည်းသွားသလို ဈေးလည်းငြိမ်

မေလကုန်ပတ်အတွင်း ပြည်ပဲဈေးကွက်ရဲ့ ဈေးငြိမ်နေတဲ့ ပဲများထဲမှာ စားတော်ပဲသီးနှံလည်း ပါဝင်နေခဲ့ပါတယ်။ နှစ်စမှစ၍ ပဲဈေးမှာ တစ်တင်း ၂၅၀၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ရာမှ ဖေဖော်ဝါရီလလယ်တွင် တစ်တင်း ၂၄၅၀၀ ကျပ်မှ ၂၃၅၀၀ ကျပ်ထိ ဈေးလျှော့နည်းသွားခဲ့သလို ဧပြီလကုန်မှာတော့ တစ်တင်း ၂၆၀၀၀ ကျပ်သို့ ဈေးပြန်မြင့်သွားခဲ့ပြီး မေလ တစ်လလုံးအတွင်းမှာ တစ်တင်း ၂၅၅၀၀ ကျပ်ဖြင့်သာ ဈေးငြိမ်လျက်ရှိပါတယ်။ ပဲအဝင်လည်းနည်းလို့ အရောင်းအဝယ်ဖြစ်မှု ပမာဏမှာလည်း တစ်ရက်အိတ် ၂၀၊ ၂၅ အိတ်ခန့်သာ ရှိခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ပြည်ပဲမျိုးစုံဈေးကွက်၏ ကာလတူအချိန်ဈေးနှုန်းနှိုင်းယှဉ်မှုအခြေအနေ

ပဲခူးတိုင်းဒေသကြီး ပြည်ပဲမျိုးစုံဈေးကွက်ရဲ့အဓိက အရောင်းအဝယ်ဖြစ်ကြသော ပဲများ၏ ဈေးနှုန်းအခြေအနေကို လေ့လာရာမှာ ဒီလကုန်ပတ်တွင် မတ်ပဲနှင့် ပဲစင်းငုံ ဈေးအနည်းငယ်လျှော့ပြီး ကုလားပဲသီးနှံ ဈေးမြင့်လာသလို ပဲကြီး (ရွှေကျွန်း) မှာ ဈေးငြိမ်လျက်ရှိကာ ပဲကြီး (ကမ်းနား) များ ဈေးမြင့်တက်ခဲ့တာကို တွေ့ရပါတယ်။ ပဲပုပ်သီးနှံမှာလည်း ယခုချိန်ထိ ဈေးငြိမ် အရောင်းအဝယ်ဖြစ်လျက်ရှိခဲ့ပါတယ်။ နှစ်အလိုက် ကာလတူအချိန်ဖြစ်ပေါ်ခဲ့သော ဈေးနှုန်းများ၏ အခြေအနေကိုတော့ အောက်ဖော်ပြပါဇယားအတိုင်း လေ့လာတွေ့ရှိရပါတယ်။

| ပဲအမျိုးအစား | ၂၀၁၃ မေလ | | ၂၀၁၄ မေလ | | ၂၀၁၅ မေလ | |
|---|---|---|---|---|---|---|
| | နိမ့် | မြင့် | နိမ့် | မြင့် | နိမ့် | မြင့် |
| မတ်ပဲ | ၂၆၈၀၀ | ၁၈၀၀၀ | ၂၁၃၀၀ | ၂၆၀၀၀ | ၃၈၃၀၀ | ၄၀၀၀၀ |
| ပဲစင်းငုံ | ၂၀၆၀၀ | ၂၁၆၀၀ | ၁၉၁၀၀ | ၂၀၀၀၀ | ၃၆၅၀၀ | ၃၈၅၀၀ |
| ကုလားပဲ | ၁၈၆၀၀ | ၂၀၆၀၀ | ၁၄၉၀၀ | ၁၅၇၀၀ | ၂၁၅၀၀ | ၂၃၄၀၀ |
| ပဲကြီး (ရွှေကျွန်း) | ၂၆၀၀၀ | ၃၅၀၀၀ | ၂၄၀၀၀ | ၂၆၀၀၀ | ၂၄၅၀၀ | ၂၄၅၀၀ |
| ပဲကြီး (ကမ်းနား) | ၂၄၅၀၀ | ၃၃၀၀၀ | ၂၂၅၀၀ | ၂၄၀၀၀ | ၂၁၅၀၀ | ၂၃၀၀၀ |
| ပဲပုပ် | ၁၈၀၀၀ | ၂၀၀၀၀ | ၁၉၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ |

မတ်ပဲသီးနှံမှာ သုံးနှစ်စာနှိုင်းယှဉ်ချက်အရ ယခု ၂၀၁၅ မှာ ဈေးအမြင့်ဆုံး ရခဲ့သလို ပဲဈေးကွက်မှာလည်း အခြားပဲများထက် ဈေးပိုရခဲ့တဲ့ ပဲဖြစ်နေတာကို တွေ့ရပါတယ်။ ယခုကာလတွင် ပဲလက်ကျန်နှင့်လှောင်ပဲ အချို့သာရှိခဲ့ပြီး ဝယ်လက်ကတော့ ရန်ကုန်ဝယ်လက်နေ့စဉ် အဝယ်ရှိလို့ အိတ် ၁၅၀ ကျော် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။ မတ်ပဲဈေးမှာ ၂၀၁၃ မေလအတွင်း အနိမ့်ဈေး ၁၆၈၀၀ ကျပ်နှင့် အမြင့်ဈေး ၁၈၀၀၀ ကျပ်ခန့်သာရရှိလို့ ပဲဈေးအေးတဲ့ နှစ်ဖြစ်ခဲ့ပြီး ၂၀၁၄ မှာတော့ ၂၁၃၀၀ ကျပ်မှ ၂၆၀၀၀ ကျပ်ထိ ဈေးရလို့ ယခင်နှစ်ထက် ဈေးပိုလာကာ ယခုနှစ်မှာတော့ ဈေးအကောင်းဆုံးဖြစ်နေခဲ့ပါတယ်။ ပဲစိုက်တောင်သူများ အနေဖြင့်လည်း တချို့ဒေသတွေမှာ အထွက်နှုန်းမကောင်းပေမယ့် ပဲဈေးကောင်းခဲ့တဲ့အတွက် ထိုက်သင့်တဲ့ အကျိုးအမြတ်ရခဲ့တယ်လို့ သိရပါတယ်။

ပဲစင်းငုံသီးနှံမှာ ၂၀၁၃ မေလနှင့် ၂၀၁၅ မေလဈေးနှုန်းများမှာ ၂၀၁၄ မေလဈေးထက်ဈေးမြင့်ခဲ့တာကို တွေ့ရပြီး ၂၀၁၄ မေလအတွင်းမှာ ပဲတစ်တင်း ၁၉၁၀၀ ကျပ်မှ ၂၀၀၀၀ ကျပ်ခန့်သာရရှိခဲ့ပါတယ်။ ၂၀၁၃ မေလမှာ တစ်တင်း ၂၀၆၀၀ ကျပ်မှ ၂၁၆၀၀ ကျပ်ခန့်ရရှိခဲ့ကာ ရန်ကုန်ဝယ်လက်များ နေ့စဉ်အဝယ်ရှိခဲ့ကြပါတယ်။ ၂၀၁၄ မှာတော့ ယခင်နှစ်ထက် ပဲဈေးလျှော့သွားပြီး ယခု ၂၀၁၅ မေလမှာ တစ်တင်း ၃၆၅၀၀ ကျပ်မှ ၃၈၅၀၀ ကျပ်ထိသိသိသာသာ ဈေး ပိုရခဲ့ပါတယ်။ ၎င်းပဲစင်းငုံသီးနှံသည်လည်း မတ်ပဲကဲ့သို့ပင် Export ဝယ်လိုအားကောင်းခဲ့လို့ ယခုနှစ်အတွင်း မတ်ပဲနည်းတူ ယခင်နှစ်များကထက် ဈေးပိုခဲ့တာကို တွေ့ရပါတယ်။ ယခုလကုန်ပတ်မှာလည်း ပြည်ပဲဈေးကွက်မှာ ပဲစင်းငုံသီးနှံ အရောင်းအဝယ်ဖြစ်မှု ပမာဏမှာ ရန်ကုန်ဝယ်လက်ဝယ်ယူတဲ့ရက်၌ အိတ် ၃၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

ကုလားပဲသီးနှံမှာ ယခုတစ်ပတ်တွင် ပန်းတောင်း၊ ကံမ၊ မင်းတုန်းဘက်မှ နေ့စဉ်အဝင်ရှိသော်လည်း ပဲအဝင်နည်းသွားလို့ အိတ် ၁၅၀မှ ၂၀၀ ကြားသာ ဝင်ရောက်ပြီး ခွဲစက်သမားများမှ ဝယ်ယူနေကြတဲ့အတွက် ဝင်လာသမျှ ပဲအားလုံးကတော့ အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ကုလားပဲသီးနှံဈေးမှာ ယခုပတ်တွင် တစ်တင်း ၂၃၄၀၀ ကျပ်ခန့် ရရှိခဲ့လို့ ယခင်ပတ်ထက် ဈေးပိုလာခဲ့ပါတယ်။ နှစ်အလိုက် ဈေးနှုန်းနှိုင်းယှဉ်မှုအရ မတ်ပဲ၊ ပဲစင်းငုံကဲ့သို့ ဈေးသိသိသာသာ မြင့်တက်လာတာ မျိုးမဟုတ်ခဲ့ဘဲ ၂၀၁၃ မေလနဲ့ ၂၀၁၅ မေလများအတွင်း တစ်တင်း ကျပ်နှစ်သောင်းထက်ဈေးရခဲ့ပြီး ၂၀၁၄ မေမှာတော့ တစ်တင်း ၁၄၉၀၀ ကျပ်မှ ၁၅၇၀၀ ကျပ်သာရရှိခဲ့ပါတယ်။ ယခုနှစ်ကတော့ Export ဝယ်လက်ရှိတဲ့ ပဲစင်းငုံ၊ မတ်ပဲသီးနှံတို့ ဈေးကောင်းခဲ့သလို ကုလားပဲသီးနှံမှာလည်း ယခင်နှစ်က ဈေးအေးခဲ့ပေမယ့် ယခုနှစ်တော့ ထိုက်သင့်တဲ့ ဈေးနှုန်းတစ်ခုရခဲ့တာကို တွေ့ရပါတယ်။

ပဲကြီးသီးနှံများအနေဖြင့် ယခုတစ်ပတ်မှာ ပန်းတောင်း၊ မင်းတုန်း၊ ကံမစသည်ဖြင့် မြို့နယ်အလိုက် ဝင်ရောက်မှုရှိပေမယ့် အိတ် ၃၀၀ ခန့်သာဝင်ရောက်ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ (ရွှေကျွန်း) ပဲထက် (ကမ်းနား) ပဲပိုအဝယ်လိုက်လာလို့ ပဲဈေးမှာလည်း ရွှေကျွန်းဈေးငြိမ်နေပြီး (ကမ်းနား) ပဲဈေးပိုလာခဲ့တဲ့အတွက် တစ်တင်း ၂၃၀၀၀ ကျပ်အထိရရှိခဲ့ပါတယ်။ ရွှေကျွန်းဈေးကတော့ ယခင်ပတ်အတိုင်း တစ်တင်း ၂၄၅၀၀ ကျပ်ဖြင့် ဈေးငြိမ်ခဲ့ပါတယ်။ နှစ်အလိုက်ဈေးနှုန်းနှိုင်းယှဉ်ချက်များအရ ၂၀၁၃ မေလတွင် ရွှေကျွန်းမှာ တစ်တင်း ၁၈၆၀၀ ကျပ်မှ ၂၀၆၀၀ ကျပ်၊ (ကမ်းနား) ပဲမှာ တစ်တင်း ၂၄၅၀၀ ကျပ်နဲ့ ၃၃၀၀၀ ကျပ်ထိ ဈေးရခဲ့သော်လည်း ၂၀၁၄ နဲ့ ၂၀၁၅ မေလများမှာတော့ ဈေးသိပ်ကွာခြားမှုမရှိဘဲ ယခင်နှစ်ဈေးကို မမီခဲ့တဲ့အတွက် တစ်တင်း ၂၅၀၀၀ ကျပ် တစ်ပတ်လည်သာ အရောင်းအဝယ်ဖြစ်နေခဲ့တာကို တွေ့ရပါတယ်။

ပဲပုပ်သီးနှံဈေးကတော့ မေလအတွင်းဈေးငြိမ်နေခဲ့တဲ့အတွက် တစ်တင်း ၁၆၀၀၀ ကျပ်ဖြင့်သာ အရောင်းအဝယ်ဖြစ်ခဲ့တာကို တွေ့ရပါတယ်။ ပဲပုပ်သီးနှံမှာ ကာလတူအချိန်နှိုင်းယှဉ်ချက်အရ ၂၀၁၃ နှင့် ၂၀၁၄ မေလတွင် ဈေးနှုန်းကွာခြားမှုမရှိဘဲ နှစ်နှစ်တာအတွင်း အနိမ့်ဈေး ၁၈၀၀၀ ကျပ်နဲ့ အမြင့်ဈေး ၂၀၀၀၀ ကျပ်ရရှိခဲ့ပြီး ယခုနှစ် မေလမှာတော့ တစ်တင်း ၁၆၀၀၀ ကျပ်ဖြင့် ယခင်နှစ်တွေထက် ဈေးလျှော့နည်းသွားခဲ့ကြောင်း သိရပါတယ်။ ဒါကြောင့် ပဲဈေးကွက်၏ကာလတူအချိန် နှိုင်းယှဉ်ချက်များအရ မတ်ပဲနဲ့ ပဲစင်းငုံဈေးမှာ ယခင်နှစ်တွေထက် ဈေးသိသိသာသာ ပိုရခဲ့သလို ကုလားပဲသီးနှံကလည်း ဈေးအရမ်းမကောင်းခဲ့ပေမယ့် ယခင်နှစ်ထက် ဈေးပိုရခဲ့ပါတယ်။ ပဲကြီးသီးနှံကတော့ ဈေးသိပ်ကွာခြားမှုမရှိသလို ပဲပုပ်သီးနှံမှာ ယခင်နှစ်တွေထက် ဈေးလျှော့အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း လေ့လာသုံးသပ်ရပါတယ်။ **ခင်ဆွေဝင်း-ပြည်**

## ပြည်ပဲလွန်းဖြူဈေးငြိမ်သော်လည်း ယခင်နှစ်ထက်ဈေးပိုရ

ပြည်ဈေးကွက်မှာ ပဲလွန်းဖြူသီးနှံအနေဖြင့် အရောင်းအဝယ်အေးနေသလို ဈေးလည်းငြိမ်နေခဲ့တာကို တွေ့ရပါတယ်။ မေလဆန်းတွင် တစ်တင်း ၂၁၀၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး လလယ်မှစ၍ တစ်တင်း ၂၂၀၀၀ ကျပ်ဖြင့် ဈေးငြိမ်လျက်ရှိသလို လက်လီသမား အနည်းငယ်သာ အဝယ်ရှိလို့ အရောင်းအဝယ်အေးတဲ့ အတွက် တစ်ရက် ၁၀ အိတ် တစ်ပတ်လည်ခန့်သာ ရောင်းဝယ်မှုဖြစ်ခဲ့ပါတယ်။

ယခင်နှစ်က မေလအတွင်း ပဲလွန်းဖြူဈေးမှာ တစ်တင်း ၁၄၅၀၀ ကျပ်မှ ၁၅၅၀၀ ကျပ်ထိသာ ရရှိခဲ့လို့ ယခုနှစ် ပဲလွန်းဖြူဈေးမှာ ယခင်နှစ်ထက် ဈေးကောင်းရခဲ့တဲ့ သီးနှံဖြစ်တယ်လို့ သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

# မုံရွာကုန်စည်ဒိုင် မေလကုန် ပဲဈေးကွက် စိမ်းကြီး ဆက်ဦးဆောင်

မုံရွာကုန်စည်ဒိုင် မေလကုန်ရက်သတ္တပတ် ပဲဈေးကွက်မှာ စိမ်းကြီးအရောင်းအဝယ်ကောင်း မွန်သွက်လက်ခဲ့ပြီး ငုံနီကတော့ လှောင်လက်သမားနဲ့ဝယ်လက်တို့ ကြိုက်ဈေးရတဲ့နေ့တွေမှာသာ အရောင်းအဝယ်ပိုဖြစ်ခဲ့တယ်လို့ ဒိုင်ဈေးကွက်က ဆိုပါတယ်။

ပြီးခဲ့တဲ့ မေလဆန်းက တစ်တင်း ၄၀၃၀၀ ကျပ်ထိ အမြင့်ဆုံးတက်ခဲ့တဲ့ စိမ်းကြီးမှာ ယခုလကုန် ရက်သတ္တပတ်အထိ အရောင်းအဝယ်ထိပ်ဆုံးမှာ မြဲနေကာ ယခုတစ်ပတ်မှာ တစ်တင်း ၃၂၀၀၀ ကျပ်မှ ၃၇၅၀၀ ကျပ်ကြား ပေါက်ဈေးဖြစ်ပေါ်ခဲ့ပြီး အရောင်းအဝယ်အားဖြင့် တစ်ရက် အိတ် ၃၀၀၀ မှ ၅၀၀၀ ကြားဖြစ်ခဲ့တယ်လို့ ကုန်သည်ရပ်ကွက်ကသိရပါတယ်။

ယခုတစ်ပတ် ငုံနီဈေးကွက်မှာတော့ ပဲလက်ကျန်ရှိတဲ့ ကုန်သည်တချို့က ဝယ်လက်နဲ့ ဈေးညှိကာ အဆင်ပြေတဲ့ရက်မှာ တစ်ရက်အိတ် ၁၀၀၀ ခန့်ဖြစ်ခဲ့ပြီး ပုံမှန်အားဖြင့် တစ်ရက်အိတ် ၃၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ဆိုပါတယ်။ ပေါက်ဈေးအနေနဲ့ ယခုတစ်ပတ်အတွင်း တစ်တင်း အနိမ့်ဆုံး ၃၈၅၀၀ ကျပ်နဲ့ အမြင့်ဆုံး ၃၈၇၀၀ ကျပ်ဖြစ်ပေါ်ခဲ့ကာ ပြီးခဲ့တဲ့ ရက်ပတ်ကထက် တစ်တင်း ၈၀၀ ကျပ်ခန့်ကျဆင်းခဲ့တာ တွေ့ရပါတယ်။

မတ်ပဲဈေးကွက်မှာ ဒေသတွင်းစိုက်ပျိုးထွက်ရှိမှုနည်းခဲ့ပြီး နယ်အဝင်ကိုသာ အားပြုနေရလို့ ယခုအခါ ဒိုင်မှာ လက်ကျန်လျော့လာတာနဲ့အမျှ တစ်တင်း ၃၉၃၀၀ ကျပ်၊ အမြင့်ဆုံးပေါက်ဈေးနဲ့ ငြိမ်နေသလို တစ်ရက်အိတ် ၂၀၀ ကျပ်၊ ၃၀၀ ကျပ်ခန့်သာ ပုံမှန်အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ကုန်သည်ရပ်ကွက်က သိရပါတယ်။

ကုလားပဲမျိုးစုံဈေးကွက်ကတော့ Export ဈေးကွက်မျှော်လင့်ချက်အရနဲ့ ဒေသတွင်း ပဲလက်ကျန် လျော့လာခြင်းတို့ကြောင့် ဈေးအမာနဲ့ အရောင်းအဝယ်ဖြစ်နေကာ ယခုတစ်ပတ်မှာ ကုလားပဲ (ထိုင်ဝမ်) တစ်တင်း ၂၁၈၀၀ ကျပ်၊ V2 ၂၁၇၀၀ ကျပ်နဲ့ ၉၂၉ ၂၁၆၀၀ ကျပ်အသီးသီးပေါက်ဈေးဖြစ်ခဲ့ပြီး ကုလားပဲမျိုးစုံ တစ်ရက် အိတ် ၁၀၀၀ ခန့် ပုံမှန်အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

ပဲနီအုပ်စုဖြစ်တဲ့ စွန်တာနီနဲ့ ပဲနီလုံးပြားတို့ ယခုတစ်ပတ်မှာ ဆက်လက်ဈေးအေးခဲ့ရာ စွန်တာနီ တစ်တင်း ၁၄၀၀၀ ကျပ်၊ ပဲနီလုံးကြား တစ်တင်း ၁၄၀၀၀ ကျပ်အသီးသီးပေါက်ဈေးဖြစ်ခဲ့ပြီး စွန်တာနီကို ကြာဇံစက်သမားများ ဝယ်လိုအား ကောင်းခဲ့တယ်လို့ မုံရွာကုန်စည်ဒိုင်ဈေးကွက်က သိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

# မေလကုန်ပတ် ပခုက္ကူကုန်စည်အရောင်းအဝယ်



မေလကုန်ရင် ဖွန်လဝင်တယ်။ ဒါပုံမှန်ဖြစ်နေတဲ့ ရာသီဥတုသဘော၊ ရာသီခွင် စက်ယန္တရားရဲ့ ပုံမှန်လည်ပတ်မှုသဘော ဘာဆန်းသလဲ။ ရာသီလည်ပတ်တာဟာ သဘာဝ တရားဆန်းကြယ်မှု မဟုတ်ပေမယ့် ပခုက္ကူရဲ့ အရောင်းအဝယ်ရာသီဖွန်တွေမှာ ဇာတ်ရှိန် မြင့်တက်တတ်တာကို သတိထားမိပါတယ်။ ရောင်းမှု ဝယ်မှုရဲ့ အလယ်တည့်တည့်မှာ အမြတ်ကျန်မှု အရှုံးခံမှုဆိုတာတွေ တွက်ကြချက်ကြတာကြောင့် ဖြစ်ပါတယ်။ လက်ရှိ ပခုက္ကူကုန်စည်ဒိုင်မှာ ပဲစင်းငုံ၊ ပဲတီစိမ်းကြီး၊ ကုလားပဲဖြူလုံးကြီး၊ ကုလားပဲဝါ၊ ထောပတ်ပဲ (ကျွန်း) ပြောင်းဖူးစေ့ CP၊ ပဲယင်း (မြစ်ခြေ) စတာတွေ အရောင်း အဝယ်ဖြစ်နေပါတယ်။ သီးနှံတစ်ခုချင်းစီအလိုက် လေ့လာကြည့်ရင်-

## ပဲစင်းငုံ

ဈေးနှုန်း အတက်အကျအနည်းငယ်နဲ့ ရောင်းဝယ်နေတာဆိုတော့ လှိုင်းစီးနေတယ်လို့ ပြောရမလိုပါ။ ဒီနှစ်အနေအထားကတော့ ပဲစင်းငုံနှစ်လို့ပြောရမှာပါ။ ပစ္စည်းအထွက် နည်းလေသလား။ ဝယ်ယူလိုတဲ့နိုင်ငံရဲ့ ဈေးကွက်တောင်းဆိုမှုကြောင့် ဝယ်အားများနေလား၊ အကြောင်းအပေါင်းနှစ်ခုစလုံး ညီညွတ်နေတာလားလို့ တွက်ချက်ရမလိုပါ။ နောက်ဆုံးဈေး တစ်ပိဿာ ၁၉၂၅ ကျပ် (တစ်တင်း ၃၈၅၀၀ ကျပ်) ပါ။ အမြင့်ဆုံးဈေး တစ်ပိဿာ ၁၉၆၅ ကျပ် (တစ်တင်း ၃၉၃၀၀ ကျပ်) ကနေ နည်းနည်းတက်၊ နည်းနည်းဆင်း လှိုင်းစီးနေရင်း အရောင်းအဝယ် ဖြစ်နေတာပါ။ ဘယ်လိုပဲဖြစ်ဖြစ် ပဲစင်းငုံဈေး ဒီလောက်မဖြစ်ခဲ့တာ နှစ်ပေါင်းတော်တော်ကြာခဲ့ပါပြီ။ လက်ကျန်နည်းနေပြီဖြစ်သလို လက်ဝယ်ကိုင်ထားသူတွေက တစ်တင်း ၄၀၀၀၀ ကျပ်ရမှ လွှတ်မယ်ဆိုပြီး ရဲရဲဝံ့ဝံ့ကိုင်ပြီး ပြောဆိုနေ တာလည်း ကြားနေရကြောင်းပါ။

## ပဲတီစိမ်းကြီး

နိုင်ငံပိုင် သတင်းစာတွေထဲမှာ ရေစကြိုမြို့နယ်ဘက် မိုးတစ်အားရွာခဲ့လို့ စိုက်ပျိုးထားတဲ့ ပဲတီစိမ်းခင်းများမှာ မိုးထိရေဝပ်လို့ ပျက်စီးမှုရှိတယ်ဆိုတဲ့သတင်းများဖတ်ရသလို ရေစကြိုဘက်ကို စုံစမ်းမေးမြန်းကြည့်တော့ ပဲတီစိမ်းဆိုတာ တစ်ခါတည်း ဆွတ်ခူးရတာမဟုတ်တော့ ပထမတစ်ကြိမ်တော့ အားလုံးနီးပါးဆွတ်ခူးပြီး၊ ဈေးကွက်မှာ ရောင်းချပြီးသလို ဒုတိယအကြိမ် ဆွတ်ခူးရရှိပြီးသူတွေလည်းရှိနေပါတယ်။ ကျန်တဲ့အသီးတွေက မိုးထိတော့ အရောင်အနည်းငယ်ပျက်ပြီး ဈေးကောင်း မရတာတွေရှိသလို မိုးရေဝပ်တဲ့ အပင်များကတော့ သေဆုံးကြလို့ ဆုံးရှုံးမှုရှိကြတယ်ဆိုတဲ့ သတင်းများရရှိပါတယ်။ နောက်ဆုံးဈေး တစ်ပိဿာ ၁၇၇၅ ကျပ် (တစ်တင်း ၃၅၅၀၀ ကျပ်) ပါ။ အမြင့်ဆုံးဈေး တစ်ပိဿာ ၂၀၆၀ ကျပ် (တစ်တင်း ၄၁၂၀၀ ကျပ်) ကနေ တဖြည်းဖြည်းချင်း ဆင်းလာတာပါ။ အရောင်းအဝယ်ရဲ့ သဘောအရ မိမိကရောင်းလိုပေမယ့် တစ်ဖက်ရဲ့ဝယ်လိုအားဆိုတာလည်း ကြည့်နေရတာမဟုတ်ပါလား။ ပဲတီစိမ်း ဝယ်လက်ဆွဲနေကြ တရုတ်က ပုံမှန်သာရှိနေတော့ ဈေးပြုတ်ကျလာတဲ့ သဘောလို့ သုံးသပ်ရမှာပါ။

## ကုလားပဲအုပ်စု

ကုလားပဲများဖြစ်ကြတဲ့ ကုလားပဲဖြူလုံးကြီး၊ ကုလားပဲဝါဆိုတဲ့ သီးနှံတွေအနေနဲ့ ဒီနှစ်အခြေအနေ ကောင်းတယ်လို့ သုံးသပ်ရမှာပါ။ ၃၊ ၄ နှစ်ဆက်တိုက် ဈေးကမကောင်းခဲ့လေတော့ ရာသီချိန်ကုန်အောင် လှောင်ခဲ့ကြရတယ်။ သိုလှောင်တင်ပို့ကားခစတာတွေ စရိတ်များတက်ခဲ့ပြီး အရှုံးပေါ်ခဲ့ကြပါတယ်။ သီးနှံအရည်အသွေး ထိန်းသိမ်းမှုနားမလည်တာတွေနဲ့ အဆိုးသံသရာလည်နေရာကနေ ဒီနှစ်တော့ ရောင်းသူဝယ်သူ လှောင်သူတွေကို အကျိုးပြုတယ်လို့ပြောရမှာပေ့ါ။ နောက်ဆုံးဈေး ကုလားပဲဖြူလုံးကြီး တစ်ပိဿာ ၁၁၁၅ ကျပ် (တစ်တင်း ၂၁၂၀၀ ကျပ်)၊ အမြင့်ဆုံးဈေး တစ်ပိဿာ ၁၁၇၈ ကျပ် (တစ်တင်း ၂၂၄၀၀ ကျပ်) ကနေ အတက်အကျ နည်းပါးစွာနဲ့ရှိနေတာပါ။ ကုလားပဲဝါ တစ်ပိဿာ ၁၁၆၃ ကျပ် (တစ်တင်း ၂၂၁၀၀ ကျပ်) အကျဘက်မှာမရှိဘဲ တဖြည်းဖြည်းချင်း၊ နည်းနည်းချင်း ဈေးတက်နေတာဖြစ်ပြီး၊ အမြင့်ဆုံးကိုရောက်နေပါတယ်။ ပခုက္ကူမှာ လက်ကျန်နည်းနေပြီလို့လည်းသိရပါတယ်။

## ထောပတ်ပဲ

ထောပတ်ပဲ (ကျွန်း) ဧရာဝတီ၊ ချင်းတွင်းမြစ်တွေ မြစ်ရေကျစဉ် ပေါ်ပေါက်လာတဲ့ မြေနုကျွန်းတွေပေါ်မှာ စိုက်ပျိုးထွက်ရှိတဲ့ ထောပတ်ပဲများဖြစ်ပါတယ်။ ထောပတ်ပဲ (ကျွန်း) နဲ့ ထောပတ်ပဲ (ယော) ဘာကွာသလဲဆိုတော့၊ ထောပတ်ပဲ (ကျွန်း) မှာ အပြားကြီး၊ ခါးခွက်ပြီး အစေ့မညီတတ်ပါဘူး။ ထောပတ်ပဲ (ယော) ကတော့ အစေ့သေး၊ ခါးဖောင်းပြီး အစေ့အရွယ်အစား ညီတာကို တွေ့ရပါတယ်။ နောက်ဆုံးဈေးတစ်ပိဿာ ၆၃၁ ကျပ် (တစ်တင်း ၁၂၀၀၀ ကျပ်) အမြင့်ဆုံးဈေး တစ်ပိဿာ ၈၉၄ ကျပ် (တစ်တင်း ၁၇၀၀၀ ကျပ်) ဈေးကနေ တဖြည်းဖြည်းချင်း ဈေးဆင်းနေတဲ့သီးနှံဖြစ်ပါတယ်။

## ပြောင်းဖူးစေ့ (CP)

ရေစကြိုနယ်ဘက်က ကုန်း၊ ကျွန်းရောစပ်တဲ့ နေရာဒေသတော်တော်များများမှာ စိုက်ပျိုးတဲ့သီးနှံပါ။ သုံးရာသီစလုံး စိုက်ပျိုးနေတာကို လေ့လာတွေ့ရှိရပါတယ်။ ရေသွင်းစိုက်သည်အထိ နွေမိုးဆောင်း အဆက်မပြတ် စိုက်ပါတယ်။ အတက်အကျဆိုတာရှိပေမယ့် ပြည်တွင်းကြက်စာဈေးကွက်ရယ်၊ တရုတ်ဝယ်လက်အဆွဲရှိနေတာကြောင့် စိုက်ပျိုးထုတ်လုပ်သူ၊ ရောင်းဝယ်ဖောက်ကားသူတို့ ပုံမှန်အကျိုးပြုနေတယ်လို့ ပြောရမှာပါ။ နောက်ဆုံးဈေး တစ်ပိဿာ ၄၅၆ ကျပ် (တစ်တင်း ၈၂၀၀ ကျပ်) ယခင်တစ်ပိဿာ ၃၆၁ ကျပ် (တစ်တင်း ၆၅၀၀ ကျပ်) ကနေ တဖြည်းဖြည်းမြင့်တက်လာတဲ့သီးနှံလို့ ပြောရမှာဖြစ်ကြောင်းပါ။

## ပဲယင်း

ပဲယင်း (မြစ်ခြေ) ပခုက္ကူနယ်က မြစ်ခြေကျေးရွာကထွက်ရှိတဲ့ ပဲယင်းပါ။ ဧရာဝတီမြစ်ရေကျ ကျွန်းမြေပေါ်မှာ စိုက်ပျိုးတဲ့သီးနှံပါ။ ပြည်တွင်း၊ ပြည်ပဈေးကွက် ၂ မျိုးလုံးရှိတဲ့ သီးနှံပါ။ နောက်ဆုံးဈေး တစ်ပိဿာ ၇၅၅ ကျပ် (တစ်တင်း ၁၅၁၀၀ ကျပ်) ဈေးပါ။ အတက်အဆင်း အနည်းငယ်ဘဲရှိပြီး လှောင်လက်ကြာဆန်စက်များ ဆွဲနေတယ်လို့ သိရပါတယ်။ ခြုံငုံသုံးသပ်ရရင်တော့ ဒီနှစ်အနေအထား ယခုအချိန်ထိဈေးများ မြောက်နေတယ်လို့ ပြောရမှာပါ။ အချို့သောပဲအနည်းငယ်သာ ကျရိပ်ရှိတယ်ဆိုပေမယ့် ဒီနှစ်အနေအထားဟာ ပြီးခဲ့တဲ့နှစ်များနဲ့ယှဉ်ရင် အတက်ဘက်မှာ ရှိနေတာဆိုတော့ စိုက်ပျိုးထုတ်လုပ်သူ ရောင်းဝယ်ဖောက်ကားသူတို့ သူ့နည်းသူ့ဟန်နဲ့ တွက်ခြေကိုက် အကျိုးပြုနေတယ်လို့ ပြောရမှာဖြစ်ကြောင်းပါ။

**မြင့်ဦး-ပခုက္ကူ**

## နန္နွင်း

### ယခင်တစ်ပတ်ထက် နန္နွင်းတင်ပို့မှုလျော့ကျ

သီတင်းတစ်ပတ်ဖြစ်တဲ့ ဩဂုတ်လ ၁၇ ရက်မှ ၂၃ ရက် သီတင်းပတ်အတွင်း နန္နွင်း ၉၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ ပြည်ပနိုင်ငံကို တင်ပို့နိုင်ခဲ့ပါတယ်။ ဒီတစ်ပတ်မှာတော့ မလေးရှားနိုင်ငံကို တန်ချိန် ၁ တန် ၊ တရုတ်နိုင်ငံ ကို တန် ၃၀၊ အင်ဒိုနီးရှားကို တန် ၃၀ နဲ့ စင်ကာပူ နိုင်ငံကို၃၄ တန် တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်မှာ နန္နွင်းတန်ချိန်၃၅၀ ကျော် တင်ပို့နိုင်ခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၂၆၀ ကျော်တင်ပို့မှု လျော့ခဲ့ပါတယ်။ နန္နွင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၇၈၈၃၀ ဝင်ငွေရရှိခဲ့ပါတယ်။

**သီတာဝင်း (DOT)**

### ရှမ်းနန္နွင်းလည်းအရောင်းအဝယ်အေး

ရှမ်းနန္နွင်းလည်း အရောင်းအဝယ် အေးနေပါတယ်။ အခုလောလောဆယ်တော့ တောင်သူတွေက နန္နွင်းပြန်စိုက်ဖို့အတွက် ဝယ်ယူနေတယ်လို့ သိရပါတယ်။ တချို့တောင်သူတွေကတော့ ကိုယ့်မျိုးကို ပြန်စိုက်ဖို့ပြင်ဆင်နေသလို တချို့တောင်သူတွေကလည်း ဆင်တောင်နန္နွင်းကို ဝယ်ယူနေပါတယ်။ ဆင်တောင်နန္နွင်းက နန္နွင်းထဲမှာ အကောင်းဆုံးမျိုးဖြစ်တာကြောင့် ဝယ်ယူတာလို့ သိရပါတယ်။ လွန်ခဲ့တဲ့ ငါးနှစ်၊ ခြောက်နှစ်ခန့်ကတော့ နန္နွင်းတွေအရောင်းအဝယ်ကောင်းခဲ့ပြီး တောင်သူအချို့က နန္နွင်းမျိုးတွေကို ညံ့စတွေနဲ့ရောပြီး စိုက်ခဲ့တာကြောင့် အရည်အသွေးမကောင်းတဲ့ နန္နွင်းတွေကြောင့် ဈေးကွက်လည်း ပျက်ခဲ့ရပါတယ်။ နောက်ပိုင်းတောင်သူတွေက မျိုးကောင်းမျိုးသန့်တွေကိုသာ ရွေးချယ်ပြီးပြန်စိုက်ပျိုးလာတာကြောင့် ဈေးကွက်လည်းပြန်ဝင်လာခဲ့ပါတယ်။ ဒီနှစ်တော့ တရုတ်နဲ့ ဘင်္ဂလားဒေ့ရှ်ဝယ်လက်တွေ အဝယ်ရှိခဲ့ပေမယ့် များများစားစားတော့ ဖြုန်းအားမရှိခဲ့ပါဘူး။ ပြည်ပဝယ်လက်တွေကလည်း ဝယ်လိုက်ရပ်လိုက် ဖြစ်နေတာကြောင့် သိပ်ပြီးများများစားစားလည်း မရောင်းဖြစ်ခဲ့ဘူးလို့ သိရပါတယ်။ နန္နွင်းလည်းလက်ကျန်တွေရှိနေပါသေးတယ်။ ပြည်တွင်းသုံး ဝယ်လက်တွေကတော့ ပုံမှန်အဝယ်ရှိနေလို့ တစ်ပတ်အတွင်း နန္နွင်းပိဿာချိန်ပေါင်း နှစ်သောင်းခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

ဒီတစ်ပတ် နန္နွင်းတစ်ပိဿာ ပေါက်ဈေးတွေက အောင်ပန်းနန္နွင်း (တောင်ပို့လ) ဆိုရင် ၁၄၀၀ ကျပ်မှ ၁၈၀၀ ကျပ်၊ ဆင်တောင်နန္နွင်းက ၂၀၀၀ ကျပ်မှ ၂၂၀၀ ကျပ်ဈေးရှိပါတယ်။

**ဇေခိုင်-တောင်ကြီး**

## ကြက်သွန်

### ပြည်ကြက်သွန်နီဈေး အနည်းငယ်တက်လာ

ယခုတစ်ပတ် ပြည်ကြက်သွန်နီပွဲရုံများတွင် ကြက်သွန်နီဈေး အနည်းငယ်တက်လာပါတယ်။ မိုးများ ဆက်တိုက်ရွာသွန်းမှုကြောင့် လမ်းကြောင်းတွေပိတ်လို့ အဝင်နည်းခဲ့ပြီး ပွဲရုံရှိကြက်သွန်နီများသာ အရောင်းအဝယ် ဖြစ်ခြင်းကြောင့် ဈေးအနည်းငယ်တက်လာခြင်းဖြစ်တယ်လို့ အရောင်းအဝယ်သမားတစ်ဦးက ပြောပါတယ်။ ပွဲရုံဈေး ကြက်သွန်နီဈေး (ကြီး) တစ်ပိဿာ ၄၃၀ ကျပ်၊ (လတ်) ၄၃၀ ကျပ်နဲ့ (သေး) ၄၀၀ ကျပ်ထိ တက်လာပါတယ်။ အကြီး၊ အလတ် ဈေးတူရောင်းဝယ်နေကြောင်းသိရပါတယ်။ ဒေသတွင်းအရောင်းအဝယ်သမားများကတော့ ပုံမှန် အရောင်းအဝယ်ဖြစ်ပြီး လက်လီတစ်ပိဿာ (ကြီး/လတ်) ၅၅၀ ကျပ်နဲ့ (သေး) ၄၅၀ ကျပ်ဖြင့် ရောင်းဝယ်ကြပါတယ်။ ပွဲရုံများတွင် နယ်မှ ကြက်သွန်နီအိတ်များ အဝင် နည်းပေမယ့် ဒေသတွင်း အိတ်ဆွဲသမားများ လက်လီအရောင်းအဝယ်သွက်မှုကြောင့် တစ်ရက်ကို အိတ် ၇၀၀၊ ၈၀၀ ပုံမှန် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

**နီနီဝင်း-ပြည်**

### တမူးနယ်စပ်ကပါ ကြက်သွန်နီတင်ပို့

မေလ တတိယပတ်မှာ မြန်မာ-အိန္ဒိယနယ်စပ်ရှိတမူးနယ်စပ်ကုန်သွယ်ရေးမှ ကန်ဒေါ်လာ ၂၀၉၂ တန်ဖိုးရှိကြက်သွန်နီ ၈ တန် တင်ပို့ခဲ့ပါတယ်။ ပုံမှန်တင်ပို့နေကျဖြစ်တဲ့ မူဆယ် (၁၀၅) မိုင်၊ ကုန်သွယ်ရေး ဇုန်မှ ကန်ဒေါ်လာ ၁၆၉၀၅၇ တန်ဖိုးရှိ ကြက်သွန်နီ ၈၃၃ တန်ခွဲနဲ့ မြဝတီကုန်သွယ်ရေးဇုန်မှ ၄၆၁ တန်ခွဲ တင်ပို့နိုင်ခဲ့တာတွေ့ရပါတယ်။

ယခင်ရက်သတ္တပတ်က မူဆယ်မှ ၅၈၀ တန်ခွဲနဲ့ မြဝတီမှ တန် ၆၁၀ ကျော် တင်ပို့ ခဲ့တာဖြစ်လို့ ယခုတစ်ပတ် ကြက်သွန်နီတင်ပို့မှုမှာ မူဆယ်မှ ပိုမိုခဲ့ပြီး မြဝတီမှ လျော့နည်းခဲ့ပါတယ်။ ဘုရင့်နောင်ကုန်စည်ဒိုင်သို့ တောင်တွင်းကြီး၊ မကွေး၊ ဆိပ်ဖြူနဲ့ ရေနံချောင်းတို့မှလာတဲ့ ကြက်သွန်နီတွေကတော့ ပုံမှန်ဝင်ရောက်နေတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## ချင်း

### အောင်ပန်းချင်းဈေးကွက်သို့ ချင်းအဝင်နည်း

အောင်ပန်းဈေးကွက်မှာ ချင်းစို၊ ချင်းခြောက် နှစ်မျိုးစလုံး အဝင်နည်းနေပါတယ်။ ပြည်တွင်းဝယ်လက်တွေသာရှိလို့ ချင်းသမားတွေကလည်း အရောင်းသိပ်မသွက်တာကြောင့် ခြံရှင်တွေကလည်း ထုတ်မရောင်းကြဘူးလို့ သိရပါတယ်။ ဒီတစ်ပတ်တော့ ချင်းစိုရော ချင်းခြောက်ပါ အရည်အသွေးပေါ် မူတည်ပြီးတော့ ဈေးဖြတ်ကြပါတယ်။ ပြည်တွင်းသုံး ဈေးပတ်သမားတွေကတော့ ထိုးချင်းတွေနဲ့ လက်လီရောင်းဖို့အတွက် ဝယ်ယူနေပါတယ်။ ထိုးချင်းအတွက်တော့ (ညံ့စ)တွေကို အမှာများပြီး၊ လက်လီရောင်းဖို့အတွက်တော့ (လတ်စ) ချင်းတွေကို ဝယ်ယူမှုများနေပါတယ်။ တစ်ခါမှာရင် ပိဿာချိန် ကိုးထောင်၊ တစ်သောင်းခန့်ရှိပြီး အမှာများတဲ့မြို့တွေကတော့ မန္တလေး၊ စစ်တွေ၊ ပြည်စတဲ့ မြို့တွေကဖြစ်တယ်လို့ သိရပါတယ်။ ဥမတွေကိုဖော်ဖို့အတွက်လည်း တောင်သူတွေက မိုးကိုမျှော်နေကြပါတယ်။ လွန်ခဲ့တဲ့ တစ်ပတ်ကတော့ နေ့စဉ်ဆက်တိုက်ရွာခဲ့ပေမဲ့ ဒီတစ်ပတ်တော့ မိုးမရွာလို့ ဥမဖော်ဖို့ခက်နေတယ်လို့လည်း သိရပါတယ်။ ချင်းစိုက လက်ကျန် ပိဿာချိန် တစ်သောင်း၊ နှစ်သောင်းခန့်ကျန် ရှိနေပါသေးတယ်။ ချင်းခြောက်ကတော့ လက်ကျန်အတော်နည်းသွားပါပြီ၊ အဝင်လည်းနည်းသွားသလို အရောင်းကလည်း ခပ်အေးအေးသာရှိတယ်လို့ သိရပါတယ်။

ဒီတစ်ပတ် အောင်ပန်းဈေးကွက်မှာ ချင်းစိုက ညံ့စဆိုရင် ၄၀၀ ကျပ်၊ လတ်စက ၆၅၀ ကျပ်မှ ၁၀၀၀ ကျပ်၊ ထိပ်စက ၉၀၀ ကျပ်-၁၀၀၀ ကျပ်-၁၀၅၀ ကျပ်ဈေးနဲ့ ချင်းခြောက်ကတော့ တစ်ပိဿာ ၁၇၀၀ ကျပ်မှ ၂၁၀၀ ကျပ်ဈေးရှိပါတယ်။ တစ်ပတ်အတွင်း ချင်းပိဿာချိန် ခြောက်သောင်းခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ အောင်ပန်းချင်းပွဲရုံတွေထဲက သိရပါတယ်။ **ဇေခိုင်-တောင်ကြီး**

### ချင်းပြန်လည်တင်ပို့လျက်ရှိ

သီတင်းတစ်ပတ်ဖြစ်တဲ့ ဩဂုတ်လ ၁၇ ရက်မှ ၂၃ ရက် သီတင်းပတ်အတွင်း ချင်း ၇ ဒသမ ၄၉၈ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ ပြည်ပနိုင်ငံကို တင်ပို့နိုင်ခဲ့ပါတယ်။

ဒီတစ်ပတ်မှာတော့ စင်ကာပူနိုင်ငံ ကိုဘဲ တင်ပို့ခဲ့ တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ်မှာ ချင်းတင်ပို့မှု ပျောက်ခဲ့ပြီး ဒီတစ်ပတ်မှသာ ပြန်လည်တင်ပို့နိုင်ခဲ့တာဖြစ်ပါတယ်။ ချင်းတင်ပို့မှု မှ ကန်ဒေါ်လာ ၁၂၃၇၁ ဝင်ငွေ ရရှိခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း (DOT)**

### ပြည်ချင်းဈေးကွက် အဝင်များပြီး ဈေးနှုန်းတည်ငြိမ်

ယခုတစ်ပတ်ပြည်ချင်းဈေးမှာ အပြောင်းအလဲမရှိဘဲ တစ်ပိဿာကို ချင်း (ရှယ်) ၁၅၀၀ ကျပ်-၁၉၀၀ ကျပ်၊ (ဂွန်) ၁၂၀၀ ကျပ်-၁၄၀၀ ကျပ်တို့နဲ့ ရောင်းဝယ်လျက်ရှိနေပါတယ်။

ပြည်ချင်းဈေးကွက်သို့ အောင်ပန်း၊ တောင်ကြီးဖက်မှ ချင်းများ ပိဿာ ၃၀ ဝင် အိတ် ၇၀ ခန့် ဝင်ရောက်ပြီး၊ ယခင်တစ်ပတ်ထက်အဝင်များလာပါတယ်။ ပုံမှန်အရောင်းအဝယ်ဖြစ်ပြီး တစ်နေ့ကို ပိဿာချိန် ၃၀၀ ခန့် ပုံမှန်ဖြစ်ပြီး၊ ပြည်ဈေးကွက်မှ တစ်ဆင့် ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့သို့ စားသုံးမှုအဖြစ် တစ်နေ့ကို ပိဿာ ၈၀၀ ခန့် တင်ပို့မှုရှိတယ်လို့ ချင်းပွဲရုံများမှ သိရပါတယ်။

**ဝင်းဝင်းခိုင်-ပြည်**

| ၂၅-၅-၂၀၁၅ မှ ၂၉-၅-၂၀၁၅ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး | | | |
|---|---|---|---|
| **Sr.No.** | **Forms** | **Copies** | **Total Value (US$)** |
| 1 | Form A | 175 | 11,174,885,976 |
| 2 | Form D | 53 | 4,554,763,270 |
| 3 | Form E | 79 | 2,524,092,882 |
| 4 | Korea GSP | 2 | 43,200,000 |
| 5 | Form AK | 30 | 2,146,037,320 |
| 6 | Form AJ | 9 | 145,189,340 |
| 7 | Form AI | 43 | 1,724,058,150 |
| 8 | Form AANZ | - | - |
| 9 | Form DFTP | 1 | 29,489,920 |
| **Grand Total** | | **392** | **22,341,716,858** |

## မန်ကျည်း

### မန်ကျည်းဆက်လက်တင်ပို့

ဩဂုတ် ၁၇ ရက်မှ ၂၃ ရက် သီတင်းပတ်အတွင်း မန်ကျည်း၂၄၈ ဒသမ ၅ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ ပြည်ပနိုင်ငံကို တင်ပို့နိုင်ခဲ့ပါတယ်။ ဒီတစ်ပတ်မှာတော့ စင်ကာပူနိုင်ငံကို ၂၃ ဒသမ ၅ တန်၊ ဘင်္ဂလားဒေ့ရှ်ကို ၁၂၅ တန်နဲ့ အင်ဒိုနီးရှားကို တန်ချိန် ၁၀၀ တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်မှာ မန်ကျည်းတန်ချိန် ၂၇၃ ကျော် တင်ပို့နိုင်ခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၂၅တန်တင်ပို့မှု လျော့ခဲ့ပါတယ်။ မန်ကျည်းတင်ပို့မှုမှ ကန်ဒေါ်လာ ၃၈၁၃၀ ဝင်ငွေရရှိခဲ့ပါတယ်။

**သီတာဝင်း (DOT)**

## ပရဆေး

### အပို့ အသွင်းစုံတဲ့ ပရဆေးကုန်ကြမ်း

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ် (၁၀၅) မိုင် ၊ ကုန်သွယ်ရေးဇုန်မှ မေလ တတိယပတ်အတွင်း ကန်ဒေါ်လာ သုည ဒသမ ၆၃၃ သန်း တန်ဖိုးရှိတဲ့ ပရဆေးကုန်ကြမ်း အမယ် ၂၀ ကို တန်ချိန်အားဖြင့် ၁၃၄၂ တန် တင်ပို့ခဲ့ပါတယ်။

ယခုတစ်ပတ်တင်ပို့တဲ့ ပရဆေးကုန်ကြမ်းအမယ်တွေကတော့ ကြက်ဆူစေ့၊ နေလဲစေ့၊ မိကျောင်းကွမ်းဖတ်စေ့၊ ကြောင်လျှာစေ့၊ နန္နွင်းတက်၊ ဝဥခြောက်၊ ဆီးသီးခြောက်၊ သရက်ပြားခြောက်၊ စကားပန်းပွင့်ခြောက်၊ လက်ပံပွင့်ခြောက်၊ ဆီးဆံ၊ ကွမ်းသီးခွံ၊ ကွမ်းစားဂမုန်း၊ တောဂျင်း၊ တောဂျုံးမြစ်၊ ဒရင်ကောက်မြစ်၊ မျောက်ဉ၊ မာလာဉ၊ မာလာဉခေါင်းနဲ့ တောင်လုံးကျော်တို့ ဖြစ်ပါတယ်။

ယခင်တစ်ပတ်က မူဆယ်မှ ပရဆေးကုန်ကြမ်း ၁၄၇၈ တန်ထိ တင်ပို့နိုင်ခဲ့တဲ့အတွက် ယခုတစ်ပတ်ပရဆေးတင်ပို့မှုတွင် မူဆယ်မှ အနည်းငယ်လျော့ကျသွားခဲ့ပေမယ့် ချင်းရွှေဟော်နယ်စပ်စခန်းမှ ကန်ဒေါ်လာ သုည ဒသမ ၁၄၇ သန်း တန်ဖိုးရှိကြက်ဆူစေ့ တန် ၂၀၀ နဲ့ ဒရင်ကောက်မြစ် တန် ၄၀ ကျော် တင်ပို့နိုင်ခဲ့သလို၊ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီ ကုန်သွယ်ရေးဇုန်မှလည်း ကန်ဒေါ်လာ ၄၅၇၉၂ တန်ဖိုးရှိတဲ့ ဆီးဖြူသီးခြောက် ၇၆ တန်ကျော် တင်ပို့ခဲ့တာတွေ့ရပါတယ်။ မြန်မာနိုင်ငံထွက် ပရဆေးတွေကို ပြည်ပနိုင်ငံတွေသို့ တင်ပို့မှုရှိသလို မြန်မာ-အိန္ဒိယ နယ်စပ်ရှိ တမူးနယ်စပ် ကုန်သွယ်ရေးမှလည်း ကန်ဒေါ်လာ ၉၂၄ တန်ဖိုးရှိ တောင်လုံးကျော် ၅ တန်ကို တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

# မန္တလေးတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနသို့ JICA PROJECT TEAM က လာရောက်တွေ့ဆုံ

|ခင်မြင့်မြင့်သန်း-မန္တလေး|



ပြီးခဲ့တဲ့မေလ ၁၅ ရက်နေ့က မိမိတို့မန္တလေးတိုင်းဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာ ဦးစီးဌာနသို့ JICA မှ Project Team အဖွဲ့ဖြစ်သည့် အဖွဲ့ခေါင်းဆောင်နှင့် ကုန်သွယ်ရေးမူဝါဒကမြှင့်တင်ရေး ပါရဂူ Mr.Kazuo MISHIMA လူသားအရင်းအမြစ်ဖွံ့ဖြိုးရေး (HRD) ကျွမ်းကျင်သူ Mr.Takuji KAMEYAMA ပြည်တွင်း HRD ကျွမ်းကျင်သူ ဒေါ်ရွှေစင်ထွန်းရီ၊ ပြည်တွင်းကျွမ်းကျင်သူ (ကုန်သွယ်မှုမြှင့်တင်ရေး) ဒေါ်ချောထက်မြက်တို့ ပါဝင်သည့် အဖွဲ့မှ မိတ်ဆက်လည်ပတ်မှုအဖြစ် လာရောက်တွေ့ဆုံဆွေးနွေးခဲ့ကြပါတယ်။

ဆွေးနွေးရာတွင် ကုန်သွယ်မှုမြှင့်တင်အပိုင်းနဲ့ လူသားအရင်းအမြစ်ဖွံ့ဖြိုးအပိုင်းနှစ်ပိုင်းခွဲခြား၍ တွေ့ဆုံမေးမြန်းခဲ့ပါတယ်။ ပထမဦးစွာ မိမိတို့ဌာန၏ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်ပတ်သက်၍ JICA အဖွဲ့အား တိုင်းဒေသကြီးဦးစီးမှူးက ၂၀၁၄ ခု ဒီဇင်ဘာ ၃၁ ရက်တွင် ရတနာပုံ Trade Center ဖွင့်လှစ်ဆောင်ရွက်ထားရှိပြီး အခြေအနေနှင့် ရည်မှန်းချက်ဖြစ်သည့် ပြည်တွင်းပြည်ပကုန်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများပိုမိုဖွံ့ဖြိုးတိုးတက်စေရန်၊ ဦးတည်ချက်ဖြစ်သည့် စီးပွားရေးနှင့် ကုန်သွယ်မှု သတင်းအချက်အလက်များဖြန့်ဝေပေးရန်၊ ကုန်သွယ်မှုမြှင့်တင်ရေး ဝန်ဆောင်မှုပေးရန်စသည်တို့အား Powerpoint ဖြင့် ရှင်းလင်းတင်ပြခဲ့ပါတယ်။ ဆက်လက်၍ မြန်မာ့ကုန်သွယ်မှုဗဟိုဌာနသည် စီးပွားရေးနှင့်ကုန်သွယ်မှုဆိုင်ရာ ဝန်ဆောင်မှုများဆောင်ရွက်လျက်ရှိရာ မိမိတို့တိုင်းအနေဖြင့် ကုန်သွယ်မှုမြှင့်တင်ရေးအတွက် Trade News Letter စာစောင်အား ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်မှစ၍ စတင်ထုတ်ဝေခဲ့ရာ တစ်လလျှင် နှစ်ကြိမ်ထုတ်ဝေလျက် ရှိကြောင်းရှင်းလင်းခဲ့ပြီး၊ ရှင်းလင်းချက်အပေါ် အဖွဲ့ခေါင်းဆောင်က စာစောင်ဖြန့်ဝေသည့် နည်းစနစ်၊ ကုန်ကျသည့် အသုံးစရိတ်ပမာဏ၊ ဖြန့်ဝေသည့်နေရာစသည်တို့အား ပြန်လည်မေးမြန်းခဲ့ရာ တိုင်းနှင့်ပြည်နယ် ၁၆ ခုတွင် မိမိတို့တိုင်းဒေသကြီးနှင့် ပဲခူးတိုင်း၊ ပြည်မြို့တို့တွင်သာ ထုတ်ဝေဆောင်ရွက်လျက်ရှိပြီး၊ ယခုချိန်တွင် မိမိတို့တိုင်းတစ်တိုင်းသာ ထုတ်ဝေလျက်ရှိကြောင်းနှင့် စာစောင်ကို အခမဲ့ဖြန့်ဝေခြင်း၊ တစ်ပတ်လျှင် News Letter စောင်ရေ ၁၀၀၀ ထုတ်ဝေပြီး၊ ကုန်ကျသည့် အသုံးစရိတ်အားဌာန၏ စရိတ်မှကျခံသုံးစွဲမှုရှိကြောင်းနှင့် ဖြန့်ဝေရာတွင် မိမိတို့တိုင်းအတွင်း ခရိုင်၊ မြို့နယ်များ၊ဌာန ဆိုင်ရာများ၊အသင်းအဖွဲ့များ၊ အများပြည်သူများ၊ မီဒီယာသမားများ၊ စိုက်ပျိုးသူတောင်သူများသို့ ဖြန့်ဝေကြောင်း ပြန်လည်ရှင်းလင်းခဲ့ပါတယ်။ မိမိတို့တိုင်းဒေသကြီးအနေဖြင့် ကုန်သွယ်မှုနှင့်ပတ်သက်သော ဥပဒေများ၊လုပ်ထုံး လုပ်နည်းများ၊ သတင်းအချက်အလက်များ မေးမြန်းစုံစမ်းနိုင်ရန် အတွက် Call Center တစ်ခုလည်းဖွင့်လှစ်ထားရှိပြီးဖြစ်ကြောင်း၊ စီးပွားရေး လုပ်ငန်းရှင်များသိလိုသည့်အချက်များ မေးမြန်းလာပါကလည်း ပြန်လည်ဖြေဆိုပေးနိုင်ရန် ကြိုတင် ပြင်ဆင်မှုများ ပြုလုပ်ထားကြောင်းနှင့် စာကြည့်တိုက်တစ်ခုလည်း ဖွင့်လှစ်ထားရှိကြောင်း ရှင်းလင်းခဲ့ပါတယ်။ စာကြည့်တိုက်ကို e-library အဆင့်သို့ တိုးမြှင့်ရန် ရည်ရွယ်ထားကြောင်း စီးပွားရေးလုပ်ငန်းရှင်များသိလိုသည့်အချက်များ၊ ကွန်ပျူတာ နှင့် အင်တာနက်ချိတ်ဆက်၍ download ရယူ၍ဖြန့်ဝေခြင်း၊ CD, Memory Stick များဖြင့် Softcopy ဖြန့်ဝေရန်ရည်ရွယ်ကြောင်း၊ ထို့ပြင် website တစ်ခု ထူထောင်၍ စီးပွားရေးလုပ်ငန်းများအခမဲ့ကြေငြာပေးခြင်း၊ စီးပွားရေးသံရုံးများနှင့်ချိတ်ဆက်နိုင်ရေး ဆောင်ရွက်ထားရှိခြင်း၊ ပြည်ပပို့ကုန်တိုးမြှင့်ရေး နိုင်ငံတကာနှင့်ဒေသတွင်း စီးပွားရေးကွန်ရက်များ ချိတ်ဆက်မိရေး ဆောင်ရွက်လိုကြောင်း အကျယ်တဝင့် ရှင်းလင်းတင်ပြခဲ့ပါတယ်။

လက်ရှိအခြေအနေတွင် ADSL တပ်ဆင်ဆောင်ရွက်နေပြီး webpage တစ်ခုဖွင့်လှစ်၍ ဌာန၏ လှုပ်ရှားမှုများ၊ ကုန်သွယ်မှု သတင်းအချက်အလက်များ စဉ်ဆက်မပြတ် တင်ပြဆောင်ရွက်နေကြောင်း စသည်ဖြင့် ရှင်းလင်းဆွေးနွေးခဲ့ပါတယ်။ ရတနာပုံ Trade Center တွင် မြန်မာ့ပို့ကုန်ပြခန်းဖွင့်လှစ်ထားရှိပြီး၊ မြန်မာ့လက်မှုအနုပညာကျောက်စီပန်းချီကား၊ ရွှေချည်ထိုးပန်းချီ၊ ကျောက်စိမ်းလက်မှုထည်၊ အင်ကြင်းကျောက်ဖြင့်ပြုလုပ်သည့် လက်မှုထည်များ၊ ကျေးလက်ဒေသအသေးစားပစ္စည်းဖြစ်သည့် ဝါးအချောထည်၊ တယ်လီဖုန်းတင်စင်၊ ဂျုံရိုးဦးထုပ်၊ တောင်သာလက်ရက်ကန်း ချည်ထည်အမျိုးမျိုး၏ဈေးနှုန်းနှင့် ထုတ်လုပ်ပုံများရှင်းလင်းပြောကြားရာတွင် စီမံကိန်းခေါင်းဆောင်မှ ဂျုံရိုးဦးထုပ်အား တီထွင်ဆန်းသစ်သည့်အသွင်သဏ္ဌာန်ပြောင်းလဲဖန်တီးရန် ပြန်လည်အကြံပြုခဲ့ကြောင်း တွေ့ရပါတယ်။ ပြည်ပပို့ကုန် တိုးမြှင့်ရန်ရည်ရွယ်သည့် ပစ္စည်းများအား ကုန်စည်ပြပွဲများ ကျင်းပဆောင်ရွက်ပေးခြင်းဖြင့် ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့နိုင်ခြင်းနှင့် မိမိတိုင်းသည် ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်ပြီး စားသုံးမှုပိုလျှံသော ပဲမျိုးစုံကို ပြည်ပတင်ပို့လျက်ရှိကြောင်းရှင်းလင်းရာ Export ပြုလုပ်သည့်ပဲမျိုးစုံ၏ တင်ပို့သည့်နိုင်ငံများမှ စံချိန်စံညွှန်းနှင့် အရည်အသွေးသတ်မှတ်ချက်များ သိရှိထားမှသာ တောင်သူ၊ ကုန်သည်များသို့ Awareness ပေးနိုင်မည်ဖြစ်ကြောင်း၊ ပစ္စည်းကောင်းမှ ဈေးကောင်းရမည်ဖြစ်ပြီး ဂျပန်နိုင်ငံသည် အရည်အသွေး ဦးစားပေးသည့်အတွက် ဂျပန်နိုင်ငံ၏ စံချိန်စံညွှန်း သတ်မှတ်ချက်များ သိရှိထားရန်နှင့် နာမည်ကြီး စိန်တစ်လုံးသရက်သီးကိုလည်း ဂျပန်နိုင်ငံသို့ တင်ပို့ရန် ကြိုးစားနေကြောင်း ဆွေးနွေးခဲ့ပါတယ်။ လက်ရှိမိမိတို့နိုင်ငံ၏ လယ်ယာထွက်ကုန်ပစ္စည်းများ တရုတ်ကိုသာအများဆုံးတင်ပို့နေရပြီး၊ အရည်အသွေး သတ်မှတ်ချက်မရှိသော်လည်း ဈေးကောင်းမရသည့်အနေအထားတွင် တွေ့ကြုံနေ ရကြောင်း ဆွေးနွေးခဲ့ပါတယ်။

၎င်းနောက် ရတနာပုံ Trade Center ရှိပြသထားသည့် လက်မှုအနုပညာပစ္စည်းများအား လိုက်လံပြသပြီး ဆွေးနွေးခြင်းပထမပိုင်းပြီးမြောက်ခဲ့ပါတယ်။ ဆက်လက်၍ဂျပန် HRD ကျွမ်းကျင်သူနှင့် ပြည်တွင်းကျွမ်းကျင်သူတို့က ဌာနမှ အရာထမ်း တစ်ဦး ဦးဆောင်သည့် ဝန်ထမ်းငါးဦးအား Personal Focus Group Meeting ဆွေးနွေးခဲ့ပါတယ်။ ပထမဦးစွာ အရာထမ်းနှင့်ဝန်ထမ်းများ၏ လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းတာဝန်များ ဆွေးနွေးခြင်းတွင် မိမိတို့ ဌာနတွင် ယခင်ကဌာနခွဲ ၆ ခုရှိခဲ့ပြီး၊ ယခုဌာနခွဲ ၉ ခုဖြင့် ပြင်ဆင်ဖွဲ့စည်းထားကြောင်းနှင့် ဌာနတစ်ခုချင်း၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြခြင်း၊ လက်ရှိအခြေအနေတွင် တာဝန်ယူဆောင်ရွက်နေရသည့် လုပ်ငန်းဆောင်ရွက်ချက်များအပေါ် လိုအပ်နေသည့် အသိပညာဗဟုသုတ မေးမြန်းမှုအား ရှင်းလင်းတင်ပြခြင်း၊ စက်မှုလက်မှုပညာရပ်များနှင့် စီမံခန့်ခွဲမှုဆိုင်ရာကျွမ်းကျင်မှုအခြေအနေများ ဆွေးနွေးမေးမြန်းခြင်းတို့အပြင် ဝန်ထမ်းများအနေဖြင့် ဘယ်လိုသင်တန်းတွေတက်ချင်သလဲ၊ ဘယ်လိုသင်တန်းမျိုးကို စိတ်ဝင်စားသလဲ၊ ယခုလက်ရှိ လုပ်ဆောင်နေသည့် လုပ်ငန်းများထက် ပိုမိုတိုးတက်အောင် ဘာတွေလုပ်ချင်သလဲ၊ တွေ့ကြုံနေရတဲ့ အခက်အခဲတွေက ဘာတွေရှိနေသလဲစသည်ဖြင့် မေးမြန်းခဲ့ရာ မိမိတို့ဝန်ထမ်းများအနေဖြင့် အင်္ဂလိပ်စာနှင့် ကွန်ပျူတာ အားနည်းကြောင်း၊ JICA မှဖွင့်လှစ်သည့် HRD သင်တန်း၊ စီမံခန့်ခွဲမှုသင်တန်းများကို တက်ရောက်ပြီး စိတ်ဝင်စားမှုလည်းရှိပါကြောင်း၊ လုပ်ငန်းအခက်အခဲအနေဖြင့် ပြည်ပကုန်စည်ပြပွဲများအတွက် လုပ်ငန်းရှင်များနှင့် ချိတ်ဆက်လုပ်ကိုင်နေရသော်လည်း ဥပမာ-တရုတ်၊ထိုင်း၊ကိုရီးယားနိုင်ငံများတွင် သွားရောက်ပြသသည့် စားသောက်ကုန်များ၊ ယိုစုံများနှင့်ပတ်သက်ပြီး စံချိန်စံညွှန်းသတ်မှတ်ချက်များ မိမိတို့ဘက်မှ data သတင်း အချက်အလက်များ ပေးနိုင်မှုအားနည်းပါကြောင်း တင်ပြဆွေးနွေးခဲ့ပါတယ်။

ထို့ပြင် မိမိတို့တိုင်းဒေသကြီးရုံးတွင် သုတေသနနှင့်နည်းပညာဌာနမှ စပါးသီးနှံများ၏ ရူပအရည်အသွေး စစ်ဆေးခြင်းသာပြုလုပ်နိုင်ပြီး၊ ဓာတုအရည်အသွေး စစ်ဆေးနိုင်ခြင်းမရှိသေးသဖြင့် ဓာတ်ခွဲခန်းအသေးစားတစ်ခု တည်ထောင်နိုင်မည်ဆိုပါက ဓာတုအရည်အသွေးစစ်ဆေးနိုင်ခြင်း (ဥပမာ-သရက်သီး၊စားသုံးဆီ)များ၏ အရည် အသွေးစစ်ဆေးနိုင်မှာဖြစ်ကြောင်းနှင့် ပြည်ပပို့ကုန်သစ်သီးဝလံများ၏ အရည်အသွေးစစ်ဆေးထောက်ခံချက် လက်မှတ်များ ထုတ်ပေးနိုင်ခြင်းဖြင့် အရည်အသွေးအဓိကထားသည့် ဥရောပ၊ ဂျပန်နိုင်ငံများသို့ ဈေးကွက်တိုးချဲ့တင်ပို့ နိုင်မည်ဖြစ်ပါကြောင်း၊ ယင်းသို့အရည်အသွေးစစ်ဆေးနိုင်ခြင်းအားဖြင့် စားသုံးသူများအတွက် အစားအသောက် လုံခြုံစိတ်ချရမှုပါ စစ်ဆေးနိုင်မည်ဖြစ်ကြောင်း တင်ပြဆွေးနွေးခဲ့ကြပါတယ်။ သို့ပါ၍ မိမိတို့တိုင်းဒေသကြီးသို့ လာရောက်တွေ့ဆုံဆွေးနွေးခဲ့ကြသော JICA စီမံကိန်းအဖွဲ့နှင့် တွေ့ဆုံဆွေးနွေးမှုမှ မိမိတို့ဌာန၊ မိမိတို့တိုင်း၊ မိမိတို့နိုင်ငံ၏ ကုန်သွယ်မှုမြှင့်တင်ရေး၊လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်နေသော နည်းပညာအကူအညီ၊ ငွေကြေးအကူအညီ၊ ဈေးကွက်အတွက် အထောက်အပံ့ဖြစ်စေသည့် သတင်းအချက် အလက်များ၊ သင်တန်းများ အကူအညီ တစ်စုံတစ်ရာရရှိခဲ့မည်ဆိုပါက ရလဒ်ကောင်းများပေါ် ထွက်လာနိုင်မည်ဟု မျှော်လင့်မိပါကြောင်း။

■

## Viber\Finger Sticker ဇာတ်ကောင် ဖန်တီးမှုပြိုင်ပွဲမှ ဆုရရှိသူအား ထုတ်ပြန်ကြေညာ

Viber မှကြီးမှူးကျင်းပသည့် Finger Sticker ဇာတ်ကောင်ဖန်တီးမှု ပြိုင်ပွဲတွင် ဆုရရှိခဲ့သူများ၏စာရင်းကို ထုတ်ပြန်ကြေညာလိုက်ပြီဖြစ်သည်။

အဆိုပါပြိုင်ပွဲသို့ ကမ္ဘာတစ်ဝန်း လုံးရှိ နိုင်ငံပေါင်း ၁၀၀ ကျော်မှ စိတ်ပါဝင်စားသူထောင်ပေါင်းများစွာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ဝင်ရောက်ယှဉ်ပြိုင်သူပေါင်းများ စွာအနက်မှ ဆုရရှိသူ ၁၀ဦး၏စာရင်း ကို ထုတ်ပြန်ကြေညာခဲ့ရာတွင် ရုရှားမှ လေးဦး၊ ယူကရိန်းမှ နှစ်ဦး၊ စပိန်၊အိန္ဒိယ၊ ဆွစ်ဇာလန်နှင့်ပေါ်တူဂီတို့မှ တစ်ဦးစီ ရွေးချယ်ခံခဲ့ရကြောင်း သိရသည်။ အဆိုပါစကာတင်ရွေးချယ်ခံရသူ ၁၀ဦးအနက် Stanis-lav Makarenko's ကို ဆုရွေးချယ်ရေးဒိုင် အဖွဲ့က ဆုရရှိသူအဖြစ် ရွေးချယ်ခဲ့ကြောင်း



သိရသည်။ ထို့ပြင် Viber သည် Sticky Finger တီထွင်ဖန်တီးမှုဆိုင်ရာ ဂုဏ်ပြုအခမ်းအနားတစ်ရပ်ကို ကျင်းပရန် Stikcy History ဟူသောပြပွဲ အသစ်ကို Hatch Finger ပြတိုက်နှင့် ပူးပေါင်း ကျင်းပသွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

အဆိုပါပြပွဲကို ရုရှားနိုင်ငံ မော်စကိုမြို့ရှိ Red October စက်ရုံရှိMel Space စတူဒီယိုတွင် ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။ **မယ်သီတာ**

# ခာတ်ဆီ/ဒီဇယ်

## ဒီတစ်ပတ် ခာတ်ဆီ၊ ဒီဇယ် တန်ချိန် ခုနစ်ရာကျော်ဝင်

မေ ၁၇ ရက်မှ မေလ ၂၃ ရက်သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၂၄၂၆၉၁၆၀ တန်ဖိုးရှိ ခာတ်ဆီ ၃၉၅ ဒသမ ၇၃၃ တန်နဲ့ ကန်ဒေါ်လာ ၂၄၃၇၁၀၈၆ တန်ဖိုးရှိ ဒီဇယ် ၃၆၆ဒသမ ၈၈၂ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းရန် သွင်းကုန်လိုင်စင်လျှောက်ထားခဲ့တယ်လို့ သိရပါတယ်။ ဒီဇယ်က ယခင်တစ်ပတ် ခာတ်ဆီအဝင်မှာ ၃၁၈ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၄၈ ဒသမ၃၅၇ တန်အဝင်ပိုခဲ့ပြီး ခာတ်ဆီအဝင်မှာ၁၉၈ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် ၁၉၆ ဒသမ ၈၅၃ တန် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ခာတ်ဆီရော ဒီဇယ်ပါ အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ မေလ ၂၅ ရက်နေ့မှ မေ ၂၉ ရက်အတွင်း ရောင်းချနေတဲ့ ခာတ်ဆီ၊ ဒီဇယ်စျေးများက မော်လမြိုင်၊ ရန်ကုန်နဲ့ တောင်ကြီးမှာ စျေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပြင်ပမှာ လက်လီ ရောင်းချနေတဲ့ ဒီဇယ်၊ ဓါတ်ဆီပီပါ စျေးများမှာလည်း ယခင်တစ်ပတ်စျေးနှင့် နှိုင်းယှဉ်ကြည့်ရင် ရန်ကုန်မှာ ခာတ်ဆီရောဒီဇယ်ပါ စျေးငြိမ်နေပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်စျေးကွက်မှာ** ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်းမှာ စျေးနည်းနည်းတက်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ စျေးမှာဒီဇယ်၇၀၀ ကျပ်၊ အောက်တိန်း ၇၄၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၇၄၀ ကျပ်နဲ့အရောင်း အဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်း အဝယ်ဖြစ်နေ တဲ့ပီပါစျေးများမှာ မေလ ၂၅ ရက်နေ့ ခာတ်ဆီ ဝယ်စျေး ၁၄၃၀၀၀ ကျပ်၊ရောင်းစျေး ၁၄၅၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံးဒီစျေးနဲ့ပဲ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဒီဇယ်စျေးမှာမေလ ၂၅ ရက်မှာ ဝယ်စျေး ၁၄၃၀၀၀ ကျပ်၊ ရောင်းစျေး ၁၄၅၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာမှ ၂၈ ရက်နေ့တွင် ဝယ်စျေး၊ရောင်းစျေး ၂၀၀၀ ကျပ်စျေးလျော့ပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ တစ်ဂါလန် ဝယ်စျေး၊ ရောင်းစျေးများမှာ ခာတ်ဆီစျေးက တစ်ဂါလန် ၃၅၀၀ ကျပ်၊ ဒီဇယ် တစ်ဂါလန် ၃၅၀၀ ကျပ်နဲ့အရောင်း အဝယ်ဖြစ်တယ် လို့ဓါတ်ဆီ၊ဒီဇယ် အရောင်းအဝယ် သမားတစ်ဦးထံမှ စုံစမ်းသိရှိခဲ့ပါတယ်။

**မန္တလေးစျေးကွက်မှာ** ခာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ် ရှိနေတယ်။ ပုဂ္ဂလိကဆိုင်များတွင် ရောင်းချနေတဲ့စျေးမှာ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်၊ ခာတ်ဆီနဲ့ အောက်တိန်းမှာ စျေးငြိမ်နေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချ နေတဲ့စျေးမှာ ခာတ်ဆီ တစ်လီတာ ၇၇၀ ကျပ်၊ အောက်တိန်း ၇၇၀ ကျပ်၊ ဒီဇယ် ၇၂၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၇၉၀ ကျပ်နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာအရောင်းအဝယ်ဖြစ်နေတဲ့ ပီပါစျေးများမှာ မေလ ၂၅ ရက်မှာ ဒီဇယ် ဝယ်စျေး ၁၄၅၀၀၀ ကျပ်၊ ရောင်းစျေး ၁၄၈၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ရာ ၂၇ ရက်တွင် ဝယ်စျေး၊ ရောင်းစျေး ၁၀၀၀ ကျပ် စျေးကျပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ခာတ်ဆီစျေးမှာ မေလ ၂၅ ရက်နေ့ ဝယ်စျေး ၁၄၈၀၀၀ ကျပ်၊ ရောင်းစျေး ၁၅၁၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာမှမေလ ၂၇ ရက်တွင် ဝယ်စျေး၊ ရောင်းစျေး ၁၀၀၀ ကျပ်စျေးကျခဲ့တယ်လို့သိရပါတယ်။ပြင်ပလက်လီဆိုင်များတွင် တစ်ဂါလန်စျေးမှာ ဒီဇယ် ၃၄၀၀ ကျပ်၊ ဓါတ်ဆီ ၃၆၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်စျေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ခာတ်ဆီမှာ စျေးငြိမ်ပြီး ဒီဇယ်နဲ့ အောက်တိန်းစျေးနည်းနည်း မြင့်ပြီး အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့စျေးများကဓါတ်ဆီ တစ်ဂါလန် ၃၇၈၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃၂၈၅ ကျပ်၊ အောက်တိန်း ၃၄၆၅ ကျပ်နဲ့ရောင်းချတယ်လို့ သိရပါ တယ်။ ပြင်ပလက်လီဆိုင်များမှာ ခာတ်ဆီတစ်ဂါလန် ၃၈၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃၃၀၀ ကျပ်၊အောက်တိန်း ၃၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရှိရပါတယ်။

**တောင်ကြီးစျေးကွက်မှာ** ခာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဒီတစ်ပတ် ဒီဇယ်စျေးအနည်းငယ်ကျပြီး ခာတ်ဆီစျေး နည်းနည်းမြင့် လာတယ်လို့သိရပါတယ်။ပုဂ္ဂလိက စက်သုံး ဆီဆိုင်ရဲ့စျေးမှာ ခာတ်ဆီတစ်ဂါလန် ၃၄၀၀ ကျပ်၊ ဒီဇယ်၃၁၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရှိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ခာတ်ဆီ ၃၅၀၀ ကျပ်၊ ဒီဇယ် ၃၁၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**MIRT-DOT**

## စျေးကစားသူများကြောင့် ငွေလဲနှုန်းများ ဆက်လက်မြင့်တက်

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက ဆက်တိုက်မြင့်တက်ခဲ့သည့် ငွေလဲနှုန်းများသည် ယခုတစ်ပတ်တွင်လည်း ဆက်လက်မြင့်တက်ခဲ့ကြောင်း သိရသည်။ ငွေလဲနှုန်းများ ဆက်တိုက်မြင့်တက်ခဲ့မှုကြောင့် သွင်းကုန်များ စျေးမြင့်တက်လျက်ရှိပြီး ပို့ကုန်သမားများအတွက် တွက်ခြေကိုက်လျက်ရှိကြောင်း သိရသည်။

ငွေလဲနှုန်းများမြင့်တက်မှုသည် တစ်လနီးပါးခန့်ရှိပြီဖြစ်ရာ ငွေလဲနှုန်းများ မြင့်တက်မှုကို ဗဟိုဘဏ်ကထိန်းချုပ်ရန် ကြိုးစားခဲ့သော်လည်း အောင်မြင်မှုမရရှိခဲ့ပေ။ ပုဂ္ဂလိကဘဏ်များတွင် ဝယ်စျေး ၁၀၉၀ကျပ်ဟု ရေးသားဖော်ပြထားသော်လည်း တချို့သောဘဏ်များတွင်မူ အဝယ်ရော အရောင်းပါ ရပ်တန့်ထားကြောင်း သိရသည်။

“အိမ်ခြံမြေမှာ ရင်းနှီးထားတဲ့သူတွေက အဲဒီဘက်က အရှုံးပေါ်နေတော့ ဒီဘက်ကိုလှည့်လာကြတယ်။ သူတို့တွေရဲ့စျေးကစားမှုတွေကြောင့် ခုလို စျေးမြင့်တက်လာရတာပါ။ ပိုဆိုးတာက စျေးကွက်ထဲမှာ ရောင်းလိုအား နဲ့ဝယ်လိုအားမမျှတာပဲ။ အဲဒီလို မမျှတာကြောင့် စျေးတက်တာက ပိုမြန်လာတယ်။ စျေးတက်တာမြန်လွန်းတော့ အရောင်းအဝယ်လုပ်တော့မယ်ဆိုရင် စျေးက သေသေချာချာ စုံစမ်းပြီးမှ လုပ်နေရတယ်။ ငွေစျေးတက်တဲ့အတွက် ပို့ကုန်သမားတွေအတွက်တော့ အဆင်ပြေတာပေ့ါ”ဟု ငွေလဲစျေးကွက်အတွင်း ရောင်းဝယ်နေသူတစ်ဦးက ဆိုသည်။

ပြင်ပငွေစျေးကွက်တွင် မေ ၂၅ ရက်က ရောင်းစျေး ၁၁၂၇ကျပ်၊ ဝယ်စျေး ၁၁၂၂ ကျပ်ဖြင့် ရောင်းဝယ်ခဲ့ပြီး မေ ၂၆ ရက်တွင် ရောင်းစျေး ၁၁၃၃ ကျပ်၊ ဝယ်စျေး ၁၁၂၈ ကျပ်သို့ မြင့်တက်ခဲ့သည်။ ထို့နောက် ဆက်လက်မြင့်တက်ခဲ့ရာ မေလ ၂၈ ရက်တွင် ရောင်းစျေး ၁၁၃၈ကျပ်၊ ဝယ်စျေး ၁၁၃၃ကျပ်၊ မေလ ၂၉ ရက်တွင် ရောင်းစျေး ၁၁၃၉ကျပ်၊ ဝယ်စျေး ၁၁၃၄ကျပ်သို့ ဆက်လက်မြင့်တက်ခဲ့သည်။ ပို့ကုန်ရငွေစျေးနှုန်းမှာ မေ ၂၇ ရက်က ၁၁၄၂ကျပ်ရှိခဲ့သည်။

ပြည်ထောင်စုဗဟိုဘဏ်မှလည်း ရည်ညွှန်းငွေလဲနှုန်းများ သတ်မှတ်ရာတွင် မေ ၂၅ ရက်က ၁၀၈၂ကျပ်ရှိခဲ့သော်လည်း မေလ၂၆ရက်နေ့တွင် ၁၀၉၀ ကျပ်သို့ တိုးမြှင့်သတ်မှတ်ခဲ့သည်။ **မယ်သီတာ**

## ကမ္ဘာ့ရွှေစျေး ကျဆင်းသော်လည်း စျေးအမြင့်နဲ့ငြိမ်သက်နေဆဲ မြန်မာ့ရွှေစျေးကွက်

တစ်လနီးပါးကြာ စျေးမြင့်တက်လျက်ရှိသည့် မြန်မာ့ရွှေစျေးသည် ယခုတစ်ပတ်တွင် ကမ္ဘာ့ရွှေစျေးကျဆင်းနေသော်လည်း စျေးဆက်လက်မြင့်တက်ခဲ့ကာ စျေးအမြင့်ဖြင့် ငြိမ်သက်လျက်ရှိကြောင်း သိရသည်။

ပြည်တွင်း ငွေလဲနှုန်းများ မြင့်တက်နေဆဲဖြစ်ရာ ကမ္ဘာ့ရွှေစျေးကျဆင်းသွားသော်လည်း စျေးဆက်လက်မြင့်တက်နေရခြင်းဖြစ်ကြောင်း သိရသည်။

“အရင်တုန်းကဆိုရင် ကမ္ဘာ့ရွှေစျေး တက်ရင် မြန်မာ့ရွှေစျေးပါ လိုက်ပြီးတက်တယ်။ ကမ္ဘာ့ရွှေစျေးကျရင် မြန်မာ့ရွှေစျေးလည်ကျတယ်။ ဒီတစ်လထဲမှာတော့ ကမ္ဘာ့ရွှေစျေးက ခုဆိုရင် ကျနေပြီ။ ၁၂၀၀ အောက်ကို ကျဆင်းနေပြီ။ ဒါပေမယ့် မြန်မာ့ရွှေစျေးက ကျပ် ၇၁၀၀၀၀ အောက်ကို မဆင်းဘူးဖြစ်နေတယ်။ ဒီတစ်ပတ်ထဲမှာ ကျပ် ၇၁၄၀၀၀ နဲ့တန်းနေတာ။ ကမ္ဘာ့ရွှေစျေးတွေကျလာတဲ့အတွက် ရွှေကုန်သည်တွေ ထုတ်ရောင်းကြတော့မယ်။ အဲဒါဆိုရင်တော့ စျေးကျသွားနိုင်ပါသေးတယ်”ဟု ရွှေကုန်သည်တစ်ဦးက သုံးသပ်ပြခဲ့သည်။

မြန်မာ့ရွှေစျေးသည် မေလ ၂၅ ရက်က ၇၁၄၀၀၀ ကျပ်ရှိခဲ့ပြီး မေလ ၂၆ရက်တွင်ကျပ် ၇၁၈၀၀၀ သို့ မြင့်တက်ခဲ့ပြီး မေလ ၂၇ရက်နေ့တွင် ကျပ် ၇၁၄၀၀၀ သို့ ကျဆင်းခဲ့မှုကြောင့် ရွှေစျေးကွက်အတွင်း လှုပ်လှုပ်ခတ်ခတ်ဖြစ်ခဲ့သည်။ မေလ ၂၉ရက်တွင် ကျပ် ၇၁၄၀၀၀ သို့ ပြန်လည်ကျဆင်းခဲ့သည်။

ကမ္ဘာ့ရွှေစျေးသည် မေလ ၂၅ ရက်နေ့က ၁၁၈၈ ဒေါ်လာရှိခဲ့ပြီး မေလ ၂၆ရက်နေ့တွင် ၁၂၀၅ ဒေါ်လာသို့ မြင့်တက်ခဲ့သည်။ ထို့နောက်ပြန်လည်ကျဆင်းလာခဲ့ရာ မေလ ၂၉ရက်နေ့တွင် ၁၁၈၈ဒေါ်လာရှိခဲ့သည်။ **မယ်သီတာ**



## Currency Exchange Rate

May 29, 2015

Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.31 |
| BDT | Bangladesh Taka | 77.76 |
| CAD | Canada Dollars | 1.24 |
| CNY | China Yuan Renminbi | 6.20 |
| EUR | Euro | 0.91 |
| HKD | Hong Kong Dollars | 7.75 |
| INR | India Rupees | 63.72 |
| IDR | Indonesia Rupiahs | 13221.10 |
| JPY | Japan Yen | 123.95 |
| MYR | Malaysia | 3.66 |
| PKR | Pakistan Rupees | 101.99 |
| PHP | Philippines Pesos | 44.58 |
| RUB | Russia Rubles | 52.77 |
| SGD | Singapore Dollars | 1.35 |
| KRW | South Korea Won | 1109.13 |
| LKR | Sri Lanka Rupe | 133.84 |
| THB | Thailand Baht | 33.72 |
| GBP | United Kingdom Pounds | 0.65 |
| VND | Vietnam Dong | 21805.49 |

*Source : xe.com*

## World Gold Price

May, 2015 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 25 | 1202 | 1204 | 1203 |
| 26 | 1193 | 1196 | 1197 |
| 27 | 1191 | 1188 | 1188 |
| 28 | 1186 | 1186 | 1188 |
| 29 | 1187 | 1187 | 1188 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 25-5- 2015 | 713.50 | 714.50 |
| 26-5- 2015 | 718.00 | 719.00 |
| 27-5- 2015 | 714.00 | 714.40 |
| 28-5- 2015 | 713.00 | 712.50 |
| 29-5- 2015 | 714.00 | 714.50 |

## နယ်စပ်ငွေလဲလှယ်နှုန်း

မေလ ၂၀၁၅ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 25 | 6 .20 | 33.54 | 77.74 | 63.62 |
| 26 | 6. 21 | 33.74 | 77.73 | 63.92 |
| 27 | 6 .20 | 33.78 | 77.75 | 63.94 |
| 28 | 6 .20 | 33.84 | 77.77 | 63.96 |
| 29 | 6.20 | 33.72 | 77.76 | 63.72 |

## Energy NYMEX 29-5-2015

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 58.24 | 0.56 | 0.97 |
| Brent Crude Futr (USD/bbl) | 63.01 | 0.43 | 0.69 |
| Gasoline Rbob Fut (Cent/gal) | 199.95 | 1.44 | 0.73 |
| Natural Gas Futr (USD/MMBtu) | 2.71 | 0.01 | 0.26 |
| Heating Oil Futr (Cent/gal) | 188.57 | 1.53 | 0.82 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 25-May | 17.03 | 2212.60 | 1744.29 | 6250.05 | 1146.00 |
| 26-May | 17.03 | 2212.60 | 1744.29 | 6250.05 | 1146.00 |
| 27- May | 16.73 | 2213.57 | 1727.94 | 6322.70 | 1127.00 |
| 28- May | 16.65 | 2241.79 | 1722.34 | 6215.55 | 1120.00 |
| 29- May | 16.70 | 2275.17 | 1755.49 | 6236.61 | 1116.00 |

Source:kitco.com

## ဘိလပ်မြေ

### အပတ်စဉ်ဘိလပ်မြေတန်ချိန် ခြောက်သောင်းကျော်ဝင်

ကန်ဒေါ်လာ ၁၀၃၃၂၇၂၆ ကျော်တန်ဖိုးရှိ ဘိလပ်မြေ ၆၃၆၁၀ ဒသမ ၄၄ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ မေလ ၁၇ ရက်မှ ၂၃ ရက် သီတင်းပတ်အတွင်း မှာယူတင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ တရုတ် နိုင်ငံ၁၂၁၀၀ တန်၊ ကိုရီးယား မှ ၂၀ဒသမ ၇၉တန်နဲ့ ထိုင်းနိုင်ငံမှ၅၁၄၈၉ဒသမ၆၅ တန် တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ထိုင်းနိုင်ငံမှ အများဆုံးဝင်လာခဲ့ပါတယ်။ မေလ လဆန်းမှစပြီး အပတ်စဉ် ဘိလပ်မြေအဝင်မှာ တန်ချိန်ခြောက်သောင်းကျော် ရှိခဲ့တာ တွေ့ရပါတယ်။ ယခင်သီတင်းပတ်အဝင်နဲ့ယှဉ်ရင် ၆၁၉ ဒသမ၀၈၅တန် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။



### ဈေးငြိမ်ပြီး အရောင်းအဝယ်ပုံမှန်ရှိနေဆဲဘိလပ်မြေ

ဒီတစ်ပတ်ဘိလပ်မြေဈေးကွက်အခြေအနေများမှာ-

မေလ၁၇ရက်မှ ၂၃ ရက်ထိ သီတင်းပတ်အတွင်း ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေအဝင်မှာ ၆၃၆၁၀ တန်ကျော် တင်သွင်းမှုရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေအဝင်မှာ၆၄၂၂၉ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ဘိလပ်မြေ တန် ၆၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ ၁၇၃၁၂ တန်ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ ၁၄၇၅၀ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၂၅၆၁ တန်ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှ အဝင်လျော့ခဲ့ပြီး နယ်စပ်လမ်းမှ အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဘိလပ်မြေဈေးကွက်မှာ** ဒီတစ်ပတ် အရောင်းအဝယ် ပုံမှန်ရှိတယ်လို့ သိရပါတယ်။ မိုးက နည်းနည်းများပေမယ့် အရောင်းအဝယ်ကတော့ဖြစ်နေပါတယ်။ အရောင်းပုံမှန်ရှိပေမယ့် ဈေးက ငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ ဈေးက ဆင် (ထိုင်း) ၅၃၅၀ ကျပ်၊မြင်းခေါင်း ၄၂၀၀ကျပ်၊ ကြံ့ (မြိုင်ကလေး) ၅၁၀၀ ကျပ်၊ စိန် ၅၅၅၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဘိလပ်မြေက အရောင်းအဝယ်သွက်ပေမယ့် ဈေးအတက်အကျ အနည်းငယ်ဖြင့် အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ စိန်(ယိုးဒယား) ၅၇၅၀ ကျပ်၊ဆင် (ယိုးဒယား) ၅၈၅၀ ကျပ်၊ ကြံ့နှစ်ကောင် (နီ) ၅၃၀၀ ကျပ်၊ ကြံ့နှစ်ကောင်( စိမ်း) ၅၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘိလပ်မြေ အရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** ဘိလပ်မြေက အရောင်းပုံမှန်ရှိပေမယ့် ဈေးငြိမ်နေပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ဈေးမှာ ဆင်(ထိုင်း) ၇၃၀၀ ကျပ်၊ စိန် (ထိုင်း) ၇၃၀၀ ကျပ်၊ ဆင်မင်း (ကျောက်ဆည်) ၅၀၀၀ ကျပ်၊ ကျားခေါင်း ၅၀၀၀ ကျပ်၊ မြင်းခေါင်း ၅၀၀၀ ကျပ်၊ အေသုံးလုံး ၅၇၀၀ကျပ်၊ မြန်မာဆင် ၅၁၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**သီတာဝင်း (DOT) စုစည်းသည်**

## ဓာတ်မြေသြဇာ

### ဒီတစ်ပတ်မြေသြဇာအဝင်ပို

ပြည်တွင်းကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ ကန်ဒေါ်လာ ၁၀၅၅၉၄၄ ကျော်တန်ဖိုးရှိ မြေသြဇာ ၄၃၃၂ဒသမ ၉၈ တန်ကို မေလ ၁၇ ရက်မှ ၂၃ ရက် သီတင်းပတ်အတွင်းမှာ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ တရုတ်နိုင်ငံမှ မြေသြဇာ ၂၂၀၇ ဒသမ ၂၀ တန်၊ ထိုင်းနိုင်ငံမှ ၉၆ တန်၊စင်ကာပူနိုင်ငံမှ ၁၀၀ ဒသမ ၇၈ တန်၊ ဗီယက်နမ်နိုင်ငံမှ ၁၂၁၀ တန်၊ အင်ဒိုနီးရှား မှ တန်ချိန် ၅၀၀၊ မလေးရှား မှ ၂၁၉ တန် အသီးသီးတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ တရုတ်နိုင်ငံမှ တန်ချိန် အများဆုံးတင်သွင်းလာခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းလာခဲ့တဲ့ အမျိုးအစားများမှာ ကယ်လ်ဆီယမ်ဖော့စဖိတ်၊ အမိုးနီးယားဆာလဖိတ်၊ ကွန်ပေါင်း၊ ဩဂဲနစ်တို့ ဝင်လာခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် မြေသြဇာအဝင်မှာ တန်ချိန် ၁၃၉၀ ကျော်သာရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန်၂၉၄၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

### အရောင်းအဝယ်လှုပ်ရှားလာတဲ့ ဓာတ်မြေသြဇာ

မေ၁၇ ရက်မှ ၂၃ ရက်အတွင်း ပြည်တွင်းကို ရေလမ်းမှ မြေသြဇာတန်ချိန် ၄၃၃၂ တန်ကျော်အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ် အဝင်မှာတန်ချိန် ၁၃၉၁ တန် ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ် မှာ ၂၉၄၀ တန်ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ် မြေသြဇာအဝင်မှာ ၂၂၃၀၅ တန်ကျော် ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ ၁၆၇၀၈ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၅၅၉၇ တန်ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းရော နယ်စပ်လမ်းမှပါ အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မကွေးမှာ ဈေးအနည်းငယ်မြင့်ပြီး မော်လမြိုင်နဲ့ တောင်ကြီးမှာတော့ ဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဒီတစ်ပတ်မှာမြေသြဇာ အရောင်းအဝယ် ကောင်းတယ်လို့ သိရပါတယ်။ မိုးသီးနှံအတွက် နယ်ဘက်က အဆွဲရှိလာတယ်။ ဒါကြောင့်လည်း အရောင်းသွက်လာတယ်လို့ သိရပါတယ်။ဒီတစ်ပတ်မှာ ကွန်ပေါင်း၁၅ ပတ်လည်(အစိမ်း)နဲ့ (ပန်းရောင်) ဈေးနည်းနည်းမြင့်ခဲ့ပြီး ကျန်မြေသြဇာများကဈေး ငြိမ်နေတယ်လို့ ဆိုပါတယ်။ တစ်ပတ်ဈေးကွက်ထဲ အရောင်း အဝယ်ဖြစ်နေတဲ့ ဈေးနှုန်းတွေမှာပုလဲ-အသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်-တရုတ်) ၂၁၀၀၀ ကျပ်၊ ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ၃၇၅၀၀ ကျပ်၊ ကွန်ပေါင်း (ပန်းရောင်) (ထိုင်း) ၃၁၅၀၀ ကျပ်၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း)၂၉၅၀၀ ကျပ်၊ တီစူပါ ၄၆% (သံကွင်း-တရုတ်) ၂၀၀၀၀ ကျပ်၊ တီစူပါ၁၆% (မြားကမ္ဘာ- တရုတ်) ၁၁၅၀၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**မကွေးဈေးကွက်မှာ** မြေသြဇာက အရောင်းအဝယ် ပုံမှန်ရှိတယ်လို့ သိရပါတယ်။ မြေသြဇာဈေးကယခင်တစ်ပတ်ဈေးထက် နည်းနည်းတက်လာတယ်လို့ ဆိုပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ ဈေးမှာ ယူရီးယား (ပန်းဖူး-တရုတ်) ၂၁၆၀၀ ကျပ်၊ ယူရီးယား (ရွှေတောင်-တရုတ်) ၂၁၃၀၀ ကျပ်၊ မြားကမ္ဘာ-တရုတ် (၁၂း၁၃) ၁၄၇၀၀ ကျပ်၊ ဆင် ၁၀း၁၀း၅ ၁၄၅၀၀ ကျပ်၊ အာမို ၁၀း၁၀း၅ ၁၅၂၀၀ ကျပ်၊ အာမို၁၅း၁၅း၁၅ ၃၅၈၀၀ ကျပ်၊အာမို ၁၆း၁၆း၈ ၃၂၈၀၀ ကျပ်၊ အောင်ကမ္ဘာ၁၀း၁၀း၅ ၁၅၈၀၀ ကျပ်၊ ပိုတက် ၂၃၀၀၀ ကျပ်၊တောင်သူမ ၁၄၀၀၀ ကျပ် ဈေးရှိတယ်လို့ မြေသြဇာအရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** မြေသြဇာက အရောင်းအဝယ်ပုံမှန်ရှိပေမယ့် ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေး ကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား-ပုလဲ (ကမ္ဘာလုံး-တရုတ်) ၂၁၃၀၀ ကျပ်၊ ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်) ၂၁၃၀၀ ကျပ်၊ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်)၂၂၀၀၀ကျပ်၊ တီစူပါ ၁၂%(တရုတ်) ၁၀၂၀၀ ကျပ်၊ တီစူပါ ၁၆% (တရုတ်) ၁၀၇၀၀ ကျပ်၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ၃၇၅၀၀ ကျပ်၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ၁၅၅၀၀ကျပ်၊ ဓာတ်ဆား(တရုတ်) ၁၅၀၀၀ ကျပ်၊ ပိုတက်(တရုတ်)၂၃၅၀၀ ကျပ်၊ ယူရီးယား (ယူအေအီး) ၂၁၅၀၀ ကျပ်၊ မြားကမ္ဘာ ၁၅၂၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

ရန်ကုန်ဈေးကွက်မှာ ဒီတစ်ပတ်မှာမြေသြဇာက အရောင်းအဝယ်ပုံမှန်ရှိပေမယ့် ဈေးက ငြိမ်နေ တယ်လို့ သိရပါတယ်။

ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ယူရီးယား (နေရွက်လှေ-တရုတ်) ၂၁၀၀၀ ကျပ်၊ ယူရီးယား (ကမ္ဘာလုံး-တရုတ်) ၂၁၀၀၀ကျပ်၊ ယူရီးယား (ရွှေတောင်-တရုတ်) ၂၁၀၀၀ ကျပ်၊ တီစူပါ(သံကွင်း-တရုတ်) ၁၉၂၀၀ ကျပ်၊ ပိုတက်(အိန္ဒိယ) ၂၁၅၀၀ ကျပ်၊ ကွန်ပေါင်း ၁၅း၁၅း၁၅ (နေရွက်လှေ) ၃၀၅၀၀ ကျပ်နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။

## နို့ဆီ/နို့မှုန့်

### နို့ဆီ၊ နို့မှုန့် အဝင်နည်း

ပြည်တွင်းကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ နို့ဆီ ၂၅၂ ဒသမ ၄၀ တန်ကို မေ ၁၇ ရက်မှ ၂၃ ရက် သီတင်းပတ်အတွင်းမှာ တင်သွင်းခဲ့ပါတယ်။ ယခင်တစ်ပတ်မှာ တန်ချိန် ၂၉၀ ကျော်အဝင်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၄၅တန်ကျော် အဝင်နည်းခဲ့ပါတယ်။

နို့မှုန့်က နယူးဇီလန်နိုင်ငံမှ ၅၁ ဒသမ ၂၀ တန်၊ စင်ကာပူနိုင်ငံမှ ၂၂ ဒသမ ၆၀ တန်၊ ဗီယက်နမ်နိုင်ငံမှ ၃၀ ဒသမ၄၂၄ တန် အသီးသီးတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်နဲ့ယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၁၉၀ ကျော် အဝင်နည်းခဲ့တယ်လို့ သိရပါတယ်။

**MIRT (DOT)**

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၁၆/၅ မှ ၂၂/၅ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၉/၅ မှ ၁၅/၅ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၇၃၈.၅၀ | ၁၃၄၈.၀၀ | (-) | ၆၀၉.၅၀ |
| ၂။ | လွယ်ဂျယ် | ၈၁၄.၀၀ | ၇၀၄.၀၀ | (+) | ၁၁၀.၀၀ |
| ၃။ | ချင်းရွှေဟော် | ၅၀.၀၀ | - | (+) | ၅၀.၀၀ |
| ၄။ | ကန်ပိုက်တီး | ၄၃၆၅.၀၀ | ၄၂၄၈.၀၀ | (+) | ၁၁၇.၀၀ |
| ၅။ | တာချီလိတ် | ၂၅၀၀.၀၀ | ၇၂.၀၀ | (+) | ၂၄၂၈.၀၀ |
| ၆။ | မြဝတီ | ၁၁၉၉.၀၀ | ၁၃၅၉.၀၀ | (-) | ၁၆၀.၀၀ |
| ၇။ | ကော့သောင်း | ၆၂၃၆.၀၀ | ၇၀၂၀.၀၀ | (-) | ၇၈၄.၀၀ |
| ၈။ | မြိတ် | ၁၄၁၀.၀၀ | - | (+) | ၁၄၁၀.၀၀ |
| ၉။ | မော်တောင် | - | - | | - |
| | စုစုပေါင်း | ၁၇၃၁၂.၅၀ | ၁၄၇၅၁.၀၀ | (+) | ၂၅၆၁.၅၀ |

နယ်စပ်ကုန်သွယ်ရေးစခန်းအလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

မြင့်မြင့်မာ MIRT (DCCA)

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၁၆/၅ မှ ၂၂/၅ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၉/၅ မှ ၁၅/၅ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၉၀၈၅.၂၂၀ | ၁၄၈၈၁.၆၀၀ | (+) | ၄၂၀၃.၆၂၀ |
| ၂။ | လွယ်ဂျယ် | ၂၃၉.၅၀၀ | ၁၂၂.၀၀၀ | (+) | ၁၁၇.၅၀၀ |
| ၃။ | ချင်းရွှေဟော် | ၁၀၀၀.၀၀၀ | - | (+) | ၁၀၀၀.၀၀၀ |
| ၄။ | တာချီလိတ် | - | - | | - |
| ၅။ | မြဝတီ | ၆၂၅.၀၆၀ | ၁၅၅၄.၈၃၀ | (-) | ၉၂၉.၇၇၀ |
| ၆။ | ကော့သောင်း | ၆.၁၀၀ | ၁၅၀.၀၀၀ | (-) | ၁၄၃.၉၀၀ |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိဒ် | ၁၃၅၀.၀၀၀ | - | (+) | ၁၃၅၀.၀၀၀ |
| | စုစုပေါင်း | ၂၂၃၀၅.၈၈၀ | ၁၆၇၀၈.၄၃၀ | (+) | ၅၅၉၇.၄၅၀ |

နယ်စပ်ကုန်သွယ်ရေးစခန်းအလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

တင်တင်ထွန်း MIRT (DCCA)

## နှမ်း/မြေပဲ

# ဆီဈေးနှုန်း ပြောင်းပြန်ဖြစ်သွားတဲ့ ပြည်ဈေးကွက်

ပြည်ဈေးကွက်တွင် မြေပဲဆံ ဈေးနဲ့ မြေပဲဆီဈေး မြင့်ပြီး နှမ်းဈေးနဲ့ နှမ်းဆီဈေးပါကျနေတာ တွေ့ရပါတယ်။

ဝယ်လက်နဲ့ ဆီစက်သမားများ ပုံမှန်အဝယ်ရှိနေတဲ့ နှမ်းနီနဲ့ နှမ်းနက်မှာ သကြံန်ကျော် ပြီးမှစ၍ အဝယ်ထိုင်းသွားသဖြင့် ဈေးနှုန်းအောက်ကို ရောက်ရှိနေပြီး စမုံနှမ်းနက် တစ်မျိုးသာ ဈေးမကျဘဲ ပုံမှန်အရောင်းအဝယ်ဖြစ်လျက် ရှိပါတယ်။ ခုချိန်တွင် မြေပဲဆန်ကို တရုတ်ဝယ်လက်နှင့် ဆီစက်များက အဆွဲသွက်နေသဖြင့် အဝင်ရှိသလောက် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

တရုတ်ဝယ်လက်များမှ မြေပဲလုံးဆံကို အဝယ်သွက်နေတာကြောင့် နှမ်းနက်ရိုးရိုးမှာ အဝယ်အနည်းငယ် အေးသွားခဲ့ပြီး စမုံနက်နှမ်းမှာ ဈေးမြင့်ပေမယ့် ပစ္စည်းမရှိတာ တွေ့ရပါတယ်။ ဆီစက်သမားများကလည်း နှမ်းဆီမှာ လူသုံးနည်းပြီး မြေပဲဆီကိုသာ စားသုံးကြသဖြင့် ဆီကြိတ်မြေပဲဆန်ကို အဝယ်လိုက်၍ ဈေးမြင့်နေတာ တွေ့ရပါတယ်။ မြေပဲဆီဆံဈေးမှာ တစ်ပိဿာကို ၂၄၀၀ ကျပ်နဲ့ လုံးဆံ တစ်ပိဿာ ၂၆၀၀ ကျပ်ရှိပြီး နှမ်းဈေးမှာ နှမ်းနီ တစ်တင်းကို ၂၆၀၀၀ ကျပ်၊ နှမ်းနက်ရိုးရိုး တစ်တင်းကို ၃၀၀၀၀ ကျပ်နဲ့ စမုံနက်နှမ်း တစ်တင်းကို ၆၀၀၀၀ ကျပ်ဈေးရှိနေတာ တွေ့ရပါတယ်။

နှမ်းဆီဈေးမှာ တစ်ပိဿာကို ၄၇၀၀ ကျပ်နဲ့ မြေပဲဆီဈေးမှာ တစ်ပိဿာကို ၅၀၀၀ ကျပ်ဈေးဖြင့် ယခုအချိန်ဈေးဖြစ်ပြီး ယခင်သကြံန်မတိုင်မီကာလတွင် နှမ်းဆီတစ်ပိဿာကို ၅၀၀၀ ကျပ်ဈေးရှိပြီး မြေပဲဆီမှာ တစ်ပိဿာ ၄၇၀၀ ကျပ်ရှိခဲ့တာကြောင့် ယခုအချိန်ဆီဈေးနှုန်းနှင့် ယှဉ်ကြည့်မည်ဆိုရင် ဈေးနှုန်းပြောင်းပြန်ဖြစ်နေတာ တွေ့ရပါတယ်။

**ဝေဝေမင်း-ပြည်**

# မူဆယ်စခန်းမှသာ နှမ်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၀၈၈ သန်း တန်ဖိုးရှိနှမ်းရောင်စုံ ၅၄ တန်ကျော် တင်ပို့ခဲ့ပါတယ်။ တင်ပို့နိုင်ခဲ့တဲ့ နှမ်းရောင်စုံတွေကတော့ နှမ်းနက် ၃၃ တန်ကျော်၊ နှမ်းဖြူ(အခွံချွတ်) ၁၈ တန်နဲ့ နှမ်းလှော် ၂ တန်ခွဲတို့ဖြစ်ပါတယ်။

ယခင်ရက်သတ္တပတ်က မူဆယ်နဲ့ ချင်းရွှေဟော်နယ်စပ်စခန်းတွေကနေ နှမ်းရောင်စုံ ၅၁၅ တန်ထိ တင်ပို့နိုင်ခဲ့တာ တွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က နှမ်းဖြူတစ်တန် ၁၆၃၇၇၁၅ ကျပ်ရှိရာမှ ယခုတစ်ပတ်တွင် ၁၆၉၅၉၉၆ ကျပ်သို့ လည်းကောင်း၊ နှမ်းနက်တစ်တန် ၁၈၉၅၄၄၇ ကျပ်မှ ၁၉၆၂၉၀၀ ကျပ်သို့လည်းကောင်း အသီးသီးဈေးပြန်လည် မြင့်တက်လာခဲ့ပါတယ်။ ပြည်တွင်းဈေးကွက်မှာ အရောင်းအဝယ်သွက်နေတာက ပန်းနှမ်းဖြစ်ပြီး နှမ်းဈေးတွေဆက်လက်မြင့်လာနိုင်တယ်လို့ မူဆယ်ကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။

**မော်မော်အောင်**

## စားအုန်းဆီ

# ရင်းဂစ်တန်ဖိုး အားနည်းမှုကြောင့် စားအုန်းဆီဈေး ရက်သတ္တနှစ်ပတ်အတွင်း အမြင့်ဆုံးဖြစ်

ရင်းဂစ်တန်ဖိုး ကျနေတာကို ကုန်သည်တွေက အခွင့်ကောင်းယူနိုင်မှု၊ ပြိုင်ဘက်သီးနှံဈေးကွက်တွေ မြင့်တက်မှုနဲ့ အယ်လ်နီညိုရာသီဥတုပုံစံက မလေးရှားနိုင်ငံအရှေ့ဘက်ပိုင်း ဒေသ အထွက်နှုန်းကို ထိခိုက်စေမယ့် လက္ခဏာရှိခြင်း စတဲ့ အချက်တွေကြောင့် စားအုန်းဆီ ကြိုတင်စာချုပ်ရောင်းဝယ်ဈေးက မေ ၂၈ ရက်မှာ ရက်သတ္တနှစ်ပတ်အတွင်း အမြင့်ဆုံးဈေးအဖြစ် ရောက်ရှိခဲ့ပါတယ်။

မေ ၂၈ ရက်နေ့ နေ့လယ်က ဘာဆာမလေးရှား ကုန်စည်ဒိုင်မှာ စားအုန်းဆီဈေးက ၁ ဒသမ ၇ ရာခိုင်နှုန်းမြင့်တက်ပြီး တစ်တန်ကို ၂၂၁၅ ရင်းဂစ်နှုန်းရှိခဲ့ပါတယ်။ စောစောပိုင်းက တစ်တန်ကို ၂၂၁၉ ရင်းဂစ်ထိရောက်ရှိပြီး မေ ၁၃ ရက်နောက်ပိုင်း အမြင့်ဆုံးဈေးအဖြစ် ရောက်ရှိခဲ့ပါတယ်။

စုစုပေါင်း ရောင်းချရတဲ့ ပမာဏက ၂၅ တန်ရှိအတွဲ ၂၃၈၉၂ တွဲရှိခဲ့ရာ ပျမ်းမျှရောင်းချမှုပမာဏဖြစ်တဲ့ ၁၂၅၀၀ ထက်ကျော်လွန်နေတာကို တွေ့ရပါတယ်။

တရုတ်နဲ့ အမေရိကန်ပြည်ထောင်စုဈေးကွက်တွေ မြင့်တက်ပြီး နောက်ပိုင်းယခုရက်သတ္တပတ် စောစောပိုင်းမှာ စားအုန်းဆီရဲ့ အခြေခံစံထားနှုန်းက ရက်သတ္တပတ် သုံးပတ်အတွင်းအနိမ့်ဆုံးရောက်ရှိခဲ့တဲ့ ဈေးနှုန်းကနေ ပြန်လည်မြင့်တက်လာတာကို တွေ့ရှိရပါတယ်။ မေလအတွင်း ယခုရက်ပိုင်းအထိ ပို့ကုန်ဝယ်လိုအားမြင့်တက်မှုကလည်း ဈေးနှုန်းမြင့်တက်ဖို့ အကြောင်းရင်းတစ်ခုဖြစ်ခဲ့ပါတယ်။

ရင်းဂစ် ငွေကြေးတန်ဖိုးက မေလ ၂၇ ရက် ဂရင်းနစ်စံတော်ချိန် ၄ နာရီ ၅၈ မိနစ်မှာ သုည ဒသမ ၃၃ ရာခိုင်နှုန်းဝန်းကျင်ကျဆင်းပြီး တစ်ဒေါ်လာကို ၃ ဒသမ ၆၄၇ ရင်းဂစ်နှုန်းရှိခဲ့ရာ ယခုရက်သတ္တပတ်အတွင်း ၁ ဒသမ ၈ ရာခိုင်နှုန်းကျဆင်းခဲ့ပါတယ်။ ရင်းဂစ်တန်ဖိုးကျဆင်းမှုကြောင့် ပင်လယ်ရပ်ခြားက ဖောက်သည်တွေအတွက် စားအုန်းဆီဈေးကို ပိုမိုသက်သာစေခဲ့ပါတယ်။ မေလ ၂၈ ရက်က ဈေးနှုန်းမြင့်တက်လာခဲ့ရတဲ့ အကြောင်းရင်းတွေထဲမှာ အယ်လ်နီညိုရာသီဥတုပုံစံက ကမ္ဘာ့စားအုန်းဆီထုတ်လုပ်မှုမှာ ဒုတိယနေရာမှာရှိနေတဲ့ မလေးရှားနိုင်ငံရဲ့ ထုတ်လုပ်မှု ကျဆင်းစေလိမ့်မယ်ဆိုတဲ့ ခန့်မှန်းချက်ကြောင့်လည်းဖြစ်ကြောင်း ကုန်သည်တွေက ပြောပါတယ်။ ဒီလို ရာသီဥတုပုံစံတွေက အင်ဒိုနီးရှားနဲ့ မလေးရှားနိုင်ငံတွေမှာ မိုးရွာသွန်းမှုက ပျမ်းမျှရွာသွန်းမှုအောက်ကို ကျဆင်းစေလိမ့်မယ်လို့ ခန့်မှန်းကြပါတယ်။

"မလေးရှားနိုင်ငံ အရှေ့ပိုင်းရာသီဥတုက ထူးထူးခြားခြား ပူပြင်းခြောက်သွေ့နိုင်ပါတယ်။ ဆာဘားနဲ့ ဆာရာဝပ်ဒေသမှာ စားအုန်းဆီထွက်နှုန်း ကျဆင်းနိုင်ပါတယ်"လို့ မေ ၂၈ ရက် က ဒေသခံကုန်သည်တစ်ဦးက ရိုက်တာသတင်းဌာနကို ပြောပါတယ်။ ဒီလိုပူပြင်းတဲ့ရာသီဥတုအခြေအနေက ဇွန်လအထိ ဆက်လက်ဖြစ်ပွားနိုင်တယ်လို့ ဆိုပါတယ်။

မိုးလေဝသပညာရှင်တွေခန့်မှန်းထားတဲ့ အယ်လ်နီညိုရာသီက ကျဆင်းနေတဲ့ စားအုန်းဆီဈေးကို ယခုနှစ်အတွင်းမှာ တစ်တန်ကို ဒေါ်လာ ၇၀၀ အထိ တွန်းတင်ပေးလိမ့်မယ်လို့ ခန့်မှန်းကြပါတယ်။ ဒါပေမယ့် ထုတ်လုပ်မှုကို ၂၀၁၆ ခုနှစ် နှစ်ဦးပိုင်းအထိ ထိခိုက်စေမှာမဟုတ်ဘူးလို့လည်း ပြောပါတယ်။ အာရှဈေးကွက်မှာ အမေရိကန်ပြည်ထောင်စုပဲပုပ်ရဲ့ ဇူလိုင်အတွက် စာချုပ်ဈေးက သုည ဒသမ ၄၄ ရာခိုင်နှုန်းမြင့်တက်ပြီး တရုတ်နိုင်ငံ ဒါလီယံဈေးကွက်မှာ စက်တင်ဘာအတွက် ပဲပုပ်စာချုပ်ဈေးက ၁ ဒသမ ၂၆ ရာခိုင်နှုန်းမြင့်တက်ခဲ့ပါတယ်။

**ဉာဏ်တင်**

## ပြည်တွင်းဆီဈေးနှုန်းများ (၂၉-၅-၂၀၁၅) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၀၀၀ | ၄၀၀၀ | □ | ၄၂၀၀ | ၄၂၀၀ | □ | ၁၆၀၀ | ၁၆၀၀ | □ |
| ရန်ကုန် | ၅၂၀၀ | ၅၂၀၀ | □ | ၄၆၀၀ | ၄၆၀၀ | □ | ၁၃၆၅ | ၁၄၀၀ | △ |
| မန္တလေး | ၄၀၀၀ | ၄၂၀၀ | △ | ၃၈၀၀ | ၃၈၀၀ | □ | ၁၄၈၀ | ၁၅၁၀ | △ |
| ပဲခူး | ၂၉၀၀ | ၂၉၀၀ | □ | ၄၉၀၀ | ၄၉၀၀ | □ | ၁၄၂၀ | ၁၄၅၀ | △ |
| မကွေး | ၄၅၀၀ | ၄၃၀၀ | ▽ | ၄၁၀၀ | ၄၁၀၀ | □ | ၁၅၅၀ | ၁၅၀၀ | ▽ |
| မုံရွာ | ၄၈၀၀ | ၄၈၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၅၁၀ | ၁၅၆၀ | △ |
| စစ်တွေ | ၃၄၀၀ | ၃၄၀၀ | □ | ၃၂၀၀ | ၃၂၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |

*Source: mirt*

## စားအုန်းဆီဈေးနှုန်းများ (၂၅-၅-၂၀၁၅ မှ ၂၉-၅-၂၀၁၅ နေ့ထိ)

ရေတွက်ပုံ - ဒေါ်လာ

| စဉ် | နေ့စွဲ | CIF (ရန်ကုန်) |
|---|---|---|
| (၁) | ၂၅-၅-၂၀၁၅ | ၆၇၅ |
| (၂) | ၂၆-၅-၂၀၁၅ | ၆၈၀ |
| (၃) | ၂၇-၅-၂၀၁၅ | ၆၈၅ |
| (၄) | ၂၈-၅-၂၀၁၅ | ၆၈၀ |
| (၅) | ၂၉-၅-၂၀၁၅ | ၆၈၅ |

Source: ဆီကုန်သည်များအသင်း

## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၂၉-၅-၂၀၁၅ US$/Ton

| အမျိုးအစား | မေလတတိယပတ် | မေလစတုတ္ထပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၂၀.၀၀ | ၆၁၀.၀၀ | ▽ |
| RBD P.Olein | ၆၃၀.၀၀ | ၆၁၉.၅၀ | ▽ |
| RBD P.Strarin | ၅၉၅.၅၀ | ၅၉၂.၀၀ | ▽ |

*Source: econ.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂၉ - ၅ - ၂၀၁၅ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx Earning)/ 612 | ၁၂၇၅.၉၈ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x Earning)/612 | ၃.၁၉ |
| Bill စရိတ် | (CIF x 0.50% x Earning )/612 | ၆.၃၈ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇.၀၅ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၇၀ ၇၂ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျာထား | (CIF x 35/-)/ 612 | ၃၉.၁၇ |
| ဆိပ်ကမ်းကပ်ခ | (3x Earning )/ 612 | ၅.၅၉ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၄၁၃.၇၉ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၂၉-၅-၂၀၁၅ နေ့ (CIF ဈေး Cloud Point 8 ˚C Max ၆၈၅ဒေါ်လာ၊ FOB ၆၆၀ ဒေါ်လာနှင့် Earning ဈေး ၁၁၄၀ ကျပ်ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

၂။ ၂၉-၅-၂၀၁၅နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်းတစ်ဒေါ်လာကို ဒေါ်လာဈေး ၁၀၉၃ ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်း ကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

၇။ နိုင်ငံခြားစားအုန်းဆီ FOB နှင့် CIF ဈေးနှုန်းများအပါအဝင် ဖော်ပြပါ ဈေးနှုန်းများသည် အချိန်နှင့်အမျှ အတက်အကျ အပြောင်းအလဲ ရှိနိုင်ပါသည်။

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း ဂျပန်ဒုဝန်ကြီးချုပ်မစ္စတာအာစိုနှင့် တွေ့ဆုံ

## ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စများဆွေးနွေး



ဂျပန်နိုင်ငံဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီးဖြစ်သူ မစ္စတာ တာရို အာစိုက မစ်ဆူဘီရှိ၊ မစ်ဇုအိဆူမီတိုမို နှင့် မစ်ဇူဟို ဘဏ်ကြီးသုံးခုစလုံးအား ၂၀၁၄ ခုနှစ် အောက်တိုဘာလတွင် ဘဏ်ခွဲ ဖွင့်လှစ်ခွင့်ရရှိရေး ရွေးချယ်ပေးခဲ့သည့်အတွက် မြန်မာနိုင်ငံအား ဂျပန် အစိုးရ နှင့်ဂျပန်ပြည်သူများမှ အထူးကျေးဇူး တင်ရှိကြောင်း သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးစိုးသိန်းနှင့်မေလ ၂၁ ရက်နေ့ကတွေ့ဆုံစဉ် ပြောကြားခဲ့ သည်။

အခြေခံ အဆောက်အအုံများဖြစ်သည့် ရေ၊ လျှပ်စစ်၊ သဘာဝဓာတ်ငွေ့၊ လမ်းတံတား၊ လေဆိပ်၊ ရေဆိပ်များ တိုးတက် ကောင်းမွန်ရေးမှာ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့် ကဏ္ဍများဖြစ်ကြောင်း ဝန်ကြီးနှစ်ဦးက နားလည်သဘောပေါက်ကာ မြန်မာနိုင်ငံတွင် ထိုကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆက်လက်ဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံအတွက် အခြေခံ အဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုအခြေခံကောင်းများဖြစ် ပေါ်လာရေးအတွက် ဂျပန်နိုင်ငံမှပေး အပ်သည့် တရားဝင်ဖွံ့ဖြိုးမှု အကူအညီ အထောက်အပံ့ (အိုဒီအေ) များအတွက် မြန်မာအစိုးရနှင့် ပြည်သူများမှ ကျေးဇူးတင်လျက်ရှိပါကြောင်းလည်း ပြည်ထောင်စုဝန်ကြီးဦးစိုးသိန်းက ပြောကြားခဲ့သည်။

သီလဝါအထူးစီးပွားရေးဇုန် အဆင့်နှစ်စီမံကိန်းအဆိုပြုချက်ကိုပြင်ဆင်ဆောင်ရွက်လျက်ရှိပြီး မိမိတို့အစိုးရအနေဖြင့် မြန်မာနိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဖွံ့ဖြိုးမှုအသီးအပွင့်များကို မြန်မာနိုင်ငံသူနိုင်ငံသားများ ရရှိခံစားနိုင်ရေးအတွက် အခြေခံကောင်းများကို လမ်းခင်းချမှတ် ဆောင်ရွက်ပေးထားလျက်ရှိရာ နောင်တက်လာမည့် မည်သည့် အစိုးရမဆို ချမှတ်ထားသည့် ဖွံ့ဖြိုးမှု လမ်းစဉ်အတိုင်း လျှောက်လှမ်းသွားပါက တိုးတက်အောင်မြင်မှု ရရှိမည်ဟုယုံကြည်ကြောင်းလည်းပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီးက မြန်မာနိုင်ငံ၏ ငွေရေးကြေးရေးဘဏ္ဍာရေးကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ဘဏ္ဍာရေး၊ ဘဏ်လုပ်ငန်းတို့နှင့်သက်ဆိုင်သည့် သင်တန်းများ ပို့ချပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် မြန်မာနိုင်ငံမှဘဏ္ဍာရေး ဝန်ကြီးနှင့်ဆက်လက်၍ ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း သိရှိရပါသည်။ ပြည်ထောင်စုဝန်ကြီးက ဂျပန်နိုင်ငံအနေဖြင့် အဆိုပါ သင်တန်းများဖွင့်လှစ်ရေးကြိုးပမ်းမှုကို ကြိုဆိုပါကြောင်းနှင့်ဂုဏ်အနေဖြင့် လိုအပ်သည်များကို ကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းလည်း သိရှိရသည်။

**မင်းဇော်ဦး၊ စီးပွားရေးသံမှူး မြန်မာသံရုံး၊ တိုကျိုမြို့**

# အမေရိကန်နိုင်ငံ၏ ၂၀၁၅ ခုနှစ်၊ မတ်လ ကုန်သွယ်ရေးလိုငွေ ခြောက်နှစ်အတွင်း အမြင့်ဆုံးသို့ရောက်ရှိ

အမေရိကန်နိုင်ငံတွင် ၂၀၁၅ ခုနှစ်၊ မတ်လ၌ကုန်စည်နှင့်ဝန်ဆောင်မှုနှစ်ရပ်ပေါင်း၏ ကုန်သွယ်ရေးလိုငွေသည် အမေရိကန်ဒေါ်လာ ၅၁ ဒသမ ၄ ဘီလီယံ သို့ ရောက်ရှိခဲ့သဖြင့် ဖေဖော်ဝါရီလရှိ ပြန်လည်ပြင်ဆင်သုံးသပ်ထားသည့် ကုန်သွယ်ရေးလိုငွေ ပမာဏ ဒေါ်လာ ၃၅ ဒသမ ၉ ဘီလီယံထက် ဒေါ်လာ ၁၅ ဒသမ ၅ ဘီလီယံ မြင့်တက်ခဲ့ကြောင်း အမေရိကန်နိုင်ငံကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာနက မေလ ၅ ရက်နေ့က ထုတ်ပြန်ကြေညာခဲ့ပါသည်။ မတ်လရှိ ကုန်သွယ်ရေးလိုငွေသည် အမေရိကန် ဒေါ်လာ ၇၀ ဒသမ ၆ ဘီလီယံဖြစ်၍ ယခင်လထက် အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၉ ဘီလီယံမြင့်တက်ပြီး ဝန် ဆောင်မှုကုန်သွယ်ရေးပိုငွေသည်ဒေါ်လာ ၁၉ ဒသမ ၂ ဘီလီယံဖြစ်၍ ဖေဖော်ဝါရီ လထက် ဒေါ်လာ သုည ဒသမ ၆ ဘီလီယံ လျော့ကျခဲ့ပါသည်။ ယခုနှစ် မတ်လရှိ ကုန်သွယ်ရေးလိုငွေသည် ၂၀၀၈ ခုနှစ်၊ အောက်တိုဘာလနောက်ပိုင်းတွင် အမြင့်ဆုံးဖြစ်ကြောင်း သိရှိရ ပါသည်။

ယခုနှစ် မတ်လတွင် ပို့ကုန်ပမာဏ ဒေါ်လာ ၁၈၇ ဒသမ ၈ ဘီလီယံဖြစ်၍ ဖေဖော်ဝါရီလထက် ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံ ပိုမိုခဲ့သော်လည်း သွင်းကုန်မှာ ဒေါ်လာ ၂၃၉ ဒသမ ၂ ဘီလီယံဖြစ်၍ ယခင်လ ထက်ဒေါ်လာ ၁၇ ဒသမ ၁ ဘီလီယံပို မိုခဲ့ပါသည်။

ယခင်နှစ် ကာလတူရှိကုန်သွယ်ရေးလိုငွေဖြစ်ပေါ်မှုနှင့်နှိုင်းယှဉ်ပါက ယခုနှစ် မတ်လတွင်ဒေါ်လာ ၆ ဒသမ ၄ ဘီလီယံ သို့မဟုတ် ၅ ဒသမ ၂ ရာခိုင်နှုန်းမြင့်တက်ခဲ့ပါသည်။ ၂၀၁၅ ခုနှစ်၊ မတ်လတွင် ပို့ကုန်တင်ပို့နိုင်မှုမှာ ၂၀၁၄ ခုနှစ်၊ မတ်လပို့ကုန်တင်ပို့မှုထက် ဒေါ်လာ ၁၁ ဒသမ ၇ ဘီလီယံ သို့မဟုတ် နှစ်ရာခိုင်နှုန်း လျော့နည်းခဲ့ပြီး သွင်းကုန်သည်လည်း ဒေါ်လာ ၅ ဒသမ ၃ ဘီလီယံ သို့မဟုတ် သုည ဒသမ ၈ ရာခိုင်နှုန်းလျော့နည်းခဲ့ပါ သည်။

အမေရိကန်နိုင်ငံသည် ပြည်ပနိုင်ငံများနှင့် ကုန်သွယ်ရာတွင် ၂၀၁၅ ခုနှစ်၊ မတ်လ၌ တောင်အမေရိက နှင့် ဗဟိုအမေရိကနိုင်ငံများ ဘရာဇီးနိုင်ငံ OPEC နိုင်ငံများနှင့်ကုန်သွယ်မှု အသာစီးရပြီး ကုန်သွယ်ရေးပိုငွေဖြစ် ပေါ်ခဲ့ပါသည်။ သို့သော်လည်း တရုတ်၊ ဥရောပသမဂ္ဂ၊ ဂျပန်၊ ဂျာမနီ၊ မက္ကဆီကို၊ တောင်ကိုရီးယား၊ အီတလီ၊ အိန္ဒိယ၊ ပြင်သစ်၊ ကနေဒါ၊ ယူနိုက်တက်ကင်းဒမ်းနှင့်ဆော်ဒီအာရေဗျနိုင်ငံတို့နှင့်မူ ကုန်သွယ်ရေးလိုငွေဖြစ် ပေါ်ခဲ့ပါသည်။

**အေးစန္ဒာလွင်၊ စီးပွားရေးသံမှူး မြန်မာသံရုံး၊ ဝါရှင်တန်မြို့**

# အမေရိကန်နိုင်ငံ၏ ဧပြီလဝန်ဆောင်မှုကဏ္ဍ တိုးတက်မှုနှုန်း တည်ငြိမ်

အမေရိကန်နိုင်ငံတွင် ၂၀၁၅ခုနှစ်၊ ဧပြီလ၌ ဝန်ဆောင်မှုကဏ္ဍ တိုးတက်မှုနှုန်း တည်ငြိမ်နေကြောင်း၊ သို့သော်လည်း လုပ်သား ခန့်အပ်နိုင်မှုသည် ၂၀၁၄ ခုနှစ်၊ ဇွန်လနောက်ပိုင်းတွင် အမြင့်ဆုံးဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ဆောင်မှုကုမ္ပဏီတစ်ခုဖြစ်သည့် Markit ၏ ကဏ္ဍအလိုက် အစီရင်ခံစာတစ်စောင်တွင် ဖော်ပြထားပါသည်။

ဝန်ဆောင်မှုကဏ္ဍ၏ Purchasing Managers Index သည် မတ်လတွင် ၅၉ ဒသမ ၂ ရှိရာမှ ဧပြီလတွင် ၅၇ ဒသမ ၄ သို့ ကျဆင်းသွားကြောင်း၊ မတ်လတွင် ဖြစ်ပေါ်ခဲ့သည့် အညွှန်း ကိန်းသည် ၂၀၁၄ ခုနှစ်၊ ဩဂုတ်လနောက်ပိုင်းတွင် အမြင့်ဆုံးဖြစ်ကြောင်း လည်း သိရှိရပါသည်။ အညွှန်းကိန်း ၅၀နှင့်အထက်သည် စီးပွားရေးလုပ်ငန်း များ အခြေအနေကောင်းသည်ဟု သတ်မှတ်ထားပါသည်။

အမေရိကန်နိုင်ငံ၏ ဝန်ဆောင်မှုကဏ္ဍတွင် အလုပ်ခန့်အပ်နိုင်မှုသည် မတ်လတွင် ၅၄ ဒသမ သုည ဖြစ်ပြီး ဧပြီလတွင် ၅၅ ဒသမ သုည ဖြစ်၍ ၁၀ လတာကာလအတွင်း အမြင့်ဆုံးဖြစ်ကြောင်း Markit ၏ အစီရင်ခံစာတွင် ဖော်ပြထားပါသည်။

**အေးစန္ဒာလွင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဝါရှင်တန်မြို့**

# အလှကုန်နှင့်အဝတ်အထည်တင်သွင်း ကုန်များကို တရုတ်နိုင်ငံက အခွန်လျှော့ချမည်

တရုတ်နိုင်ငံအတွင်းသို့တင်သွင်းလာမည့် အလှကုန်နှင့် အဝတ်အထည်များအပေါ် အခွန်ကောက်ယူမှုကို လာမည့်လမှ စတင်၍ လျှော့ချသွားမည့် အစီအစဉ်သည် အဆိုပါ ကုန်ပစ္စည်းများထုတ်လုပ်သည့် ကိုရီးယားလုပ်ငန်းရှင်များအတွက် အကျိုးဖြစ်ထွန်းလာမည်ဟုခန့်မှန်းရသည်။ ဇွန်လတွင်စတင်မည့် အခွန် လျှော့ချမည့် အစီအစဉ်သည် တရုတ်လူမျိုးများနိုင်ငံခြားတိုင်းပြည်များတွင် သွားရောက်သုံးစွဲမှု လျှော့ချရန်နှင့် ပြည်တွင်းစားသုံးမှုကို ပိုမိုတွန်းအားပေးရန် ရည်ရွယ်သည်။

တရုတ်ဘဏ္ဍာရေးဝန်ကြီးဌာန သည်မေလ ၂၅ရက်နေ့က အဝတ်အထည်များ၊ ဖိနပ်များ၊ အလှကုန်နှင့်အထည်စများအပေါ် တင်သွင်းခွန်လျှော့ချမည့် အစီအစဉ်ကို ကြေညာခဲ့သည်။ ကိုရီးယားအလှကုန်များအပေါ်ကောက် ယူသည့်အခွန်သည် ၅ ရာခိုင်နှုန်းမှ ၂ ရာခိုင်နှုန်းသို့ လည်းကောင်း၊ အဝတ်အထည်များအပေါ် ၁၄ ရာခိုင်နှုန်း-၂၃ ရာခိုင်နှုန်းမှနေ၍ ၇ ရာခိုင်နှုန်း-၁၀ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဖိနပ်များအတွက် ယခင် ၂၂ ရာခိုင်နှုန်း-၂၄ ရာခိုင်နှုန်းရှိရာမှ ၁၂ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီးလျှော့ချသွားမည်ဖြစ်သည်ဟု သိရှိရသည်။

**သန့်ဇင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဆိုးလ်မြို့**

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# WTO သို့ ဂျပန်၏ တင်ပြချက်ကြောင့် တောင်ကိုရီးယားစိတ်မကောင်းဖြစ်ရ

တောင်ကိုရီးယားသမ္မတနိုင်ငံက ဂျပန်ရေထွက်ကုန်ပစ္စည်းများ တင်သွင်းမှုကို ပိတ်ပင်ထားခြင်းနဲ့ ပတ်သက်၍ ဂျပန်နိုင်ငံ WTO ထံ အကြောင်းကြားခဲ့ခြင်းအား ကိုရီးယားသမ္မတနိုင်ငံ အနေဖြင့် ဝမ်းနည်းစိတ်မကောင်းဖြစ်ရပါကြောင်း ကိုရီးယား ကုန်သွယ်ရေး စက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာနက မေ ၁၇ ရက်တွင် ဂျပန်ကုန် သွယ်ရေးဝန်ကြီး Yoichi Miyazawa နှင့်ဖိလစ်ပိုင်နိုင်ငံ 21st APEC Trade Minister's Meeting ၌ တွေ့ဆုံကြစဉ် ပြောကြားခဲ့သည်။ ၎င်းအပြင် ဝန်ကြီး နှစ်ဦးသည် အခြား နှစ်နိုင်ငံ ကုန်သွယ်ရေးကိစ္စများကို အကျယ်တဝင့် ဆွေးနွေးခဲ့ကြသည်။

၂၀၁၃ ခုနှစ် ဧပြီလတွင် နှစ်နိုင်ငံ ကုန်သွယ်ရေးဝန်ကြီးများ နောက်ဆုံး တွေ့ဆုံခဲ့ကြသည်။ နှစ်နိုင်ငံကာလရှည် သံတမန် ဆက် သွယ်မှုများ အစွန်း အထင်းရှိနေခဲ့ကြရာမှ ယခုတွေ့ဆုံမှုတွင် ကိုရီးယားကုန်သွယ်ရေးဝန်ကြီး Yoon ကကိုရီးယားနိုင်ငံ၏ ဂျပန် ရေထွက် ကုန်ပစ္စည်းများ တင်ပို့မှုအပေါ် ပိတ်ပင်ထားခြင်းအား WTO သို့ဂျပန်နိုင်ငံအနေဖြင့် အကြောင်းကြားခဲ့ခြင်း အပေါ် အလွန်ပင်စိတ်မကောင်းဖြစ်မိပါကြောင်း ပြောကြားခဲ့ခြင်းဖြစ်သည်။ သို့သော် အစည်းအဝေးတက်ရောက်လာကြသော ဂျပန်ကုန်သွယ်ရေးဝန်ကြီး အပါအဝင် အခြားအရာရှိကြီးများသည် Yoon ၏မှတ်ချက်အပေါ် မည်သို့မျှ တုံ့ပြန်ပြောကြားခဲ့ကြခြင်း မရှိချေ။ Yoon သည်လည်း ကိုရီးယားငါးဖမ်းသမားများက ဂျပန်နိုင်ငံသို့ flatfish ငါးအရှင်များ တင်ပို့လို၍ ခွင့်ပြုနိုင်ပါမည်လားဟု တောင်းဆိုခဲ့သည်။ မေလ ၂၂ ရက်နေ့က ဂျပန်သည် ကိုရီးယားအား ရေထွက်ကုန်များတင် သွင်းမှုကန့်သတ်ထားခြင်းအား WTO guide-lines များအရ စတင်ဆွေးနွေးသွားရန် တောင်းဆိုခဲ့သည်။ WTO ၏ စည်းမျဉ်းအရ ထိုကဲ့သို့အငြင်းပွားမှုပေါ် ပေါက်လာပါက အငြင်းပွားသူများကြား စတင်ဆွေးနွေးသွား၍ ပြေလည်မှုမရှိမှသာ ရက်ပေါင်း ၃၀ အတွင်း အမှုတွဲဖွင့် လှစ်ဆောင်ရွက်သွားမည်ဖြစ်သည်။ အမှုတွဲဖွင့်လှစ်ဆောင်ရွက်ပြီး အငြင်းပွားသူများကြား ကျေလည်မှုမရှိခဲ့လျှင် ရက်ပေါင်း ၆၀ကြာတွင် WTO dispute settlement panel ၏ အဆုံးအဖြတ် ခံယူသွားကြရမည်ဖြစ်သည်။

**သန့်ဇင်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဆိုးလ်မြို့**

# ဘယ်လ်ဂျီယံနိုင်ငံတွင် မြန်မာ့စီးပွားရေး အခွင့်အလမ်းများဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

ဖလန်းမစ်ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း၏ စီစဉ်ဆောင်ရွက်မှုဖြင့် မြန်မာ့စီးပွားရေး အခွင့်အလမ်းများ ဆိုင်ရာ ဆွေးနွေးပွဲ တစ်ရပ်အား ဘယ်လ်ဂျီယံနိုင်ငံ Antwerp မြို့၌ မေလ ၂၆ ရက် ညနေ ၁၈:၀၀ နာရီတွင် ကျင်းပပြုလုပ်ခဲ့ ပါသည်။

အဆိုပါဆွေးနွေးပွဲသို့ ဆေးပစ္စည်း ကိရိယာများလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ ဘဏ္ဍာရေးလုပ်ငန်း၊ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းနှင့် သတင်းအချက်အလက်နည်းပညာလုပ် ငန်းစသည့် လုပ်ငန်းနယ်ပယ်များမှ စီးပွားရေးလုပ်ငန်းရှင်များနှင့်တာဝန်ရှိ သူများ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါဆွေးနွေးပွဲတွင် မြန်မာသံ အမတ်ကြီး ဦးပေါ်လွင်စိန်က မြန်မာ့ စီးပွားရေးအလားအလာများနှင့်အခွင့် အလမ်းများအကြောင်းကို ဆွေးနွေးခဲ့ပြီး နောက် တက်ရောက်လာသော ဘယ်လ်ဂျီယံကုမ္ပဏီများမှ တာဝန်ရှိသူ များ၏ မေးမြန်းချက်များအား ဖြေကြား ဆွေးနွေးခဲ့ပါသည်။

**ဖြူနှင်းဝတ်ရည်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့**

# ဘယ်လ်ဂျီယံနိုင်ငံတွင် ကိုရီးယား ကားကုမ္ပဏီက ရင်းနှီးမြှုပ်နှံမည်

ကိုရီးယား ကားများဖြစ်သည့် Hundai နှင့် KIA ဆိုင်ရာ ကားအပိုပစ္စည်းများအား ဥရောပဈေးကွက်သို့ ဖြန့်ချိသည့် ကုမ္ပဏီတစ်ခုဖြစ်သော Hundai Mobis Europe (HME) သည် ၎င်း၏ ဖြန့်ချိရေးစင်တာသစ် တစ်ခုအား ဘယ်လ်ဂျီယံနိုင်ငံ Limburg ပြည်နယ်တွင် တည်ဆောက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ ကုမ္ပဏီသည် ဘယ်လ်ဂျီယံနိုင်ငံရှိ ၎င်း၏ လုပ်ငန်းစီမံချက်အတွက် ယူရိုသန်း ၅၀ ခန့်ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း Flanders Today တွင်ဖော်ပြထားချက်အရ သိရသည်။

**ဖြူနှင်းဝတ်ရည်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့**

# ဘယ်လ်ဂျီယံနိုင်ငံတွင် ကနေဒါ သံမဏိနှင့် သတ္တုကုမ္ပဏီက ယူရို ၁၂ သန်းခန့်ရင်းနှီးမြှုပ်နှံမည်

ကနေဒါသံမဏိနှင့်သတ္တု ကုမ္ပဏီ တစ်ခုဖြစ်သော AIM (American Iron & Metal Co.Inc.et metaux, inc.) သည် ဘယ်လ်ဂျီယံနိုင်ငံ Ostend မြို့တွင် သတ္တုအပိုင်းအစများ သန့်စင်စက်ရုံတစ်ရုံအား တည်ဆောက်လျက်ရှိပါသည်။ အဆိုပါ ကုမ္ပဏီသည် ဘယ်လ်ဂျီယံနိုင်ငံရှိ ၎င်း၏လုပ်ငန်းစီမံချက်အတွက် ယူရို ၁၂ သန်းခန့် ရင်းနှီး မြှုပ်နှံသွားမည်ဖြစ်ကြောင်း Flanders Investment and Trade ၏ သတင်းထုတ်ပြန်ချက်တစ်ရပ်အရ သိရှိရပါသည်။

**ဖြူနှင်းဝတ်ရည်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့**

# စီးပွားရေး ပြုပြင်ပြောင်းလဲရေးလျင်မြန်စွာ ဆောင်ရွက်ရန် တောင်ကိုရီးယား ဘဏ္ဍာရေးဝန်ကြီး တိုက်တွန်း

ကိုရီးယားစီးပွားရေး ရေရှည်ဖွံ့ဖြိုး တိုးတက်မှုရရန် အရေးပါသည့် အဓိက ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ကို နှောင့်နှေးနေပါက တောင်ကိုရီးယား နိုင်ငံသည် ဂျပန်နောက်တရွတ်ဆွဲလိုက်ပါနေရမည့်အခြေအနေရှိကြောင်း ဘဏ္ဍာရေးဝန်ကြီးက မေလ ၂၀ ရက်နေ့တွင် ပြောဆိုလိုက်သည်။ ဂျပန်နိုင်ငံက ဆောင်ရွက်နေသည့် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုကဏ္ဍကို တွန်းအားပေးခြင်းဖြင့် စီးပွားရေးဖွံ့ဖြိုးမှုရရန် ဆောင်ရွက်သည့် မူဝါဒကိုယူသင့်ကြောင်း၊ ဂျပန်နိုင်ငံသည်လည်း တောင်ကိုရီးယားနိုင်ငံကို ကျယ်ကျယ်ပြန့်ပြန့်လေ့လာနေကြောင်း၊ နှစ်နိုင်ငံစီးပွားရေးပုံစံသည် အတော်များများတူညီနေကြောင်း၊ ဂျပန်သည် ဆေးပညာဝန်ဆောင်မှုလုပ်ငန်း၊ ခရီးသွားလုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် ဖြေလျှော့မှုများ စွာပေးထားကြောင်း စီးပွားရေး ဝန်ကြီးဌာနများနှင့် အစည်းအဝေးတစ်ခုတွင် ၎င်းက ပြောကြားခဲ့သည်။

သို့ရာတွင် တောင်ကိုရီးယားသည် စီးပွားရေးအဆောက်အအုံပုံစံ ပြောင်းလဲမှု ဆောင်ရွက်ရာတွင် ထိရောက်မှု မရှိခြင်း၊ သက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးက မတူညီသော ပြဿနာများစွာ ပေါ်ပေါက်ခဲ့ခြင်းတို့ရှိခဲ့သည်။ ယင်းအခြေအနေကိုမှန်ကန်စွာ မဖြေရှင်းနိုင်ပါက တောင်ကိုရီးယားနိုင်ငံ တိုးတက်မှုနှေးကွေးနေစဉ် ဂျပန်က အရှိန်ဖြင့်ကျော်တက်သွားမည် ဖြစ်သည်။ ဝန်ထမ်းပင်စင် ပြုပြင်ပြောင်းလဲရေး ဥပဒေကြမ်းကို မေလ ၂၈ ရက်နေ့တွင် ပါလီမန်က ခွင့်ပြုပေးသွားမည်ဖြစ်သည်။ ၎င်းအပြင် အစိုးရပုဂ္ဂလိက ဝန်ထမ်းအားလုံး၏ ပင်စင်ဥပဒေကိုလည်း ပြုပြင်ရေးဆွဲသွားရဦးမည်ဖြစ်သည်။

နောက်ပိုင်းတွင် အခွန်စနစ်အား အခြားနိုင်ငံတော်အသုံးများဖြင့် ကိုက်ညီအောင်ပြုပြင်ရမည်လည်း ဖြစ်ပေသည်။ လူငယ်အလုပ်လက်မဲ့နှုန်းမြင့်မားနေခြင်းအတွက် ပြေလည်အောင်ဖြေရှင်းနိုင်မည့် wage peak system ကို အမြန်ဆုံး အကောင်အထည် ဖော်ရမည်ဖြစ်သည်။ ယင်းစနစ်သည် ဝန်ထမ်းကြီးများအတွက် လစာနိမ့်သွားမည်ဖြစ်ပြီး၊ လူငယ်များကို ပိုမိုငှားရမ်းလုပ်ကိုင်စေနိုင်မည်ဖြစ်သည်။ တောင်ကိုရီးယား၏ လူငယ်များအသက် ၁၅ နှစ်မှ ၂၉နှစ်ကြား အလုပ်လက်မဲ့နှုန်းသည် ဧပြီလတွင် ၁၀ ဒသမ ၂ ရာခိုင်နှုန်းရှိပြီး၊ တစ်နိုင်ငံလုံး၏ အလုပ်လက်မဲ့နှုန်း ၃ ဒသမ ၉ ရာခိုင်နှုန်းထက်များစွာ မြင့်မားနေသည်။

**သန့်ဇင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဆိုးလ်မြို့**

# တရုတ်စီးပွားရေးဖွံ့ဖြိုးမှု နှေးကွေးမှုကြောင့် တောင်ကိုရီးယားပို့ကုန် ကျဆင်း

တရုတ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုနှုန်း နှေးကွေးလာ၍ ကိုရီးယား၏ တရုတ် သို့ပို့ကုန်များအပေါ် ထိခိုက်မှုရှိလာစဉ်တွင် အိန္ဒိယနိုင်ငံမှ တရုတ်သို့ပို့ကုန်များ တိုးလာသည်ကိုတွေ့ရသည်။ တောင်ကိုရီးယားနိုင်ငံ၏ ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း နှစ်စဉ်ပို့ကုန်တိုးတက်မှုပမာဏသည် တစ်ရာခိုင်နှုန်းသာ ရှိကြောင်း၊ Korea Institute for Industrial Economics and Trade (KIET) ၏ဖော်ပြချက်များအရ သိရှိရသည်။ ယင်းအနေအထားသည် ၁၉၇၀ ခုနှစ်နောက်ပိုင်း စာရင်းဇယားများ စတင်ကောက်ယူချိန်မှစ၍ ကြည့်လျှင် အနှေးကွေးဆုံးသော ပို့ကုန်တိုးတက်မှုနှုန်းထားဖြစ်သည်။

၂၀၀၀ ပြည့်နှစ်မှ ၂၀၀၈ ခုနှစ်အထိ နှစ်စဉ်ပို့ကုန်တိုးတက်မှုနှုန်းသည် ၁၁ ဒသမ ၉ ရာခိုင်နှုန်းရရှိခဲ့ရာမှ ယခုအခါ တိုးတက်မှုနှုန်းသည် ကြီးကြီးမားမားကျဆင်းမှုနှင့် ကြုံတွေ့နေရသည်လည်း ဖြစ်သည်။ KIET ၏အဆိုအရ ကိုရီးယားထွက်ကုန်များကိုပြည်ပ တင်ပို့ရောင်းချနေသည့် ကုမ္ပဏီကြီးများသည် နိုင်ငံရပ်ခြားတွင် ထုတ်လုပ်ရောင်းချရန် အားသွန်ခွန်စိုက်ဆောင်ရွက်နေကြခြင်းသည်လည်း ကိုရီးယားပြည်ပပို့ကုန် ပမာဏကျဆင်းခြင်း၏ အဓိကအချက်လည်းဖြစ်သည်ဟု သိရှိရပါသည်။

**သန့်ဇင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဆိုးလ်မြို့**

# အမေရိကန်နိုင်ငံ၏ ဧပြီလ အလုပ်လက်မဲ့နှုန်း ဆက်လက်တည်ငြိမ်

အမေရိကန်နိုင်ငံတွင် ၂၀၁၅ခုနှစ်၊ ဧပြီလ၌ လယ်ယာကဏ္ဍမှအပ လုပ်ငန်းများတွင် အလုပ်ခန့်အပ်နိုင်မှု ၂၂၃,၀၀၀ တိုးတက်ပြီး အလုပ်လက်မဲ့နှုန်းသည် ၅ ဒသမ ၄ ရာခိုင်နှုန်းတွင် ဆက်လက်တည်ရှိနေကြောင်း အလုပ်သမားဝန်ကြီးဌာနက မေလ ၈ ရက်နေ့ က ထုတ်ပြန်ကြေညာခဲ့ပါသည်။

အလုပ်သမားဝန်ကြီးဌာနမှ ထုတ်ပြန်သည့် စာရင်းအင်းများအရ အသက်မွေးဝမ်းကျောင်းမှုနှင့် စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့်ဆောက် လုပ်ရေးလုပ်ငန်းများတွင် အလုပ်အကိုင် များခန့်အပ်နိုင်ခဲ့ပြီး သတ္တုလုပ်ငန်းကဏ္ဍတွင်မူ အလုပ်ခန့်အပ်နိုင်မှု ကျဆင်းခဲ့ပါသည်။ အမေရိကန်နိုင်ငံ တွင် ဧပြီလရှိ အလုပ်လက်မဲ့ဦးရေသည် ၈ ဒသမ ၅ သန်းဖြစ်ပြီး၊ ယခင်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါက ၁ ဒသမ ၁ သန်း လျော့ကျခဲ့ပါသည်။ **အေးစန္ဒာလွင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဝါရှင်တန်မြို့**



# မြို့ရွှေဘိုက လက်ခတ်သံ

| နှင်းနှင်းခိုင် (မုံရွာ) |

**လူသားများအတွက် အစားအစာသည် အရေးကြီးသကဲ့သို့ ဝတ်ဆင်ရသော အဝတ်အထည်သည်လည်း အရေးကြီးသော အခန်း ကဏ္ဍတွင် ပါဝင်နေပါသည်။ မြန်မာနိုင်ငံတွင် အဝတ်အထည်များကို ဘိုးဘွား၊ ဘီဘင် လက်ထက်ကတည်းက ကိုယ်တိုင် ရက်လုပ်ဝတ်ဆင်ခဲ့သော အလေ့အထကောင်းများ ရှိခဲ့ပါသည်။ ယနေ့အချိန်ထိတိုင် ပြည်နယ် နှင့်တိုင်းဒေသကြီး အသီးသီးတွင် တိုင်းရင်းသားရိုးရာ အဝတ်အထည်များ အပြင် လူအများကြိုက်နှစ်သက်နိုင်သည့် အဆင်ဆန်းများကို ခေတ်နဲ့အညီ တီထွင်ရက်လုပ် ဝတ်ဆင်လာကြပါသည်။အဝတ်အထည်များကို စက်ရက်ကန်း၊ လက်ရက်ကန်းများ အစရှိသည်ဖြင့် မိမိနှင့်သင့်လျော်ရာ တည်ထောင်ရက်လုပ်ကြပါသည်။ ထိုအထဲတွင် စစ်ကိုင်းတိုင်း ဒေသကြီးအတွင်းရှိ ရတနာသိယ်၊ ရွှေဘိုမြို့တော်လည်း အပါအဝင်ဖြစ်ပါသည်။**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်၊ ရွှေဘိုမြို့နယ်၊ ဆိပ်ခွန်ကျေးရွာတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအပြင် စက်ရက်ကန်း၊ လက်ရက်ကန်းများကို အိမ်တွင်း စီးပွားရေးလုပ်ငန်းတစ်ခုအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့်လုပ်ကိုင်လျက်ရှိပါသည်။ ရွှေဘိုမြို့နယ်အတွင်းရှိ ဘိုတဲကုန်း၊ နံ့သာရွာ၊ ဆိပ်သာ၊ ချီပါ၊ ထန်းဇင်၊ တင့်တယ်၊ ကျောက်မြင့်၊ ခွန်တောင်းကြီး၊ ရေကြည်ဝ၊ ထူးကြီး၊ တည်ပင်၊ ကြောင်လျှာတော၊ ဝါးရုံကန်၊ ဇီးကုန်းလေး၊ နှမစားရစ်၊ ဇီးဖြူကုန်း ကျေးရွာများနှင့် ရွှေဘိုမြို့ပေါ် ရပ်ကွက် အချို့တွင်လည်း ရက်လုပ်လျက်ရှိပါသည်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခင်ဦး၊ ရေဦး၊ ကန့်ဘလူ၊ ကွန်းလှ အစရှိသည့် မြို့နယ်များတွင်လည်း ရက်ကန်းလုပ်ငန်းများ လုပ်ကိုင်လာကြကြောင်း တွေ့ရှိရပါသည်။ရွှေဘိုမြို့နယ်၊ ဆိပ်ခွန်ကျေးရွာသည် ရက်ကန်းလုပ်ငန်းဖြင့် အလွန်ထင်ရှားသော ကျေးရွာဖြစ်ပြီး ၂၀၁၅ခုနှစ် မေလ ၁၅ရက်နေ့တွင် နိုင်ငံတော်သမ္မတမှ ချီးမြှင့်သောဂုဏ်ထူးဆောင် ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံး စံပြကျေးရွာဆုကို ရရှိထားသော ကျေးရွာတစ်ရွာဖြစ်ပါသည်။ လက်ရက်ကန်းလုပ်ငန်းကို အင်္ဂလိပ်ခေတ်၊ ဂျပန်ခေတ်မတိုင်မီ လွန်ခဲ့သော နှစ်ပေါင်းတစ်ရာကျော်မှ စတင်၍ လုပ်ကိုင်ခဲ့ကြောင်း သိရပါသည်။ ထိုကာလများတွင် လက်ရက်ကန်းအသေးစား(ဂျပ်ခုတ်)ပုံစံများ စတင်လုပ်ကိုင်ခဲ့ကြပြီး ထိုမှတစ်ဆင့် လက်ရက်ကန်းသို့ ကူးပြောင်းခဲ့ရာ တိုးတက်လာသော ခေတ်နှင့်အညီ စက်ရက်ကန်းအဆင့်သို့ တည်ထောင်ရက်လုပ်လာကြ ပါသည်။

ရက်ကန်းလုပ်ငန်းများ ပိုမိုကျယ်ပြန့်စွာ လုပ်ကိုင်လာသည့်အတွက် ဆိပ်ခွန်ကျေးရွာတွင် ရက်ကန်းပစ္စည်းမျိုးစုံ၊ ချည်ထုပ်၊ ဆိုးဆေးအမျိုးမျိုး၊ ဆေးဆိုးပြီးချည်အရောင်မျိုးစုံနှင့် လက်ရက်ကန်းစင်များလည်း ပြုလုပ်ရောင်းချပါသည်။ ထို့အပြင် ချည်ထုပ်များကို ဆေးရောင်ဆိုးသောလုပ်ငန်းမှာလည်း ပိုမိုတွင်ကျယ်လာပါသည်။ ရွှေဘိုမြို့နယ်အတွင်းနှင့် အခြားမြို့နယ်များရှိ ကျေးရွာများမှ ရက်ကန်း လုပ်ငန်း လုပ်ကိုင်သူများမှာလည်း ဆိပ်ခွန်ကျေးရွာမှ အသင့်ဆေးဆိုး ပြီး ချည်များကို ဝယ်ယူ၍ ရက်လုပ်ကြပါသည်။ လက်ရက်ကန်းစင် ထောင်သောသူများမှ ရက်ကန်းစင်အသစ်သို့မဟုတ်အဟောင်းစသဖြင့် မိမိကြိုက်နှစ်သက်ရာ ရွေးချယ်ဝယ်ယူရက်လုပ်ကြပါသည်။ လက်ရက်ကန်းစင်၏ ကာလပေါက်စျေးမှာ ပစ္စည်းတပ်ဆင်ခ အပြီးအစီး ၁၀ လွှားတန်းစင် တစ်စင်လျှင် ၃၃၀၀၀၀ ကျပ် ကုန်ကျပြီး ၎င်း ၁၀ လွှားတန်းသည် အပွင့်မျိုးစုံ ရက်လုပ်၍ ရနိုင်ကြောင်း သိရပါသည်။ အပွင့်အမျိုးအစားပေါ်မူတည်၍ လွှားများကို အတိုးအလျှော့ပြုလုပ်ရပြီး အလွှား ၄၀ ကျော်ထိ တပ်ဆင်ရက်လုပ်ကြပါသည်။ ၁၀ လွှား ထက်ပိုပါက တစ်လွှားလျှင် ၁၅၀၀ကျပ် ပေါက်စျေးရှိကြောင်း သိရ ပါသည်။လက်ရက်ကန်းခတ်သင်ရာတွင် သင်ယူသောသူက တစ်လ တစ်သောင်းပေး ရပြီး သင်ပေးသောသူမှ ထမင်းကျွေးရပါသည်။ တစ်တန်း ၄၅ ကွင်းအတွက် ရက်လုပ်ခမရရှိဘဲ သင်ယူရက်လုပ်ပြီးမှ ကျန်သောအထည်များအတွက် ရက်ခရရှိပြီး ၁၅ လခန့်ကြာမှ စင်ခွဲပေးကြောင်းသိရပါသည်။ လက်ရက်ကန်းကို မိမိကိုယ်ပိုင်စင် တည်ထောင်၍ ကိုယ်တိုင်ရက်လုပ်ခြင်း၊ ကိုယ်ပိုင်စင် တည်ထောင်၍ လူငှားခေါ် ရက်လုပ်ခြင်းများ ရှိပါသည်။ ကိုယ်ပိုင်စင်ထောင်၍ ရက်လုပ်သောသူများမှာ မိမိရက်လုပ်ခ အပါအဝင် အထည်အမျိုးအစားပေါ် မူတည်၍ အကျိုးအမြတ်များ ပိုမိုရရှိပါသည်။ အငှားရက်လုပ်သောသူများမှာ ရိုးရိုးအဆင်၊ ချိတ်အဆင် အစရှိသည်ဖြင့် ရက်လုပ်သော အဆင်နှင့် ချည်အမျိုးအစားပေါ်မူတည်ပြီး တစ်ကွင်းလျှင် ကျပ် ၇၀၀၊ ၁၈၀၀၊ ၂၅၀၀၊ ၃၅၀၀ အစရှိသည်ဖြင့် ရရှိကြပါသည်။ လက်ရက်ကန်းရက်လုပ်ရာတွင် အတိုင်ချည်အတွက် ယောက်လုံးဖြင့် ချည်ချ၍ ရဟတ်ပုတ်ခြင်းဖြင့် အတိုင်ဆင် ပြုလုပ်ပါသည်။ အဖောက်ချည်အတွက်ချားတွင် တပ်ကာ ရက်ဖောက်ဖြင့် ပြန်ဖောက်ယူပါသည်။ ၎င်းရက်ဖောက်ကို လွန်းတွင် တပ်ဆင်ကာ အတိုင်ချည်များကြားတွင် လွန်းကို ပြေးစေခြင်းဖြင့် အထည်များ ရက်လုပ်ပါသည်။ နှစ်တစ်ရာချည်ကို အသုံးပြုမှုများပြီး ချည်တစ်လိမ်လျှင် ချည်အမျိုးအစားပေါ်မူတည်၍ စျေးနှုန်းကွာခြားမှုရှိပြီး အစိမ်းရောင်ချည်မှာ အခြားသော ချည်များထက် စျေးပိုပေးရကြောင်း သိရပါသည်။ ချည်တစ်လိမ်လျှင် လုံချည်တစ်ကွင်းရရှိပြီး ချည်ကျော်ခြင်း၊ ချည်ရှုပ်ခြင်းနှင့် ချည်အပြတ်များပါက တစ်ကွင်းမရဘဲ ချည်အစား ပြန်ထည့်ရပါသည်။လုံချည်ပေါ်တွင် ပန်းဖောက်သောချည်များမှာ ရိုးရိုးစက် ပန်းချည်၊ ပိုးပန်းချည်၊ ရွှေချည်ထိုးနှင့် ငွေချည်ထိုးဟူ၍ အမျိုးမျိုးရှိပါသည်။ ယခုလက်ရှိပေါက်စျေးများမှာ ရိုးရိုးစက်ပန်း ချည်တစ်လိမ်လျှင် ၁၃၀၀ကျပ်ရှိပြီး ပိုးပန်းချည်တစ်ပိဿာလျှင် ၁၀၀၀၀ကျပ်ရှိ၍ လုံချည်ပေါ်တွင် ပန်းဖောက် အနည်းအများ ပေါ်မူတည်ပြီး လုံချည်ကွင်းများ ထွက်ရှိပါသည်။

အမျိုးသမီးဝတ်လုံချည်များအနေဖြင့် အဆင်ပေါင်း ၃၀ကျော်ရှိပြီး အများဆုံးရက်လုပ်သော အဆင်များမှာ လချိတ်ဆင်၊ ရွှေဖဲဆင်၊ တမိတ်ဆင်၊ ဘလိတ်ခေါးဆင်၊ ကိုးပွင့်ဆုပ်ဆင်နှင့် အကြမ်းဆင်များမှာ လူကြိုက်အများဆုံးဖြစ်ကြောင်း သိရပါသည်။ ချည်အနေဖြင့် ၂/၈၀ တိုင်ပြီး ၂/၈၀ဖောက်၊ ၂/၁၀၀ဖောက်၊ ၁/၄၀ဖောက်ဖြင့်လည်း ရက်လုပ်ကြပါသည်။ အလျား ၇၆ လက်မ၊ အနံ ၄၇လက်မဖြင့်ရက်လုပ်ပြီး တစ်လက်မပတ်လည်တွင် အတိုင် ၅၆ ပင်၊ အဖောက် ၆၀ ပင်ဖြင့် ရက်လုပ်ကြပါသည်။ရက်လုပ်ပြီး အထည်များကို ဆိပ်ခွန်ကျေးရွာနှင့် မိမိကျေးရွာမှ အထည်ကောက်သူများထံသို့ ရောင်းချကြပါသည်။ အထည်ကောက်သူများမှလည်း ရန်ကုန်၊မန္တလေးနှင့် မြစ်ကြီးနား အစရှိသည့် မြို့ကြီးများသို့ ရောင်းချကြပါသည်။ ယခုအခါတွင် အမျိုးသမီးဝတ်လုံချည် (ပွင့်ကောက်၊ ရွှေချည်ထိုး၊ ငွေချည်ထိုး)များကို လက်ရက်ကန်းများဖြင့် ရက်လုပ်ပြီး အမျိုးသားဝတ်ပုဆိုးများကို စက်ရက်ကန်းများဖြင့်သာ ရက်လုပ်ကြပါသည်။

စက်ရက်ကန်းလုပ်ငန်းကို ဆိပ်ခွန်ကျေးရွာတွင် တွင်ကျယ်စွာ လုပ်ကိုင်လျက်ရှိပြီး နီးစပ်ရာ ကျေးရွာအချို့တွင်လည်း လုပ်ကိုင်ကြပါသည်။ မြန်မာပြည်တွင်းဖြစ် ဝမ်းတွင်းမြို့နယ်မှ ထုတ်လုပ်သော စက်ရက်ကန်းတစ်စင်၏ လက်ရှိကာလ ပေါက် စျေးမှာ ၁၈ သိန်းခန့်ရှိပါသည်။ စက်ရက်ကန်းကို အတိုင်ချည် အတွက် ယောက်လုံးဖြင့် ချည်ချ၍အသင့်ပြုလုပ်သည့် ရဟတ်ပုတ်စက်ဖြင့် အတိုင် အဆင်ပြုလုပ်ပါသည်။ အဖောက်ချည်အတွက် ချားတွင်တပ်ကာ ရက်ဖောက်ဖြင့် ပြန်ဖောက်ယူပါသည်။ ၎င်း ရက်ဖောက်ကို လွန်းတွင်တပ်ဆင်ကာ အတိုင်ချည်များကြားတွင် လွန်းကို ပြေးစေခြင်းဖြင့် အထည်များ ရက်လုပ်ပါသည်။ စက်ရက်ကန်းဖြင့် အမျိုးသားဝတ်ပုဆိုးများနှင့် ပွင့်ကောက်မပါသော အမျိုးသမီးဝတ် ရိုးရိုးလုံချည်ကွင်းများ ရက်လုပ်ပါသည်။အမျိုးသားဝတ်ပုဆိုးများကို အလျား ၈၀ လက်မ၊ အနံ ၄၄ လက်မနှင့် အမျိုးသမီးဝတ် လုံချည်များကို အလျား ၇၆ လက်မ၊ အနံ ၄၃ လက်မဖြင့် ရက်လုပ်ပြီး တစ်လက်မပတ်လည်တွင် အတိုင် ၅၆ ပင်၊ အဖောက် ၆၀ ပင်ဖြင့် ရက်လုပ်ပါသည်။ စက်ရက်ကန်းသုံးစင်တွင် လူနှစ်ဦးနှုန်းဖြင့်၊ တစ်စင်လျှင် ရက်လုပ်ချိန် ၈နာရီ တစ်ဆိုင်းကို ၁၀ ထည် ထွက်ရှိပါသည်။ထွက်ရှိသောအထည်များကို အချို့လုပ်ငန်းရှင်များက မိမိမူပိုင်တံဆိပ်တပ်၍ ရောင်းချပြီး အချို့မှာ မိမိဖောက်သည်များတည်ရှိရာ မြို့ကြီးများသို့ တင်ပို့ရောင်းချကြပါသည်။

စက်ရက်ကန်း၊ လက်ရက်ကန်းဖြင့် ရက်လုပ်သောအဝတ်အထည်များသည် မည်သည့် ရာသီမျိုးနှင့်မဆို ကိုက်ညီမှုရှိပြီး အပူပိုင်းဒေသများနှင့် အထူးသင့်လျော်ပါသည်။ နိုင်ငံခြားဖြစ်အဝတ်အထည်များနှင့် ပြည်တွင်းဖြစ် ရယ်ဒီမိတ်အထည်များ ပေါများစွာထွက်ရှိနေသော်လည်း ရက်ကန်းထည်များသည် ယနေ့အချိန်ထိ စျေးကွက်ခိုင်မာလျက် ရှိပါသည်။ အရွယ်သုံးပါး စလုံး ကြိုက်နှစ်သက်ကြပြီး ဝတ်ဆင်ထားပါကလည်း ရက်ကန်းထည်များသည် အခြားသော အဝတ်အထည်များနှင့် အပြိုင်အဆိုင် ဂုဏ်ယူဝင့်ကြွားစွာ လှပလျက်ရှိပါသည်။

နိုင်ငံတော်မှ ဆင်းရဲမှုလျှော့ချရေးအနေဖြင့် ကျေးလက်ဒေသအသေးစား ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ စက်ရက်ကန်း၊ လက်ရက်ကန်းများ တည်ထောင်ခြင်းဖြင့် လက်တွေ့အကောင်အထည်ဖော်ရာလည်း ရောက်ပါသည်။ ရက်ကန်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ဇေယျာပဒေသာဖောင်ဒေးရှင်းမှ ထုတ်ချေးပေးသော ချေးငွေများကို ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ရက်ကန်းအသင်းဖွဲ့များ ဖွဲ့စည်းပြီး ချေးငွေများ ထုတ်ချေးပေးခြင်းနှင့် ရက်ကန်းလုပ်ငန်း တိုးတက်ရေး နည်းပညာပေးသင်တန်းများကို အခြားဌာနများမှ ကျွမ်းကျင်သူများဖြင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိပါသည်။

ရက်ကန်းလုပ်ငန်းများ ပိုမိုကျယ်ပြန့်စွာ လုပ်ကိုင်လာသည့်အတွက် ရက်ကန်းပစ္စည်းဆိုင်များ ရက်ကန်းစင် ထောင်သူများ၊ အငှားရက်လုပ်သူများနှင့် ချည်ဆေးဆိုးလုပ်ငန်း အဆင့်ဆင့်ပြုလုပ်သည့်နေရာများတွင်လည်း လုပ်သားများစွာ အသုံးပြုရ၍ အလုပ်အကိုင် အခွင့်အလမ်းများစွာ ရရှိပါသည်။ ထို့အပြင် ရက်ကန်းလုပ်ငန်းရှင်များ၊ တစ်နိုင်တစ်ပိုင် ရက်လုပ်သူများ၊ အထည်ကောက်ပြီး တစ်ဆင့်ရောင်းချသူများအနေဖြင့်လည်း များစွာအဆင်ပြေပြီး မိမိနိုင်ငံ မိမိတိုင်းဒေသကြီးမှ ထွက်ရှိသော အဝတ်အထည် အဆင်ဆန်းများကိုဝတ်ဆင်ပြီး လှပနိုင်တော့မည့်အပြင် နိုင်ငံ့စီးပွားကိုလည်း တစ်ဖက်တစ်လမ်းက မြှင့်တင်ပေးသည့် လုပ်ငန်းများလည်းဖြစ်ကြောင်း အောက်ပါကဗျာလေးဖြင့် ရေးသားတင်ပြ လိုက်ရပါသည် -

**" ဒို့တိုင်းပြည်က လက်ခတ်သံ**
**ကောင်ကင်ယံမှ မိုးသို့ည်**
**ချည်တစ်ပင်စီ ပေါင်းစုလို့**
**စည်းလုံးမှုနဲ့ ရက်လုပ်စို့**
**ထုတ်ကုန်နှစ်ဆ တိုးမြှင့်ရန်**
**စိုက်ပျိုးရေးကို အခြေခံ**
**လက်ရက်ကန်းမှ စက်ရက်ကန်းသို့**
**လုပ်သားစွမ်းအားပြကြစို့**
**အသွင်ဆန်းနှင့် ဒီဇိုင်းထွင်**
**ဝတ်ဆင်သူတွေ ကျော့ရှင်းယဉ်**
**ဒို့တိုင်းပြည်ကြီး တိုးတက်ဖို့**
**အမြဲမပြတ် ကြိုးစားစို့။ "**

# ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနနှင့်
## JCI ( Junior Chambers International ) တို့ပူးပေါင်းပြီး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

ရန်ကုန်မြို့ Summit Parkview Hotel တွင် မေ ၂၈ ရက် နံနက် ၉ နာရီမှ ၁၁ နာရီအထိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ JCI (Junior Chambers International ) တို့ပူးပေါင်းပြီး ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပပြုလုပ်ခဲ့ပါသည်။

အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင် စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး၊ ညွှန်ကြားရေးမှူးများဖြစ်ကြသော ဦးစိုးအောင်၊ ဦးမြင့်ချိုတို့ တက်ရောက်ခဲ့ပြီး JCI မှPresident,Mr.Satoshi Takemoto၊ ဂျပန်နိုင်ငံ System Gear Group မှ Chairman, Mr.Kichigami နှင့် အဖွဲ့ဝင် ၁၂၀ ဦးတို့တက်ရောက်ခဲ့ကြပါသည်။

ဆွေးနွေးပွဲတွင် President, Mr.Satoshi Takemoto နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးတို့က အမှာစကားနှင့် ကြိုဆိုနှုတ်ခွန်း



ဆက်စကားများကို အသီးသီးပြောကြားခဲ့ပါ သည်။

ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးမြင့်ချိုက ဂျပန်-မြန်မာ နှစ်နိုင်ငံ၏ ကုန်သွယ်မှု အကြောင်း၊ ရင်းနှီးမြှုပ်နှံမှုအခြေအနေနှင့် ပို့ကုန်သွင်းကုန်လုပ်ငန်းများအကြောင်းကို အကျယ်တဝင့် ရှင်းလင်းတင်ပြပြီး၊ ဧရာဝတီတိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးစိုးအောင်က တိုင်းဒေသကြီး၏ လယ်ယာထွက်ကုန်ပစ္စည်းများနှင့် ကုန်ထုတ်လုပ်မှုအကြောင်း၊ ပို့ကုန်တင်ပို့ရန် အလားအလာရှိသည့် လယ်ယာထွက်ကုန်များ၊ ပြည်ပသို့ထုတ်လုပ်တင်ပို့လျက်ရှိသည့် ကုန်ပစ္စည်းများအကြောင်းကို ပြည့်ပြည့်စုံစုံ တင်ပြခဲ့ကြရာ ဂျပန်နိုင်ငံ လုပ်ငန်းရှင်များက သိလိုသည်များကို စိတ်ပါဝင်စားစွာ မေးမြန်းခဲ့ကြပါသည်။ မေလ ၂၉ ရက်တွင် အဆိုပါကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံရှိ အလတ်စားနှင့် အသေးစားကုမ္ပဏီများသို့ သွားရောက်လေ့လာခဲ့ကြသည်။

ယင်းအလုပ်ရုံဆွေးနွေးပွဲသည် ကုန်စည်ပြပွဲနှင့် ကုန်သွယ်မှုဗဟိုဌာနများ ဌာနခွဲနှင့် System Gear Group Co., Ltd တို့ ပူးပေါင်းကျင်းပသည့် ဂျပန်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များ၏ လေ့လာရေးခရီးစဉ်ဖြစ်ပါသည်။

# ရန်ကုန်စတော့အိတ်ချိန်း ဈေးကွက်အတွက် လိုင်စင်အောင်မြင်သူများကို ထုတ်ပြန်ကြေညာမည်

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်ကို လာမည့် အောက်တိုဘာလအတွင်း ဖွင့်လှစ်တော့မည်ဖြစ်ရာ စတော့အိတ်ချိန်းဈေးကွက်အတွက် လိုင်စင်အောင်မြင်သူများကို မကြာမီ ထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်သိန်း၏ ပြောကြားချက်များအရ သိရ သည်။

"စတော့အိတ်ချိန်းဈေးကွက်ကို လာမယ့် အောက်တိုဘာလအတွင်းမှာ ဖွင့်လှစ်ဖို့ ပြင်နေပါတယ်။ စတော့ဈေးကွက်ဖွင့်လှစ်နိုင်ဖို့ အချိန်ယူပြီးတော့ လုပ်ဆောင်နေပါတယ်။ စတော့ ဈေးကွက်အတွင်း ဝင်ရောက်လုပ်ကိုင်ကြမယ့် အများပိုင်ကုမ္ပဏီတွေနဲ့ ဝန်ဆောင်မှုကုမ္ပဏီတွေကိုသေသေချာချာ စိစစ်လုပ်ဆောင်နေပါတယ်"ဟု ၎င်းကပြောကြားခဲ့သည်။

ရန်ကုန်စတော့ဈေးကွက်ကို ဖွင့်လှစ်ရန် ပြင်ဆင်လျက်ရှိရာတွင် ၇၂ ရာခိုင်နှုန်းအထိ ပြီးစီးနေပြီဖြစ်ပြီး ဈေးကွက်ဖွင့်လှစ်မည့်နေရာအား မွမ်းမံပြင်ဆင်မှုများ ပြုလုပ်လျက်ရှိရာတွင်လည်း ၃၀ရာခိုင်နှုန်းခန့်အထိ ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ထို့ပြင် အဆိုပါစတော့ဈေးကွက်အတွင်း ဝင်ရောက်လုပ်ကိုင်ရန်ပြင်ဆင်နေကြသည့် ကုမ္ပဏီများကိုလည်း စိစစ်ရွေးချယ်လျက်ရှိကာ ဇွန်လအတွင်း အပြီးသတ်ရွေးချယ်ကာ ထုတ်ပြန်ကြေညာပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစတော့ဈေးကွက်သို့ ဝင်ရောက်လုပ်ကိုင်ကြရန် လိုင်စင်လျှောက်ထားသည့် ဝန်ဆောင်မှုကုမ္ပဏီပေါင်း ၅၇ ခုရှိပြီး Underwriter ကုမ္ပဏီ လိုင်စင်လျှောက်ထားသူပေါင်းမှာ ၂၀ ခန့်ရှိနေကြောင်း သိရသည်။

လိုင်စင်လျှောက်ထားသူများအားလုံးကို စနစ်တကျ စိစစ်ရွေးချယ်လျက်ရှိကြောင်း သိရသည်။

အဆိုပါစတော့ဈေးကွက်ကို အောက်တိုဘာလတွင် ဖွင့်လှစ်နိုင်ရန် သတ်မှတ်ထားပြီး ဖွင့်လှစ်ရန်အတွက် ခိုင်ခိုင်မာမာဖြစ်စေရန် အချိန်ထပ်တိုးရန်လိုအပ်ပါက ထပ်တိုးမည်ဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် အများပိုင်ကုမ္ပဏီ ပေါင်းနှစ်ရာကျော် ရှိနေပြီဖြစ်သော်လည်း စည်းမျဉ်းများနှင့် ကိုက်ညီသည့်ကုမ္ပဏီများမှာ အနည်းငယ်သာ ရှိနေသည့်အတွက် ကုမ္ပဏီအနည်းငယ်မျှသာ စတော့ဈေးကွက်သို့ ဝင်ရောက်ရန် အလားအလာရှိနေကြောင်း သိရသည်။

အများပိုင်ကုမ္ပဏီများအပြင် စတော့ဈေးကွက်သို့ ဝင်ရောက်ကြမည့် ဝန်ဆောင်မှုကုမ္ပဏီများနှင့် Underwriter ကုမ္ပဏီတို့အပြင် ဘဏ်များကိုလည်း စနစ်တကျဖြစ်လာစေရန် ဆောင်ရွက်လျက်ရှိပြီး သက်ဆိုင်ရာတာဝန်ရှိသူများထံတွင် အတည်ပြုချက်များ ရယူကာ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**မယ်သီတာ**

# SME Business Networking တတိယအကြိမ်မြောက် ကျင်းပမည်

မန္တလေးတိုင်းဒေသကြီး MRCCI အသင်း အသေးစား၊ အလတ်စား (SME) လုပ်ငန်းဆပ်ကော်မတီမှ SME Business Networking (B2B) လုပ်ငန်းရှင်အချင်းချင်း တွေ့ဆုံဆွေးနွေးပွဲအား မေ ၃၁ ရက် နံနက် ၉ နာရီတွင် ဧရာဝတီမြစ်အတွင်း မန္တလေး-မင်းကွန်းမြစ်ကြောင်းရှိ ပြည်ကြီးတံခွန်သင်္ဘောပေါ် တွင် ဆွေးနွေးပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရပါတယ်။

အဆိုပါဆွေးနွေးပွဲသို့ MRCCI အသင်းအမှုဆောင်များမှ ဦးဆောင်ကာ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်နှင့်ပုဂ္ဂလိကဘဏ်များမှ တာဝန်ရှိသူများနှင့် စီးပွားရေးလုပ်ငန်းရှင် ၂၀၀ ဦးခန့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း သိရှိရပါတယ်။

အဆိုပါ ဆွေးနွေးပွဲတွင် အသေးစားနှင့်အလတ်စားလုပ်ငန်းများတွင် ကြုံတွေ့နေရတဲ့ အခက်အခဲများ၊ ရင်းနှီးမြှုပ်နှံမှု အခက်အခဲများ၊ ဌာနများရဲ့ လုပ်ထုံးလုပ်နည်းများနဲ့ ဆောင်ရွက်ရမည့်အချက်များ၊ သိရှိလိုတာများအားမေးမြန်းခြင်း၊ လုပ်ငန်းတူအချင်းချင်း ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များအား ညှိနှိုင်းဆွေးနွေးမည်ဖြစ်ကြောင်းသိရပါတယ်။

ပထမအကြိမ် အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများ တွေ့ဆုံဆွေးနွေးမှုအား ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလတွင် အမျိုးသားကဇာတ်ရုံ၌လည်းကောင်း၊ ဒုတိယအကြိမ် တွေ့ဆုံဆွေးနွေးမှုအား ၂၀၁၅ ခုနှစ် မတ်လတွင် Hotel Mandalay ၌ လည်းကောင်း ကျင်းပခဲ့ရာ ယခုဆွေးနွေးပွဲဟာ တတိယအကြိမ်မြောက် SME Business Meeting (B2B) တွေ့ဆုံပွဲဖြစ်ကြောင်း သိရပါတယ်။

**ယဉ်ယဉ်ရွှေ-မန္တလေး**

# ရန်ကုန်မြို့၏ ကေပေါ့ ရှိုးပွဲအတွက် လက်မှတ်များ စတင်ရောင်းချပြီ

ကိုရီးယားနိုင်ငံ၏ အကြီးစားကုန်သွယ်ရေး ကုမ္ပဏီတစ်ခုဖြစ်သည့် HanBeak သည် ၂၀၁၅ ခုနှစ်အတွင်း ရန်ကုန်မြို့တွင် အကြီးဆုံးသော ကေပေါ့ဖျော်ဖြေပွဲဖြစ်သည့် K-Pop Live ကို ကျင်းပမည်ဖြစ်ကြောင်း အဆိုပါကုမ္ပဏီ၏သတင်းထုတ်ပြန်ချက်များအရ သိရသည်။

အဆိုပါဖျော်ဖြေပွဲအတွက် လက်မှတ်စောင်ရေ တစ်သောင်းသာ ရောင်းချမည်ဖြစ်ပြီး လက်မှတ်ဈေးနှုန်းများမှာ ကျပ်နှစ်သိန်း၊ ကျပ်တစ်သိန်းနှင့် ကျပ် ငါးသောင်းတို့ဖြစ်ကြောင်း သိရသည်။

ယင်းကေပေါ့ဖျော်ဖြေပွဲကို ဇွန်လ ၁၅ ရက်နေ့တွင် မြေနီကုန်း ရှင်စောပုလမ်းရှိ Myanmar Event Park တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကေပေါ့ဖျော်ဖြေပွဲတွင် ကိုရီးယားအဆိုတော်များကို အသည်းစွဲနှစ်သက်ကြသည့် မြန်မာပရိသတ်များအား Ailee, BTS, Halo, A.Kor နှင့် N-Sonic အဖွဲ့တို့က လာရောက်ဖျော်ဖြေကြမည်ဖြစ်ကြောင်း သိရသည်။

လက်မှတ်များကို BBQ Chicken, Lotteria, Bulgogi Brothers, Myanmar Office သို့ မဟုတ် YKKO (ဆရာစံ၊ လှည်းတန်း၊ ရှစ်မိုင်၊ မြင်းပြိုင်ကွင်း၊ သပြေကုန်းနှင့် နေပြည်တော်)ဆိုင်ခွဲများတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

အဆိုပါ ကေပေါ့ဖျော်ဖြေပွဲအား ကိုရီးယား-မြန်မာ သံတမန်ဆက်ဆံမှုနှစ် (၄၀)ပြည့်အထိမ်းအမှတ်အဖြစ် ကျင်းပခြင်းဖြစ်ကြောင်း Han Beak၏အမှုဆောင်အရာရှိချုပ်ဖြစ်သူ မစ္စတာ အိုဘော့ဟွမ်က ပြောကြားခဲ့သည်။

ယင်းဂီတဖျော်ဖြေပွဲကို Mobile Application တစ်ခုဖြစ်သည့် BeeTalk မှ အဓိက ကူညီပံ့ပိုးပေးခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲမှ ရရှိသည့် ကွင်းဝင်ကြေးများအား မြန်မာနိုင်ငံရှိ ဆင်းရဲသားကလေးသူငယ်များနှင့် မိဘမဲ့ကလေးငယ်များသို့ လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

Commodity Exchange News
Vol: 15, No.20 Monday June 1 2015

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၁–၆– ၂၀၁၅)

ခင်မောင်မောင်အုန်း

## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲ (RC) ကို အိန္ဒိယဝယ်လက်က ဈေးလျှော့အဝယ်ရှိ

ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲ (RC) ကို အိန္ဒိယဝယ်လက်က ဈေးကွက်စဖွင့်ချိန်မှာ တစ်တန်ကို ၁၂၆၅၀၀၀ ကျပ်ဈေးဖြင့် ဈေးဖွင့်အဝယ်ရှိခဲ့ပေမယ့် နောက်ပိုင်းရက်တွေမှာ ဈေးလျှော့အဝယ်ရှိသလို ဝယ်လိုအားပါ အနည်းငယ်လျော့ကျလာတာကြောင့် ဈေးတရိပ်ရိပ် ကျဆင်းလာပြီး ဈေးကွက်ပိတ်ချိန်မှာတော့ တစ်တန်ကို ၁၂၆၀၀၀၀ ကျပ်ဈေးသာရှိတော့ကြောင်း သိရပါတယ်။ မတ်ပဲအနေဖြင့် ကုန်သည်လက်ဝယ်မှာ ပစ္စည်းလက်ကျန်နည်းနေပြီး အခုလိုဈေးကျချိန်မှာတော့ ဈေးကွက်မျှော်လင့်ချက်ဖြင့် အရောင်းနည်းသွားကြောင်း သိရပါတယ်။

## ပခုက္ကူဈေးကွက်မှာ ပဲစင်းငုံနီနှင့် ကုလားပဲအရောင်းအဝယ်ပုံမှန်ဖြစ်

ပခုက္ကူဈေးကွက်မှာ ပဲစင်းငုံနီအနေဖြင့် ကုန်သည်လက်ဝယ်မှာ ပစ္စည်းလက်ကျန် နည်းနေပေမယ့် အိန္ဒိယအတွက် အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၁၉၁၀ ကျပ် (တစ်တန်ကို ၁၁၆၉၆၆၄ ကျပ်) ဈေးဖြင့် တစ်ရက်ကိုအိတ် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးနှင့် ကုလားပဲ (ထိုင်ဝမ်)ကို ဒေသတွင်းပဲခွဲစက်၊ အမှုန့်ကြိတ်စက်နှင့် လှော်လက် များက ဝယ်လိုအားပုံမှန်ရှိခဲ့ပေမယ့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ဈေးငြိမ်နေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ကုလားပဲဖြူလုံးကြီး တစ်ပိဿာ ၁၁၅၀ ကျပ်(တစ်တန်ကို ၇၀၄၂၄၈ ကျပ်)၊ ကုလားပဲ (ထိုင်ဝမ်) တစ်ပိဿာ ၁၁၅၈ ကျပ်(တစ်တန်ကို ၇၀၉၁၄၇ ကျပ်) ဈေးဖြင့် နှစ်မျိုးပေါင်း တစ်ရက်ကိုအိတ် ၃၅၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## မူဆယ်ဈေးကွက်မှာ ပြောင်းသစ်ရော လက်ကျန်ပြောင်းတွေပါ တရုတ်ဝယ်လိုအား ပုံမှန်ရှိ

မူဆယ်ဈေးကွက်မှာ ပြောင်းသီးနှံအနေဖြင့် တစ်ပတ်အတွင်း တန်ချိန် ၂၈၀၀၀ ဝန်းကျင်ခန့်ဝင်ရောက်ခဲ့သလို တရုတ်ဝယ်လက်ကလည်း ပြောင်းသစ်ရော လက်ကျန်ပြောင်းတွေပါ အရည်အသွေး အလိုက်ဈေးပေးအဝယ်ရှိခဲ့ကြောင်း အရောင်းအဝယ်အနေဖြင့် ၅၀ ကီလို တစ်အိတ်ကို အနိမ့်ဆုံး ၉၃ ယွမ်မှ အမြင့်ဆုံး ၉၇ ယွမ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှသိရပါတယ်။

## မန္တလေးဈေးကွက်တွင် ပဲမျိုးစုံအရောင်းအဝယ် ပုံမှန်ထက်စာရင် အနည်းငယ်လျော့

မန္တလေးဈေးကွက်မှာ ပဲစင်းငုံနီအနေဖြင့် ရောင်းသူကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန်နည်းသွားပေမယ့် ရန်ကုန်ဝယ်လက်ကတော့ တစ်ပိဿာ ၁၉၁၀ ကျပ်(တစ်တန်ကို ၁၁၆၉၆၆၄ ကျပ်) ဈေးဖြင့် တစ်ရက်ကိုအိတ် ၅၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီအနေဖြင့် ဈေးကွက်စပေါ်ကတည်းက ဈေးကောင်းတောက်လျှောက်ရခဲ့ပြီး ဒီတစ်ပတ်မှာတော့ အိန္ဒိယဘက်မှ အဝယ်အေးသွားတာကြောင့် ဈေးအနည်းငယ်ကျလာကြောင်း ဈေးကွက်အတွင်းမှသိရပါတယ်။ မတ်ပဲကို ဒေသတွင်း ပဲခွဲစက်များက ပဲရဲ့အရည်အသွေးပေါ် မူတည်ပြီး ဈေးကောင်းပေး အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၉၅၀ကျပ်(တစ်တန်ကို ၁၁၉၄၁၆၀ ကျပ်)ဈေးဖြင့် တစ်ရက်ကိုအိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှသိရပါတယ်။ ကုလားပဲဖြူလုံးကြီးအနေဖြင့် မြို့ခံပဲခွဲစက်များက ဈေးကွက်စဖွင့်ချိန် မှာတစ်ပိဿာကို ၁၁၆၀ ကျပ်(တစ်တန်ကို ၇၁၀၃၇၂ ကျပ်)ဈေးဖြင့် ဈေးဖွင့်အဝယ်ရှိခဲ့သလို ရောင်းသူကုန်သည်များကလည်း လက်ရှိပေါက်ဈေးအတိုင်း အရောင်းများခဲ့ကြောင်း သိရပါတယ်။



## မုံရွာဈေးကွက်တွင် ပဲတီစိမ်းဈေးကျ၊ ပဲစင်းငုံနီနှင့် မတ်ပဲ ပုံမှန်အရောင်းအဝယ်ဖြစ်

မုံရွာဈေးကွက်မှာ ဒီတစ်ပတ်ပဲတီစိမ်းကြီးနယ်စုံမှ အဝင်နည်းသွားသလို တရုတ်အတွက်ဝယ်ယူနေတဲ့ မန္တလေးဝယ်လက်က ဈေးလျှော့အဝယ်ရှိတာကြောင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ဈေးသိသာစွာကျဆင်းလာပြီး တစ်ပိဿာကို ၁၆၈၄ ကျပ် (တစ်တန်ကို ၁၀၃၁၂၆၄ ကျပ်) ဈေးဖြင့် တစ်ရက်ကိုအိတ် ၄၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီအနေဖြင့် လှောင်လက်ကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန်နည်းနေပေမယ့် ရန်ကုန်ဝယ်လက်ကတော့ တစ်ပိဿာ ၁၉၁၅ ကျပ်(တစ်တန်ကို ၁၁၇၂၇၂၆ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၃၀၀ ခန့် ပုံမှန်အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။ မတ်ပဲကို မြို့ခံပဲခွဲစက်များနှင့် ရန်ကုန်ဝယ်လက်က ဝယ်လိုအား အနည်းငယ်လျော့သွားပြီး တစ်ပိဿာကို ၁၉၅၀ ကျပ် (တစ်တန်ကို ၁၁၉၄၁၆၀ ကျပ်)ဈေးဖြင့် တစ်ရက်ကိုအိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## အောင်လံဈေးကွက်မှာ သိပ္ပံနှမ်းနှင့် ကုလားပဲ ပုံမှန်အရောင်းအဝယ်ဖြစ်

အောင်လံဈေးကွက်မှာ ဒေသထွက်သိပ္ပံနှမ်းကို မန္တလေး-ရန်ကုန်ဝယ်လက်က တစ်ပိဿာကို ၄၃၃၃ ကျပ်ဈေးဖြင့် တစ်ရက်ကို အိတ် ၄၀၀ ခန့်ပုံမှန်အဝယ်ရှိသလို ရောင်းသူကုန်သည်များကလည်း အဆိုပါဈေးနှင့် အရောင်းများခဲ့ကြောင်း သိရပါတယ်။ ကုလားပဲ (ထိုင်ဝမ်)ကို ပဲခွဲစက်နှင့် လှောင်လက်များက ဝယ်လိုအား ဆက်တိုက်ရှိတာကြောင့် ဈေးမြင့်လာပြီး တစ်ပိဿာ ကို ၁၁၆၀ ကျပ်(တစ်တန်ကို ၇၁၀၃၇၂ ကျပ်)ဈေးဖြင့် တစ်ရက်ကို အိတ် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## မကွေးဈေးကွက်တွင် ပဲတီစိမ်းနှင့် ပဲနောက် ဈေးကျ

မကွေးဈေးကွက်မှာ ပဲတီစိမ်းအဝင် နည်းသွားသလို မန္တလေးဝယ်လက်ကလည်း ဈေးချအဝယ်ရှိတာကြောင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ဈေးကျလာပြီး တစ်ပိဿာကို ၁၇၉၀ ကျပ်(တစ်တန်ကို ၁၀၉၆၁၇၈ ကျပ်)ဈေးဖြင့် တစ်ရက်ကိုအိတ် ၂၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့သလို ပဲနောက်ကိုလည်း မန္တလေးဝယ်လက်က ဈေးလျှော့အဝယ်ရှိတာကြောင့် ဈေးကျလာပြီး တစ်ပိဿာကို ၁၆၈၄ ကျပ်(တစ်တန်ကို ၁၀၃၁၂၆၄ ကျပ်)စေျးဖြင့် တစ်ရက်ကိုအိတ် ၁၅၀ ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## ဟသ်ာတဈေးကွက်တွင် မတ်ပဲကို ရန်ကုန်ဝယ်လက်က ဈေးချအဝယ်ရှိ

ဟသ်ာတဈေးကွက်မှာ မတ်ပဲကို အိန္ဒိယအတွက် အဓိကဝယ် ယူနေတဲ့ ရန်ကုန်ဝယ်လက်က ဈေးချအဝယ်ရှိသဖြင့် ယခင်တစ်ပတ်ဖြင့်နှိုင်းယှဉ်ပါက ဈေးအနည်းငယ် ကျလာပြီး တစ်ပိဿာ ၁၉၅၀ ကျပ် (တစ်တန်ကို ၁၁၉၄၁၆၀ ကျပ်)ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ မတ်ပဲအနေဖြင့် စပေါ်ကတည်းက ဈေးကောင်းတောက်လျှောက်ရပြီး ဒီတစ်ပတ်မှာတော့ ရန်ကုန်ဝယ်လက် ဝယ်လိုအားလျော့သွားတာကြောင့် ဈေးအနည်းငယ်ကျလာပေမယ့် အရောင်းအဝယ်တော့ ပုံမှန်ရှိခဲ့ကြောင်း ဈေးကွက်အတွင်းမှသိရပါ တယ်။

## တောင်ကြီးဈေးကွက်မှာ ဒေသထွက်ပြောင်းကို ရန်ကုန်-မန္တလေးဝယ်လက် ပုံမှန်ဝယ်

တောင်ကြီးဈေးကွက်မှာ ဒီတစ်ပတ်ပြောင်းသီးနှံနယ်စုံမှ အဝင်ပါးသွားပြီး လှောင်လက်ကုန်သည်များကသာ ထုတ်ရောင်းနေကြောင်း ရန်ကုန်-မန္တလေး ဝယ်လက်ကလည်း တစ်ပိဿာကို ၄၅၀ ကျပ်ဈေးဖြင့် ဝယ်လိုအား ပုံမှန်ရှိခဲ့ကြောင်း ဈေးကွက်အတွင်းမှသိရပါ တယ်။

## လားရှိုးဈေးကွက်မှာ ပြောင်းလက်ကျန်နည်းပေမယ့် တရုတ်အဆွဲ သွက်နေ

လားရှိုးဈေးကွက်မှာ ပြောင်းသီးနှံအနေဖြင့် လှောင်လက်ကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန်နည်းနေပေမယ့် တရုတ်ဝယ်လိုအားကတော့ သွက်နေကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၄၇၀ ကျပ်ဈေးဖြင့် တစ်ပတ်အတွင်းပိဿာချိန် ၁၀ သိန်းခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## ပြည်ဈေးကွက်မှာ မတ်ပဲနှင့် ပဲစင်းငုံနီကို ရန်ကုန်ဝယ်လိုအား ပုံမှန်ရှိ

ပြည်ဈေးကွက်မှာ မတ်ပဲကို ရန်ကုန်ဝယ်လက်က ဝယ်လိုအား ပုံမှန်ရှိသော်လည်း ရောင်းသူကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန် နည်းနေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၉၆၀ ကျပ် (တစ်တန်ကို ၁၂၀၀၂၈၄ ကျပ်) ဈေးဖြင့် တစ်ရက်ကိုအိတ် ၆၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီအနေဖြင့် တောင်သူထံမှာ ပစ္စည်းလက်ကျန် ပြတ်သလောက်ဖြစ်သွားပြီး လှောင်လက်ကုန်သည်တွေထံမှာသာ ပစ္စည်းလက်ကျန် ကျန်ရှိနေတော့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၁၉၂၀ ကျပ် (တစ်တန်ကို ၁၁၇၅၇၈၈ ကျပ်) ဈေးဖြင့် နေ့စဉ် အိတ် ၄၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## ရေစကြိုဈေးကွက်မှာ ကုလားပဲ ဈေးကောင်းရ

ရေစကြိုဈေးကွက်မှာ ကုလားပဲ(ထိုင်ဝမ်)ကို မြို့ခံပဲခွဲစက်များနှင့် အမှုန့်ကြိတ်စက်များက ဝယ်လိုအားသွက်နေတာကြောင့် ဈေး အနည်းငယ်မြင့်လာပြီး တစ်ပိဿာကို ၁၁၆၅ ကျပ် (တစ်တန်ကို ၇၁၃၄၃၄ ကျပ်)ဈေးဖြင့် နေ့စဉ်အိတ် ၂၅၀ ခန့် အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း သိရပါတယ်။



# မြန်မာနိုင်ငံကော်ဖီအသင်းမှ ကြီးမှူး၍ ပထမအကြိမ် ကော်ဖီအရည်အသွေးအကဲဖြတ်ပြိုင်ပွဲကျင်းပ

ရှမ်းပြည်နယ်တောင်ပိုင်းမှ တောင်သူငယ်များနှင့် စီးပွားဖြစ်စိုက်ပျိုးခြံများ(ပြင်ဦးလွင်)တို့မှ ၂၀၁၅ ခုနှစ်အတွင်း ရိတ်သိမ်းထားသည့်ကော်ဖီနမူနာများကို အမေရိကန်နိုင်ငံနှင့် နယူးဇီလန်နိုင်ငံတို့မှ အကဲဖြတ် ပညာရှင်သုံးဦးက လာရောက်အကဲဖြတ်အမှတ်ပေးခြင်းဖြစ်ပြီး ပြိုင်ပွဲကို မေလ ၂၈ ရက်မှ ၃၀ ရက်နေ့အထိ ကျင်းပခဲ့ခြင်းဖြစ်ပါသည်။ အဆိုပါပြိုင်ပွဲ၊ ဖွင့်ပွဲကို မေ ၂၈-ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့၊ မင်းနန္ဒာလမ်း၊ ဒေါပုံမြို့နယ်ရှိ ရွှေပုစွန် အဆောင်နှင့် မုန့်မျိုးစုံဆိုင်တွင် ကျင်းပခဲ့ပါသည်။ "ပထမအကြိမ် ကော်ဖီအရည်အသွေးအကဲဖြတ်ပြိုင်ပွဲ"ကို မြန်မာနိုင်ငံကော်ဖီအသင်းမှ ကြီးမှူးပြီး အမေရိကန်ပြည်ထောင်စု၊ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီ [USAID (မြန်မာ)] နှင့် Winrock International တို့၏ ကူညီပံ့ပိုးမှုဖြင့် ကျင်းပခဲ့ကြောင်း သိရှိရပါသည်။ အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံကော်ဖီအသင်းမှ တာဝန်ရှိသူများ၊ အကဲဖြတ်ပညာရှင်များ၊ ကူညီပံ့ပိုးသည့်အဖွဲ့အစည်းများဖြစ်သည့် USAID နှင့် Winrock International မှ တာဝန်ရှိသူများ၊ ကော်ဖီ စိုက်ပျိုးထုတ်လုပ်သူများ၊ လေ့လာသူများ ၄၈ ဦးခန့် တက်ရောက်ခဲ့ပါသည်။



ပြိုင်ပွဲအတွက်ပေးပို့လာသည့် နမူနာများအနက် အများစု (နမူနာအခု ၃၀ ကျော်)မှာ ရှမ်းပြည်နယ် တောင်ပိုင်း၊ ကော်ဖီစိုက်ပျိုးသူ တောင်သူငယ်များထံမှ ဖြစ်ကြောင်းသိရပါသည်။ ထိုတောင်သူငယ်များသည် နှစ်ပေါင်းများစွာကတည်းကပင် သဘာဝစိုက်ပျိုးနည်းများကို အသုံးပြုပြီး အရိပ်ရတောင်ပေါ်စိုက်ပျိုးမြေ ဧကဝက်မှ ၅ ဧကအတွင်း ကော်ဖီစိုက်ပျိုးနေကြသူများဖြစ်ပါသည်။ ကျန်ရှိသည့် နမူနာ ၁၅ခုခန့်မှာ ပြင်ဦးလွင်မြို့မှ ကော်ဖီကို ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးနေသူများထံမှဖြစ်ပါသည်။

မြန်မာနိုင်ငံကော်ဖီစိုက်ပျိုးထုတ်လုပ်မှုနှင့်ပတ်သက်၍ "မြန်မာနိုင်ငံရှိ ကော်ဖီစိုက်ခင်းအများအပြားသည် သဘာဝမြေဩဇာကိုပြုလုပ်ပြီး စိုက်ပျိုးကြကြောင်း၊ ပြင်ဦးလွင်မှ အချို့စိုက်ခင်းများသည် ကောင်းမွန်သည့်အခြေအနေမှာရှိပြီး ကော်ဖီထုတ်လုပ်သည့် လုပ်ငန်းစဉ် အချို့မှာလည်း နည်းစနစ် ကောင်းမွန်ကြောင်း၊ သို့ရာတွင် ကော်ဖီ အရည်အသွေး အကဲဖြတ်ခြင်းကို ပုံမှန်လုပ်လေ့မရှိကြောင်း၊ ကော်ဖီအရည်အသွေးဆိုင်ရာ ကိစ္စရပ်များအတွက် အဓိကဆုံးဖြတ်ချက်ချရန်မှာ ကော်ဖီအရည်အသွေး အကဲဖြတ်ခြင်းက အခရာကျကြောင်း" အမေရိကန်အထူးတန်းဝင်ကော်ဖီအသင်း၏ ပူးတွဲတည်ထောင်သူနှင့် ကော်ဖီအရည်အသွေးဆိုင်ရာ အဖွဲ့အစည်း၏ အကြီးတန်းအကြံပေးဖြစ်သူ Ted Lingle ကပြောကြားခဲ့ကြောင်းသိရပါသည်။ သို့ပါ၍ အမေရိကန် နိုင်ငံအခြေစိုက် ကော်ဖီအရည်အသွေးဆိုင်ရာ အဖွဲ့အစည်းမှ ကော်ဖီအထူးကျွမ်းကျင်သူ စေတနာ့ဝန်ထမ်းအကဲဖြတ်ပေးရေးအဖွဲ့ဝင် သုံးဦးကို Winrock International မှ ဖိတ်ကြားပေးပြီး [USAID (မြန်မာ)] နှင့် မြန်မာနိုင်ငံကော်ဖီအသင်းတို့ပူးပေါင်းကာ ယခုကဲ့သို့ကော်ဖီအရည်အသွေး အကဲဖြတ်ပြိုင်ပွဲ ကျင်းပကြကြောင်း သိရပါသည်။

ပေးပို့လာသည့် နမူနာ ၅၀ ကျော်ကို နိုင်ငံတကာအသိအမှတ်ပြုကော်ဖီအရည်အသွေးဆိုင်ရာ အကဲဖြတ်ပညာရှင်သုံးဦးက အကဲဖြတ်အမှတ်ပေးသွားမည်ဖြစ်ပါသည်။ အကဲဖြတ်ပညာရှင် သုံးဦးမှ အထူးတန်းဝင်ကော်ဖီ (အမှတ် ၁၀၀ အနက် ၈၀ သို့မဟုတ် ၈၀ ထက်ပိုသော)၏ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိသော ကော်ဖီနမူနာများအား ကော်ဖီအရည်အသွေးဆိုင်ရာ အဖွဲ့အစည်း၏ သတင်းအချက်အလက်ဘဏ်တိုက်တွင် အရည်အသွေးမီကော်ဖီများအဖြစ် ထည့်သွင်းဖော်ပြထားမည်ဟု သိရှိရပါသည်။ ထို့အပြင် အရည်အသွေးပြည့်မီသော ကော်ဖီအားလုံးကို အရည်အသွေးမီ အာရေဘီကားကော်ဖီအဖြစ် ထောက်ခံချက်ပေးမည်ဖြစ်ပါသည်။ ကော်ဖီအရည်အသွေးစစ်ဆေးခြင်း လုပ်ငန်းသည် အချိန်ယူလုပ်ဆောင်ရသော လုပ်ငန်းဖြစ်၍ သုံးရက်ခန့်ကြာမည်ဖြစ်ကြောင်း သိရပါသည်။

အမေရိကန်ပြည်ထောင်စု နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီ [USAID (မြန်မာ)] ၏ ပံ့ပိုးကူညီမှုဖြင့် ဆောင်ရွက်နေသော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်စည်တန်ဖိုးမြှင့် ကွင်းဆက်များ စီမံကိန်းသည် မြန်မာနိုင်ငံမှ ကော်ဖီစိုက်ပျိုးသူ တောင်သူများအား ကူညီပံ့ပိုးပေးလျက်ရှိပါသည်။ ထိုစီမံကိန်းသည် စိုက်ပျိုးရေးဆိုင်ရာ ကုန်ထုတ်လုပ်မှုတိုးတက်စေရန်နှင့် လူအများပါဝင်မှုဖြင့် စိုက်ပျိုးရေးဆိုင်ရာ တိုးတက်မှုကို မြှင့်တင်ပေးရန် ပြိုင်ဆိုင်မှုရှိသော ကုန်သွယ်မှုဆိုင်ရာ ကုန်စည်တန်ဖိုးမြှင့် ကွင်းဆက်များ လုပ်ဆောင်ပေးခြင်းဖြင့် တောင်သူငယ်များနှင့် ချိတ်ဆက်လုပ်ဆောင်နေပါသည်။ Winrock International မှ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ကုန်စည်တန်ဖိုးမြှင့်ကွင်းဆက်များ စီမံချက်သည် တောင်သူငယ်များ၏ စိုက်ပျိုးရေးလုပ်ငန်းမှ ဝင်ငွေတိုးတက်လာစေရန်အတွက် လူထုမှ လူထုသို့ အကူအညီပေးသည့် နည်းလမ်းဖြင့် လုပ်ဆောင်လျက်ရှိကြောင်း သိရှိရပါသည်။

**တင်မာကြည်**

# စားသုံးသူအကာအကွယ်ပေးရေးနှင့်ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ ညှိနှိုင်းအစည်းအဝေး ကျင်းပ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၊ တိုင်းဒေသကြီးဦးစီးမှူး ဦးမြင့်ချိုဦးဆောင်၍ စားသုံးသူကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အစိုးရမဟုတ်သော စားသုံးသူကာကွယ်ရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံပြီး "စားသုံးသူအကာအကွယ်ပေးရေးနှင့်ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ ညှိနှိုင်းအစည်းအဝေး" ကို ၂၀၁၅ ခုနှစ် မေလ ၂၆ ရက်နေ့ နံနက် ၁၀း၀၀ နာရီတွင် ရန်ကုန်တိုင်း ဒေသကြီးဦးစီးမှူးရုံး၊ ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

ညှိနှိုင်းအစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးမှ ပြောင်းလဲဖွဲ့စည်းခဲ့သည့် ဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ ရန်ကုန်တိုင်းဒေသကြီးရုံးမှ ချမှတ်ထားသည့်လုပ်ငန်းတာဝန်များနှင့် ရှေ့ဆက်ဆောင်ရွက်မည့် စားသုံးသူကာကွယ်ရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်ရန် အကြံပြုဆွေးနွေးပေးစေလိုကြောင်း ပြောကြားခဲ့ပြီး၊ အစည်းအဝေးတက်ရောက်လာကြသည့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများက စားသုံးသူကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အခြေအနေနှင့် ဌာနမှ ကူညီပူးပေါင်းဆောင်ရွက်ပေးစေလိုသည့် အချက်များကို တင်ပြဆွေးနွေးခဲ့ကြပါသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးက အသင်းအဖွဲ့များ၏ တင်ပြဆွေးနွေးချက်များအနက် ဌာနမှ ဆောင်ရွက်ပေးနိုင်မည့်အချက်များနှင့် ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပါသည်။



အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူး ဦးမြင့်ချိုနှင့် အရာထမ်း၊ အမှုထမ်းများ၊ ခရိုင်ဦးစီးမှူးများ၊ မြန်မာနိုင်ငံစားသုံးသူကြိုတင်ကာကွယ်ရေးအသင်း ဥက္ကဋ္ဌ ဦးဗအုပ်ခိုင်၊ မြန်မာစားသုံးသူ သမဂ္ဂ (MCU) မှ အတွင်းရေးမှူး ဦးမောင်မောင်နှင့်နှစ်ဦး၊ အစားအစာ သိပ္ပံနှင့် နည်းပညာအဖွဲ့ Food Science and Technology Association (Myanmar) (FOSTA) မှ ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းကြည်နှင့် တစ်ဦး၊ စုစုပေါင်း ၂၇ ဦး တက်ရောက်ခဲ့ပြီး တိုင်းဒေသကြီးအတွင်း စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ယခုလို အစည်းအဝေးများကို လစဉ် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

**ခင်သီ**

## စိုက်ပျိုးရေးသွင်းအားစုများ စနစ်တကျ ဖြန့်ဖြူးရောင်းချရေး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ဆွေးနွေးမှာကြား

စိုက်ပျိုးရေးသွင်းအားစုများဖြစ်တဲ့ ပိုးသတ်ဆေးနဲ့ ဓာတ်မြေဩဇာများဟာ တောင်သူများအတွက် အခြေခံလိုအပ်ချက်များဖြစ်ကြောင်း၊ တောင်သူများထံ ဖြန့်ဖြူးတဲ့ ပိုးသတ်ဆေးနဲ့ ဓာတ်မြေဩဇာများဟာ သီးနှံအထွက်တိုးစေရေးအတွက် အကျိုးဖြစ်ထွန်းစေဖို့လိုအပ်ကြောင်း၊ အရည်အသွေးမပြည့်မီခြင်း၊ မမှန်ကန်ခြင်းတို့ကြောင့် စိုက်ပျိုးထုတ်လုပ်သော စားသုံးသီးနှံများပျက်စီးခြင်း၊ ဆုံးရှုံးရခြင်းတို့အတွက် တောင်သူများရဲ့ လူမှုစီးပွားဘဝ ထိခိုက်နစ်နာဆုံးရှုံးမှုမရှိရန် သတိပြုကြစေလိုကြောင်း မေလ ၂၂ ရက်နေ့က နေပြည်တော်လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးရုံးမှာပြုလုပ်တဲ့ "ပုဂ္ဂလိကကုမ္ပဏီများမှ ဖြန့်ဖြူးရောင်းချပေးနေတဲ့ လုပ်ငန်းများ စနစ်တကျရှိစေရေးပြဋ္ဌာန်းထားရှိပြီး တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနဲ့ အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ၊ နည်းဥပဒေနဲ့ ကိုက်ညီစွာရောင်းဝယ်ဖြန့်ဖြူး လုပ်ကိုင်ကြရေး" အစည်းအဝေးမှာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ပြောကြားခဲ့တာဖြစ်ပါတယ်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ ၊ မြန်မာနိုင်ငံပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် မျိုးစေ့ထုတ်လုပ်ဖြန့်ဖြူးရောင်းချရေးအသင်းဥက္ကဋ္ဌနဲ့ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြေဩဇာ ပိုးသတ်ဆေး တင်သွင်းထုတ်လုပ်ရောင်းချသော ကုမ္ပဏီများ၊ မြေဩဇာ တင်သွင်းထုတ်လုပ်ရောင်းချသော ကုမ္ပဏီများ၊ ပိုးသတ်ဆေး လုပ်ငန်းဆောင်ရွက်နေသော ကုမ္ပဏီများ စုစုပေါင်း ၇၈ ခုမှ လုပ်ငန်းရှင် ၁၅၀ ခန့် တက်ရောက်ခဲ့ကြတယ်လို့ သိရပါတယ်။

သွင်းအားစုများ အရည်အသွေးကိုက်ညီပြည့်စုံမှသာ လယ်ယာထွက်ကုန်များ အရည်အသွေးပြည့်မီ ကောင်းမွန်ပြီး နိုင်ငံတကာဈေးကွက်မှာ ယှဉ်ပြိုင်နိုင်မှာဖြစ်တဲ့အတွက် ရင်းနှီးမြှုပ်နှံသူများအနေနဲ့ စိတ်ရင်းစေတနာ မှန်စွာနဲ့ အရည်အသွေးမှန်ကန်တဲ့ ပစ္စည်းများကိုသာ သတ်မှတ်ပြဋ္ဌာန်းထားသော ဥပဒေ၊ နည်းဥပဒေများနဲ့ ကိုက်ညီစွာ တင်သွင်းရောင်းချသွားကြရန် လိုအပ်ကြောင်းလည်း ဝန်ကြီးကဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိပါတယ်။

**တိမ်ကင်းစင်**

Vol: 15, No.20 Monday June 1 2015

## မှန်လုံယာဉ်များနဲ့ ရှောင်ကွင်းလမ်းတွေပေါ် စုပုံထားတဲ့ အကောက်ခွန်မဲ့ပစ္စည်းများကို လရ-၁ အဖွဲ့မှ သိမ်းဆည်းရမိ

နောင်ချိုမြို့ Asia World တိုးဂိတ်အနီးအခြေပြုတဲ့ Mobile Team (လရ-၁) အဖွဲ့သည် မေလ ၁၅၊ ၁၈၊ ၁၉၊ ၂၃ ရက်နေ့များတွင် မှန်လုံယာဉ်များနဲ့ ရှောင်ကွင်းလမ်းတွေပေါ် စုပုံထားတဲ့ အကောက်ခွန်မဲ့ ပစ္စည်းများ ကျပ် ၁၉ သန်းကျော် သိမ်းဆည်းရမိခဲ့ပါတယ်။ အကောက်ခွန်မဲ့ ပစ္စည်းများကတော့ တရုတ်နိုင်ငံထုတ် အချိုရည်၊ ဆိုင်ကယ်ကျွတ်၊ လမ်းလျှောက်စက်၊ စာရေးကိရိယာပစ္စည်းများ၊ မဝတ်အင်္ကျီ၊ အိပ်ယာခင်း၊ ပန်းကန်ဆေးဆပ်ပြာရည်၊ ဟွာဝေးအထိုင်ဖုန်း၊ လက်သည်းဆိုးဆေး၊ဓါတ်မြေဩဇာ၊ စလင်းဘတ် အိတ်များဖြစ်ပြီး အကောက်ခွန်အမှုတွဲဖွင့်လှစ်ကာ အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်း အပ်နှံပြီးဖြစ်ပါတယ်။ **MIRT**

## ဂျုံစေ့ /ဂျုံမှုန့် တင်ပို့–တင်သွင်း

၂၀၁၅ ခုနှစ် မေလ ၁ ရက်မှ ၂၀ ရက်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၂၅၇၁၂ တန်ဖိုးရှိ ဂျုံစေ့ ၄၇ တန်တင်ပို့မှုရှိခဲ့သလို မြန်မာ-အန္ဒိယနယ်စပ်ရှိ တမူးနယ်စပ်ကုန်သွယ်ရေးစခန်းကတော့ ကန်ဒေါ်လာ ၈၃၀၀၁ တန်ဖိုးရှိ ဂျုံမှုန့်တန်ချိန် ၂၃၀ ခွဲ တင်သွင်းမှု ရှိခဲ့ပါတယ်။ **မော်မော်အောင်**

## တာချီလိတ်ကုန်သွယ်ရေးစခန်းက ဧပြီလအတွင်း အနီးစပ်ဆုံးကာလ၊ ယမန်နှစ်ကာလတူထက် ပို့ကုန်ပိုမိုတင်ပို့နိုင်

မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ် ကုန်သွယ်ရေးစခန်းသည် ၂၀၁၅ ခုနှစ် ဧပြီလအတွင်း ပို့ကုန် ကန်ဒေါ်လာ သုည ဒသမ ၄၂၂ သန်း၊ သွင်းကုန် ကန်ဒေါ်လာ ၅ ဒသမ ၀၅၆ သန်း ဆောင်ရွက်နိုင်သဖြင့် ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၅ ဒသမ ၄၇၈ သန်းရရှိခဲ့ပါတယ်။တာချီလိတ် ကုန်သွယ်ရေးစခန်းသည် အနီးစပ်ဆုံး ကာလဖြစ်သော မတ်လထက် ပို့ကုန်ကန်ဒေါ်လာ သုည ဒသမ ၂၅၁ သန်းပိုမိုသလို ယမန်နှစ် ကာလတူ ဧပြီလထက်လည်း သုည ဒသမ ၂၅၅ သန်း ပိုမိုခဲ့ပါတယ်။

အနီးစပ်ဆုံးကာလ၊ ယမန်နှစ်တူကာလတို့ထက် ပို့ကုန်ပိုမိုရခြင်းမှာ လယ်ယာထွက်ကုန်ပစ္စည်း များဖြစ်သော တစ်သျှူးငှက်ပျောနဲ့ ဒေသထွက် နာနတ်သီး၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနဲ့ ရော်ဘာစေး တို့ပိုမိုတင်ပို့နိုင်ခြင်းကြောင့်ဖြစ်ပါတယ်။ လာမဲ့ကာလများတွင်လည်း ရော်ဘာနဲ့ သတ္တုတွင်းထွက်ပစ္စည်းများ ပိုမိုတင်ပို့လာနိုင်ချေရှိတယ်လို့ သတင်းရရှိပါတယ်။ **ခင်မြနွယ်**

## တရုတ်နိုင်ငံထုတ်စားသောက်ကုန်များကို လရ-၁ အဖွဲ့မှ သိမ်းဆည်းရမိ

မန္တလေး -မူဆယ်လမ်းကြောင်းတလျှောက်ရှိ Asia World တိုးဂိတ်အခြေပြု Mobile Team လရ(၁)အဖွဲ့သည် မေလ ၂၅ ရက်နေ့တွင် ယာဉ်နှစ်စီးပေါ်မှ တရုတ်နိုင်ငံထုတ် စားသောက်ကုန်များဖြစ်တဲ့ ကြက်အူချောင်း၊ ဝက်အူချောင်းနဲ့ ခေါက်ဆွဲခြောက်များကို သိမ်းဆည်းရမိခဲ့ပါတယ်။ သိမ်းဆည်းရမိ စားသောက်ကုန်များရဲ့ ခန့်မှန်းတန်ဖိုးမှာ ကျပ် ၃ ဒသမ ၂၀ သန်းဖိုးခန့်ဖြစ်ပြီး အကောက်ခွန်အမှုတွဲဖွင့်လှစ်ကာ လုပ်ထုံးလုပ်နည်းနဲ့အညီ ဆက်လက်ဆောင်ရွက်သွားမယ်လို့သိရပါတယ်။

**MIRT**

## မြဝတီ၊ ကော့သောင်းနဲ့ မြိတ်ကုန်သွယ်ရေးစခန်းများမှ ရေထွက်ကုန်ပိုမိုတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်၊ ကော့သောင်းကုန်သွယ်ရေးစခန်းနဲ့မြိတ် ကုန်သွယ်ရေးစခန်းတို့က ၂၀၁၅ ခုနှစ် မေလ ၁၆ ရက်မှ ၂၂ ရက်အတွင်း ကန်ဒေါ်လာ ၃ ဒသမ ၆၆၀ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၃၅၆၀ တန်ကျော်တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၈၃၉ တန်ကျော် ပိုမို တင်ပို့နိုင်ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုများမှာ-

**မြဝတီကုန်သွယ်ရေးဇုန်**က ကန်ဒေါ်လာ သုည ဒသမ ၂၂၀ သန်းတန်ဖိုးရှိ ရေထွက်ကုန်များဖြစ်သော ငါးမျိုးစုံ ၁၁၁ တန်ကျော်၊ ကဏန်း ၃၂ တန်ကျော်၊ ပုစွန် ၃ တန်ကျော်တင်ပို့နိုင်ခဲ့ပါတယ်။ယခင်သီတင်းပတ်နဲ့နှိုင်းယှဉ်ပါက ၃၂ တန်ကျော်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

**ကော့သောင်းကုန်သွယ်ရေးစခန်း**ကလည်းကန်ဒေါ်လာ သုည ဒသမ ၉၃၁ သန်းတန်ဖိုးရှိ ရေထွက်ကုန်များ ဖြစ်သော ငါးမျိုးစုံ ၁၁၂၀ တန်ကျော်၊ ကင်းမွန် ၁၅ တန်ကျော်၊ ပုစွန် ၃ တန်ခန့် ၊ ငါးလေးခြောက် ၆ တန်ကျော်၊ ငါးရှဉ့် ၁ တန်ကျော်၊ ရေဘဝဲနဲ့သဲကဏန်း အနည်းငယ်တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၂၂ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

**မြိတ်ကုန်သွယ်ရေးစခန်း** ကလည်း ကန်ဒေါ်လာ ၂ ဒသမ ၅၀၉ သန်းတန်ဖိုးရှိ ရေထွက်ကုန်များဖြစ်သော ငါးမျိုးစုံ ၁၆၆၄ တန်ကျော်၊ငါးမှုန့် ၄၇၅ တန်၊ အေးခဲပုစွန် ၂၉ တန်ကျော်၊ ကဏန်းပျော့ ၂၄ တန်ကျော်၊ ပုစွန် ၂၃ တန်ကျော်၊ ပုစွန်ခြောက် ၅ တန်ခန့်၊ ငါးခြောက် ၁၅ တန်ကျော်၊အေးခဲကင်းမွန် ၂၄ တန်ကျော်၊ ကင်းမွန် ၃ တန် ကျော်၊ ကင်းမွန်ခြောက်နဲ့ သဲကဏန်း အနည်းငယ်စီတင်ပို့နိုင်ခဲ့ပါတယ်။ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၇၈၄ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ **ခင်မြနွယ်**

## ID ထက် ပိုမိုတင်ဆောင်လာတဲ့ ပိတ်လိပ်များ လရ-၁ အဖွဲ့မှသိမ်းဆည်း

ကုန်သွယ်ရေးဦးစီးဌာန မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်စခန်းထုတ်နုတ်အင်အား Mobile Team အဖွဲ့သည် မေလ ၁၂ ရက်နေ့တွင် ပိတ်စများအား လိုင်စင်/ID တွင် ဖော်ပြထားသည့် ပမာဏထက် ပိုမိုသယ်ဆောင်နေကြောင်းမြေပြင်သတင်းများရရှိတဲ့အတွက် နောင်ချိုလရ-၁ သို့ ဝင်ရောက်လာသည့် ၁၂ ဘီး PE ယာဉ်အမျိုးအစား ကုန်တင်ယာဉ်အမှတ် 6c/xxxx အားပူးပေါင်းအဖွဲ့ဖြင့် အသေးစိတ်စစ်ဆေးမှုများ ပြုလုပ်ခဲ့တယ်လို့ သိရပါတယ်။ အဆိုပါယာဉ်ပေါ်မှာ လိုင်စင်/ID တွင် ဖော်ပြထားတဲ့အတိုင်း Polyester Cotton Elastic Fabric (ပြောင်၊ ပွင့်ရိုက်)အမျိုးအစား ပိတ်လိပ်များ မှန်ကန်စွာပါရှိသော်လည်း အခွန်ပေးဆောင်ရန် ကြေညာထားတဲ့ ၂၆၈၀၀ ကီလိုဂရမ်ထက် ၇၀၀ ကီလိုဂရမ် ပိုမိုသယ်ဆောင်လာကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အကောက်ခွန်အမှုတွဲဖွင့်လှစ်ပြီး လုပ်ထုံးလုပ်နည်းနဲ့အညီဆက်လက်ဆောင်ရွက်သွားမယ်လို့ သိရပါတယ်။ **MIRT**

## သရက်ပြားခြောက် အပို့သွက်

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ မေလ တတိယပတ်တွင် ကန်ဒေါ်လာ ၁၀၃၆၁၂ တန်ဖိုးရှိသရက်ပြားခြောက် တန် ၁၆၀ ခွဲတင်ပို့ခဲ့ပြီး ယခင်ရက်သတ္တပတ်က ၁၆၇ တန် တင်ပို့ခဲ့ပါတယ်။ သရက်ပြားခြောက် တင်ပို့မှုရှိသလို ရာသီပေါ် သီးနှံတစ်ခုဖြစ်တဲ့ သရက်သီး ၃၂၄၀ တန်ကိုလည်း ယခုတစ်ပတ်မှာ တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## ယမန်နှစ်ကာလတူထက် စက်မှုကုန်ချောပစ္စည်းအုပ်စုတင်ပို့မှုလျော့နည်းခဲ့သလို လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများနဲ့ ရင်းနှီးမြှုပ်နှံမှုပစ္စည်းများတင်သွင်းမှုလည်းလျော့နည်း

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ မေလ ၂၂ ရက်နေ့ထိ နှစ်လခန့် ကာလအတွင်းမှာ ပို့ကုန် ကန်ဒေါ်လာ ၈၉၃ သန်းကျော်နဲ့သွင်းကုန်ကန်ဒေါ်လာ ၂၀၁၁ သန်းကျော်ဆောင်ရွက်ခဲ့သဖြင့် ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၂၉၀၅ သန်းခန့်ဆောင်ရွက်နိုင်ခဲ့ပါတယ်။

**ပြည်ပပို့ကုန်သွင်းကုန်အကောင်အထည်ဖော်နိုင်မှု**

**တန်ဖိုးဒေါ်လာသန်း**

| | ပင်လယ်ရေကြောင်း | နယ်စပ် | စုစုပေါင်း |
|---|---|---|---|
| ပို့ကုန် | ၄၆၂. ၇၂၉ | ၄၃၁. ၀၅၂ | ၈၉၃. ၇၈၁ |
| သွင်းကုန် | ၁၇၁၀. ၀၅၄ | ၃၀၁. ၆၈၃ | ၂၀၁၁. ၇၃၇ |
| ကုန်သွယ်မှုပမာဏ | ၂၁၇၂. ၇၈၃ | ၇၃၂. ၇၃၅ | ၂၉၀၅. ၅၁၈ |

ယမန်နှစ်ကာလတူနဲ့နှိုင်းယှဉ်ပါက ကုန်သွယ်မှုပမာဏကန်ဒေါ်လာ ၃၉၂ သန်းကျော် လျော့နည်းခဲ့ပါတယ်။ နယ်စပ်ကုန်သွယ်မှုမှ ကန်ဒေါ်လာ ၄၀၄ သန်းဝန်းကျင်ပိုမိုဆောင်ရွက်နိုင်သော်လည်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ကန်ဒေါ်လာ သန်း ၇၂၀ ကျော် လျော့နည်းဆောင်ရွက်ခဲ့တဲ့ အတွက်ဖြစ်ပါတယ်။

ပြည်ပပို့ကုန်တင်ပို့မှုတွင် စက်မှုကုန်ချောအုပ်စုမှ တင်ပို့မှု ကန်ဒေါ်လာသန်း ၄၃၀ ကျော်၊ အခြားမှ ကန်ဒေါ်လာ ၁၇၃ သန်းကျော်လျော့နည်းခဲ့တဲ့အတွက် ကျန်အုပ်စုများဖြစ်တဲ့ လယ်ယာထွက်ကုန်၊ တိရစ္ဆာန်ထွက်၊ ရေထွက်၊ သတ္တုတွင်းထွက်၊ သစ်တောထွက်တို့ အပို့ပိုမိုခဲ့သော်လည်း ယမန်နှစ်ကာတူနဲ့ နှိုင်းယှဉ်ပါက ကန်ဒေါ်လာ ၃၇၉ သန်းကျော် လျော့နည်းခဲ့ရခြင်းဖြစ်ပါတယ်။ လယ်ယာထွက်ပစ္စည်းများမှာ ကန်ဒေါ်လာ ၁၈၆ သန်းကျော်၊ သစ်တောထွက် ၁၆ သန်းကျော်၊ ရေထွက်ကုန် ၁၃ သန်းကျော်၊ သတ္တုတွင်းထွက် ၇ သန်းကျော်နဲ့ တိရစ္ဆာန်ထွက် သုည ဒသမ ၃ သန်းကျော်ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့သိရပါတယ်။

ပြည်ပသွင်းကုန်တင်သွင်းမှုတွင် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းအုပ်စုသာ အသွင်းပိုမိုခဲ့ပြီး ကျန်လုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်းအုပ်စုနဲ့ လူသုံးကုန်ပစ္စည်းအုပ်စုနှစ်ခု အသွင်းလျော့နည်းခဲ့သဖြင့် ယမန်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ပါက ကန်ဒေါ်လာ ၁၃ သန်းကျော် လျော့နည်းခဲ့ရပါတယ်။

ထိုကဲ့သို့ လျော့နည်းရခြင်းမှာ- ရင်းနှီးမြှုပ်နှံမှုပစ္စည်းများဖြစ်တဲ့ စက်နဲ့စက်ပစ္စည်းများ၊ သံနဲ့သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ လယ်ယာသုံးနောက်တွဲယာဉ်နဲ့ အခြားယာဉ်များ၊ အင်ဂျင်များ၊ ဝါယာကြိုးများ၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများဖြစ်တဲ့ ရေနံထွက်ပစ္စည်းများ၊ ဂျုံစေ့၊ ဓါတုဗေဒချည်ခင်များ၊ သားရေနဲ့သားရေတုပစ္စည်းများ၊ သတ္တုကုန်ကြမ်းပစ္စည်းများ ယခင်နှစ်ကာလတူထက် လျော့နည်းတင်သွင်း ခဲ့လို့ဖြစ်ပါတယ်။ **MIRT**

## မြဝတီဇုန်မှ သစ်သီးမျိုးစုံတင်သွင်း

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ မေလ ၁၆ ရက်မှ ၂၂ ရက်တာသီတင်းပတ်အတွင်း ကန်ဒေါ်လာ ၆၅၄၇၄ တန်ဖိုးရှိ ပန်းသီး၊ ဒူးရင်းသီး၊ စပျစ်သီး၊ ပိန္နဲသီး၊ ရေငန်းသီး၊လီမွန်သီး၊ နန်းမြားသီး၊ လိမ္မော်သီး၊ နာနတ်သီး၊ ကျွဲကောသီး၊ ကြက်မောက်သီးနဲ့ မန်ကျည်းသီး(အချို)တို့ကို တန်ချိန်အားဖြင့် ၂၄၃ တန်ခွဲ တင်သွင်းနိုင်ခဲ့ပါတယ်။ ယခင်တစ်ပတ်က သစ်သီး(၁၀)မျိုးကို ၂၄ တန်ခွဲသာ တင်သွင်းခဲ့လို့ ယခုသီတင်းပတ်မှာ မြဝတီကုန်သွယ်ရေးဇုန်က သစ်သီးတင်သွင်းမှု အမျိုးစုံလင်စွာနဲ့ ပိုမိုတင်သွင်းနိုင်ခဲ့တာတွေ့ရပါတယ်။

**မော်မော်အောင်**

## အကောက်ခွန်မဲ့ ပိတောက်သစ်များကို လရ-၁ အဖွဲ့မှ သိမ်းဆည်း

နောင်ချိုမြို့ အေးရှားဝေါလ်တိုးဂိတ်အနီး အခြေပြုတဲ့ Mobile Team လရ (၁) အဖွဲ့သည် မေလ ၂၂ ရက်နေ့တွင် မန္တလေးမှ မူဆယ်သို့ ဝင်ရောက်လာတဲ့ Van EE/xxxx ယာဉ်အားစစ်ဆေးရာ ယာဉ်ပေါ်တွင် တရားမဝင် အကောက်ခွန်မဲ့ တင်ဆောင်လာတဲ့ တယောပုံစံ ပိတောက်သား လေးခု၊ ပိတောက်သား ခြောက်တုံးတို့ကို စစ်ဆေးတွေ့ရှိခဲ့ပါတယ်။ စစ်ဆေးတွေ့ရှိ ပိတောက်သစ်များအား အကောက်ခွန်အမှုတွဲဖွင့်လှစ်ပြီး သစ်တောဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံသွားမယ်လို့ သိရပါတယ်။

**MIRT**

## တရားမဝင်အကောက်ခွန်မဲ့ ပိတ်လိပ်နဲ့ စားသောက်ကုန်များ ကျပ် ၂၄ သန်းကျော် သိမ်းဆည်းရမိ

မန္တလေး-မူဆယ် လမ်းကြောင်းတစ်လျှောက်ရှိ အေးရှားဝေါလ် တိုးဂိတ်အနီးအခြေပြုတဲ့ Mobile Team (လရ-၁)အဖွဲ့သည် မေလ ၁၆၊ ၂၂၊ ၂၅ ရက်နေ့များတွင် တရားမဝင် အကောက်ခွန်မဲ့ ပိတ်လိပ်နဲ့ စားသောက်ကုန်များကို ကျပ် ၂၄ သန်းကျော်ဖိုး သိမ်းဆည်းရမိခဲ့ပါတယ်။ အဆိုပါ အကောက်ခွန်မဲ့ တင်ဆောင်လာတဲ့ ယာဉ်အမှတ် 6c/xxxx၊ 3E/xxxx နဲ့ 3D/xxxx ယာဉ်သုံးစီးပေါ်မှ Polyester Cotton Elastic Fabric ၊ Cotton Fabric၊ မှိုခြောက်၊ တရုတ်ကြက်အူချောင်း၊ တရုတ်ငရုပ်မှုန့်ထုပ်များကို သိမ်းဆည်းရမိခဲ့တာဖြစ်ပါတယ်။ အဆိုပါဖမ်းဆီးရမိ အကောက်ခွန်မဲ့ ပစ္စည်းများကို အကောက်ခွန်အမှုတွဲဖွင့်လှစ်ပြီး အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံသွားမှာဖြစ်တယ်လို့သိရပါတယ်။

**MIRT**

## မော်လမြိုင်-ရန်ကုန် အမြန်ရထားပေါ်မှာ အကောက်ခွန်မဲ့ တင်ဆောင်လာတဲ့ ပစ္စည်းများဖမ်းဆီး



မေလ ၂၆ ရက်နေ့ ၁၀း၀၀ အချိန်မှာ မော်လမြိုင်-ရန်ကုန်အမှတ် ၉၀ အစုန်အမြန်ရထားတန်ဆာ တွဲတစ်တွဲပေါ်သို့ အကောက်ခွန်မဲ့ရေခဲသေတ္တာများကို ရင်းငြိမ်ဘူတာမှာ တန်ဆာခများပေးချေတင်ဆောင်နေကြောင်း မွန်ပြည်နယ်မှ တာဝန်သိ ပြည်သူ တစ်ဦးက ဖုန်းဖြင့်သတင်းပေးချက်အရ တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီ ကွပ်ကဲမှုရုံး ရန်ကုန်၊ လှုပ်ရှား (၂)အဖွဲ့ ညောင်ခါး ရှည် Mobile Team တို့သည် ရှာဖွေ စစ်ဆေးမှုများကို လုပ်ဆောင်ခဲ့ကြပါ တယ်။

လရ-၂အဖွဲ့က မုပ္ပလင်ဘူတာသို့ အဖွဲ့နှင့် သွားရောက်စစ်ဆေးရာ ရေခဲသေတ္တာများ တင်ဆောင်ထားကြောင်း တွေ့ရှိသဖြင့်ရန်ကုန်ဘူတာကြီးမှာ အသေးစိတ်ဖွင့်ဖောက်စစ်ဆေးနိုင်ရန် ဝန်ထမ်းအဖွဲ့ကို ရထားနဲ့လိုက်ပါစေခဲ့ပါတယ်။

ရန်ကုန်ဘူတာကြီးသို့ မေလ ၂၆ ရက် ၁၇း၀၀ နာရီမှာ ဆိုက်ရောက်ခဲ့ရာ တရားမဝင်ကုန်သွယ်မှုတားဆီး ထိန်းချုပ်ရေးဗဟိုကော်မတီကွပ်ကဲမှုရုံးမှ Mobile Team အထူးစစ်ဆေးရေးအဖွဲ့နဲ့မြန်မာ့မီးရထား၊ ရန်ကုန်ဘူတာကြီးမှ ရုံပိုင်ချုပ်၊ မီးရထားရဲတပ်ဖွဲ့တို့ပါဝင်သော ပူးပေါင်းအဖွဲ့စုံနဲ့ အသေးစိတ်ဖွင့်ဖောက်စစ်ဆေးမှုများ ပြုလုပ်ခဲ့ပါတယ်။

စစ်ဆေးရာမှာ ဂျပန်နဲ့ တရုတ်နိုင်ငံလုပ် Mitsubshi, Toshiba, Hitachi, Sanyo, sharp, Haier ကုန်အမှတ်တံဆိပ်ပါ ရေခဲသေတ္တာ (2 door, 3 door, 4 door) ၂၅ လုံးနဲ့ တစ်ဖက်အိမ်နီးချင်း ထိုင်းနိုင်ငံလုပ် ငါးသေတ္တာဘူး ၁၀၀ ပါ ၆၄ ဖာတို့အား စစ်ဆေးတွေ့ရှိခဲ့ပါတယ်။ တားဆီးရမိ ရေခဲသေတ္တာနဲ့ ငါးသေတ္တာတို့အား လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန်အမှုတွဲဖွင့် အရေးယူသွားမယ်လို့ သတင်းရရှိပါတယ်။

**MIRT**

## ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ မေလ ၂၂ ရက်ထိ ကာလအတွင်း လယ်ယာထွက်ကုန် ကန်ဒေါ်လာ ၁၇၆ သန်းကျော်ဖိုး ယမန်နှစ်ကာလတူထက်ပိုမိုတင်ပို့

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ဧပြီလ ၁ ရက်မှ မေလ ၂၂ ရက်ထိကာလအတွင်း ကုန်ပစ္စည်းအလိုက် တင်ပို့နိုင်မှုကို ယမန်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ပါက ဆန်တင်ပို့မှု ကန်ဒေါ်လာ ၂၁ ဒသမ ၈၁၄ သန်း၊ ဆန်ကွဲ ကန်ဒေါ်လာ ၁၅ ဒသမ ၄၈၈ သန်း၊ ပြောင်းကန်ဒေါ်လာ ၁၆ ဒသမ ၅၄၀ သန်း၊ ပဲအမျိုးမျိုး တင်ပို့မှု ကန်ဒေါ်လာ ၁၂၅ ဒသမ ၁၁၀ သန်းနဲ့ ရော်ဘာစိမ်း တင်ပို့မှု ၈ ဒသမ ၆၂၀ သန်းအသီးသီး ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ ဖော်ပြပါကာလအတွင်း လယ်ယာထွက်ကုန်တင်ပို့နိုင်မှုကို ဖော်ပြပေးလိုက်ရပါတယ်-

| ပစ္စည်းအမယ် | တင်ပို့မှုတန်ချိန် | တန်ဖိုးကန်ဒေါ်လာသန်း |
|---|---|---|
| ဆန် | ၁၈၅၅၈၁ | ၆၆. ၄၂၁ |
| ဆန်ကွဲ | ၈၁၇၅၈ | ၂၅. ၄၁၃ |
| ပဲအမျိုးမျိုး | ၃၁၁၄၄၁ | ၂၇၃. ၃၀၇ |
| ပြောင်း | ၁၄၅၁၃၉ | ၄၀. ၈၁၁ |
| ရော်ဘာစိမ်း | ၁၅၄၉၅ | ၂၀. ၄၉၃ |
| နှမ်း | ၂၅၇၈ | ၃. ၉၅၄ |

ပဲအမျိုးမျိုးတွင် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ကုလားပဲ၊ မြေထောက်ပဲ၊ ပဲယင်း၊ပဲကတ္တီပါ(စွန်တာပြာ)နဲ့ ပဲပုပ်စေ့တို့ ကို ပိုမိုတင်ပို့ခဲ့တယ်လို့သိရပါတယ်။

### ကုန်သွယ်မှုလိုငွေပြနေ

မြန်မာ့ပို့ကုန် သွင်းကုန်အခြေအနေနဲ့ စပ်လျဉ်းပြီး မေလ ၁၆ ရက် မှ ၂၂ ရက်ထိ ရက်သတ္တပတ်အတွင်း ပို့ကုန် ကန်ဒေါ်လာ ၃၀၅ သန်းကျော်၊ သွင်းကုန် ကန်ဒေါ်လာ သန်း ၃၅၀ ကျော်ဖြစ်သဖြင့် ကုန်သွယ်မှုလိုငွေ ကန်ဒေါ်လာ ၄၄ သန်းကျော် ဖြစ်ပေါ်ခဲ့ပါတယ်။ ထိုကဲ့သို့ လိုငွေပြရခြင်းမှာ နှမ်း၊ ချုပ်ပြီးအထည်နဲ့ သဘာဝဓါတ်ငွေ့တင်ပို့မှုလျော့နည်းခဲ့၍ဖြစ်ပါတယ်။

ဘဏ္ဍာနှစ်စ ဧပြီလ ၁ ရက်မှ မေလ ၂၂ ရက်ထိကာလမှာတော့ ကုန်သွယ်မှုလိုငွေ ၁၁၁၇ ဒသမ ၉၅၆ သန်းရှိပါတယ်။ နိုင်ငံပိုင်မှာ ကုန်သွယ်မှုပိုငွေ ကန်ဒေါ်လာ ၁၃၇ သန်းကျော် ရှိသော်လည်း ပုဂ္ဂလိကပိုင် ကဏ္ဍမှာ လိုငွေကန်ဒေါ်လာ ၁၂၅၅ ဒသမ ၅၆၄ သန်းပြနေတဲ့အတွက် ကုန်သွယ်မှုလိုငွေပြနေရခြင်းဖြစ်ပါတယ်။

မေလ ၂၂ ရက်နေ့ ပြည်တွင်းရွှေဈေးမှာ ၁ ကျပ်သားကို ၇၀၉၇၀၀ ကျပ်၊ ပြည်ပရွှေ(လန်ဒန်) ၁အောင်စကို ၁၂၀၈ ဒသမ ၅၄ ဒေါ်လာ၊ ဒေါ်လာရောင်းဈေး ၁၁၁၈ ကျပ်နဲ့ ဝယ်ဈေး ၁၁၁၆ ကျပ်ရှိခဲ့တယ်လို့ xe.com နဲ့ ဗဟိုဘဏ်ထုတ်ပြန်ချက်များအရ သိရှိရပါတယ်။

**MIRT**

## သွင်းကုန်လိုင်စင်ကြေညာလွှာထက် ပိုမိုသယ်ဆောင်သော Polyester Cotton Fabric ကျပ် ၄၇၄ သိန်းကျော်ဖိုး မန္တလေး Mobile Team က သိမ်းဆည်းရမိ

မန္တလေး ဆိပ်ကမ်းနယ်မြေ Mobile Team အဖွဲ့ တာဝန်ထမ်းဆောင်စဉ် မေလ ၁၉ ရက်နေ့ ၁၁း၀၀ ချိန်ခန့်က ဂေါဝိန်ဆိပ်ကမ်းသို့ ဆိုက်ကပ်လာတဲ့ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး ပြည်ကြီးတံခွန်(၄) အမြန်ရေယာဉ်မှာတင်ဆောင်လာတဲ့ ပစ္စည်းများကို စစ်ဆေးခဲ့ပါတယ်။ ထိုသို့စစ်ဆေးရာမှာ ဗန်းမော်မြို့မှ xxxx ကုမ္ပဏီလီမိတက်အမည်နဲ့ သယ်ဆောင်လာသော Polyester Cotton Fabric (ပြောင်နဲ့ပွင့်ရိုက်)များဟာ သွင်းကုန်ကြေညာလွှာမှာ ကြေညာထားတာထက် ၁၀၃၀၉ ကီလိုဂရမ်ခန့် ပိုမိုတင်ဆောင်လာတာကို စစ်ဆေးတွေ့ရှိခဲ့ရတဲ့အတွက် Mobile Team အဖွဲ့မှ ဆွေးနွေးညှိနှိုင်းပြီး ပစ္စည်းပိုင်ရှင်က ရည်ရွယ်ချက်ရှိရှိနဲ့ ID ကြေညာသည်ထက် ပိုမိုသယ်ဆောင်လာတယ်လို့ ယူဆသုံးသပ်ပြီး ID ထက်ပိုမိုသယ်ဆောင်လာသော အရေအတွက်အား နိုင်ငံ့ဘဏ္ဍာအဖြစ်သိမ်းဆည်းသွားရန်နဲ့သို့မှသာ နောက်နောင်ကျူးလွန်မှုများ ပြုလုပ်ကြတော့မယ် မဟုတ်ကြောင်း ဆွေးနွေးဆုံးဖြတ်ခဲ့ကြပါတယ်။ Polyester Cotton Fabric တစ်ကီလိုဂရမ်လျှင် ငါးကိုက်ကျော်ခန့်ရှိပြီး တစ်ကိုက်ကို ၈၀၀ ကျပ်ခန့်အနည်းဆုံး တန်ဖိုးရှိရာ ပိုမိုတင်ဆောင်လာတဲ့ ပိတ်များရဲ့ခန့်မှန်းတန်ဖိုးမှာ ကျပ် ၄၇၄ ဒသမ ၂၃၄ သိန်းခန့်ရှိတယ်လို့သိရပါတယ်။

**MIRT**

## FDA ခွင့်ပြုထောက်ခံချက်မပါရှိဘဲ တင်သွင်းလာတဲ့ အချိုမှုန့်အပါအဝင် စားသောက်ကုန်များသိမ်းဆည်းရမိ

မေလ ၂၃ နဲ့ ၂၄ ရက်နေ့များတွင် နောင်ချို Toll Gate အနီး ယာယီအခြေပြုလုပ်ငန်းတာဝန်များ ထမ်းဆောင်နေသော Mobile Team အဖွဲ့ဟာ ဝင်ရောက်စစ်ဆေးခံသော ယာဉ်များအား ရှာဖွေစစ်ဆေးရာမှာ ကင်တာယာဉ် 2F/xxxx ပေါ်မှ လိုင်စင် ID တို့နဲ့ တင်သွင်းလာသော အချိုမှုန့်များအပြင် ခေါက်ဆွဲခြောက် ၇၀ ထုပ် (၄၂၀ ကီလိုဂရမ်)၊ ဝက်အူချောင်း ၁၁၀ ဖာ(၃၃၀ ကီလိုဂရမ်) ကိုလည်းကောင်း၊ ဒိုင်နာ 9F/xxxx ယာဉ်ပေါ်မှ လိုင်စင်ID နဲ့သယ်ဆောင်လာသော အချို့မှုန့်များအပြင် တရုတ်ကြက်အူချောင်း ၃၇၀ ဖာ(၅၃၆ ကီလိုဂရမ်)နဲ့ မှိုခြောက် ၄၀ အိတ်(၆၀၀ ကီလိုဂရမ်)ကိုလည်းကောင်း၊ ဒိုင်နာ 3E/xxxx ပေါ်မှ လိုင်စင် ID အချိုမှုန့်နဲ့အတူ တင်ဆောင်လာတဲ့ တရုတ်ကြက်အူချောင်း ၃၅၀ ဖာ(၅၀၇ ကီလိုဂရမ်)တရုတ်ငရုပ်သီးအနှစ်ဆီ ၁၄၄ ဖာ(၁၈၀၀၀ ကီလိုဂရမ်)၊ မှိုခြောက်ပန်းခြောက် ၃၃ အိတ်(၄၉၅ ကီလိုဂရမ်)ကိုလည်း ရှာဖွေ တွေ့ရှိ သိမ်းဆည်းခဲ့ရပါတယ်။

ယာဉ် သုံးစီးလုံးမှာ တင်ဆောင်လာတဲ့ အချိုမှုန့်များအားလုံးအား လိုင်စင် /ID တို့နဲ့ သယ်ဆောင် လာခြင်းဖြစ်သော်လည်း ခေါက်ဆွဲခြောက်ဖာ၊ ဝက်အူချောင်း၊ကြက်အူချောင်း၊မှိုငရုတ်သီးအနှစ်ဆီ၊ မှိုခြောက်ပန်းခြောက်တို့မှာ FDA ခွင့်ပြုချက်မပါရှိဘဲ တရားမဝင် အကောက်ခွန်မဲ့ သယ်ဆောင်လာကြခြင်းဖြစ်ရာ အကောက်ခွန်အမှုတွဲများဖွင့်လှစ်၍ စားသုံးရန် မသင့်သောကြောင့် အဖွဲ့ ့ဖွဲ့စည်းကာမီးရှို့ဖျက်ဆီးမှုများကို ဆက်လက်လုပ်ဆောင်သွားမယ်လို့ သတင်းရှရိပါတယ်။

**MIRT**

Vol: 15, No.20 Monday June 1 2015




အစားအစာ ဘေးကင်းလုံခြုံရေး အစီအမံတွေနဲ့ စံနှုန်းသတ်မှတ်ချက်တွေကြောင့် ကုန်သွယ်မှုကို အဟန့်အတားဖြစ်စေနိုင်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံတွေက ဈေးကွက်အတွင်း ဝင်ရောက်ရာမှာ အထူးသဖြင့် စက်မှုထွန်းကားပြီး ဈေးကွက်များသို့ ဝင်ရောက်ရာမှာ ကုန်သွယ်မှုစွမ်းဆောင်ရည်ကို ထူးထူးကဲကဲ ကျဆင်းစေနိုင်ပါတယ်။ အစားအစာကြောင့်ဖြစ်ရတဲ့ ကျန်းမာရေး ထိခိုက်မှုတွေကို ပိုမိုသိမြင်နားလည်လာတာနဲ့အမျှ ဒီအစီအမံတွေကို တစ်ကမ္ဘာလုံး အတိုင်းအတာအရ ချမှတ်ဆောင်ရွက်မှုတွေ မြင့်တက်လာခဲ့ပါတယ်။

နိုင်ငံတစ်နိုင်ငံကနေ တစ်နိုင်ငံကို တင်သွင်းလာတဲ့ စားသောက်ကုန်တွေဟာ အစားအစာဘေးကင်းလုံးခြုံမှုစံနှုန်း သတ်မှတ်ချက်တွေနဲ့ ကိုက်ညီမှုမရှိတဲ့အတွက် လက်ခံမယ့်နိုင်ငံက ငြင်းပယ် တာပိတ်ပင်တာကိုလည်း ခံစားနေကြရပါတယ်။ အစားအစာနဲ့ပတ်သက်တဲ့ ပြဿနာတွေ ပြင်းပြင်းထန်ထန် ပေါ်လာပြီဆိုရင်တော့ယာယီအစီအမံအဖြစ်ချက်ချင်းပိတ်ပင်မှုတွေပြုလုပ် လာတာကို တွေ့ရပါတယ်။ ပို့ကုန်လုပ်ငန်းရှင်တွေအနေနဲ့ အစားအစာ လုံခြုံရေးအတွက် သတ်မှတ်ချက်တွေနဲ့ ကိုက်ညီအောင် ဆောင်ရွက်လာတဲ့အခါကျပြန်တော့လည်း ဒီလိုကိုက်ညီအောင် ဆောင်ရွက်ရတဲ့ ကုန်ကျစရိတ် မြင့်တက်လာတာကြောင့် သတ်မှတ်ချက်နဲ့ကိုက်ညီအောင်မထုတ်လုပ်တဲ့ ပို့ကုန် လုပ်ငန်းရှင်တွေနဲ့ နှိုင်းယှဉ်ရင် ယှဉ်ပြိုင်နိုင်မှုစွမ်းရည်က ကျဆင်းတတ်ပါတယ်။ အစားအစာ ဘေးကင်းလုံခြုံရေး စည်းမျဉ်းဥပဒေတွေကြောင့် ပို့ကုန်ကိုအားပြုနေရတဲ့ နိုင်ငံတွေအဖို့ မေခရိုအဆင့်မှာရော မိုက်ခရိုအဆင့် နှစ်မျိုးစလုံးမှာ ထိခိုက်မှုတွေ ရှိတတ်ပါတယ်။

ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ စည်းမျဉ်းစည်းကမ်းတွေနဲ့ ကိုက်ညီအောင် ဆောင်ရွက်ရတဲ့အခါ ပုဂ္ဂလိကတစ်ဦးချင်းအနေနဲ့ လိုက်နာဆောင်ရွက်ရမယ့် အပိုင်းတွေရှိသလို အစိုးရပိုင်းအနေနဲ့လည်း စားသုံးသူပြည်သူတွေအတွက် ဆောင်ရွက်ပေးရမယ့် အပိုင်းတွေလည်း ရှိတတ်ပါတယ်။ ဥပမာအားဖြင့် အစိုးရက ထောက်ခံချက်လက်မှတ်တွေ ထုတ်ပေးဖို့ လုပ်ထုံးလုပ်နည်းတွေ ပြဋ္ဌာန်းရသလို ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ပြုပြင်မှုတွေကို ပုဂ္ဂလိက ကဏ္ဍက ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။

တိုင်းပြည်ဖွံ့ဖြိုးမှုနည်းလေလေ ဒီလိုစည်းမျဉ်းစည်းကမ်းနဲ့ ကိုက်ညီအောင်ဆောင်ရွက်ရတဲ့ ကုန်ကျစရိတ်များလေလေ ဖြစ်တတ်ပါတယ်။ အကြောင်းရင်းကတော့ အစားအစာဘေးကင်းလုံခြုံမှုစွမ်းဆောင်ရည်နဲ့ စည်းမျဉ်းစည်းကမ်းတွေရဲ့ စွမ်းအားနည်းတတ်လို့ ဖြစ်ပါ တယ်။

ကုန်သွယ်မှုမှာ အစားအစာ ဘေးကင်းလုံခြုံမှုလိုအပ်ချက်တွေ ပေါ်ပေါက်လာရတာက အစိုးရက ကြပ်မတ်ကွပ်ကဲမှုတွေကြောင့် ဖြစ်ပါတယ်။ မိမိသဘောအလျောက်ဆောင်ရွက်ရတဲ့ အစားအစာဘေးကင်းရေး စံနှုန်းသတ်မှတ်ချက်တွေကလည်း ကုန်သွယ်မှုမှာ အဟန့်အတားဖြစ်စေတယ်ဆိုတာကို လည်း အသိအမှတ်ပြုထားပြီး ဖြစ်ပါတယ်။ စားသုံးသူတွေက စံနှုန်းသတ်မှတ်ချက်ကို လိုချင်၍သော်လည်းကောင်း၊ အစားအစာဘေးကင်းရေး ကြပ်မတ်မှုများနဲ့ ညီညွတ်စေဖို့အတွက် လည်းကောင်း ပို့ကုန်လုပ်ငန်းရှင်တွေဟာ မိမိသဘောအလျောက် စံနှုန်းတွေသတ်မှတ်ဆောင်ရွက်တတ်ပါတယ်။

ဒီလိုစံနှုန်းတွေကို ကျယ်ကျယ်ပြန့်ပြန့်ကျင့်သုံးလာတဲ့အခါ ဈေးကွက်ထဲမှာ ကျင့်ထုံးတစ်ခုလိုဖြစ်လာပြီး ပို့ကုန်လုပ်ငန်းရှင်တွေမှာ လိုက်နာဖို့ကလွဲလို့ တခြားနည်းလမ်းတွေမရှိတော့တာကို တွေ့ရပါတယ်။

သီးခြားလေ့လာစူးစမ်းမှု (Case Study) များအရ အစားအစာ ဘေးကင်းလုံခြုံရေး လိုအပ်ချက်ကြောင့် ပို့ကုန်တွေကို ထိခိုက်လာတာ တွေ့ရပါတယ်။

ထိခိုက်မှုရှိတဲ့ ပို့ကုန်အမယ်တွေထဲမှာ ငါး၊ မြေပဲ၊ အသား၊ သီးနှံနဲ့ လတ်ဆတ်တဲ့သစ်သီးနဲ့ ဟင်းသီးဟင်းရွက်တွေ ဖြစ်ပါတယ်။ နိုင်ငံတချို့ရဲ့ တင်းကျပ်တဲ့ သွင်းကုန်တင်သွင်းမှု စည်းကမ်းပြဋ္ဌာန်းချက်တွေကြောင့် ဈေးကွက်ထဲကို ဝင်ရောက်ခွင့်မရသလို ပို့ကုန်စီးဆင်းမှုတွေကိုလည်း ခြိမ်းခြောက်ခံရတဲ့ အနေအထားတစ်ရပ်နဲ့ ရင်ဆိုင်ကြုံတွေ့နေရပါတယ်။

ပို့ကုန်ဈေးကွက်တွေမှာ အစားအစာဘေးကင်းလုံခြုံမှုလိုအပ်ချက်တွေက ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ဆောင်ရွက်နေတဲ့ လယ်ယာစိုက်ပျိုးရေးနဲ့ အစားအစာထုတ်ကုန်တွေအတွက် ဖြန့်ဖြူးမှုပုံစံကို ဂယက်ရိုက်စေနိုင်ပါတယ်။ ဥပမာအားဖြင့် ဥရောပနိုင်ငံတွေကိုတင်ပို့နေတဲ့ ဟင်းသီးဟင်းရွက်တွေက ဥရောပဈေးကွက်မှာ ပိုးသတ်ဆေးထိန်းချုပ်မှုတွေနဲ့ ရင်ဆိုင်နေရပါတယ်။ အလားတူပဲ ဥရောပသမဂ္ဂက ကျင့်သုံးနေတဲ့ တင်းကျပ်တဲ့ ကျန်းမာသန့်ရှင်းရေး ကန့်သတ်ချက်တွေကြောင့် အိန္ဒိယပုစွန်ထုတ်လုပ်မှုကဏ္ဍမှာ ယာယီလုပ်သားများကို မသုံးနိုင်တော့ဘဲအမြဲတမ်း လုပ်သားများခန့်အပ် လုပ်ဆောင်ရတဲ့ အခြေအနေကို ရောက်ရှိစေခဲ့ပါတယ်။

## SPS သဘောတူညီချက်

အစားအစာ ဘေးကင်းလုံခြုံရေးနဲ့ပတ်သက်တဲ့စည်းမျဉ်းတွေကို သတ်မှတ်ပြဋ္ဌာန်းပြီး အရေးယူဆောင်ရွက်ရာမှာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) ရဲ့ သန့်ရှင်းရေးနဲ့ ပိုးမွှားကင်းစင်ရေး သဘောတူညီချက် (Sanitary and Phyto-sanitary -SPS- Agreement) အရ စားသုံးသူတွေရဲ့ အသက်နဲ့ ကျန်းမာရေးကို ကာကွယ်ရန်အတွက် တရားဝင် လုပ်ကိုင်ဆောင်ရွက်ခွင့်တွေကို သက်ဆိုင်ရာနိုင်ငံတွေကို လုပ်ကိုင်ခွင့်ပေးထားပါတယ်။ ဒါပေမယ့် ဒီအစီအမံတွေက သိပ္ပံနည်းကျပြီး တရားမျှတမှုရှိရမှာဖြစ်သလို မလိုအပ်ဘဲ ကုန်သွယ်မှုကို ထိခိုက်မှုမဖြစ်စေရပါဘူး။

ဒါပေမဲ့ SPS သဘောတူညီချက်အရ ဆောင်ရွက်မယ်ဆိုရင် စွန့်စားမှု အန္တရာယ်ကိုလက်သင့်ခံနိုင်တဲ့အဆင့်ထိ ထိန်းထားဖို့လိုပါတယ်။ နိုင်ငံတစ်နိုင်ငံက ကာကွယ်မှုအဆင့်ကို လက်ခံနိုင်တဲ့ အဆင့်အထိပြဋ္ဌာန်းထားရင် WTO အဖွဲ့ဝင်နိုင်ငံတွေက တခြားနိုင်ငံတွေရဲ့ အစားအစာလုံခြုံရေးအစီအမံတွေကို လေးစားလိုက်နာရမှာဖြစ်ပါတယ်။ အစီအမံသစ်တွေကို မပြဋ္ဌာန်းမီ WTO ကနေတစ်ဆင့် ပုံမှန်အကြောင်းကြားချက်ကိုပြုလုပ်ရမှာ ဖြစ်ပါတယ်။ တခြားနိုင်ငံတွေက ဝေဖန်ချက်တွေပေးနိုင်ဖို့လည်း အချိန်ပေးရပါမယ်။

စက်မှုဖွံ့ဖြိုးပြီးနိုင်ငံတွေနဲ့ နှိုင်းယှဉ်ရင် ဖွံ့ဖြိုးဆဲနိုင်ငံတွေက အစားအစာ ဘေးကင်းလုံခြုံမှုစည်းမျဉ်းဥပဒေတွေကို အကောင်အထည်ဖော်ရာမှာ တင်းကျပ်မှုနည်းတဲ့အတွက် ယေဘုယျအားဖြင့် SPS သဘောတူညီချက်က ပွင့်လင်းမြင်သာမှုကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်း၊ တစ်ပြေးညီဖြစ်မှုကို မြှင့်တင်ခြင်းနဲ့ သိပ္ပံနည်းကျဖြစ်တဲ့မျှတမှုပေးစွမ်းနိုင်တဲ့ အစီအမံကို အကောင်အထည်ဖော်ခြင်းဖြင့် ကုန်သွယ်မှုကို လွယ်ကူချောမွေ့မှုရှိ အောင်အထောက်အကူဖြစ်စေရပါ မယ်။ ဒါပေမယ့် ပြုပြင်ပြောင်းလဲထားတဲ့ နယ်ပယ်မှာ ဖွံ့ဖြိုးဆဲနိုင်ငံတွေက ထိထိရောက်ရောက်ဆောင်ရွက်နိုင်မှုအပေါ် မှာ အများကြီးမူတည်နေပါတယ်။ SPS အစီအမံတွေနဲ့ ကိုက်ညီအောင် အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ဖွံ့ဖြိုးဆဲနိုင်ငံတွေ ရင်ဆိုင်နေရတဲ့ ပြဿနာတွေကိုအသိအမှတ်ပြုပြီး လွယ်ကူချောမွေ့မှုရှိအောင် ဆောင်ရွက်ပေးပါတယ်။

ထို့ပြင် သီးခြားဆောင်ရွက်ဖို့ လိုအပ်ရင်လည်း ဆောင်ရွက်ခွင့်တွေ ပေးထားပါတယ်။ အစားအစာ ဘေးကင်းလုံခြုံရေးနဲ့ SPS အစီအမံတွေကိုချမှတ်တဲ့အခါ ဖွံ့ဖြိုးဆဲနိုင်ငံတွေ အထူးသဖြင့် ဖွံ့ဖြိုးမှုအနည်းဆုံးဖြစ်နေတဲ့နိုင်ငံတွေရဲ့ လိုအပ်ချက်တွေကို ထည့်သွင်းစဉ်းစားဖို့ အဖွဲ့ဝင်နိုင်ငံတွေကို ညွှန်ကြားထားပါတယ်။

ဖွံ့ဖြိုးဆဲနိုင်ငံတွေအတွက် အကောင်အထည်ဖော်ရေးပြဿနာတွေကို WTO ရဲ့ ၂၀၀၁ ခုနှစ် ဒိုဟာအစည်းအဝေးမတိုင်ကတည်းက စေ့စပ်ညှိနှိုင်းခဲ့ကြပါတယ်။ ဒီညှိနှိုင်းမှုတွေမှာ ပါဝင်သူတွေက (၁) နိုင်ငံအသီးသီးမှာ တူညီတဲ့စည်းမျဉ်းဥပဒေတွေ ပြဋ္ဌာန်းနိုင်ဖို့အတွက် ကောင်းမွန်တဲ့ လမ်းညွှန်ချက်တွေ လိုအပ်တယ်ဆိုတဲ့ အချက်ကိုလည်းကောင်း (၂) စံနှုန်းသတ်မှတ်ရာတွင် ပါဝင်ဆောင်ရွက်ရေးကိုအားပေးရန် ဖွံ့ဖြိုးဆဲနိုင်ငံတွေက အဓိက အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများထံမှ အကူအညီရယူဖို့ လိုတယ်ဆိုတဲ့အချက်ကိုလည်းကောင်း (၃) အပြည်ပြည်ဆိုင်ရာစံနှုန်းသတ်မှတ်ရေးအဖွဲ့အစည်းများတွင် အလွယ်တကူပါဝင်နိုင်ရေးအတွက် ဖွံ့ဖြိုးဆဲနိုင်ငံတွေက ငွေကြေးနဲ့ နည်းပညာ အကူအညီရယူဖို့ လိုတယ်ဆိုတဲ့ အချက်ကိုလည်းကောင်း သဘောတူညီခဲ့ကြပါတယ်။

## လိုက်နာဆောင်ရွက်ရာမှာ ကြုံတွေ့ရတဲ့အဟန့်အတားများ

ပို့ကုန်ဈေးကွက်တွေမှာနဲ့ SPS သဘောတူညီချက်တွေမှာပါဝင်တဲ့ စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်တွေနဲ့ ညီညွတ်ဖို့အတွက် ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ အစားအစာဘေးကင်းလုံခြုံရေး စွမ်းရည်တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်မယ်ဆိုရင် ရင်းနှီးမြှုပ်နှံမှု အထိုက်အလျောက် လိုအပ်မှာဖြစ်ပါတယ်။

ကမ္ဘာ့ကုန်သွယ်မှုမှာ အသုံးပြုတဲ့ စံနှုန်းတွေကို စက်မှုဖွံ့ဖြိုးပြီးနိုင်ငံတွေက အများကြီး ချမှတ်ထားတဲ့အတွက် ဒီသတ်မှတ်ချက်တွေကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံတွေအပေါ် မှာ ဝန်ထုပ်ဝန်ပိုးတွေ ကျရောက်လျက်ရှိပါတယ်။ ထို့မျှမ ကလောလောဆယ်ကာလမှာ အစားအစာ ဘေးကင်းလုံခြုံရေး အစီအမံတွေကနေ သူတို့ပို့ကုန်တွေကို အကာအကွယ်ပေးနိုင်ဖို့အတွက်သော် လည်းကောင်း သွင်းကုန်လုပ်ငန်းတွေမှာ လိုအပ်တဲ့ သတ်မှတ်ချက်တွေကို ချမှတ်ဖို့အတွက်သော် လည်းကောင်း၊ SPS သဘောတူညီချက်ပါ ပြဋ္ဌာန်းချက်တွေကို ထုတ်ယူသုံးစွဲဖို့အတွက် ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ အင်အားမရှိတာကို တွေ့ရပါတယ်။

ထိရောက်တဲ့ အစားအစာဘေးကင်းလုံခြုံရေးထိန်းချုပ်မှုတွေကို အကောင်အထည်ဖော်နိုင်တဲ့စွမ်းရည်က ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ လယ်ယာစိုက်ပျိုးရေးနဲ့ အစားအစာပို့ကုန်တွေအတွက် အလွန်အရေးပါပါတယ်။ ဥပမာအားဖြင့် တင်သွင်းတဲ့နိုင်ငံတွေက အစားအစာထုတ်ကုန်တွေကိုထုတ်လုပ်ရာမှာ သန့်ရှင်းရေးနဲ့ ပတ်သက်တဲ့ စံနှုန်းနဲ့ ကိုက်ညီကြောင်းနဲ့ သစ်သီးနဲ့ ဟင်းသီးဟင်းရွက်တွေမှာ ပိုးသတ်ဆေးကြွင်းတွေ လွန်လွန်ကဲကဲ မရှိကြောင်း အာမခံချက်ပေးနိုင်ဖို့ လိုအပ်ပါတယ်။

ပို့ကုန်တင်ပို့တဲ့နိုင်ငံက သတ်မှတ်ချက်တွေအတိုင်း လိုက်နာဆောင်ရွက်ဖို့နဲ့ သတ်မှတ်ချက်တွေအတိုင်း ဆောင်ရွက်ပြီးဖြစ်ကြောင်း သက်သေပြနိုင်ဖို့လို အပ်ပါတယ်။ အခြေခံကျတဲ့သိပ္ပံနဲ့ နည်းပညာဆိုင်ရာ အခြေခံအဆောက်အအုံရှိဖို့ဆိုတာ အရေးကြီးသလို အုပ်ချုပ်မှုအတွက် ဖွဲ့စည်းတည်ဆောက်ပုံ၊ စီမံခန့်ခွဲမှု၊ ဘဏ္ဍာရေးနဲ့ လူသားအရင်းအမြစ်မတည်ရင်းနှီးမှုကလည်း အရေးပါတဲ့ အခြေခံအစိတ်အပိုင်းတွေ ဖြစ်ပါတယ်။ တကယ်တော့ စွမ်းဆောင်ရည်ပြည့်ဝတဲ့ စီမံခန့်ခွဲမှု သို့မဟုတ် ရေရှည်တည်တံ့နိုင်မယ့် အရင်းအမြစ်တွေက အစားအစာ ဘေးကင်းလုံခြုံရေးထိန်းချုပ်မှုတွေအတွက် အရေးတကြီးလိုအပ်တယ်ဆိုတာကို နိုင်ငံအများအပြားရဲ့ အတွေ့အကြုံတွေ အရသိရပါတယ်။

အမျိုးသား အစားအစာဘေး အန္တရာယ်ကင်းရှင်းရေးကိစ္စကို ဆွေးနွေးရာမှာ ပုဂ္ဂလိကကဏ္ဍ၏ အခန်းကဏ္ဍကို မကြာခဏမျက်ကွယ်ပြုထားကြပါတယ်။

ဒါပေမယ့် အစားအစာဘေးကင်းလုံခြုံရေးအတွက် လိုအပ်ချက်တွေ ကိုဖြည့်ဆည်းပေးတာက ပုဂ္ဂလိက ထုတ်လုပ်သူတွေရဲ့ အရေးယူဆောင်ရွက်ပေးနိုင်မှုကြောင့် ရရှိတာဖြစ်ပါ တယ်။

နမူနာတစ်ခုမှာ ဓာတ်ခွဲခန်း စမ်းသပ်ရေး အထောက်အကူပစ္စည်းများအတွက် ရင်းနှီးမြှုပ်နှံမှုဖြစ်ပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံ အတော်များများမှာ ပုဂ္ဂလိက ကဏ္ဍကကိုယ်ပိုင်ဓာတ်ခွဲခန်းတွေ ထူထောင်ထားကြပါတယ်။ အစိုးရ ရဲ့ စွမ်းဆောင်ရည်နယ်ပယ်က SPS ပြဋ္ဌာန်းချက်တွေကိုဖြည့်ဆည်းနိုင်လောက်အောင် လုံလောက်မှုမရှိတဲ့အတွက် တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့အစည်းအလိုက်ဖြစ်စေ စမ်းသပ်ခန်းတွေ ထားရှိတတ်ပါတယ်။

ဖွံ့ဖြိုးဆဲနိုင်ငံ အတော်များများ မှာ အစိုးရဝန်ကြီးဌာနတွေ၊ ဌာနခွဲတွေနဲ့ အေဂျင်စီတွေက အစားအစာ ဘေးကင်းလုံခြုံရေးကိစ္စကို ဆောင်ရွက်တတ်ကြပါတယ်။ ထို့ပြင် ဒီလိုအစိုးရအဖွဲ့အစည်းတွေရဲ့ တာဝန်တွေကို ပြတ်ပြတ်သားသား သတ်မှတ်ထားခြင်းမရှိတဲ့အတွက် လုပ်ငန်းတာဝန်အချင်းချင်း ရောရောနှောနှော ဖြစ်နေတတ်ပါတယ်။ ဆက်သွယ်ရေးနဲ့ ပေါင်းစပ်ညှိနှိုင်းမှုတွေ ညံ့ဖျင်းတာကလည်း ပြဿနာတစ်မျိုးပါပဲ။ အကျိုးဆက်အားဖြင့် အစားအစာဘေးကင်းလုံခြုံရေး လိုအပ်ချက်တွေအတွက် စီမံအုပ်ချုပ်မှုဆိုင်ရာ တုံ့ပြန်မှုကို နှေးကွေးစေနိုင်ပါတယ်။ ဒါကြောင့်လည်း အစားအစာ ဘေးကင်းလုံခြုံစေရေး လိုအပ်ချက်တွေကိုအချိန်မီ ဆက်သွယ်ပေးနိုင်တဲ့တိုင်အောင် နောက်ဆုံးအခြေအနေကို လိုက်မီအောင်ကြိုးစားဆောင်ရွက်ရာမှာ အပြင်းအထန်ရုန်းကန်ဆောင်ရွက်နေရတဲ့ နိုင်ငံတွေရှိနေပါတယ်။

## သုံးသပ်ချက်

အစားအစာဘေးကင်းလုံခြုံရေး စည်းမျဉ်းစည်းကမ်းတွေနဲ့ စံနှုန်းတွေက လယ်ယာစိုက်ပျိုးရေးနဲ့ အစားအစာထုတ်ကုန်တွေအတွက် ဈေးကွက် အထူးသဖြင့် ဖွံ့ဖြိုးပြီးနိုင်ငံအတွင်းရှိ ဈေးကွက်ကို ချိတ်ဆက်ရာမှာ ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ စွမ်းဆောင်ရည်ကို တစ်စတစ်စ လွှမ်းမိုးလျက်ရှိနေပါတယ်။

ဖွံ့ဖြိုးဆဲနိုင်ငံအများအပြားက ဆောင်ရွက်နေတဲ့ ခေတ်နောက်ကျနေတဲ့ အစားအစာဘေးကင်းလုံခြုံရေး ထိန်းချုပ်မှုတွေက ပြည်တွင်းကလူတွေအတွက် အကာအကွယ်ပေးနိုင်ကောင်း ပေးပါလိမ့်မယ်။ ဒါပေမယ့် ပို့ကုန်ဈေးကွက်လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်မှာ မဟုတ်ပါဘူး။ ဒါ့ပြင် ဖွံ့ဖြိုးဆဲနိုင်ငံတွေက ကမ္ဘာ့အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေး စံနှုန်းတွေ သတ်မှတ်ဖို့ဆောင်ရွက်နေပြီး အမျိုးသားအစီအမံတွေအကောင်အထည်ဖော်ရေးအတွက် စည်းမျဉ်းစည်းကမ်းတွေ ချမှတ်ဆောင်ရွက်နေတဲ့ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတွေမှာ ပါဝင်နိုင်စွမ်းမရှိပါဘူး။ ဒါပေမယ့် ပြောင်းလဲနေတဲ့ အစားအစာဘေးကင်းရေး စံနှုန်းတွေကို ပြည့်စုံအောင်ဖြည့်ဆည်းပေးနိုင်ဖို့ ရင်းနှီးမြှုပ်နှံဆောင်ရွက်တဲ့ နိုင်ငံတွေ သို့မဟုတ် ပုဂ္ဂလိကဖြန့်ဖြူးသူတွေက မဟာဗျူဟာမြောက် အကျိုးခံစားခွင့်တွေ ခံစားနိုင်မှာဖြစ်ပါတယ်။

ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ အစားအစာနဲ့ ဘေးကင်းလုံခြုံရေးလုပ်ငန်းတွေ တိုးတက်ကောင်းမွန်စေရေးအတွက် ကုလသမဂ္ဂစားနပ်ရိက္ခာနဲ့ လယ်ယာစိုက်ပျိုးရေးအဖွဲ့၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နဲ့ ကမ္ဘာ့ဘဏ်တို့အပါအဝင် အစိုးရအချင်းချင်းဆက်သွယ်ရေး အေဂျင်စီတွေနဲ့အမျိုးသားအဆင့် အလှူရှင်တွေက နည်းပညာအကူအညီတွေ ပံ့ပိုးပေးလျက်ရှိပါတယ်။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့လက်အောက်ခံ SPS ကော်မတီကဒီဆောင်ရွက်မှုတွေကိုလေ့လာစောင့်ကြည့်လျက်ရှိပြီး ဖွံ့ဖြိုးပြီးနိုင်ငံတွေကို ဆက်သွယ်နိုင်မယ့် လမ်းကြောင်းတွေကတစ်ဆင့် လုပ်ငန်းအကောင်အထည်ဖော်ရေးယန္တရားတွေကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

SPS သဘောတူညီချက်ကို လိုက်နာဆောင်ရွက်ရေးနဲ့ WTO အဖွဲ့ဝင် နိုင်ငံတွေက SPS သဘောတူညီ ချက်ကိုလိုက်နာကျင့်သုံးမှုနဲ့ ပတ်သက်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ စိုးရိမ်ပူပန်မှုတွေ သက်သာရာရစေဖို့အတွက် ကော်မတီကကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ သူတို့ရဲ့လှုပ်ရှားမှုတွေမှာ ဖွံ့ဖြိုးဆဲနိုင်ငံတွေ တိုးတက်ပါဝင်လာစေရေးအတွက် အပြည်ပြည်ဆိုင်ရာ အဆင့်အတန်း သတ်မှတ်ရေးအဖွဲ့အစည်းတွေက နည်းလမ်းတွေရှာဖွေလျက်ရှိပါတယ်။

ဒါပေမယ့် နိုင်ငံအများအပြားမှာ အစားအစာ ဘေးကင်းလုံခြုံရေး ဆောင်ရွက်မှုတွေက အပြည်ပြည်ဆိုင်ရာစံနှုန်းတွေနဲ့ အလွန်ဝေးကွာနေဆဲဖြစ်ပြီး အစားအစာ ဘေးကင်းလုံခြုံရေးလိုအပ်ချက်တွေက စက်မှုဖွံ့ဖြိုးပြီးနိုင်ငံတွေရဲ့ ဈေးကွက်တွေကိုဝင်ရောက်ရာမှာ သိသာထင်ရှားတဲ့အတားအဆီးတွေအဖြစ် တည်ရှိနေဆဲ ဖြစ်ပါတယ်။

Ref:"Food Safety Issues in International Trade" by. Spencer Henson.



# မြန်မာ့သရက်သီးပွဲတော်

## (Myanmar Mango Festival 2015) ကျင်းပ

မြန်မာ့သရက်သီးပွဲတော် (Myanmar Mango Festival 2015) ဖွင့်ပွဲအခမ်းအနားကို မေလ ၂၃ ရက် နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ် မင်းနန္ဒာလမ်းရှိ ရွှေပုစွန်ခန်းမ၌ ကျင်းပခဲ့ရာ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊ နိုင်ငံတော်သမ္မတအကြံပေး ပုဂ္ဂိုလ် ဒေါက်တာစိန်လှဘို၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း၊ ဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ German International Organization (GIZ) မှ Country Director နှင့် JETRO (Myanmar) ရုံးမှ တာဝန်ရှိသူများ၊ သရက်သီး စိုက်ပျိုးထုတ်လုပ်သည့်လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြပါသည်။

သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချခြင်းမှ ပြည်ပဝင်ငွေရရှိမှုမှာ ဘဏ္ဍာနှစ်အလိုက် တိုးတက်လျက်ရှိပါကြောင်း၊ အထူးသဖြင့် မြန်မာ့သရက်သီးတင်ပို့မှုမှ နှစ်စဉ်ပြည်ပဝင်ငွေ တိုးတက်ရရှိလျက်ရှိပါကြောင်း၊ သရက်သီး အိတ်စွပ်နည်းပညာနှင့် ထုပ်ပိုးမှု အရည်အသွေးကောင်းမွန် တိုးတက်လာမှုကြောင့် ဈေးကွက်လက်ခံပြီး ဈေးနှုန်းမှာလည်း ပိုမိုရရှိလာပါကြောင်း၊ ဆေးတို့ခြင်း၊ ဆေးထိုးခြင်း စသည့် မသမာသောနည်းလမ်းများကို ဝိုင်းဝန်းထိန်းသိမ်းကြပ်မတ်ဖို့လိုအပ်ပြီး ဩဂဲနစ်နည်းပညာနှင့် ထုတ်လုပ်ရောင်းချရေးအား တွန်းအားပေးဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း၊ လက်ရှိ တရုတ်ဈေးကွက်သို့ အဓိကတင်ပို့လျက်ရှိသော်လည်း အနာဂတ်ကာလများ၌ အာရှနိုင်ငံများနှင့် ဥရောပနိုင်ငံများသို့ပါ ဈေးကွက်ဖြန့်ကျက်နိုင်အောင် ဝန်ကြီးဌာနအနေဖြင့် ဈေးကွက်အသစ်များ ရှာဖွေသွားမည်ဖြစ်ပါကြောင်း၊ နည်းပညာ အကူအညီများ ပံ့ပိုးပေးသည့် (GIZ) နှင့် ဈေးကွက်ဖြန့်ကြက်ရေးအတွက် ကူညီပံ့ပိုးပေးသည့် JETRO စသည့် နိုင်ငံတကာအဖွဲ့အစည်းများကိုလည်း ကျေးဇူးတင်ရှိပါကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်က ဖွင့်ပွဲအမှာတရားစကားပြောကြားခဲ့ပါသည်။

ထို့နောက် သရက်သီးအမျိုးအစားအလိုက် ဆုရရှိသူများအား တာဝန်ရှိသူများမှ ဆုများပေးအပ်ခဲ့ကြပါသည်။ အဆိုပါ သရက်သီးပွဲတော်၌ အလုပ်ရုံဆွေးနွေးပွဲကိုပါ ထည့်သွင်းကျင်းပခဲ့ရာ မြန်မာနိုင်ငံမှ ပညာရှင်များ၊ GIZ နှင့် နိုင်ငံတကာမှ ပညာရှင်များမှ ဆွေးနွေးပို့ချခဲ့ပြီး ဆွေးနွေးပွဲကာလမှာ မေလ ၂၃ ရက်မှ ၂၅ ရက်နေ့အထိကျင်းပခဲ့ကြောင်း သိရှိရပါသည်။ USM

➲ စာမျက်နှာ ၃ မြန်မာ့ရွှေသတ္တုဗဟိုဈေးကွက်ဖြစ်မြောက်ရေး . . . သတင်းမှအဆက်

အဟန့်အတားများနှင့် အဆင်မပြေမှုများကို လက်တွေ့ကျကျ ဖြေရှင်းနိုင်ရေးအတွက် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ ရွှေလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာတွင် ဆောင်ရွက်လျက်ရှိသည့် အာမခံချက်အပြည့်ရှိသော ရောင်းဝယ်မှုပုံစံကို တည်ဆောက်သွားရမှာဖြစ်ကြောင်း၊ မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း၏ အစီအမံဖြင့်ဆောင်ရွက်မည့် Gold Central Market ကို စနစ်တကျ စီမံအကောင်အထည်ဖော်နိုင်ပါက တန်ဖိုးမြှင့်သတ္တုထုတ်ကုန်များ၊ တွင်းထွက်သယံဇာတများ ရောင်းဝယ်ဖောက်ကားလဲလှယ်နိုင်မည့် မြန်မာနိုင်ငံ၏ တစ်ခုတည်းသော ရွှေနှင့် သတ္တုဗဟိုဈေးကွက်စင်တာကြီးတစ်ခု ပေါ်ထွန်းလာမှာဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ရွှေသတ္တု ရောင်းဝယ်ဖောက်ကားလာသူများကို နိုင်ငံတကာနှင့်တန်းတူ ရင်ပေါင်တန်း၍ ရောင်းဝယ်ဖောက်ကားနိုင်ပြီး၊ ရွှေလောကဖွံ့ဖြိုးတိုးတက်စေရန် ဝိုင်းဝန်းအကောင်အထည်ဖော်ပေးကြရန် လိုအပ်ကြောင်း၊ အသင်းတာဝန်ရှိသူများအနေဖြင့် မိမိလုပ်ငန်းကဏ္ဍတွင် ပါဝင်ဆောင်ရွက်နေကြသူအားလုံးကို ထိရောက်မှန်ကန်သည့် ဦးဆောင်မှုပေးပြီး အပြန်အလှန်ပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းကာ စည်းလုံးညီညွတ်မှုဖြင့် လုပ်ငန်းများ အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် နိုင်ငံတော်အနေဖြင့် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိက ကဏ္ဍကို လွတ်လပ်စွာဆောင်ရွက်ခွင့်ပြုထားပြီးဖြစ်ရာ အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်း၍ Public Private Patnership ဆောင်ရွက်မှသာ ပိုမိုအောင်မြင်မှုရရှိနိုင်မည်ဖြစ်ကြောင်းနှင့် လိုအပ်သည့်ပံ့ပိုးကူညီမှုများအား အစိုးရဌာနများအပိုင်းမှ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်အသင်း ဥက္ကဋ္ဌ ဦးသူတော်က မြန်မာနိုင်ငံ၏ ရွှေနှင့်သတ္တုဈေးကွက်ဖွံ့ဖြိုးတိုးတက် စေရန်နှင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဆောင်ရွက်သွားနိုင်ရန်အတွက် အသင်းဝင်အားလုံးက ကြိုးပမ်းဆောင်ရွက်သွားရန်နှင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပပြုလုပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး၊ သတ္တုတွင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းထိန်နှင့် အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်တို့က ဌာနဆိုင်ရာ လုပ်ငန်းရှင်များနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးကြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် တက်ရောက်လာကြသူများအား အဖွဲ့ ငါးခုခွဲ၍ ပြည်တွင်းပြည်ပဈေးကွက်ဆိုင်ရာ ကိစ္စများ၊ ရောင်းဝယ်မှုစနစ်နှင့် ဈေးကွက်တည်ဆောက်ပုံကိစ္စများ၊ စံချိန်စံညွှန်းသတ်မှတ်ချက်များဆိုင်ရာ ကိစ္စများကို အသေးစိတ်ဆွေးနွေးဖော်ထုတ်ခဲ့ကြပြီး၊ ဆွေးနွေးပွဲရလဒ်များအပေါ် မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း တာဝန်ရှိသူများက ပြန်လည်သုံးသပ်တင်ပြဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

## ပြောင်း



### ပြောင်းတင်ပို့မှု လျော့ကျပေမယ့် ပြောင်းဈေးအနည်းငယ်တက်

မေလ တတိယပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၄ ဒသမ ၄၀၀ သန်း တန်ဖိုးရှိ ပြောင်း ၁၅၁၇၁ တန်နဲ့ ကန်ပိုက်တီးနယ်စပ်ကုန်သွယ်ရေးမှ ကန်ဒေါ်လာ သုည ဒသမ ၁၃၅ သန်း တန်ဖိုးရှိ ပြောင်း ၄၅၀ တန်ခွဲ တင်ပို့ခဲ့ပါတယ်။

ယခင်သီတင်းပတ်က မူဆယ်၊ လွယ်ဂျယ်နဲ့ကန်ပိုက်တီးမှ ပြောင်းတန်ချိန် ၂၂၀၉၆ တန်ကျော်ထိ တင်ပို့နိုင်ခဲ့တဲ့အတွက် ယခု တစ်ပတ်တွင် ပြောင်းတင်ပို့မှု ၆၄၇၅ တန်ကျော် လျော့နည်းသွားခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာတော့ ယခင်တစ်ပတ်က ပြောင်းတစ်တန်ကို ၃၀၇၈၁၈ ကျပ်ရှိခဲ့ပြီး ယခုတစ်ပတ်မှာတော့ ၃၁၈၇၇၂ ကျပ်သို့ ဈေးအနည်းငယ် ပြန်လည်မြင့်တက်လာခဲ့ပါတယ်။မူဆယ်ကုန်စည်ဒိုင်မှာ ပြောင်းသီးနှံအနေနဲ့ တရုတ်ဝယ်လက်ဈေးအမြင့်သာရှိခဲ့ပြီး လက်ကျန်ပြောင်းတွေကိုလည်း ပုံမှန်အဝယ်ရှိခဲ့တယ်လို့သိရပါတယ်။

**မော်မော်အောင်**

## တစ်သျှူးငှက်ပျော

### တစ်သျှူးငှက်ပျော တရုတ်ပြည်သို့ တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ ကန်ပိုက်တီး နယ်စပ်ကုန်သွယ်ရေးစခန်းမှ မေလ ၁၆ ရက်မှ ၂၅ ရက်တာ ကာလအတွင်း ကန်ဒေါ်လာ ၁၂၉၃၉၀၀ တန်ဖိုးရှိတစ်သျှူးငှက်ပျော တန်ချိန် ၃၅၀၀ ကို တင်ပို့ခဲ့ပါတယ်။ ကချင်ပြည်နယ်ရဲ့ ဒေသထွက်တစ်သျှူးငှက်ပျောကို ဧပြီလ နောက်ဆုံးပတ်က ၁၂၂၅ တန် တင်ပို့ခဲ့ရာ မိမိဘက်ပေါက်ဈေး တစ်တန်ကို ၁၇၀၀၀၀ ကျပ်ရှိခဲ့ရာမှ ယခုမေလတင်ပို့မှုမှာတော့ ငွေလဲနှုန်းအရ တစ်တန်ကို ကျပ် ၄ သိန်းထိ ဈေးရရှိခဲ့တယ်လို့ ကန်ပိုက်တီးစခန်းမှ သိရပါတယ်။

**မော်မော်အောင်**

## သီဟိုဠ်စေ့

### မူဆယ်၊ မြဝတီနဲ့ ကော့သောင်းကုန်သွယ်ရေးစခန်းများမှ သီဟိုဠ်စေ့ ၁၁၃ တန်ခန့် တင်ပို့

မူဆယ်ကုန်သွယ်ရေးဇုန်၊ မြဝတီကုန်သွယ်ရေးဇုန်နဲ့ ကော့သောင်းကုန်သွယ်ရေးစခန်းများက ၂၀၁၅ ခုနှစ် မေလ ၁ ရက်မှ ၂၂ ရက်အထိ ကန်ဒေါ်လာ သုည ဒသမ ၈၂၆ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၁၁၃ တန်ခန့် တင်ပို့နိုင်ခဲ့ပါတယ်။

စခန်းအလိုက်တင်ပို့မှုများမှာ မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ်ကုန်သွယ်ရေးဇုန်က ကန်ဒေါ်လာ သုည ဒသမ ၇၂၁ သန်း တန်ဖိုးရှိ သီဟိုဠ်စေ့ ၉၉ တန်ခန့် တင်ပို့နိုင်ခဲ့ပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိ ကော့သောင်းကုန်သွယ်ရေးစခန်းက ကန်ဒေါ်လာ သုည ဒသမ ၀၇၇ သန်း တန်ဖိုးရှိ သီဟိုဠ်စေ့ ၁၀ တန်ကျော် တင်ပို့နိုင်ခဲ့ပြီး၊ မြဝတီကုန်သွယ်ရေးဇုန်က ကန်ဒေါ်လာ သုည ဒသမ ၀၂၈ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၄ တန် တင်ပို့နိုင်ခဲ့ပါတယ်။ ယခုတစ်ပတ်မှာတော့ မူဆယ်နဲ့ ကော့သောင်းနယ်စပ်များမှ သီဟိုဠ်စေ့ တင်ပို့နိုင်ခြင်းမရှိခဲ့ပေမယ့် မြဝတီနယ်စပ်မှ သီဟိုဠ်စေ့ ၄ တန် တင်ပို့ နိုင်ခဲ့ပါတယ်။

**ခင်မြနွယ် MIRT**

## ရော်ဘာ

### မြန်မာ့ရော်ဘာကို နိုင်ငံစုံသို့ တင်ပို့

မေ ၁၇ ရက်မှ ၂၃ ရက်ထိ ကာလအတွင်းမှာ ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ မလေးရှား၊ တရုတ်၊ စင်ကာပူနဲ့ ဂျပန်နိုင်ငံများသို့ ကန်ဒေါ်လာ ၁ ဒသမ ၅၃၅ သန်းဖိုးရှိ ရော်ဘာ ၁၁၉၁ တန်တင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ နိုင်ငံစုံသို့ တင်ပို့နိုင်သလိုတင်ပို့တဲ့ တန်ချိန်လည်းပိုမိုလာပါတယ်။ ယခင်တစ်ပတ်က ၇၇၁ တန်သာ တင်ပို့ခဲ့တဲ့အတွက် တန် ၄၂၀ ခန့်ပိုမိုတင်ပို့လာနိုင်တာဖြစ်ပါတယ်။

နိုင်ငံအလိုက် တင်ပို့မှုတွေကတော့ မလေးရှားနိုင်ငံကို RSS-3 ၅၇၅ တန်နဲ့ MSR 20 ၂၇၂ တန်၊ တရုတ်နိုင်ငံကို MSR 20 တန်၁၁၀ ၊ စင်ကာပူနိုင်ငံကို MSR 20 ၁၉၆ တန်နဲ့ ဂျပန်နိုင်ငံကို MSR 20 ၃၈ တန် အသီးသီးတင်ပို့ခဲ့တာဖြစ်ပါတယ်။

ယခုတစ်ပတ်မှာ နိုင်ငံတကာရော်ဘာပေါက်ဈေးများ အတက်အကျ သိပ်မရှိပါဘူး။ ဒါ့ကြောင့် ပြည်ပပို့မဲ့ မြန်မာ့ရော်ဘာများရဲ့ FOB ဈေးနှုန်းကိုလည်း ယခင်တစ်ပတ်ဈေးအတိုင်း မပြောင်းလဲဘဲ မြန်မာနိုင်ငံရော်ဘာ စိုက်ပျိုးထုတ်လုပ်သူများအသင်းမှ ဈေးနှုန်းထုတ်ပြန်ထားပါတယ်-

| | | |
|---|---|---|
| RSS 1 | တစ်တန်လျှင် | ဒေါ်လာ ၁၄၅၀-၁၅၅၀ |
| RSS 2 | တစ်တန်လျှင် | ဒေါ်လာ ၁၄၀၀-၁၅၀၀ |
| RSS 3 | တစ်တန်လျှင် | ဒေါ်လာ ၁၃၅၀-၁၄၅၀ |
| RSS 4 | တစ်တန်လျှင် | ဒေါ်လာ ၁၃၀၀-၁၄၀၀ |
| RSS 5 | တစ်တန်လျှင် | ဒေါ်လာ ၁၂၅၀-၁၃၅၀ |
| MSR 10 | တစ်တန်လျှင် | ဒေါ်လာ ၁၃၅၀-၁၄၅၀ |
| MSR 20 | တစ်တန်လျှင် | ဒေါ်လာ ၁၃၀၀-၁၄၀၀ |
| MSR 50 | တစ်တန်လျှင် | ဒေါ်လာ ၁၂၀၀-၁၃၀၀ |
| Crepe Rubber | တစ်တန်လျှင် | ဒေါ်လာ ၁၁၅၀-၁၂၅၀ |
| Concentrate | တစ်တန်လျှင် | ဒေါ်လာ ၁၀၅၀-၁၁၅၀ |
| Latex 60% DRC | | |

**ယဉ်ယဉ်အေး**

### ကုန်သွယ်ရေးစခန်းစုံမှ ရော်ဘာအဆင့်စုံတင်ပို့

မေလတတိယပတ်ဖြစ်တဲ့ ၁၆ ရက်နေ့မှ ၂၂ ရက်နေ့ထိကာလအတွင်းမှာ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်၊ မြိတ်နဲ့ တာချီလိတ်ကုန်သွယ်ရေးစခန်းများမှ ကန်ဒေါ်လာ ၂ ဒသမ ၆၇၆ သန်းတန်ဖိုးရှိ ရော်ဘာအဆင့်စုံ ၁၉၇၈ တန်ကျော် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်ကတော့ မူဆယ် (၁၀၅) မိုင်တစ်ခုတည်းမှသာ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၅၈၁ တန်ကျော်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

စခန်းအလိုက် တင်ပို့နိုင်မှုတွေကတော့ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ RSS-1 ၃၉ တန်နီးပါး၊ RSS-3 ၈၁၂ တန်ကျော်၊ MSR-20 ၁၈၆ တန်နဲ့ MSR-50 ၁၇ တန်၊ လွယ်ဂျယ်မှ RSS-3 ၄၅ တန်နဲ့ ချင်းရွှေဟော်မှ RSS-3 ၆၄၉ တန်၊ မြိတ်စခန်းမှ RSS-3 တန် ၁၀၀ နဲ့ MSR-20 တန် ၃၀ ၊ တာချီလိတ်စခန်းမှ Latex 60% DRC တန် ၁၀၀ ဖြစ်ပါတယ်။

ယခုတစ်ပတ်မှာ မြန်မာ့ရော်ဘာဈေး ပြန်လည်မြင့်တက်လာတာတွေ့ရပါတယ်။ ယခင်တစ်ပတ်က RSS-3 တစ်တန်လျှင် ၁၄၅၂၁၄၈ ကျပ်ရှိရာမှ ယခုတစ်ပတ်မှာ ၁၅၀၃၈၂၆ ကျပ်သို့ မြင့်တက်လာကြောင်း မူဆယ်ကုန်စည်ဒိုင်မှ ထုတ်ပြန်တဲ့ ဈေးနှုန်းများအရ သိရှိရပါတယ်။

**ယဉ်ယဉ်အေး**

## အိန္ဒိယမှ ခရမ်းချဉ်သီးနဲ့ ချင်း တင်သွင်းခြင်းအား ပါကစ္စတန်နိုင်ငံတားမြစ်

ပြီးခဲ့တဲ့လက ကြက်သွန်နီတင်ပို့မှု လျော့ကျလာပြီးနောက် ပါကစ္စတန်နိုင်ငံသည် Attari- Wagah လမ်းကြောင်းမှ ကုန်တင်ယာဉ်များနဲ့ သယ်ဆောင်လာတဲ့ ပုပ်သိုးပျက်စီးလွယ် ခရမ်းချဉ်သီးနဲ့ ချင်းတင်သွင်းခြင်းကို လက်ခံခြင်းမပြုဘဲ ငြင်းပယ်နေကြောင်း ၊ ရောဂါပိုးမွှားကင်းစင်ပြီး သန့်ရှင်း၍ ကျန်းမာရေးရှုထောင့်ဆိုင်ရာ ပြဿနာ (Quarantine issue) ကြောင့် ငြင်းပယ်နေတယ်လို့ ယူဆရကြောင်း မေ ၂၂ ရက်က tribuneindia .com သတင်းမှာ ဖော်ပြထားပါတယ်။

ယခုလို ငြင်းပယ်လိုက်တဲ့အတွက် အိန္ဒိယပို့ကုန်သမားများဟာ ၎င်းတို့ရဲ့ ခရမ်းချဉ်သီးနဲ့ ချင်းများတင်ပို့မှုကို စတင်ရပ်ဆိုင်းထားလိုက်ပါတယ်။

လွန်ခဲ့တဲ့ နှစ်ရက်ခန့်က ခရမ်းချဉ်သီးကား သုံးစီးကို ပါကစ္စတန်က ငြင်းပယ်ခဲ့ကြောင်း၊ ပို့ကုန်သမားများအနေနဲ့ တွေ့ဆုံဆွေးနွေးပြီး အနာဂတ်မှာ တင်ပို့နိုင်ရေးနည်းလမ်းရှာကြရန်လိုအပ်ကြောင်း ပို့ကုန်လုပ်ငန်းရှင်တစ်ဦးက ပြောပါတယ်။

သီးနှံအထွက်ကောင်းစဉ်က Attari နယ်စပ်ကိုဖြတ်ကျော်ပြီး ပါကစ္စတန်သို့ ခရမ်းချဉ်သီးကား ၅၀ မှ ၇၀ ခန့်ထိ တင်ပို့ခဲ့ရတဲ့အတွက် ပါကစ္စတန်မှာ ယခုအခါ အရန်သီးနှံများလုံလောက်နေပြီဖြစ်ကြောင်း အဆိုပါပို့ကုန်လုပ်ငန်းရှင်က ပြောကြားပါတယ်။

Attari မှ စစ်ဆေးရေးစခန်းက အသွင်းမခံတဲ့ အကြောင်းရင်းကို အတိအကျမသိရသော်လည်း Quarantine ကြောင့်ဖြစ်မယ်လို့ ယူဆကြောင်း ပြောကြားပါတယ်။

ဧပြီလအစောပိုင်းက ပါကစ္စတန်အနေနဲ့ Attari-Wagah ကုန်းလမ်းကြောင်းမှတစ်ဆင့် အိန္ဒိယနိုင်ငံမှ ကြက်သွန်နီတင်ပို့မှုကိုလည်း ငြင်းပယ်ခဲ့ကြောင်း၊ ကရာချိအပင်ပိုးမွှားဌာနအနေနဲ့ သွင်းကုန်ပါမစ်ကို ချမပေးခဲ့ကြောင်း၊ လွန်ခဲ့တဲ့ နှစ်နှစ်ကျော်ကစပြီး အိန္ဒိယမှ ကြက်သွန်နီများ ပါကစ္စတန်သို့ တင်ပို့ခဲ့ပြီး ထိုစဉ်က ကရာချိက သွင်းကုန်ပါမစ် ချပေးတာမဟုတ်ဘဲလာဟိုးက ချပေးခဲ့တာလို့ သိရပါတယ်။

**ဂန္ဓမာ**

# ၂၀၁၅ ခုနှစ် ဧပြီနှင့် မေလအတွင်းပြည်တွင်းဈေးကွက်တွင် ပဲစင်းငုံနီဈေး သိသာစွာမြင့်တက်လာသော်လည်း မတ်ပဲက ပဲစင်းငုံနီထက် ဈေးပိုကောင်း

ကျော်မြင့်

ပဲစင်းငုံသည် Types of dried peas အုပ်စုတွင် ပါဝင်သည်။ အိန္ဒိယ ဈေးကွက်တွင် Tur ဟု၍လည်း ခေါ်ဝေါ်ကြသည်။ မြန်မာ့ ပဲမျိုးစုံနှင့် နှမ်းကုန်သည်ကြီးများအသင်းက ပဲစင်းငုံကို မြန်မာ့ ပဲစင်းငုံ (Myanmar Toor Whole) ဟု သတ်မှတ်ခေါ်ဝေါ်သည်။

ပဲစင်းငုံ၏ ရုက္ခဗေဒအမည် (Botanical name) မှာ Cajanus cajan ဟု ခေါ်ဝေါ်ကြသည်။ မြန်မာနိုင်ငံတွင် ပဲစင်းငုံဟု ခေါ်ဝေါ်သိရှိကြပြီး အများခေါ်ဝေါ်သော အမည် (Common name) မှာ (Pigeon pea) ဖြစ်သည်။ ပဲစင်းငုံကို Goongoo pea, Gunga pea နှင့် Congo pea ဟုလည်း ခေါ်ဝေါ်ကြသေးသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ၂၀၁၂-၂၀၁၃ ခုနှစ် စာရင်းများအရ တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ပဲစင်းငုံဧက ၁၁သိန်း ၅၁ သန်း ကျော်စိုက်ပျိုးကြောင်း သိရှိရသည်။ တစ်နိုင်ငံလုံးပဲမျိုးစုံစုစုပေါင်း စိုက်ဧကမှာ ၁၁ သန်းနီးပါးရှိသဖြင့် ပဲစင်းငုံစိုက်ဧကသည် တစ်နိုင်ငံလုံး ပဲမျိုးစုံ စုစုပေါင်း စိုက်ဧက၏ ၁၄ ရာခိုင်နှုန်းခန့်ရှိသည်။

မြန်မာနိုင်ငံအလယ်ပိုင်းဒေသတွင် စစ်ကိုင်းတိုင်းဒေသကြီးသည် ပဲစင်းငုံကို ဧက ၅ ဒသမ ၂၉ သိန်း အများဆုံးစိုက်ပျိုးကြောင်း သိရှိရသည်။ မန္တလေးနှင့် မကွေး တိုင်းများသည် ဧက ၄ သိန်း ကျော် စိုက်ပျိုးကြသည်။ မြန်မာနိုင်ငံအလယ်ပိုင်း ဒေသစစ်ကိုင်း၊ မန္တလေးနှင့် မကွေးတိုင်းများသည် ပဲစင်းငုံစုစုပေါင်းဧက ၁ ဒသမ ၄ သန်း စိုက်ပျိုးသဖြင့် တစ်နိုင်ငံလုံးစိုက်ပျိုးသည့် ပဲစင်းငုံဧက ၁ ဒသမ ၅၁ သန်း ကျော်တွင် မြန်မာနိုင်ငံအလယ်ပိုင်းဒေသမှ ၉၃ ရာခိုင်နှုန်း ကျော်ပါဝင်သည်။

**ပုံ-၁။ မြန်မာနိုင်ငံအထက်ပိုင်းဒေသနှင့် အိန္ဒိယနိုင်ငံတွင် ပဲစင်းငုံနီစိုက်ချိန်နှင့်ရိတ်သိမ်းချိန် နှိုင်းယှဉ်မှု**

| May | J | J | A | S | O | N | D | J | F |
|---|---|---|---|---|---|---|---|---|---|
| **Pigeon pea (Upper Myanmar)** | | | | | | | | | |
| S | S | G | G | G | G | G | H | H | |
| **India **** | | | | | | | | | |
| S | S | G | G | G | H(Oct-Nov) | | | | |

**www.myiris-commoditywatch

မြန်မာနိုင်ငံတွင် ပဲစင်းငုံကို မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်း ဒေသတွင် အဓိကစိုက်ပျိုးကြသည်။ မိုးရာသီကာလ မေ၊ ဇွန်လများတွင် စိုက်ပျိုးကြသည်။ ဒီဇင်ဘာလတွင် စတင်ရိတ်သိမ်းကြပြီး ဈေးကွက်သို့ အနည်းငယ် စတင်ဝင်ရောက်လာသည်။ ဇန်နဝါရီလတွင် ဈေးကွက်သို့ ဝင်ရောက်မှုများလာသည်။ အိန္ဒိယနိုင်ငံသည် ပဲစင်းငုံကို မေ၊ ဇွန်လများတွင် စိုက်ပျိုးကြပြီး အောက်တိုဘာ၊ နိုဝင်ဘာလ များတွင် ရိတ်သိမ်းကြသည်။ ဒီဇင်ဘာလတွင် ဈေးကွက်သို့ ဝင်ရောက်မှုများလာ သည်။

အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံထက် အချိန်နှစ်လစော၍ ပဲစင်းငုံအသစ် ထွက်ရှိသည်ဆိုသောအချက်ဖြစ်ပါသည်။ ပုံ-၁ ကို ကြည့်ရှုရန် ဖြစ်ပါသည်။

**ပဲစင်းငုံတင်ပို့ရောင်းချမှု။** ကောမတ်စ်ဂျာနယ် အတွဲ ၁၅၊ အမှတ် ၁၆ အရ (၁-၄-၂၀၁၅) မှ (၂၅-၄-၂၀၁၅) နေ့ထိ ပဲစင်းငုံ တန်ချိန် ၁၉၃၁၉ တင်ပို့ပြီးဖြစ်ကြောင်း သိရှိရသည်။ ပြည်ပတင်ပို့ရောင်းချသူများသည် ပဲစင်းငုံနီကို အဓိက စိုက်ပျိုးထွက်ရှိရာဒေသများမှ ရန်ကုန်သို့ သယ်ယူပြီး ရန်ကုန်မှ ပင်လယ်ရေကြောင်း ဖြင့် အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့ရောင်းချကြသည်။

**ပုံ-၁။ ရန်ကုန်ပဲစင်းငုံအနီအပတ်စဉ်ပျမ်းမျှဈေးပြောင်းလဲမှု (၂၀၁၅ ခုနှစ်)**







**ပုံ-၂။ မွမ်ဘိုင်းမြန်မာ့ပဲစင်းငုံအနီအပတ်စဉ် ပျမ်းမျှဈေးပြောင်းလဲမှု (၂၀၁၅ ခုနှစ်)**







ဇာစ်မြစ်။ www.etrademyanmar.com

မွမ်ဘိုင်းတွင်မြန်မာ့ပဲစင်းငုံဈေးသည် ၂၀၁၅ ခုနှစ် ဧပြီလမှမေလထိ ဆက်တိုက်သိသာစွာ ဈေးမြင့်လာခဲ့သောကြောင့် ရန်ကုန်ပဲစင်းငုံသည်လည်း အလားတူဖြစ်ပေါ်ခဲ့သည်။ ပုံ-၁နှင့် ပုံ-၂ ကို လေ့လာကြည့်ရှုရန်ဖြစ်ပါသည်။ မွမ်ဘိုင်းနှင့် ရန်ကုန်တွင် ပဲစင်းငုံဈေးသည် အတက်ဘက်သို့ ဦးတည် (Upward trend) ဖြစ်လာသည်ကို တွေ့မြင်ရမည် ဖြစ်ပါသည်။

ပဲစင်းငုံစိုက်တောင်သူသည် မိမိတို့ပဲစင်းငုံကို ဒီဇင်ဘာလတွင် ရိတ်သိမ်းပြီး ဇန်နဝါရီလနောက်ပိုင်းလများတွင် ရောင်းချလျှင် ဈေးအမြင့်နှင့် ကြုံတွေ့ရမည်ဖြစ်သဖြင့် စီးပွားရေးတွက်ချေကိုက်မှုပိုမိုကောင်းမွန်မည့် အခြေအနေဖြစ်ပါသည်။

**ဇယား-၁။ ဈေးကွက်အလိုက် ပဲစင်းငုံ အချိန်တူကာလဈေး နှိုင်းယှဉ်ချက်**

| ကုန်စည်ဒိုင် | ပဲစင်းငုံ အရည်အသွေး | ၂၀၁၄ ယခုတစ်ပတ် ပျမ်းမျှဈေး | ၂၀၁၅ ယခုတစ်ပတ် ပျမ်းမျှဈေး | ယခုတစ်ပတ် ပျမ်းမျှဈေး > ၂၀၁၄ |
|---|---|---|---|---|
| | | (USD per tonne) | | (%) |
| တောင်ကြီး | RQ | ၆၂၀ | ၁၀၂၇ | ၆၆ |
| အောင်လံ | RQ | ၆၅၂ | ၁၀၃၄ | ၅၉ |
| မြင်းခြံ | RQ | ၆၃၀ | ၁၀၃၅ | ၆၄ |
| ပခုက္ကူ | RQ | ၆၃၄ | ၁၀၃၈ | ၆၄ |
| မုံရွာ | RQ | ၆၃၁ | ၁၀၄၀ | ၆၅ |
| မန္တလေး | RQ | ၆၃၅ | ၁၀၄၅ | ၆၅ |
| ရန်ကုန် | RQ | ၆၆၈ | ၁၀၈၆ | ၆၃ |
| မွမ်ဘိုင်း | FAQ | ၇၃၃ | ၁၁၃၁ | ၅၄ |

ပြည်တွင်းဈေးကွက်တွင် ၂၀၁၅ ခုနှစ် မေလပထမပတ် ပဲစင်းငုံဈေးကို အချိန်တူ ကာလ ၂၀၁၄ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၅၉ မှ ၆၆ ရာခိုင်နှုန်းထိဈေး ပိုမြင့်လာသည်။ မွမ်ဘိုင်းတွင် ၂၀၁၅ ခုနှစ် မေလပထမပတ် မြန်မာ့မတ်ပဲဈေးသည် ပြီးခဲ့သည့် ၂၀၁၄ ခုနှစ် အချိန်တူကာလထက် ၅၄ ရာခိုင်နှုန်းဈေးပိုမြင့်လာခဲ့ပြီး ၂၀၁၅ ခုနှစ် မေလပထမပတ် ရန်ကုန်ပဲစင်းငုံဈေးသည် အချိန်တူကာလ ၂၀၁၄ ခုနှစ်ထက် ၆၃ ရာခိုင်နှုန်း ဈေးပိုမြင့်လာခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။ ယင်းအချက်နှင့် ပတ်သက်၍ ဇယား-၁ တွင် ဖော်ပြထားသည်ကို လေ့လာကြည့်ရှုရန်ဖြစ်ပါသည်။

**ပုံ-၃။ ရန်ကုန်ပဲစင်းငုံအနီအပတ်စဉ်ပျမ်းမျှဈေးပြောင်းလဲမှု (၂၀၁၅ ခုနှစ်)**




**ပုံ-၄။ မွမ်ဘိုင်းမြန်မာ့ပဲစင်းငုံအနီအပတ်စဉ် ပျမ်းမျှဈေးပြောင်းလဲမှု (၂၀၁၅ ခုနှစ်)**




ဇာစ်မြစ်။ www.etrademyanmar.com

စာမျက်နှာ ၂၈ သို့

## ပဲခူးတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနနှင့် မြန်မာ့စီးပွားရေးအဖြေများကုမ္ပဏီတို့ပူးပေါင်း၍ မွေးမြူရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်လှစ်ပို့ချ



ပဲခူးတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနနှင့် မြန်မာ့စီးပွားရေး အဖြေများကုမ္ပဏီတို့ ပူးပေါင်းကျင်းပပြုလုပ်သည့် မွေးမြူရေးနှင့်စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးသင်တန်း ကို မေလ ၂၂ ရက်နံနက် ၀၉း၃၀ နာရီအချိန်တွင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမ တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီး ဦးကျော်မြင့်၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးမျိုးမြင့်ဦးနှင့် တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာ့စီးပွားရေးအဖြေများကုမ္ပဏီမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အခြားဖိတ်ကြားထားသော မွေးမြူရေးနှင့် စိုက်ပျိုးရေးကို စိတ်ဝင်စားသည့် တောင်သူများနှင့် မွေးမြူရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားကို စတင်ကျင်းပရာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်မြင့်က အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

ဆက်လက်၍ ဝေလန်တက္ကသိုလ်မှ ပါမောက္ခဒေါက်တာ ဂျေဝိန်ဂွန်ဆင်နှင့် ကောလင်းရီနီဂွန်ဆင်တို့က မွေးမြူရေး နှင့် စိုက်ပျိုးရေးဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်၍ ရင်းနှီးမြှုပ်နှံရာတွင်လည်းကောင်း၊ လုပ်ငန်းတိုးချဲ့ရာတွင်လည်းကောင်း စဉ်းစားတွေးခေါ်ပုံ၊ တီထွင်ကြံဆရမည့် အသိပညာများကို ဟောပြောပို့ချခဲ့ကြောင်း သတင်းရရှိပါသည်။

**သိန်းဌေး၊**

## အိန္ဒိယနိုင်ငံကာနာတာကာပြည်နယ်တွင် စားသုံးသူ သတင်းအချက်အလက်ဌာန ဖွင့်လှစ်မည်

အိန္ဒိယနိုင်ငံကာနာတာကာပြည်နယ်တွင် စားသုံးသူတို့၏ အခွင့်အရေးများကို ကာကွယ်ရာတွင် လုပ်ငန်းများ လျင်မြန်ချောမွေ့စေရန် ဆောင်ရွက်ပေးမည့် စားသုံးသူ သတင်းအချက်အလက်ဌာန တစ်ခုကို တည်ဆောက်နိုင်ခဲ့ပါသည်။ ယခုအချက်အလက်ဌာနသည် စားသုံးသူအခွင့်အရေးများနှင့် စပ်လျဉ်းသည့် လှုပ်ရှားမှုတွင် မှတ်ကျောက် တစ်ခုသဖွယ်ဖြစ်ပါသည်။ စားသုံးသူများမှာ တစ်စုတစ်စည်းတည်း မရှိဘဲ နေရာအနှံ့အပြားတွင် တကွဲတပြားနေထိုင်လေ့ရှိကြသဖြင့် ထုတ်လုပ်သူများနှင့် ဝန်ဆောင်မှုထောက်ပံ့ပေးသူများ၏ လိမ်လည်လှည့်ဖြားမှုကို ခံစားရလေ့ရှိကြပါသည်။

အိန္ဒိယနိုင်ငံတွင် စားသုံးသူအလေးဂရုပြုမှုလုပ်ငန်းများကို အများအပြားဆောင်ရွက်နေသော်လည်း စားသုံးသူအများစုမှာ ၎င်းတို့၏အခွင့်အရေးများကို ဂရုမပြုမိဘဲ နေထိုင်လျက်ရှိကြပါသည်။ ယခု တည်ဆောက်သည့် သတင်းအချက်အလက်ဌာနအနေဖြင့် စားသုံးသူများအား ၎င်းတို့၏အခွင့်အရေးကို သိရှိစေရန် ဆောင်ရွက် ပေးမည်သာမကဘဲ စားသုံးသူအခွင့်အရေးချိုးဖောက်သည့်ကုန်သည်များနှင့် ဝန်ဆောင်မှု ထောက်ပံ့ပေးသူများအတွက် အမှုကိစ္စများကို တရားစွဲဆိုမှုပြုလုပ်ရာတွင်လည်း အကူအညီပေးအပ်သွားမည် ဖြစ်ပါသည်။

အဆိုပါဌာနကို Department of Food and Civil Supplies လက်အောက်တွင်ထားရှိ၍ လုပ်ငန်းများ လည်ပတ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဌာနအနေဖြင့် ပြည်တွင်းဈေးကွက်အား လေ့လာခြင်း အရည်အသွေးကောင်းမွန်ကာ သင့်တင့်သောဈေးနှုန်းဖြင့် ရောင်းချနေသည့် ဈေးဆိုင်များကို စာရင်းဇယားပြုစုခြင်းဖြစ်ကာ စားသုံးသူများအနေဖြင့် ထုတ်ကုန်အမျိုးမျိုးတို့၏ သတင်းအချက်အလက် များကို ရယူလိုပါက ဌာနကဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ Food and Civil Supplies ဝန်ကြီးဖြစ်သူ Mr. Dinesh GunduRao သည် ၂၀၁၄ ခုနှစ် မေလ ၂၄ ရက်နေ့တွင် စားသုံးသူ သတင်းအချက်အလက်ဌာန ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပါသည်။

**မျိုးမျိုးထိုက်၊ စားသုံးသူရေးရာဌာနခွဲ**

## စစ်ကိုင်းတိုင်းဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၌ နှစ်ပတ်လည်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်လုပ်ငန်း ဆောင်ရွက်မှုအခြေအနေအပေါ် လေ့လာသုံးသပ်၍ ဖွဲ့စည်းပုံသစ်အရ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်အတွင်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၀၁၅ခုနှစ် မေလ ၂၈ ရက်နေ့က ကျင်းပပြုလုပ်ခဲ့ပါတယ်။



အစည်းအဝေးတွင် တိုင်းဒေသကြီးဦးစီးမှူးကအဖွင့်အမှာစကားပြောကြားရာတွင် ၂၀၁၅ခုနှစ် ဧပြီလ ၁ ရက်နေ့မှစ၍ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနကို ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန အမည်ဖြင့် ပြင်ဆင်ပြောင်းလဲဖွဲ့စည်းခဲ့ပါကြောင်း၊ ဌာနနှစ်ခု ပေါင်းစပ်လိုက်တဲ့အတွက် လုပ်ငန်းတာဝန်များ ပိုမိုများလာ၍ လုပ်ငန်းတာဝန်များကို PLan ချပြီးလုပ်ရမည် ဖြစ်ကြောင်း၊ ယခင်နှစ်လုပ်ငန်း ဆောင်ရွက်ချက်များကို ပြန်လည်သုံးသပ်ပြီး၊ အားသာချက်များကိုယူ အားနည်းချက်များကို ပြုပြင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခုအချိန်သည် ဈေးကွက်စီးပွားရေးစနစ်အရ အစိုးရကဏ္ဍကိုချုံ့ပြီး၊ ပုဂ္ဂလိကကဏ္ဍကို ဖွံ့ဖြိုးတိုးတက်အောင် အားပေးမြှင့်တင်ရမည်ဖြစ်ကြောင်း၊ ယခုစားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ရမည်ဖြစ်၍ မိမိတို့ဌာနအနေဖြင့် တောင်သူလယ်သမား၊ ကုန်သည်ပွဲစား၊ ပြည်သူများအတွက် အားလုံးနှင့် သက်ဆိုင်သွားသည်ဟု ဆိုရမည်ဖြစ်ကြောင်း၊ စီးပွားရေးအားနည်းသူများကလည်း ချမ်းသာလာအောင်၊ အဆင်ပြေသူများကလည်း ပို၍လုပ်ငန်းအဆင်ပြေအောင် ဝန်ဆောင်မှုပေးသကဲ့သို့ စားသုံးသူအားလုံးကိုလည်း ဝန်ဆောင်မှုများ ပေးသွားရမည်ဖြစ်သဖြင့် ၁၀၀ရာခိုင်နှုန်းသော ပြည်သူလူထုနှင့်သက်ဆိုင်သော ဌာနတစ်ခုဖြစ်ပါကြောင်း၊ ဝန်ကြီးဌာန၏ရည်မှန်းချက်၊ နိုင်ငံတော်၏ ရည်မှန်းချက် အောင်မြင်အောင် ကြိုးပမ်းလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ တတိယစပါးကျီဖြစ်၍ တောင်သူများ စပါးစိုက်ပျိုးရေးလျာထားချက်ပြည့်မီအောင်စိုက်ပျိုးရန်၊ မျိုးကောင်းမျိုးသန့်၊ အထွက်ကောင်း စပါးမျိုးများရရှိစိုက်ပျိုးနိုင်အောင် မိမိတို့ဌာနသည် စိုက်ပျိုးရေးဌာနမဟုတ်သော်လည်း တစ်ဖက်တစ်လမ်းမှ သွယ်ဝိုက်သောလုပ်ငန်း ဆောင်ရွက်မှုများဖြစ်တဲ့ ချိတ်ဆက်ဆောင်ရွက်ခြင်းလုပ်ငန်းများ၊ စည်းရုံးဆွေးနွေးခြင်းလုပ်ငန်းများ၊ ပိုးသတ်ဆေးများ အလွန် အကျွံမသုံးစွဲရန် ပညာပေးခြင်းလုပ်ငန်းများ၊ ဆန်စက်အဆင့်မြှင့်တင်နိုင်အောင်ကူညီဆောင်ရွက်ပေးခြင်း စတဲ့လုပ်ငန်းများကို ကျေးရွာအရောက်ကွင်းဆင်းဆောင်ရွက်ရန် ခရိုင်ဦးစီးမှူးများကို လမ်းညွှန်မှာကြားပါတယ်။

မိမိတို့ဌာနအနေဖြင့် စီးပွားရေးတိုးတက်အောင် Export သီးနှံများ၊ အမယ်သစ်သီးနှံများကို စာတမ်းများ တင်ခြင်းနှင့် အခြေခံစားကုန်ဈေးနှုန်းများကို မျက်ခြည်အပြတ်မခံဘဲ လေ့လာသုံးသပ်နေရမည်ဖြစ်ကြောင်း၊ ဒေသတစ်ခုဖွံ့ဖြိုးအောင် တစ်ဦးတစ်ယောက်၊ တစ်ဌာနတည်းလုပ်၍ မရကြောင်း၊ အားလုံးစုပေါင်း လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ လုပ်ငန်းရှင်များ မိမိတို့မြို့နယ်/တိုင်းအတွင်း အရင်းအနှီးများ မြှုပ်နှံလာအောင် ဆွဲဆောင်ရမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ အမြင်ကျယ်လာအောင် ပြည်တွင်း/ပြည်ပကုန်စည်ပြပွဲများတွင် လိုက်ပါပြသနိုင်အောင် ဆောင်ရွက်ကြရန် Third Wave လုပ်ငန်းစဉ်များကို အကျယ်တဝင့် ရှင်းလင်း ပြောကြားခဲ့ပါတယ်။

ဆက်လက်ပြီး ကလေးခရိုင်၊ ကသာခရိုင်၊ စစ်ကိုင်းခရိုင်၊ ရွှေဘိုခရိုင်၊ ယင်းမာပင်ခရိုင် ခရိုင်ဦးစီးမှူးများ နှင့် ဖွဲ့စည်းပုံသစ်အရ ဌာနခွဲ ၉ ခု ဌာနတာဝန်ခံများက ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ တင်ပြခြင်း၊ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်တွင် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများ တင်ပြဆွေးနွေးခြင်းနှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကို အခြေခံ၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ထိ ငါးနှစ်စီမံကိန်းကို ဘဏ္ဍာနှစ်အလိုက် ကိန်းဂဏန်းအချက်အလက်များနဲ့တင်ပြဆွေးနွေးခဲ့ကြောင်းသိရပါတယ်။

**သန်းသန်းတင်-မုံရွာ**

# ပဲခူးမြို့မဈေးကြီးအတွင်း ဈေးဆိုင်များတွင် အစားအသောက် ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် ကွင်းဆင်းဆောင်ရွက်

ပဲခူးတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ တိုင်းဒေသကြီးစီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီးဦးကျော်မြင့်ဦး ဆောင်ပြီး အဖွဲ့အတွင်းရေးမှူး ပဲခူးတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေး နှင့်စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသ ကြီးဦးစီးမှူး ဦးမျိုးမြင့်ဦးနဲ့ အဖွဲ့ဝင်များ၊ ဈေးကော်မတီဝင်များပါဝင်သောအဖွဲ့သည် မေလ ၂၂ ရက်နေ့ နံနက် ၁၀း၀၀ နာရီ အချိန်တွင် ပဲခူးမြို့မဈေးအတွင်းရှိ ရောင်းချနေသော ဈေးဆိုင်များတွင် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာထားသော ခွင့်မပြုဓါတုဆိုးဆေးများပါဝင်သော အစားအသောက်များ ရောင်းချဖြန့်ဖြူး မှုရှိ၊ မရှိကို လိုက်လံစစ်ဆေးပြီး ခွင့်မပြုဓါတုဆိုးဆေးပါဝင်သော စားသုံးရန်၊ သုံးစွဲရန် မသင့်သည့် အစားအသောက်နှင့် အလှကုန်ပစ္စည်း အမည်စာရင်း၊ စားသုံးသူအကာအကွယ်ပေးရေး သိကောင်းစရာ ဗဟုသုတများ ပါဝင်သော လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သတင်းရရှိပါတယ်။

**ကျော်ဆန်းဝင်း (စားသုံးသူ၊ ပဲခူး)**

# ဖျာပုံနှင့် မအူပင်ခရိုင်တို့တွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ သင်တန်းဖွင့်လှစ်



ဧရာဝတီတိုင်းဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများသည် ဖျာပုံခရိုင်၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနရှိဝန်ထမ်း သင်တန်းသား/သူ ၃၂ ဦးအား မေလ ၁၈ ရက်နေ့မှ ၁၉ ရက်နေ့ထိ စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာသင်တန်းအမှတ်စဉ်(၂/၂၀၁၅) ကိုလည်းကောင်း၊ မအူပင်ခရိုင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနရှိ ဝန်ထမ်းသင်တန်းသား/သူ ၂၅ ဦးအား ၂၀၁၅ ခုနှစ်၊ မေလ ၂၀ ရက်နေ့မှ ၂၁ ရက်နေ့ထိ စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ သင်တန်းအမှတ်စဉ် (၃/၂၀၁၅)ကိုလည်းကောင်း သင်ကြားပို့ချခဲ့ ပါသည်။

အဆိုပါ သင်တန်းသို့ ဧရာဝတီတိုင်းဒေသကြီး၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာမျိုးထွန်းကျော်က အစားအသောက်နှင့် ဆေးဝါးများဆိုင်ရာသိကောင်းစရာများကိုလည်းကောင်း၊ ခရိုင်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဧရာဝတီတိုင်းဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန တာဝန်ရှိသူများမှ စားသုံးသူအကာအကွယ်ပေးဆိုင်ရာ သိကောင်းစရာများ၊ ဆောင်ရွက်ချက်များနှင့် စားသုံးသူအကာအကွယ်ပေးရေးဥပဒေနှင့် ပတ်သက်၍ ပြဋ္ဌာန်းချက်များကိုလည်းကောင်း၊ သင်တန်းပို့ချခဲ့ပြီး စားသုံးသူအကာအကွယ်ပေးရေးဥပဒေနှင့် ပတ်သက်သောစာစောင်များနှင့် လက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခဲ့ပါသည်။

**မြင့်အောင် (ပုသိမ်)**

# ရှမ်းပြည်နယ်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် ကော်မတီ နှစ်ခုမှ တာဝန်ရှိသူများတွေ့ဆုံဆွေးနွေး

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူကာကွယ်ပေးရေး ဗဟိုကော်မတီမှ တွဲဘက်အတွင်းရေးမှူး (၁)နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ရှမ်းပြည်နယ်အတွင်း စားသုံးသူကာကွယ်ရေး လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေး အဖွဲ့နှင့် လုပ်ငန်းကော်မတီ နှစ်ခုမှ အဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားကို ၂၀၁၅ ခုနှစ် မေလ ၂၉ ရက် နံနက်က ရှမ်းပြည်နယ် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမမှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။



အဆိုပါ ဆွေးနွေးပွဲမှာ စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီမှ တွဲဖက်အတွင်းရေးမှူး (၁) ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဦးဟန်က စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများမှာ အများပြည်သူကျန်းမာရေးအတွက် အဓိကအရေးကြီးသော လုပ်ငန်းစဉ်ဖြစ်သဖြင့် သိမ်သိမ်မွေ့မွေ့နှင့် ကျယ်ပြန့်စွာအသိပညာပေးခြင်းလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့တွင် အသိပညာရှင်၊ အတတ်ပညာရှင်များ ထုတ်လုပ်သူ လုပ်ငန်းရှင်များ စားသုံးသူ ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းထားရှိပြီး ဖြစ်သဖြင့် ညီညီညွတ်ညွတ် ပူးပေါင်း ဆောင်ရွက်သွားကြရန်နှင့် တက်ရောက်လာသူများမှလည်း ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်ပြီး လိုအပ်သည်များ ပွင့်လင်းစွာအကြံပြုဆွေးနွေးသွားကြရန် ပြောကြားသွားခဲ့ပါတယ်။

ယင်းနောက် ရှမ်းပြည်နယ်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစိုးအောင်က ဆောင်ရွက်ခဲ့သည့် စားသုံးသူကာကွယ်ရေးလုပ်ငန်းများနဲ့ ပညာပေးဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသွားပါတယ်။ ထို့နောက် အခမ်းအနားသို့တက်ရောက်လာကြသော ရှမ်းပြည်နယ် စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေး လုပ်ငန်းကော်မတီဝင်များ၊ ရှမ်းပြည်နယ် ထုတ်ကုန်များ လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီဝင်များက လုပ်ငန်းဆောင်ရွက်ချက် များ၊ ဒေသနှင့်ကိုက်ညီသော ဆောင်ရွက်ရမည့် စားသုံးသူကာကွယ်ပေးရေးလုပ်ငန်းများနှင့် ပတ်သက်၍ အသီးသီးတင်ပြ ဆွေးနွေးခဲ့ကြပါတယ်။

ထို့နောက် စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီ တွဲဘက်အတွင်းရေးမှူး (၂) စားသုံးသူကာကွယ်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးခင်ဇော်က ဆွေးနွေးပွဲသို့ တက်ရောက်လာသူများ၏ မေးမြန်းချက်များ၊ ဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ပြီး အခမ်းအနားကို ၁၂း၃၀ နာရီတွင် ရပ်နားခဲ့ကြောင်း သိရပါတယ်။ အဆိုပါဆွေးနွေးပွဲ အခမ်းအနားသို့ ရှမ်းပြည်နယ် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အဖွဲ့တစ်ဖွဲ့နှင့် ကော်မတီ နှစ်ရပ်မှ တာဝန်ရှိသူများနဲ့ ဌာနဆိုင်ရာ တာဝန်ရှိသူများ စုစုပေါင်း ၅၀ ဦးခန့် တက်ရောက်ခဲ့ကြကြောင်း သိရပါတယ်။

**မင်းအောင် - တောင်ကြီး**

# ပလတ်စတစ်ဆန်တုများကြောင့် ထိတ်လန့်တကြားဖြစ်စေပြီး အစိုးရအား အဖျက်အမှောင့်လုပ်မှာကို အင်ဒိုနီးရှားပြည်ထဲရေးဝန်ကြီးစိုးရိမ်

ပလတ်စတစ်ဆန်များ ဆန်ဈေးကွက်အတွင်းရောက်ရှိနေခြင်းသည် အစိုးရအား ထိုးနှက်ချက်ဖြစ်နိုင်ကြောင်းနဲ့ ရဲတပ်ဖွဲ့က စုံစမ်းဖော်ထုတ်သွားရန်ဆောင်ရွက်နေပြီဖြစ်ကြောင်း မေလ ၂၅ ရက်နေ့က အင်ဒိုနီးရှား ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးက ပြောကြားလိုက်ပါတယ်။

အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒို ကလည်း အဆိုပါ ပလတ်စတစ် ဆန်တုစားသုံးမိခြင်းကြောင့် မေလ ၁၈ ရက်နေ့က မိန်းကလေးငယ်တစ်ဦး ဆေးရုံတက်ရောက်ကုသမှုခံယူရခြင်း၊ Bekasi ရှိ အစားအသောက် ဆိုင်တန်းများမှာ စားသောက်သူအချို့ မူးဝေအော့အန်ခြင်းများ ဖြစ်ပွားခြင်းတို့နဲ့ စပ်လျဉ်းပြီး စိတ်သောကမဖြစ်ကြရန် ပြောကြားခဲ့ပါတယ်။ အင်ဒိုနီးရှားနိုင်ငံမှာ ဆန်ဟာ အဓိကစားသောက်ကုန်ဖြစ်ပါတယ်။ အင်ဒိုနီးရှားဟာ ကမ္ဘာမှာ တတိယဆန်အများဆုံး တင်သွင်းတဲ့ နိုင်ငံလည်းဖြစ်ရာ ယခုကဲ့သို့ ပလတ်စတစ် ဆန်တုများ ဈေးကွက်အတွင်း ဝင်ရောက်လာခြင်းကြောင့် ဆန်နဲ့ပတ်သက်ပြီး အထိတ်တလန့် ဖြစ်ပွားခဲ့ပါတယ်။

ဆန်တုဖြန့်ဖြူးသူဟာ နိုင်ငံတော်သစ္စာဖောက်မှုကို ကျူးလွန်ရန်ကြိုးပမ်းခြင်းဖြစ်ပြီး အစိုးရကိုလည်း ပျက်စီးရာပျက်စီးကြောင်း လုပ်ဆောင်ခြင်းဖြစ်တယ်လို့ ပြည်ထဲရေးဝန်ကြီး Tjahjo Kumolo က ပြောကြားပါတယ်။ ဆန်တုကြောင့် ယခင်အပတ်ကတည်းက အထိတ်တလန့်များ ဖြစ်ပွားခဲ့ပြီး မူးဝေအော့အန်ခြင်း၊ ပျို့ချင်အန်ချင်ဖြစ်ခြင်း၊ ခေါင်းနောက်ခြင်းများ ခံစားကြရကြောင်းကို မြို့တော်ဂျာကာတာနဲ့ ဆက်စပ်လျက်ရှိတဲ့ အိမ်နီးချင်းမြို့ Bekasi က လမ်းဘေး ဈေးသည်တစ်ဦးက ပြောပါတယ်။ ကနဦးစမ်းသပ်ချက်အရ ဆန်တုများမှာ ပလတ် စတစ်နဲ့ ပလတ်စတစ်ပျော့ဆေးပါရှိနေတယ်လို့ ဖော်ထုတ်ရရှိထားပါတယ်။ သမ္မတဝီဒိုဒိုကတော့ အစိုးရတာဝန်ရှိသူများရဲ့ စစ်ဆေးဖော်ထုတ်ချက်ထွက်ရှိသည်အထိ စောင့်ဆိုင်း ပေးကြရန် ပြဿနာကြီးထွားလာစေနိုင်တဲ့ အပြုအမူ အပြောအဆိုများကို မလုပ် ကြရန် တိုက်တွန်းပြောကြားထားပါတယ်။ အရေးကြီးဆုံးကတော့ ပြဿနာရင်းမြစ် ကို ရှာဖွေစိစစ်ရန်နဲ့ Bekasi တစ်မြို့လုံးမှာ ပျံ့နှံ့နေတာလား၊ လမ်းဘေးဈေးသည် တစ်ဦးတည်းထံက ပျံ့နှံ့နေတာလားဆိုတာကို ဖော်ထုတ်ဖို့ လိုတယ်လို့ ပြောပါတယ်။

Bekasi မှလမ်းဘေးဈေးသည်တစ်ဦးကတော့ သတင်းသမားများကို သူမရောင်းချနေတဲ့ ဆန်ဟာ ဆန်တုများနဲ့ လုံးဝခြားနားပြီး အနံ့လည်းကွာခြားကြောင်း၊ သဘာဝဆန်အနံ့အတိုင်းပဲရှိတယ်လို့ ပြောကြားပါတယ်။

**ဂန္ဓမာ**

Vol: 15, No.20 Monday June 1 2015

# ဂျာမနီနိုင်ငံမှ ThyssenKrupp ကုမ္ပဏီ မြန်မာနိုင်ငံသို့ တစ်ကျော့ပြန် ပြန်လည်ဝင်ရောက်ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည်

ဂျာမနီနိုင်ငံမှ နာမည်ကြီးကုမ္ပဏီ တစ်ခုဖြစ်သည့် ThyssenKrupp ကုမ္ပဏီသည် မြန်မာနိုင်ငံသို့ တစ်ကျော့ပြန်လည်ဝင်ရောက်ရင်းနှီးမြှုပ်နှံမှုပြုရန် အတွက် ရုံးခန်းပြန်လည်ဖွင့်လှစ်ခြင်း အခမ်းအနားကို ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ်တွင် မေ ၂၆ရက်က ကျင်းပခဲ့သည်။

အဆိုပါကုမ္ပဏီသည် မြန်မာနိုင်ငံတွင် လွန်ခဲ့သည့်နှစ်ပေါင်း ၈၅ နှစ်ခန့်က ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ခဲ့သည့် ကုမ္ပဏီကြီးတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံတွင်းသို့ မီးရထားစက်ခေါင်းများ စတင်တင်သွင်းလာသည့်ကုမ္ပဏီတစ်ခုဖြစ်ကြောင်း သိရသည်။

Thyssen Kruppကုမ္ပဏီအာရှပစိဖိတ်၏ အမှုဆောင်အရာရှိချုပ် ဒေါက်တာစတီဖင်ချာမစ်က "မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးလာတဲ့ စီးပွားရေးဟာ ကျွန်တော်တို့ရဲ့ အာရှဈေးကွက်တိုးတက်ရေးအတွက် အရေးပါတဲ့အချက်တစ်ချက် ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့အရေးပါတဲ့ အင်ဂျင်နီယာပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုနဲ့ စွမ်းဆောင်ရည်တွေနဲ့ မြန်မာနိုင်ငံရဲ့ ပြည်တွင်းကျွမ်းကျင်မှုတွေကို ချိတ်ဆက်ပေးသွားမှာပါ။ ကျွန်တော်တို့ကုမ္ပဏီအနေနဲ့ လွန်ခဲ့တဲ့ ၈၅ နှစ်လောက်ကတည်းက မြန်မာနိုင်ငံနဲ့ လက်တွဲလုပ်ဆောင်မှုတွေ အများကြီးလုပ်ဆောင်လာခဲ့ပါတယ်။ ဒီနေ့ဟာဆိုရင် မြန်မာနိုင်ငံရဲ့နည်းပညာကိုအခြေခံတဲ့ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော်တဲ့နေရာမှာ တစ်ထောင့်တစ်နေရာကနေပါဝင်ကူညီနိုင်ဖို့အတွက် ကဏ္ဍသစ်တစ်ရပ်ကို ဖွင့်လှစ်နိုင်ခဲ့ပါပြီ" ဟု ပြောကြားခဲ့သည်။

Thyssen Krupp သည်အရည်အသွေးမြင့်မားသော ကုန်ပစ္စည်းအမျိုးမျိုးကို ထုတ်လုပ်နေသည့် ကမ္ဘာ့အကြီးဆုံးစက်မှုလုပ်ငန်းနှင့် အင်ဂျင်နီယာအဖွဲ့ကြီးဖြစ်သည်။

ThyssenKrupp သည် ဂျာမနီနိုင်ငံ၏ မတူကွဲပြားသည့် ကုန်ပစ္စည်းသစ်များကို ထုတ်လုပ်နေသည့် စက်မှုလုပ်ငန်းအုပ်စုတစ်ခုဖြစ်ရာ မြန်မာနိုင်ငံ၏ မြို့ပြလူနေမှုအဆင့်အတန်းအားယခုထက် ပိုမိုတိုးတက်လာစေရန်အတွက် လိုအပ်ချက်များကို ဖြည့်ဆည်းရန် ၎င်း၏အားသာချက်များ အောင်မြင်မှုများကို မြန်မာနိုင်ငံသို့ ယူဆောင်လာခဲ့ပြီဖြစ်သည်။

ThyssenKrupp သည် ရေနံနှင့်သဘာဝဓာတ်ငွေ့၊ ဘိလပ်မြေ၊ သတ္တုတူးဖော်ရေး၊ ရေနံချက်လုပ်ငန်းနှင့် ရေနံဓာတုလုပ်ငန်းများနှင့် ပြည့်မြဲစွမ်းအင်နယ်ပယ်များကဲ့သို့သော ကမ္ဘာ တစ်ဝန်းရှိ စက်မှုနယ်ပယ်များတွင် လိုအပ်လျက်ရှိသော တီထွင်ဆန်းသစ်သည့် ထုတ်ကုန်များနှင့် နည်းပညာများကို ပံ့ပိုးပေးလျက်ရှိသည့် ကုမ္ပဏီတစ်ခုဖြစ်သည်။

ထို့ပြင် အဆိုပါကုမ္ပဏီသည် အဆင့်အမြင့်ဆုံးဓာတ်လှေကားနှင့် စက်လှေကားနှင့် စက်လှေကားနည်းပညာများ၊ သတ္တုတူးဖော်ရေး၊ ဘိလပ်မြေထုတ်လုပ်ရေးနှင့် ဓာတုစက်ရုံများတွင် စွမ်းအင်ချွေတာအသုံးပြုနိုင်ရေးအတွက် လိုအပ်သည့် နည်းပညာများနှင့် ကုန်ထုတ်လုပ်မှုနယ်ပယ်အတွက် လိုအပ်သည့် နည်းပညာပိုင်းဆိုင်ရာ လိုအပ်ချက်များနှင့် သတ္တုကုန်သွယ်ရေးဆိုင်ရာဝန်ဆောင်မှုများကို မျှဝေပေးရန်ရည်ရွယ်ထားပြီး ထိုမှတစ်ဆင့် ၂၁ ရာစုတွင် မြန်မာနိုင်ငံအနေနှင့် ပြည်တွင်းတွင် အရည်အသွေးပြည့်ဝသည့် စက်မှုနိုင်ငံတစ်နိုင်ငံဖြစ်လာအောင် နည်းဗျူဟာကျစွာကူညီ ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။



**မယ်သီတာ**

## မန္တလေးရဲ့ဆောက်လုပ်ရေးပစ္စည်းဈေးနှုန်းနှိုင်းယှဉ်ချက်

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ဆောက်လုပ်ရေးလုပ်ငန်းခွင်များတည်ဆောက်မှု လုပ်ငန်းစီမံကိန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ တိုင်းဒေသကြီးအတွင်းရှိဆောက်လုပ်ရေးပစ္စည်းများရဲ့ ဈေးနှုန်းများအား ပြီးခဲ့တဲ့ကာလတူ အချိန်များအတွင်း အပြောင်းအလဲဖြစ်မှု အခြေအနေများ တစ်နှစ်တာကာလအတွင်း နှိုင်းယှဉ်တင်ပြလိုက်ပါတယ်-

**ရေတွက်ပုံ -ကျပ်**

| ကုန်ပစ္စည်းအမျိုးအစား | ယနေ့ | ယခင်အပတ် | ယခင်လ | ယခင်နှစ် |
|---|---|---|---|---|
| | ၂၅. ၅. ၁၅ | ၁၈. ၅. ၁၅ | ၂၅. ၄. ၁၅ | ၂၅. ၅. ၁၄ |
| ပထမတန်းစားအုတ် | ၉၀ | ၉၀ | ၈၀ | ၈၀ |
| ဒုတိယတန်းစားအုတ် | ၈၀ | ၈၀ | ၇၀ | ၇၀ |
| ပြောင်သွပ် ၃၀ ဂိတ် ၈ပေ×၄ပေ | ၅၅၀၀ | ၅၅၀၀ | ၅၅၀၀ | ၅၅၀၀ |
| လှိုင်းတွန့် ၃၀ ဂိတ် ၆ ပေ | ၂၃၀၀ | ၂၃၀၀ | ၂၃၀၀ | ၂၃၀၀ |
| ကျွန်းသစ် | ၁၂၀၀၀၀၀ | ၁၂၀၀၀၀၀ | ၁၂၀၀၀၀၀ | ၉၀၀၀၀၀ |
| ပျဉ်းကတိုး | ၁၁၀၀၀၀၀ | ၁၁၀၀၀၀၀ | ၁၁၀၀၀၀၀ | ၈၅၀၀၀၀ |
| အင်/ကညင် | ၆၀၀၀၀၀ | ၆၀၀၀၀၀ | ၆၀၀၀၀၀ | ၄၈၀၀၀၀ |
| ထုံး (၂၀ ပိဿာ) | ၃၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၂၅၀၀ |
| ကျောက် (အကြီး) | ၃၅၀၀၀ | ၃၅၀၀၀ | ၃၅၀၀၀ | ၃၄၀၀၀ |
| သဲ (ကျင်း) | ၁၃၀၀၀ | ၁၃၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ |
| ရိုက်သံ (၂ လက်မအောက်) | ၂၃၀၀ | ၂၃၀၀ | ၂၃၀၀ | ၂၀၀၀ |
| ရိုက်သံ (၂ လက်မမှ ၄ လက်မ) | ၂၂၀၀ | ၂၂၀၀ | ၂၂၀၀ | ၁၈၀၀ |
| ရိုက်သံ (၅ လကမမှ ၆ လက်မ) | ၂၀၀၀ | ၂၀၀၀ | ၂၀၀၀ | ၁၇၀၀ |
| သွပ်ရိုက်သံ | ၃၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၂၆၀၀ |
| ဘိလပ်မြေ (အေအေအေ) | ၅၇၀၀ | ၅၇၀၀ | ၅၀၀၀ | ၄၉၀၀ |
| မြန်မာဆင် | ၅၁၀၀ | ၅၁၀၀ | ၄၈၀၀ | ၄၆၀၀ |
| မြင်းခေါင်း | ၅၀၀၀ | ၅၀၀၀ | ၄၇၀၀ | ၄၆၀၀ |
| စိန် (ထိုင်း) | ၇၃၀၀ | ၇၃၀၀ | ၇၁၀၀ | ၆၉၀၀ |
| ဆင် (ထိုင်း) | ၇၃၀၀ | ၇၃၀၀ | ၇၁၀၀ | ၇၀၀၀ |

လွှင်အေး- မန္တလေး

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အကွာရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ပရိုဘောက်ဇင် (2009) | ယာယီ | ၁၀၀ သိန်း | 1.3 စီစီ/ကီလိုနဲ |
| ၂။ | ဆပ်ဆိဖ်ရှုဇင် (2009) | ယာယီ | ၁၁၀ သိန်း | 1.5 စီစီ |
| ၃။ | မစ်ဆူဘီရှိ/အာပီအာ (2010) | ယာယီ | ၂၆၀ သိန်း | |
| ၄။ | ကလူဂျာ (2004) | ယာယီ | ၂၆၀ သိန်း | ကီလိုနဲ/ 2.4 စီစီ |
| ၅။ | တိုယိုတာ/အက်ဇီယို (2010) | ယာယီ | ၁၆၀ သိန်း | |
| ၆။ | အစ်ပ်ဆန် (2003) | ယာယီ | ၁၆၉ သိန်း | 2.4 ဓာတ်ဆီ/ကီလိုနဲ |
| ၇။ | တိုယိုတာ/ဗွရှ် (2003) | ယာယီ | ၁၄၀ သိန်း | 1.8 ဓာတ်ဆီ |
| ၈။ | ဟွန်ဒါဖစ် (2009) | ယာယီ | ၁၀၇ သိန်း | 1.3 ဓာတ်ဆီ/ကီလိုနဲ |
| ၉။ | မာဇဒါ/ဒီမီယို (2009) | ယာယီ | ၉၃ သိန်း | |

SN

# ကားလေးများနှင့် စလစ်ကပ်ပြီး နံပါတ်ရပြီးကားများသာ အဝယ်ရှိနေ

မေလကုန် နောက်ဆုံးရက်သတ္တပတ်၏ ရန်ကုန်မြို့ကားဈေးကွက်အခြေအနေမှာ ဈေးအနည်းငယ်အေးနေကြောင်း သိရသည်။

မြို့တွင်းရှိကားအရောင်းစင်တာများတွင် လူအဝင်အထွက်ရှိသော်လည်း ယခင်လကုန်ပိုင်းကလောက် အဝယ်မရှိကြောင်း ကားပွဲစားတန်းများတွင်လည်း လူအဝင်အထွက် စည်ကားနေသော်လည်း နောက်ဆုံးအကွာရာပေါက်ကားများအား လူစိတ်ဝင်စားမှုနည်းပါးပြီး နံပါတ်ထွက်ရှိပြီးသား ကားများနှင့် ယခင် တစ်နှစ် နှစ်နှစ်ခန့်က အသုံးပြုပြီးအကွာရာ ၂တန်း/ ၃ တန်းနိမ့်ကားများပြန်လည်အဝယ်ရှိနေကြောင်း သိရသည်။



နောက်ဆုံးအကွာရာပေါက် ရရှိရန် ဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ တင်သွင်းလာသည့် အင်ဂျင်ပါဝါသေး ကားငယ်များ (ဖရီးပါမစ်) ကားများ အဝယ်နည်းသွားရခြင်းမှာ ယခုနှစ်ဆန်းပိုင်းမှစတင်၍ သတ်မှတ်ခဲ့သည့် ယာဉ်ရပ်ရန် နေရာပြသရသည့် (ကားပါကင်ထားရှိခွင့်) မှာ စတင်ဆောင်ရွက်စကာလတွင် ဈေးနှုန်းသက်သာခဲ့သော်လည်း ယခုအချိန်တွင် နေရာရှားပါးလာမှုနှင့် အခြားအခက်အခဲများကြောင့် ဈေးတန်း နှစ်ဆ နီးနီးပေါက်နေသဖြင့် အများစိတ်ဝင်စားမှုနည်းသွား၍ဖြစ်ကြောင်း၊ ဝယ်လက်အချို့က မိုဒယ်မြင့်ကားလေး နှစ်သက်သော်လည်း အပိုဆောင်းငွေ ၁၀ သိန်းဝန်းကျင် ထပ်ဆောင်းရမည်ကို တွက်ချက်၍ နံပါတ်အမည်ပေါက်မဖြစ်သော်လည်း ယင်းကားဈေးကွက်ပြန်ကောင်းလာကြောင်း ဝါရင့်အကျိုးဆောင် ကိုမြင့်ကျော်မှ ရှင်းပြသည်။

ယခုအခါတွင် ယာဉ်ဟောင်းအပ်နှံစလစ်ဈေးတန်းလည်း ယခင်ကနှင့်စာလျှင် ဖြည်းဖြည်းချင်းတက်လာပြီး ၁၀ နှစ် ဇုန်ကားစလစ် ၆၀ သိန်း၊ နှစ် ၂၀ သက် တမ်းအကွာရာစုံ ၆၄ သိန်းခန့်ပေါက်နေကြောင်း ယခင်လကုန်ပိုင်းကစလစ်ကပ်ကားများ အဝယ်လိုက်သော်လည်း ယခုရက်ပိုင်းစလစ်ဈေးဆက်ပြီးမတက်သော်လည်း ဈေးမာနေသဖြင့်လည်းကောင်း၊ ဒေါ်လာဈေးလည်းမာနေသဖြင့်လည်းကောင်း၊ စလစ်ကပ်ဝယ်ယူရမည့် မိုဒယ်နိမ့်၊ အင်ဂျင်ပါဝါကြီး ကားမျိုးအား အသစ်ကပ်ရန် စဉ်းစားလာကြသဖြင့် နံပါတ်ထွက်ပြီးရောက်ရှိပြီး ကားများသာ အလုပ်ဖြစ်ကြောင်း ၎င်းမှပြောသည်။

နံပါတ်အနက်များတွင် သွင်းပြီး၊ သုံးပြီးကားများ အဝယ်ရှိနေသလို အငှားယာဉ် တက္ကစီအုပ်စုတွင်လည်း စီအန်ဂျီသုံး အကွာရာနိမ့်ဗင်များအဝယ်ရှိလာကြောင်း၊ ယင်းမှာလည်း စီအန်ဂျီဓာတ်ငွေ့ရည်ဈေးနှုန်းအပြောင်းအလဲမရှိသတင်းကြောင့်လည်း အဝယ်လိုက်ခြင်း ဖြစ်နိုင်ကြောင်း၊ တက္ကစီအငှားယာဉ် နောက်ဆုံးအကွာရာ အက်(ဖ်) အက်(မ်) များလည်းအဝယ်ရှိပြီး မြန်မာမီနီစလစ် ဈေးနှုန်းပင် ၅၃ သိန်းဖြစ်လာကြောင်း ၎င်းမှပြောသည်။

**SN**

သင့်ကျန်းမာရေး

# ထိပ်ကပ်နာပြဿနာနဲ့ ဓာတ်စာ

ဒေါက်တာလွင်သန့်

**မေး။ ဆရာခင်ဗျား။ ကျွန်တော့်နှာခေါင်းက အနံ့မရတာကြာပါပြီ။ ဆရာဝန်ဆီသွားပြတော့ထိပ်ကပ်နာ ဖြစ်တယ်လို့ဆိုတယ် စားဆေးတွေလည်းသောက်တာစုံပါပြီ။ နေ့တိုင်းတော့ ရေခေါင်းလောင်းချိုးတတ်တယ်။**

**မောင်မောင်(ဝေါ)**

ဖြေ။ ထိပ်ကပ်နာဟာ နှာခေါင်းရိုးလိုဏ်ခေါင်းက လေပြည့်နေတဲ့အခန်းငယ်လေးတွေဖြစ်ပြီး၊ ပါးရိုးအတွင်းဘက်မှာရှိရာ ချွဲကျိမြေးက အချွဲအကျိက နှာခေါင်းထဲ တောက်လျှောက်ရှိနေလို့ ဖြစ်တယ်။

နှာခေါင်းမြေးရောင်ရမ်းခြင်းက အတွင်းမျက်နှာပြင်(လိုဏ်ခေါင်း) ရောင်ရမ်းစေတာ ထိပ်ကပ်နာဖြစ်တယ်။

အအေးမိခြင်း၊ ဘက်တီးရီးယား တစ်မျိုးမျိုးဝင်ရောက်ခြင်း၊ ဝတ်မှုန်နှင့် ဓာတ်မတည့်ခြင်း၊ အခြားဓာတ်မတည့်ခြင်း၊ အပေါ်မေးရိုးပြည်တည်ခြင်း၊ နှာခေါင်းချွဲကျိမြေးကြီးထွားလာခြင်းတို့ ကြောင့်ဖြစ်တယ်။

နေ့စဉ်ရေနွှစ်ကြိမ်အနည်းဆုံး ခေါင်းကိုလောင်းချိုးတဲ့အခါ ဦးခေါင်းရဲ့ဆံပင်ပေါက်ရောက်တဲ့အလွှာက အမြဲအအေးမိနေတော့၊ ထိပ်ကပ်နာမ ပျောက်ဘဲဖြစ်ရတယ်။ သိပ်ဆိုးရင် အပုပ်နံ့ပါရနိုင်ပါတယ်။

ထိပ်ကပ်နာရောင်ရမ်းမှုက နှာခေါင်းလိုဏ်ခေါင်းရဲ့ အတွင်းနံရံပါ ရောင်ရမ်းလာပြီး၊ နှာရည်ကျတဲ့လမ်း ကြောင်းတစ်လျှောက်ပိတ်ဆို့လာတယ်။ အချွဲအကျိစုပုံလာပြီး နှာခေါင်းရိုးလိုဏ်ခေါင်းမှာ ဖိအားများလာတယ်။

ထိပ်ကပ်နာဖြစ်တဲ့အခါ နာကျင်မှုဝေဒနာ ခံစားရပြီး၊ အဖျားတက်ခြင်း၊ အမြင်အာရုံမှုန်ဝါးခြင်း၊ မျက်နှာအန်းခြင်းပါ တွဲဖက်ဖြစ်ပေါ်နိုင်ပါတယ်။ နှာခေါင်းသွေးစုနိုင်ပြီး၊ နှာခေါင်းထဲကနေ စိမ်းဝါရောင်ထွက်လာတယ်။ ဝတ်မှုန်ဓာတ်မတည့်ခြင်း (သို့) ဓာတ်မတည့်တာတစ်ခုခုက နှာရည်အမြဲယိုစေပြီး၊ မျက်လုံးပါဖောင်းလာတယ်။

ထိပ်ကပ်နာဖြစ်ရင် တစ်ပတ်မက ကာလရှည်ကြာတယ်။ သွေးဥခြင်းသက်သာစေတဲ့ အက်စပရင်(သို့) ပါရာစီတမော့ သောက်သုံးခြင်းနဲ့ ရောဂါ သက်သာစေတယ်။ ရေနွေးငွေ့ရှူခြင်းနဲ့ နှာရည်နည်းပါးသွားကာ အလွယ်တကူ စီးဆင်းစေတယ်။ ဝတ်မှုန်ဓာတ်မတည့်ခြင်းကရင်ကျပ်လိုရောဂါဖြစ်စေသလို၊ ထိပ်ကပ်နာပိုရှည်တတ်တယ်။ ထိပ်ကပ်နာပြင်းထန်ရင် နှာခေါင်းရိုးလိုဏ်ခေါင်းကို ဆေးကြောပစ်သင့်တယ်။ ထုံဆေးပေးပြီး လုပ်ရတယ်။ ကြီးထွားနေတဲ့ချွဲကျိမြေးကို အတွင်း ကြည့်မှန်ပြောင်းနဲ့ ကြည့်ပြီးဖယ်ထုတ်ပစ်နိုင်ပါတယ်။

**ဘယ်လိုအစားအစာ။** ထိပ်ကပ်နာဟာ ရောဂါပိုးဝင်ရောက်လို့ဖြစ်တာကြောင့် ကိုယ်ခံအားမြှင့်တင်ပေးတဲ့ အစားအစာ စားသောက်သင့်တယ်။ ဗိုင်းရပ်စ်(သို့) ဘက်တီးရီးယားတိုက်ဖျက်နိုင်ဖို့ ကိုယ်ခံအားမြင့်ဖို့လိုပါတယ်။ တစ်ခါတစ်ရံ ဓာတ်မတည့်ခြင်း၊ နှာခေါင်းမြေးကြာရှည်ရောင်ခြင်း၊ ပန်းနာ၊ အစာနဲ့ ဓာတ်မတည့်ခြင်း၊ အမြဲအအေးမိခြင်းတို့က ထိပ်ကပ်နာဖြစ်စေတာပါပဲ။

ဇင့် (Zinc) ပါတဲ့အစာအခွံမာငါး၊ အသား၊ ကလီစာ၊ ဥအမျိုးမျိုး၊ သစ်စေ့၊ အခွံမာသီး၊ ဂျုံနဲ့လုပ်တဲ့မုန့်၊ မုန်လာဥဝါ၊ တရုတ်မုန်လာ၊ ကြံသကာလိုသလို ခုခံအားမြင့် အနီ၊ အဝါ၊ လိမ္မော်ရောင်ရှိ သစ်သီးနဲ့ ဟင်းသီးဟင်းရွက်စားသင့်တယ်။ ရွှေဖရုံသီး၊ ကန်စွန်းဥနဲ့သရက်သီးစားသင့်တယ်။ စတော်ဘယ်ရီ၊ ရှောက်၊ သံပုရာ၊ ကီဝီသီး၊ အစိမ်းရောင်ရှိ ဟင်းသီးဟင်းရွက်စားပေးသင့်တယ်။ ဂျုံနဲ့ပြု လုပ်ထားတဲ့ မုန့်၊နို့ထွက်ပစ္စည်း၊ အခွံမာ ငါးနဲ့ရှောက်၊ သံပုရာမျိုးဝင်သစ်သီးတွေ ရှောင်သင့်ပါတယ်။

***အကြံပြုချက်။ အမောက်ဆလင် (Amoxillin 500mg) တစ်နေ့သုံးကြိမ်နှင့် ၇ ရက်မှ ၁၀ရက်စီထရင်း (citrin) နဲ့တွဲ ပြီးစားသင့်တယ်။ ပန်းဝတ်မှုန်ဓာတ်မတည့်ခြင်းမှ အချိုအသီးနှံနဲ့ ဟင်းသီးဟင်းရွက်တို့ ပါဝင်နေတယ်။ ကိုယ်နဲ့မတည့်တဲ့ပစ္စည်းအနံ့မျိုး ရေးမှတ်ထားရမယ်။ စားသောက်တဲ့အစာတွေထဲက ဓာတ်မတည့်တဲ့အစာကို မှတ်သားရသလို၊ အာဟာရပြည့်ဝစွာစားပေးသင့်တယ်။ တစ်ပတ်မှာတစ်ကြိမ်သာ ခေါင်းလျှော်ပေးသင့်တယ်။ အအေးမိခြင်းကရှောင်ရှားရမယ်။***

# မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ကျောင်းသား ကိုးသိန်းအတွက် သွားနှင့် ခံတွင်းကျန်းမာရေး စောင့်ရှောက်မြှင့်တင်ရေးလုပ်ရှားမှု Bright Smile, Bright Future အစီအစဉ်ကို စတင်ကျင်းပ



Colgate သည် ၂၀၁၅ ခုနှစ်အတွင်း ကမ္ဘာလုံးဆိုင်ရာ လှုပ်ရှားမှုတစ်ခုဖြစ်သည့် Bright Smile, Bright Future အစီအစဉ်ကို ပြင်ဦးလွင်မြို့တွင် မေ ၁၈ရက်မှ စတင်ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါလှုပ်ရှားမှုသည် ၂၀၂၀ ပြည့်နှစ်အတွင်း မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ တတိယတန်းကျောင်းသူကျောင်းသား ကိုးသိန်းကို သွားတိုက်ခြင်းနည်းစနစ် အမှန်သိရှိစေရန်နှင့် သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုမြှင့်တင်ရန်ရည်ရွယ်၍ စီစဉ်ကျင်းပခြင်းဖြစ်သည်။

Colgate ၏ Bright Smile, Bright Future (BSBF)အစီအစဉ်အရ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ကျောင်းသူ ကျောင်းသား ထက်ဝက်ခန့်ကို ကောင်းမွန်သောသွားနှင့်ခံတွင်းကျန်းမာရေး၏ အရေးပါပုံကို သင်ကြားပေးခဲ့ပြီးဖြစ်သည်ဟု ဆိုသည်။

ယင်းအစီအစဉ်အရ ဆရာ၊ ဆရာမများမှတစ်ဆင့် ကျောင်းသူကျောင်းသားများသို့ သွားနှင့်ခံတွင်းစောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းစဉ်များကို လေ့ကျင့်သင်ကြားပေးခြင်းပင်ဖြစ်သည်။

ဖလိုရိုက်ပါဝင်သည့် သွားတိုက်ဆေးဖြင့် နေ့ရောညပါ သွားပုံမှန်တိုက်ရန် အရေးပါပုံအား ပိုမိုသိရှိစေရန် လေ့ကျင့်သင်တန်းများပေးခြင်း၊ အခမဲ့သွားနှင့် ခံတွင်းစစ်ဆေးရေးကိရိယာအစုံအလင်ကို မျှဝေပေးခြင်းများ လုပ်ဆောင်ပေးလျက်ရှိသည်။

"ကမ္ဘာတစ်ဝန်းမှာ ကျန်းမာတဲ့အပြုံးကို ရယူထိန်းသိမ်းဖို့ဘယ်လိုလုပ်ဆောင်ရမယ်ဆိုတာကိုမသိတဲ့ ကလေးငယ်တွေနဲ့ အခြေခံသွားနဲ့ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုကိုမရတဲ့ကလေးငယ်တွေ အများကြီးပါပဲ။ Colgate ရဲ့ Bright Smile, Bright Future လှုပ်ရှားမှုက မြန်မာနိုင်ငံတစ်ဝန်းမှာရှိတဲ့ ကလေးတွေကို အခမဲ့ သွားနဲ့ခံတွင်းစစ်ဆေးခြင်းနဲ့ သွားနှင့်ခံတွင်းကျန်းမာရေး ပညာပေးလုပ်ဆောင်ရာမှာ အထိရောက်ဆုံး လှုပ်ရှားမှုတစ်ခုဖြစ်ပါတယ်" ဟု Colgate-Palmolive မြန်မာ၏ Professional Executive ဖြစ်သူ ဒေါက်တာစိုးမိုးအောင်က ပြောကြားခဲ့သည်။

ယေဘုယျအားဖြင့် ကလေးငယ်များသည် ၎င်းတို့၏ သွားများကို မည်သို့ ထိရောက်စွာတိုက်ရမည် (သို့မဟုတ်) ကျန်းမာသည့် သွားနှင့်ခံတွင်း ထိန်းသိမ်းရေး အလေ့အကျင့်များကို ကောင်းမွန်စွာ သင်ကြားခြင်းမခံရသည့်အတွက် သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို လုပ်ဆောင်နိုင်ခြင်းမရှိသည်ကို တွေ့ရှိနေရပေသည်။

"ကျွန်တော်တို့ရဲ့ ပုံမှန် သွားနဲ့ ခံတွင်းကျန်းမာရေး ဂရုစိုက်မှုနဲ့ စောင့်ရှောက်မှုကို စောနိုင်သမျှစောအောင် လုပ်ဆောင်သင့်ပါတယ်။ တတိယတန်း အရွယ်လောက်ဟာ မှန်ကန်သင့်လျော်တဲ့ သွားနဲ့ခံတွင်း ကျန်းမာရေးဗဟုသုတ ကောင်းကောင်းပေးဖို့ အကောင်းဆုံး အသက်အရွယ်ပါပဲ" ဟု နှင်းစန္ဒာ သွားနှင့် ခံတွင်းဆေးခန်းပိုင်ရှင် ဒေါက်တာသိန်းဝင်းက ပြောကြားခဲ့သည်။

**မယ်သီတာ**

# နေပူခံလိမ်းဆေးအချို့ကြောင့် အရေပြားကင်ဆာဖြစ်ပွားနိုင်

နေပူခံလိမ်းဆေးအချို့ကြောင့် အရေပြားကင်ဆာဖြစ်ပွားစေနိုင်ကြောင်း ဗြိတိသျှနိုင်ငံ အရေပြားရောဂါဆိုင်ရာ ကျွမ်းကျင်သူများအဖွဲ့က ထုတ်ပြန်ချက်အသစ်မှာ ဖော်ပြထားပါတယ်။ နွေရာသီမှာ အလျှံပယ် ကြော်ငြာနေသော နေပူခံလိမ်းဆေးများစွာ ရှိနေပါတယ်။ နေပူခံလိမ်းဆေးဆိုင်ရာ သုတေသနကို ဗြိတိသျှနိုင်ငံ အရေပြားရောဂါဆိုင်ရာ ကျွမ်းကျင်သူများအဖွဲ့နဲ့ ပူးတွဲလုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး ယမန်နှစ်က လူဦးရေရဲ့ ၇၂ ရာခိုင်နှုန်းကျော်ဟာ နေရောင်ဒဏ်ကို ခံခဲ့ကြကြောင်း၊ နေပူခံလိမ်းဆေးများလိမ်းကြရန် အမြဲနှိုးဆော်ထားသော်လည်း လူအတော်များများဟာ နေရောင်ဒဏ်ကို ခံကြရပါတယ်။ သုတေသနပြုလေ့လာချက်အရ အရေပြားကင်ဆာဖြစ်ပွားရတဲ့ အကြောင်းအချက်သုံးရပ်ကို ဖော်ထုတ်နိုင်ခဲ့ပါတယ်။ အဲဒီအချက်တွေကတော့ အမျိုးအစားမှန်ကန်သော နေပူခံလိမ်းဆေးကို အသုံးမပြုခြင်း၊ နေပူခံလိမ်းဆေးကို လုံလုံလောက်လောက် မလိမ်းကျံခြင်းနဲ့ နေပူခံလိမ်းဆေးက လုံလောက်စွာ နေပူဒဏ်ကာကွယ်မပေးနိုင်ခြင်းတို့ပဲ ဖြစ်ပါတယ်။

Malignant melanom လို့ခေါ်တဲ့ အရေပြားကင်ဆာဟာလည်း သေဆုံးနိုင်သည်ထိ ဒုက္ခပေးနိုင်ပြီး အရေပြားကင်ဆာဟာ အင်္ဂလန်နိုင်ငံမှာ ပဉ္စမနေရာမှာရှိနေပြီး အမေရိကန်နိုင်ငံမှာ ထိပ်ဆုံးနံပါတ်တစ်မှာ ရှိနေပါ တယ်။ ယမန်နှစ်လေ့လာချက်အရ ခရမ်းလွန်ရောင်ခြည်အေသည် ကာလအတန်ကြာမှ အရေပြားကင်ဆာဖြစ်ပွားစေပြီး ခရမ်းလွန်ရောင်ခြည်ဘီသည် ကာလတိုအတွင်း နေလောင်မှုကို ခံစားရစေနိုင်ကြောင်း ဖော်ထုတ်ခဲ့ပါတယ်။ နေရောင်ဒဏ်ကာကွယ်ပေးနိုင်စွမ်း (SPF Sun Protection Factor) ၅၀ ရှိတယ်လို့ ကြေညာထားသော်လည်း အပြည့်အဝမပါရှိခြင်းကြောင့် အရေပြားကင်ဆာဖြစ်ပွားမှုကို ကာကွယ်ပေးနိုင်ခြင်း မရှိကြောင်း၊ ဝယ်ယူအသုံးပြုသူတွေကတော့ ဘူးအညွှန်းမှာ ရေးသားဖော်ပြချက်ကိုကြည့်ပြီး ဝယ်ယူနေကြကြောင်း ထို့အတွက် နေလောင်ဒဏ်ကို ခံစားရပြီး အရေပြားကင်ဆာဖြစ်ပွားကြရကြောင်း သုံးသပ်ထားပါတယ်။

နေပူဒဏ်ခံလိမ်းဆေးကိုရွေးချယ်ရာတွင် ဈေးကြီးတာဈေးသက်သာတာနဲ့ မဆိုင်ဘဲ UVA ရော UVB ကိုပါခံနိုင်တဲ့ SPF 50 ပါရှိသော Sunscreen မျိုးကို သုံးစွဲရန်၊ ပုလင်း/ဘူးပါ အညွှန်းစာများကို သေချာဖတ်ရှုပြီးမှ ဝယ်ရန်လိုသလို ထုတ်လုပ်မှုအပိုင်းကလည်း မှန်မှန်ကန်ကန်ရေးသား ဖော်ပြဖို့လိုအပ်ကြောင်း သုတေသီက မှတ်ချက်ပြုထားပါတယ်။

**ရှင်ပါဂူ**

# (၇) နေ့ သားသမီးများအတွက် စီးပွားရေး အကြံပေး ဟောကိန်း

## ၁-၆-၂၀၁၅ မှ ၇-၆-၂၀၁၅ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** ခက်ခဲနက်နဲသော အလုပ်များ လုပ်ရမည်။ မျက်နှာပွင့်လန်းမည်။ ဓာတ်ငွေ့၊ ဓာတ်သတ္တုလုပ်ငန်းများ အထူးအကျိုးပေးအားကောင်းနေလိမ့်မည်။ ကျန်းမာရေးနှင့် ပတ်သက်ပြီး သာမန်ကုသခြင်းဖြင့် သက်သာပျောက်ကင်းစေတတ်ပါသည်။ အချစ်ရေးတွင် မေတ္တာပေးဆက်နေရသူဖြစ်နေလိမ့်မည်။ အိမ်ထောင်ရေးအဆင်ပြေမှုများ ရှိနေတတ်ပါသည်။ ဝင်ငွေ ထွက်ငွေ မျှနေမည့်ကာလဖြစ်သည်။

**ယတြာ။ ကံကော်ညွန့်ဆောင်ပါ။**



**တနင်္လာသားသမီးများအတွက်** လုပ်ငန်းခွင်တွင်အေးဆေးတည်ငြိမ်စွာဖြင့်လုပ်ကိုင်နေရတတ်သည်။ ငွေကြေးကိစ္စနှင့်ပတ်သက်၍ စကားပြောဆိုရမှုများရှိမည်။ အရောင်းအဝယ်လုပ်ငန်းစာပေနှင့် ပတ်သက်သောလုပ်ငန်းများ အဆင်ပြေ အောင်မြင်နေလိမ့်မည်။ ကျန်းမာရေး အနေဖြင့် ရာသီဥတုကြောင့် ဖောက်ပြန်တတ်သော ခန္ဓာကိုယ်တွင်းရောဂါအနည်းငယ်ဖြစ်တတ်ပါသည်။ အချစ်ရေးတွင်မေတ္တာနှင့်ဝန်းရံပြီး ရိုးသားသောသံယောဇဉ်ဖြင့် ချစ်ခင်နှစ်သက်နေရတတ်ပါသည်။

**ယတြာ။ ငှက်ပန်းညွန့်ဆောင်ပါ။**



**အင်္ဂါသားသမီးများအတွက်** စိတ်မြန်ကိုယ်မြန်ရှိခြင်း၊ အထွေထွေဗဟုသုတနှင့်ပြည့်စုံပြီး အတွေ့အကြုံပေါ်မူတည်၍စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေတတ်ပါသည်။ စက်မှုလက်မှုလုပ်ငန်းများ အထူးအကျိုးပေး အားကောင်းလိမ့်မည်။ ကျန်းမာရေးတွင် စိတ်ဖိစီးသောရောဂါဝေဒနာ ခံစားရတတ်ပါသည်။ ကျန်းမာရေး လိုက်စားမှု အားနည်းလိမ့်မည်။ အချစ်ရေးတွင် စိတ်ကူးယဉ်နေတတ်ပြီး လက်တွေ့အကောင်အထည်ဖော်ရန် လေးလေးနက်နက်မရှိဖြစ်နေမည်။

**ယတြာ။ ဇလပ်ညွန့်ဆောင်ပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** စိတ်စေတနာ သဒ္ဓါတရားထက်သန်မှု ရှိနေတတ်သည်။ ကံအကျိုးပေးကောင်းပြီး ကိုယ့်အားကိုယ်ကိုးလုပ်ကိုင် ခြင်းကြောင့် ချမ်းသာမည်။ အလုပ်အကိုင် အကြံအစည်များနှင့် ဝင်ငွေ တိုးပွားခြင်းတို့ရှိလာတတ်ပါသည်။ ကျန်းမာရေးနှင့် ပတ်သက်၍ ဆီးရောဂါဖြစ်ပွားတတ်သည်။ အချစ်ရေးတွင် ရှေ့တိုးရခက် နောက်ဆုတ်ရခက် ဖြစ်နေတတ်သည်။ အသိုင်းအဝိုင်းကောင်းသော အိမ်ထောင်ဖက်နှင့် အဆင်ပြေလိမ့်မည်။

**ယတြာ။ သပြေညွန့်ဆောင်ပါ။**



**ကြာသပတေးသားသမီးများအတွက်** စိတ်ဆန္ဒနှင့်အညီ လုပ်ငန်းများကို ဆောင်ရွက်ရတတ်သည်။ လူ့ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်မည်။ စာပေနှင့်ပတ်သက်သောလုပ်ငန်း၊ ဆေးဘက်ဆိုင်ရာ လုပ်ငန်းများအကျိုးပေးမည်။ ကျန်းမာရေးနှင့်ပတ်သက်ပြီး ဂရုစိုက်ရမည်။ နှလုံးနှင့်ပတ်သက်သောဝေဒနာ ခံစားရတတ်သည်။ အချစ်ရေးတွင်မေတ္တာပေးဆက်သူဖြစ်နေတတ်ပါသည်။ အိမ်ထောင်ရေး သာယာမှုရှိနေတတ်ပါသည်။

**ယတြာ။ သီဟိုဠ်ညွန့်လှူပါ။**



**သောကြာသားသမီးများအတွက်** တက်တက်ကြွကြွနှင့် စိတ်ဆန္ဒထား၍ မိမိလုပ်စရာကိစ္စများကိုမှန်ကန်ရဲဝံ့စွာဆောင်ရွက်ပါက မဖြစ်ဘူးဆိုတာမရှိသလောက်ရှားမည်။ စွန့်စားခြင်းအလုပ်ဖြင့် ငွေကြေးကံကောင်းမည်။ တစ်ခါတစ်ရံ ငွေကြေးအလွတ်ဝင်မည်။ မိမိမျှော်လင့်ချက် ပြည့်ဝခြင်းမျိုးတို့ရှိလာတတ်ပါ သည်။ ကျန်းမာရေးအနေဖြင့် သွေးနှင့်ပတ်သက်သော ရောဂါ၊ ကိုယ်လက်ကိုက်ခဲသောရောဂါတို့ဖြစ်တတ်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေး သင့်တင့်ကံကောင်းနေမည်။

**ယတြာ။ ဒါန်းညွန့်ဆောင်ပါ။**



**စနေသားသမီးများအတွက်** ဘဝတွင် အောင်မြင်မှုများကို သိုသိုသိပ်သိပ်ဖြင့် ရရှိလာတတ်ပါသည်။ စီးပွားရေးတွင် ရေနံနှင့် ရေနံထွက်ပစ္စည်းများ ရောင်းဝယ်ခြင်း အထူးအောင်မြင်မှုရရှိလိမ့်မည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ပူလွန်းအေးလွန်းခြင်းနှင့် ဆိုင်သော ရာသီဥတုသဘောအရဖြစ်တတ်သောဝေဒနာများ ခံစားရတတ်ပါသည်။ အချစ်ရေးတွင် စိတ်သောကပူပန်မှုများ ရှိနေတတ်သည်။ အိမ်ထောင်ရေးတွင် အထင်လွဲမှားခြင်းမျိုး ရှိတတ်သောကြောင့် သတိရှိစွာနေရတတ်ပါသည်။

**ယတြာ။ အုန်းညွန့်လှူပါ။**

# တောင်ကြီးမြို့နယ် အောင်သပြေရွာတွင် အခြေခံစားသောက်ကုန် ထုတ်လုပ်မှုပညာပေးသင်တန်း၌ စားသုံးသူအကာအကွယ်ပေးရေး ပညာပေးဟောပြောဆွေးနွေးပြီး လွိုင်လင်မြို့နယ် မိုင်းပွန်ကျေးရွာ မြင်းပျံအရက်ချက်စက်ရုံ မှတ်ပုံတင်သက်တမ်းတိုးမြှင့်ရေးအတွက် ကွင်းဆင်းစစ်ဆေး

တောင်ကြီးမြို့နယ် အောင်သပြေရွာတွင် မေလ ၂၁ ရက်ကပြုလုပ်တဲ့ အခြေခံစားသောက်ကုန် ထုတ်လုပ်မှု ပညာပေးသင်တန်းတွင် စားသုံးသူအကာအကွယ်ပေးရေး လက်ကမ်းစာစောင်များ စားသုံးသူ ဥပဒေစာအုပ်များနဲ့ ယှဉ်ပြိုင်မှု ဥပဒေစာအုပ်များပေးဝေပြီး ဒုတိယညွှန်ကြားရေးမှူး ဦးစိုးအောင်က စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေထွက်ရှိထားပြီးဖြစ်ကြောင်း၊ ဥပဒေတွင်ပါရှိတဲ့ စားသုံးသူအခွင့်အရေးနဲ့ တာဝန်၊ ထုတ်လုပ်ရောင်းချသူ စီးပွားရေးလုပ်ငန်းရှင်ရဲ့ အခွင့်အရေးတာဝန်နဲ့ တားမြစ်ချက်များကို သိရှိစေရန်၊ လူသုံးကုန်၊ အခြားပစ္စည်းများ ရောင်းချမှုများကြောင့် နစ်နာဆုံးရှုံးမှုမရှိစေရန် မိမိတို့စားသုံးသော အစားအသောက်များ စားသုံးရာ၌ စားသုံးသူရေးရာအကာအကွယ်ပေးရေး ဥပဒေပါအချက်များကို သိရှိနားလည်ပြီး မိမိတို့ရဲ့ စားသုံးသူ အခွင့်အရေးသိရှိစေရန် ဆွေးနွေးခဲ့ပါတယ်။ အဆိုပါသင်တန်းသို့ အောင်သပြေရွာမှ ဖိတ်ကြားထားသော ဧည့်သည်တော်များနဲ့ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၂၅ ဦးခန့် တက်ရောက်ခဲ့ပါတယ်။

ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန အနေဖြင့် ထုတ်ကုန်များ ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချမှု အခြေအနေ၊ ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချရာတွင် စားသုံးသူဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အရည်အသွေးပြည့်ဝတဲ့ ထုတ်ကုန်များကို ဖြန့်ဖြူးရောင်းချနိုင်ရန် အသိပညာပေး စစ်ဆေးဆောင်ရွက်လျက်ရှိသည်။ အဖွဲ့သည် လွိုင်လင်မြို့ မိုင်းပွန်ကျေးရွာရှိဦးတင်ရွှေပိုင်ဆိုင်သည့် မြင်းပျံအရက်ချက်စက်ရုံအား မှတ်ပုံတင်သက်တမ်း တိုးမြှင့်ခွင့်ပြုရန်အတွက် လွိုင်လင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စက်မှုကြီးကြပ် ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနများနှင့်အတူ ကုန်သွယ်မှု မြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနတို့မှ မေလ ၂၁ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရပါတယ်။

**သိန်းငွေဦး၊ အုန်းသိန်း-တောင်ကြီး**

**စာမျက်နှာ ၂၃ မှအဆက်**

မွမ်ဘိုင်းတွင် ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ မေလပထမပတ်ထိ ပဲစင်းငုံအနီဈေးသည် ပြီးခဲ့သည့် ၂၀၁၃ ခုနှစ်နှင့် ၂၀၁၄ ခုနှစ် အထက်တွင်ရှိသကဲ့သို့ ရန်ကုန်တွင်လည်း အလားတူဖြစ်ပေါ်ခဲ့သည်။ ပုံ-၃ နှင့် ပုံ-၄ ကို လေ့လာကြည့်ရှုရန် ဖြစ်ပါသည်။

**ပုံ-၃။ ရန်ကုန်မတ်ပဲနှင့် ပဲစင်းငုံအနီအပတ်စဉ်**
**ပျမ်းမျှဈေးပြောင်းလဲမှု (၂၀၁၅ ခုနှစ်)**




**ပုံ-၄။ မွမ်ဘိုင်းမြန်မာ့မတ်ပဲနှင့် မြန်မာ့ပဲစင်းငုံအနီ**
**အပတ်စဉ်ပျမ်းမျှဈေး ပြောင်းလဲမှု (၂၀၁၅ ခုနှစ်)**




**ဇာစ်မြစ်။ www.etrademyanmar.com**

ဇယား - ၂။ ဈေးကွက်အလိုက် ၂၀၁၅ ခုနှစ် မေလပထမပတ် အတွင်း မတ်ပဲက ပဲစင်းငုံထက် ဈေးပိုမြင့်

| ဈေးကွက် | မတ်ပဲ | ပဲစင်းငုံ | မတ်ပဲ > ပဲစင်းငုံ |
|---|---|---|---|
| | (USD per tonne) | | (%) |
| မုံရွာ | ၁၀၄၁ | ၁၀၄၀ | ၀.၁ |
| မန္တလေး | ၁၀၆၆ | ၁၀၄၅ | ၂ |
| ရန်ကုန် | ၁၁၃၉ | ၁၀၈၆ | ၅ |
| မွမ်ဘိုင်း | ၁၂၉၆ | ၁၁၃၁ | ၁၅ |

မွမ်ဘိုင်းတွင် မြန်မာ့မတ်ပဲသည် မြန်မာ့ပဲစင်းငုံထက် ၁၅ ရာခိုင်နှုန်းဈေးပိုမြင့်ပြီး ရန်ကုန်တွင်မတ်ပဲ (RC) သည် ပဲစင်းငုံအနီထက်၅ ရာခိုင်နှုန်းဈေးပိုမြင့်ကြောင်း စိစစ်တွေ့ရှိရသည်။



## မြို့ကြီးများ၏ ၁-၆-၂၀၁၅ မှ ၅-၆-၂၀၁၅ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၁-၆-၂၀၁၅) | အင်္ဂါ(၂-၆-၂၀၁၅) | ဗုဒ္ဓဟူး(၃-၆-၂၀၁၅) | ကြာသပတေး(၄-၆-၂၀၁၅) | သောကြာ(၅-၆-၂၀၁၅) |
|---|---|---|---|---|---|
| နေပြည်တော် | တိမ်အသင့်အတင့် ၃၅°C/၉၅°F | တိမ်အသင့်အတင့် ၃၅°C/၉၅°F | တိမ်အသင့်အတင့် ၃၅°C/၉၅°F | ၅၀% ၃၃°C/၉၂°F | ၈၀% ၃၃°C/၉၁°F |
| ရန်ကုန်မြို့ | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၁°C/၈၇°F |
| မန္တလေးမြို့ | တိမ်အသင့်အတင့် ၃၈°C/၁၀၀°F | နေသာ ၃၉°C/၁၀၂°F | တိမ်အသင့်အတင့် ၃၈°C/၁၀၀°F | ၆၀% ၃၇°C/၉၈°F | ၈၀% ၃၇°C/၉၈°F |
| မြစ်ကြီးနား | ၈၀% ၃၁°C/၈၈°F | ၆၀% ၃၃°C/၉၂°F | ၈၀% ၃၄°C/၉၃°F | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၀°C/၈၆°F |
| လားရှိုး | ၆၀% ၂၉°C/၈၅°F | တိမ်အသင့်အတင့် ၃၀°C/၈၆°F | ၅၀% ၃၀°C/၈၆°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၈°C/၈၃°F |
| ကျိုင်းတုံ | ၆၀% ၃၂°C/၈၉°F | ၄၀% ၃၂°C/၈၉°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၂၉°C/၈၅°F |
| လွိုင်ကော် | တိမ်အသင့်အတင့် ၃၁°C/၈၇°F | တိမ်အသင့်အတင့် ၃၁°C/၈၈°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၈°C/၈၃°F |
| တောင်ကြီး | ၅၀% ၂၄°C/၇၆°F | ၄၀% ၂၅°C/၇၇°F | ၅၀% ၂၅°C/၇၇°F | ၈၀% ၂၄°C/၇၅°F | ၈၀% ၂၃°C/၇၄°F |
| မော်လမြိုင် | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၂°C/၉၀°F | ၈၀% ၃၂°C/၉၀°F | ၈၀% ၃၂°C/၉၀°F |
| ဘားအံ | ၆၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၁°C/၈၈°F |
| တောင်ငူ | တိမ်အသင့်အတင့် ၃၄°C/၉၃°F | ၄၀% ၃၄°C/၉၃°F | ၅၀% ၃၄°C/၉၃°F | ၅၀% ၃၃°C/၉၁°F | ၈၀% ၃၂°C/၉၀°F |
| မုံရွာ | နေသာ ၄၀°C/၁၀၄°F | နေသာ ၃၉°C/၁၀၃°F | တိမ်အသင့်အတင့် ၄၀°C/၁၀၄°F | တိမ်အသင့်အတင့် ၃၈°C/၁၀၀°F | ၅၀% ၃၇°C/၉၉°F |
| ပုသိမ် | ၈၀% ၃၂°C/၉၀°F | ၈၀% ၃၂°C/၉၀°F | ၈၀% ၃၂°C/၉၀°F | ၈၀% ၃၂°C/၉၀°F | ၈၀% ၃၂°C/၉၀°F |
| မြိတ် | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၂°C/၈၉°F | ၅၀% ၃၂°C/၈၉°F | ၅၀% ၃၂°C/၈၉°F |
| စစ်တွေ | ၄၀% ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F | တိမ်အသင့်အတင့် ၃၃°C/၉၁°F | ၈၀% ၃၂°C/၈၉°F | ၆၀% ၃၁°C/၈၈°F |
| မကွေး | ၉၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၇°F | ၅၀% ၃၂°C/၈၉°F | ၅၀% ၃၂°C/၉၀°F | ၄၀% ၃၂°C/၉၀°F |
| ဖလမ်း | နေသာ ၂၈°C/၈၃°F | နေသာ ၂၉°C/၈၅°F | နေသာ ၃၀°C/၈၆°F | ၄၀% ၂၈°C/၈၃°F | ၄၀% ၂၇°C/၈၀°F |



## ဂျပန်နိုင်ငံတွင် မီးတောင်ပေါက်ကွဲ လေယာဉ်လမ်းကြောင်းများ ပြောင်းလဲပျံသန်း

ပြီးခဲ့သည့် မေ ၂၉ရက် နံနက်ပိုင်းက ဂျပန်နိုင်ငံ၊ ကာဂိုရှီးမား စီရင်စုဒေသရှိ ကူချီနိုအီရာအဘူ ဂျီးမားကျွန်းပေါ်ရှိ မီးတောင်တစ်လုံးပေါက်ကွဲခဲ့ရာ မီးတောင်ပေါက်ကွဲမှုကြောင့် မီးတောင်နှင့်အနီး တစ်ဝိုက်တွင် နေထိုင်ကြသည့် ပြည်သူများအား ဘေးလွတ်ရာသို့ ပြောင်းရွှေ့ကြရန် နှိုးဆော်ထားကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ထို့ပြင် အဆိုပါကျွန်းသည် လေယာဉ်များ ဖြတ်သန်းသွားလာရာ ဒေသဖြစ်သည့်အတွက် လေယာဉ်များကို လမ်းကြောင်းပြောင်း၍ ပျံသန်းကြရန် အကြောင်းကြားထားကြောင်း သိရသည်။

မီးတောင်မှ ချော်ရည်များ၊ ဓာတ်ငွေ့များနှင့် ကျောက်တုံးကျောက်ခဲများသည် အပူရှိန်ကြောင့် ပေါက်ကွဲထွက်ခဲ့ကာ ကျယ်လောင်သည့်ပေါက်ကွဲသံကြီးတစ်ခုကို ကြားခဲ့ရကြောင်းဖြင့် အန်န်အိတ်ချ်ကေသတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

ပေါက်ကွဲသံနှင့်အတူ မီးခိုးလုံးများသည် မိုးကောင်းကင်ယံသို့တက်လာသည်ကို မြင်တွေ့ရကြောင်းဖြင့် အဆိုပါသတင်းတွင် ဖော်ပြထားသည်။

အဆိုပါကျွန်းသည် ဂျပန်နိုင်ငံ၏ တောင်ဘက်အကျဆုံးသော ကျွန်းတစ်ကျွန်းဖြစ်သည့် ကျူးရှူးကျွန်းနှင့် ကီလိုမီတာပေါင်း ၁၆၀ ခန့်သာ ကွာဝေးသဖြင့် ဒေသခံပြည်သူများမှာကူးတို့သင်္ဘောများဖြင့်သွားလာနေကြကြောင်း၊ မီးတောင် ရုတ်တရက်ပေါက်ကွဲမှုကြောင့် အဆိုပါကျွန်းပေါ်တွင် နေထိုင်ကြသည့် ဒေသခံပြည်သူ ၁၄၀ခန့် ဒဏ်ရာများရရှိခဲ့ကြကြောင်း အန်န်အိတ်ချ်ကေသတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

မီးတောင်ပေါက်ကွဲမှုကြောင့် ကျူးရှူးကျွန်းကို လျှပ်စစ်ဓာတ်အား ပေးထားသည့် ဆန်ဒါအိုင်ကလီးယားဓာတ်ပေါင်းဖိုကို ပိတ်ထားခဲ့ရသဖြင့် ကျူးရှူးကျွန်းမှာ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုဒဏ်ကို ခံစားခဲ့ရကြောင်း သိရသည်။

ထို့ပြင် အဆိုပါကျွန်းပေါ်မှ ဖြတ်၍ ပျံသန်းလျက်ရှိသည့် အိုကီနာဝါကျွန်းနှင့်အာရှ အရှေ့တောင်ပိုင်းဒေသများသို့ ပြေးဆွဲလျက်ရှိသည့် လေယာဉ်ပျံများအား လမ်းကြောင်းပြောင်း၍ ပျံသန်းကြရန် သက်ဆိုင်ရာလေကြောင်းဌာန အသီးသီးသို့ အကြောင်းကြားထားကြောင်း သိရသည်။

**မယ်သီတာ**

## အိန္ဒိယတွင် အပူလှိုင်းဖြတ်သန်းမှုကြောင့် လူတစ်ထောင်ကျော်သေဆုံး၊ ကတ္တရာလမ်းများ အရည်ပျော်ကျသည်အထိဖြစ်ခဲ့

အိန္ဒိယနိုင်ငံတောင်ပိုင်းဒေသများတွင် မေ ၁၃ရက်မှစတင်ကာ အပူလှိုင်းများ ဖြတ်သန်းခဲ့ကြောင်းသိရသည်။ အပူချိန်သည် ၅၀ ဒီဂရီ ဆဲလ်ဆီးယပ်စ်အထိရှိခဲ့ပြီး ပြည်သူများမှာ အပူဒဏ်ကို ပြင်းထန်စွာခံစားခဲ့ကြရသည်ဟု ဆိုသည်။

အိန္ဒိယနိုင်ငံ တောင်ပိုင်းဒေသဖြစ်သည့် အင်ဒရာပရာဒေ့ရှ်နှင့် တီလန်ဂါနာဒေသတို့တွင် အပြင်းထန်ဆုံးဖြစ်ပြီး မေ ၂၉ရက်အထိ သေဆုံးသူစုစုပေါင်းမှာ ၁၃၁၇ ဦးရှိသွားပြီဖြစ်ကြောင်း သိရသည်။

အိန္ဒိယမိုးလေဝသဌာနမှ နေ့စဉ်အပူချိန်များကို ထုတ်ပြန်လျက်ရှိရာ အပူချိန်သည် ၄၅ ဒီဂရီ ဆဲလ်ဆီးယပ်စ်မှ ၄၈ ဒီဂရီဆဲလ်ဆီးယပ်စ်အတွင်းတွင်ရှိခဲ့ပြီး အပူဆုံးအဖြစ် ၅၀ ဒီဂရီဆဲလ်ဆီးယပ်စ်သို့ပင် ရောက်ရှိခဲ့သည်ဟု ဆိုသည်။

အပူချိန်မြင့်မားလွန်းသဖြင့် ဒေလီမြို့ပေါ်ရှိ ကတ္တရာလမ်းများမှာ အရည်များ ပျော်ကျသည်အထိ ဖြစ်ခဲ့ရသည်ဟုဆိုသည်။

အပူချိန်မြင့်တက်မှုသည် ဆက်လက်ဖြစ်ပေါ်နိုင်သေးပြီး ရက်အနည်းငယ်အတွင်း အပူလှိုင်းဖြတ်သန်းမှုများ ဖြစ်ပေါ်လာနိုင်သေးကြောင်း အိန္ဒိယ မိုးလေဝသဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အပူလှိုင်းဖြတ်သန်းမှုကြောင့် သေဆုံးသူများမှာ ဆင်းရဲသောပြည်သူများဖြစ်ကြောင်း၊ ဆေးရုံများတွင်လည်း အပူလွန်ကဲမှုကြောင့် ရောက်ရှိလာသည့်ဝေဒနာသည်များအား ပြုစုကုသသည့်နည်းလမ်းများကို ညွှန်ကြားပြသထားပြီးဖြစ်သည်ဟု ဆိုသည်။ အပူလှိုင်းဖြတ်သည့် ဒေသများအနက် အင်ဒရာပရာဒေ့ရှ်ပြည်နယ်၏ မြို့တော်ဖြစ်သည့် ဟိုက်ဒရာဘတ်တွင် အဆိုးရွားဆုံးဖြစ်ပြီး လူသေဆုံးမှုအများဆုံးဖြစ်သည့် ဒေသတစ်ခုလည်းဖြစ်ကြောင်း အေအက်ဖ်ပီက ရေးသားဖော်ပြထားသည်။

အဆိုပါ ဟိုက်ဒရာဘတ်မြို့၏ လမ်းမများသည် သဲကန္တာရကဲ့သို့ဖြစ်နေပြီး ကတ္တရာလမ်းများသည်လည်း အရည်များပျော်ကျကာ သွားလာရခက်ခဲလျက်ရှိသည်ဟု ဆိုသည်။

ပြည်သူများမှာ ပညာရေးနိမ့်ပါးသည့်အပြင် ဆင်းရဲနွမ်းပါးသူများ အများစုဖြစ်သည့်အတွက် ရုပ်မြင်သံကြားမှ ထုတ်လွှင့်သည့် အပူဒဏ်ကာကွယ်ရေးအတွက် လှုံ့ဆော်ချက်များအား သတိမထားကြသည့်အတွက် သေဆုံးရခြင်းဖြစ်သည်ဟုဆိုသည်။

Domestic Sport News
Vol: 15, No.20 Monday June 1 2015

# ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်ခြင်းကို နည်းပြတစ်ယောက်အနေဖြင့် အလွန်ဂုဏ်ယူမိကြောင်း မစ္စတာဂတ်ဖွင့်ဟ

မြန်မာ ယူ-၂၀အသင်း၏နည်းပြချုပ်မစ္စတာဂတ်ဆီဇီသည် မြန်မာအသင်းအား ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်စေရန် လမ်းညွှန်မှုပြုနိုင်ခဲ့ခြင်းအပေါ် အလွန်ပင်ဂုဏ်ယူဝမ်းမြောက်မိကြောင်း မေ ၂၈ရက် နံနက်ပိုင်းက ဖီဖာမှ မီဒီယာအဖွဲ့နှင့်တွေ့ဆုံရာတွင် ဖွင့်ဟပြောကြားခဲ့သည်။

"ဒီလိုခြေစစ်ပွဲ အောင်လာတယ်ဆိုတာ လွယ်ကူတဲ့အရာ မဟုတ်ပါဘူး။ ကြိုးစားတာရော၊ ပံ့ပိုးမှုရော၊ ကံကောင်းတာ၊ ပရိသတ်အားပေးမှုရော ပါပါတယ်။ အခုကမ္ဘာ့ဖလားကို ရောက်လာတာက နည်းပြတစ်ယောက်အနေနဲ့ အရမ်းကို ဂုဏ်ယူဝမ်းမြောက်မိတယ်"ဟု မစ္စတာဂတ်က ပြောကြားခဲ့သည်။

ထို့အတူ အသင်း၏ စုဖွဲ့မှု၊ ပြင်ဆင်ဆောင်ရွက်ထားရှိမှု အနေအထားနှင့်ပတ်သက်၍လည်း "စုဖွဲ့အနေနဲ့ အားလုံးသိတဲ့အတိုင်း ကစားသမားက ခန္ဓာကိုယ်ဖွံ့စည်းပုံသေးတယ်။ ကြံ့ခိုင်မှုက တခြားအသင်းတွေနဲ့ယှဉ်နိုင်ဖို့ လိုသေးတယ်။ ဒါပေမယ့် ဒီကလေးတွေနဲ့လိုက်ဖက်မယ့်လေ့ကျင့်ခန်းတွေကို ပြင်းပြင်းထန်ထန် လုပ်ထားပါတယ်။ ပြင်ဆင်မှုကာလမှာလည်း လူကောင်ကြီးပြီး အင်တိုက်အားတိုက်ကစားတတ်တဲ့ ကစားသမားတွေနဲ့ ခြေစမ်းပွဲတွေ ကစားထားပါတယ်"ဟု ဆက်လက်ပြောကြားခဲ့သည်။

ထို့အတူ ယခုကဲ့သို့ ကမ္ဘာ့အဆင့် ပြိုင်ပွဲတစ်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရသည့်အတွက် မြန်မာကို ကမ္ဘာက ပိုသိလာသကဲ့သို့ မြန်မာလူမျိုးများအတွက်လည်း ဘောလုံးအားကစားသည် ပို၍ ပေါ်ပြူလာဖြစ်လာမည်ဟု ယုံကြည်ကြောင်း ဆိုခဲ့သည်။

"ဒီပွဲကို လာကစားလို့ မြန်မာကို ကမ္ဘာ့ဘောလုံးအသိုင်းအဝိုင်းက ပိုသိလာပါတယ်။ ပြိုင်ပွဲမှာ ရလဒ်ကောင်းရယူပြီး ပိုသိအောင် ကြိုးစားပါ့မယ်။ ဘောလုံးဟာ မြန်မာလူမျိုးတွေအတွက် နံပါတ်တစ် အားကစားဖြစ်ပြီးသားပါ။ ဒါပေမယ့်ဒီပွဲမှာ မြန်မာအသင်း ဝင်ကစားတာကို ကြည့်ပြီးတော့ အားလုံးက ဒီထက်ပိုပြီး ဘောလုံးကို စိတ်ဝင်စား လာအောင် ကြိုးစားပါ့မယ်"ဟု ဆိုခဲ့သည်။



ပြိုင်ပွဲတွင်မည်ကဲ့သို့ မျှော်မှန်းထားသည်ဆိုသည့် မေးခွန်းနှင့်ပတ်သက်၍ "ဘောလုံးက ဘာမဆိုဖြစ်နိုင်ပါ တယ်။ ကိုယ့်ဘက်က ပြင်ဆင်စရာရှိတာကို ပြင် ဆင်ထားပြီးပါပြီ။ ရလဒ်ကောင်းဖို့ ကြိုးစားပါ့မယ်။ အံ့အားသင့်အောင် လုပ်ပြနိုင်ဖို့တော့ ပြင်ဆင် ထားပါတယ်။ အံ့ အားသင့် တယ် မသင့်ဘူး ဆိုတာကတော့ ပြိုင်ပွဲကျမှ သိရမှာပါ" ဟု ပြောကြားခဲ့သည်။




# လူငယ်မျိုးဆက်သစ်လက်ဝှေ့ပွဲများကို ကျပ်သိန်းပေါင်း နှစ်ထောင်ခန့် အကုန်အကျခံ၍ တစ်နှစ်ပတ်လုံး ကျင်းပသွားမည်ဟုဆို

မြန်မာနိုင်ငံရိုးရာ လက်ဝှေ့အဖွဲ့ချုပ်မှ ဦးဆောင်ကာ မျိုးဆက်သစ်ရိုးရာ လက်ဝှေ့ပြိုင်ပွဲများကို ကျပ်သိန်းပေါင်း နှစ်ထောင်ခန့် အကုန်အကျခံ၍ တစ်နှစ်ပတ်လုံးကျင်းပပေးသွားမည်ဖြစ်ကြောင်း Myanmar Media Group မှ အုပ်ချုပ်မှုဒါရိုက်တာဦးဝဏ္ဏက ပြောကြားခဲ့သည်။

မြန်မာ့ရိုးရာလက်ဝှေ့လောကသည် မျိုးဆက်ပြတ်သည့် ပြဿနာနှင့် ရင်ဆိုင်နေရလျက်ရှိရာ ယင်းပြဿနာကိုဖြေရှင်းသည့်အနေဖြင့် မျိုးဆက်သစ်ကစားသမားများ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ အဆိုပါလက်ဝှေ့ပြိုင်ပွဲများကို တစ်နှစ်ပတ်လုံးကျင်းပရန် စီစဉ်ရခြင်းဖြစ်သည်ဟု ၎င်းက ပြောကြားခဲ့သည်။

မျိုးဆက်သစ်ကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ယခုကဲ့သို့ ပြိုင်ပွဲများကျင်းပလာနိုင်ခြင်းမှာ မြန်မာ့ရိုးရာလက်ဝှေ့လောကအတွက် ကောင်းမွန်သည့်အခြေအနေပင်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ စဉ်ဆက်မပြတ် ပြိုင်ပွဲများကျင်းပပေးပြီး ရိုးရာလက်ဝှေ့အားကစားသမား မျိုးဆက်သစ်တွေ ပေါ်ထွက်လာပြီး နိုင်ငံတကာကို ရင်ပေါင်တန်းနိုင်ရန် ဆက်လက်လုပ်ဆောင်ကြရမည်ဟု မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသိန်းအောင်က ပြောကြားခဲ့သည်။

"ဒီပွဲကိုလုပ်တာက ကျွန်တော်တို့အတွက် ဘာအကျိုးအမြတ်မှ မရှိပါဘူး။ အကျိုးအမြတ်မရှိဘဲနဲ့ လုပ်ကြတာပါ။ အဲဒီပြိုင်ပွဲကို လာမယ့်ကလပ်တွေ၊ နည်းပြတွေ၊ ကစားသမားတွေအားလုံးရဲ့ ကုန်ကျစရိတ်အသေးစိတ်ကနေ အစ အဆုံး တာဝန်ယူမယ်။ တစ်နှစ်ပတ်လုံးကျင်းပမယ့်ပြိုင်ပွဲရဲ့ ကုန်ကျစရိတ်က ကျပ်သိန်း ၁၅၀၀ ကနေ ၂၀၀၀ ကြားမှာရှိမယ်" ဟု ဦးဝဏ္ဏက ရှင်းပြသည်။

အဆိုပါ မျိုးဆက်သစ်ရှာဖွေရေး လက်ဝှေ့ပြိုင်ပွဲများကို သိမ်ဖြူလမ်းရှိ လက်ဝှေ့အားကစားရုံတွင် ဇွန်လ ၂၁ ရက်မှစတင်ကျင်းပမည်ဖြစ်ပြီး အပတ်စဉ် တနင်္ဂနွေနေ့ မွန်းလွဲတစ်နာရီတွင် သုံးချီထိုးသတ်မည့် ပွဲစဉ်ငါးပွဲနှင့် လေးချီထိုးသတ်မည့် ပွဲစဉ်နှစ်ပွဲတို့ဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

အဆိုပါ လက်ဝှေ့စိန်ခေါ်ပွဲများကို ကြည့်ရှုလိုသည့်နိုင်ငံသားများအနေဖြင့် လက်မှတ်တစ်စောင်လျှင် ကျပ်နှစ်ထောင်နှင့် နိုင်ငံခြားသားပရိသတ်များအတွက် အမေရိကန်ဒေါ်လာငါးဒေါ်လာ သတ်မှတ်ထားကြောင်း သိရသည်။

အဆိုပါပွဲများကို Sky-net Sports-3 Channel နှင့် MNTV အခမဲ့ရုပ်သံလိုင်းတို့မှလည်း Live နှင့် Delay ပုံစံများဖြင့် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လိုသည့် ကလပ်အသင်းအသီးသီးမှ ကစားသမားများအနေဖြင့် စာရင်းများ စတင်ပေးသွင်းနိုင်ပြီဖြစ်ပြီး တွဲဆိုင်းများသတ်မှတ်ခြင်းကို ခုံဒိုင်ချုပ်နှင့် မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်တို့က သတ်မှတ်ပေးမည်ဟု ထုတ်ပြန်ထားကြောင်း သိရသည်။

# ရန်ကုန်လူငယ်တိုက်စစ်မှူး စောနိုင်မိုးအောင် အနည်းဆုံးနှစ်လ အနားယူရမည်

ရန်ကုန်ယူနိုက်တက်အသင်း၏ လူငယ်တိုက်စစ်မှူး စောနိုင်မိုးအောင်သည် ၎င်း၏ ဘယ်ဘက်ဒူးအရွတ်ဒဏ်ရာကို ခွဲစိတ်ကုသမှုခံယူခဲ့ရာ အောင်မြင်ခဲ့ပြီး အနည်းဆုံးနှစ်လခန့် အနားယူရမည်ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့်ရာသီက ရရှိခဲ့သည့် ဒူးဒဏ်ရာကို မြန်မာနိုင်ငံရှိ နာမည်ကျော် အားကစားဆိုင်ရာ သမားတော်များတွင် ကုသမှုခံယူခဲ့သော်လည်း အားရကျေနပ်မှု မရှိသောကြောင့် အသင်းတာဝန်ရှိသူများက ထိုင်းနိုင်ငံသို့ စေလွှတ်ကာ မေ ၁၅ ရက်က အဆိုပါဒူးဒဏ်ရာကို ခွဲစိတ်ကုသမှုခံယူစေခဲ့ခြင်းဖြစ်သည်။

ထိုင်းနိုင်ငံချင်းမိုင်ဆေးရုံမှ မြန်မာနိုင်ငံသို့ မေ ၂၄ရက်တွင် ပြန်လည်ရောက်ရှိလာခဲ့ပြီး နှစ်လခန့် ဘောလုံးနှင့်မထိဘဲ လေ့ကျင့်ခန်းများ ပြုလုပ်ရမည်ဖြစ်ကြောင်း သိရသည်။

"မခွဲခင်တုန်းက အပေါ့စားလေ့ကျင့်ခန်းတွေ လုပ်လို့ရတယ်။ ခွဲပြီးတော့ ဘောလုံးကို လုံးဝမထိဘဲ ရက်သတ္တပတ် ရှစ်ပတ်လောက်နေဖို့ ဆရာဝန်က မှာလိုက်ပါတယ်။ အခုတော့ စက်ဘီးစီးတဲ့ လေ့ကျင့်ခန်း လုပ်နေပါတယ်။ ဘောလုံးကို အမြန်ဆုံးပြန်ကစားချင်နေပြီ။ မြန်မြန်သက်သာအောင် လေ့ကျင့်ခန်းတွေ လုပ်သွားမှာပါ"ဟု စောနိုင်မိုးအောင်၏ ပြောကြားချက်ကို အသင်းပိုင်ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

စောနိုင်မိုးအောင်သည် ရန်ကုန်လူငယ်အသင်း၏ အဓိကတိုက်စစ်မှူးတစ်ဦးဖြစ်ပြီး ယမန်နှစ်ဘောလုံးရာသီတွင် ၁၈ ဂိုးသွင်းယူကာ ဂိုးသွင်းဘုရင်ဖြစ်ခဲ့သည်။




# မြန်မာယူ-၂၀အသင်းအား နယူးဇီလန်ရှိ မြန်မာပရိသတ်များ လာရောက်နှုတ်ဆက်

ကမ္ဘာ့ဖလား ယူ-၂၀ ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာယူ-၂၀ အသင်း လေ့ကျင့်ရာနေရာသို့ နယူးဇီလန်နိုင်ငံရှိ မြန်မာပရိသတ်များက လာရောက်နှုတ်ဆက်ကြကြောင်း သိရသည်။

မြန်မာပရိသတ်အများစုသည် မြန်မာ ယူ-၂၀ အသင်းလေ့ကျင့်နေထိုင်ရာ ဖန်ဂရိုင်းမြို့မှ မဟုတ်ဘဲ အော့ကလန်း၊ ဝယ်လင်တန်နှင့် ဟာမီလ်တန်မြို့တို့ မှ တကူးတက လာရောက် အားပေးခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ပရိသတ်များအနေဖြင့်အသင်း၏ လေ့ကျင့်ရေးကို အနီးကပ်လေ့လာခွင့်ရရှိခဲ့ပြီး လေ့ကျင့်ရေးများ အပြီးတွင် အသင်းသားအားလုံးနှင့် တရင်းတနှီး ဓာတ်ပုံများ ရိုက်ကူးခဲ့ကြကြောင်း သိရသည်။



## ကစားသမားဘဝကို ပြောင်းလဲစေခဲ့သည့် အောင်မြင်မှုဟု တောင်ကိုရီးယား ဂေါက်သီးသမား အန် ဝင့်ကြွား

ပြီးခဲ့သည့် မေလ ၂၄ရက်နေ့က ကျင်းပပြီးစီးခဲ့သည့် BMW PGA ချန်ပီယံရှစ်ပြိုင်ပွဲတွင် မမျှော်လင့်ဘဲ အနိုင်ရ ဗိုလ်စွဲခဲ့ခြင်းကြောင့် ကစားသမားဘဝကို တိုးတက်ပြောင်းလဲစေခဲ့ပြီဟု တောင်ကိုရီးယား ဂေါက်သီးသမားလေး အန်ဗြောင်ဂန်က ဝင့်ကြွားစကားဆိုခဲ့သည်။

အင်္ဂလန်နိုင်ငံ Wentworth ကလပ်၌ ကျင်းပခဲ့သော ပြိုင်ပွဲတွင် အသက် ၂၃ နှစ်အရွယ်ရှိ အန်သည် ပြိုင်ပွဲ သမိုင်းတစ်လျှောက် စံချိန်တင် ရိုက်ချက် ၂၆၇ချက်ဖြင့် ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ ပထမနေ့တွင် ၇၁ချက်ရိုက်ပြီး ထိပ်ဆုံး ၁၃ ဦးစာရင်းတွင် မဝင်ခဲ့သော အန်သည် နောက်သုံးရက်တွင်မူ အကောင်းဆုံးလက်စွမ်းပြနိုင်ခဲ့သည်။

တတိယနေ့အပြီးတွင် ၁၄ချက်လျော့ရိုက်ပြီး အီတလီမှ မိုလီနာရီနှင့်အတူ ပူးတွဲဦးဆောင်ခဲ့သော အန်မှာ နောက်ဆုံးနေ့တွင်လည်း ခုနစ်ချက်လျော့ရိုက်ပြီး ပူးတွဲဒုတိယရခဲ့သော စပိန်မှ ဂျီမီနက်ဇ်နှင့် ထိုင်းမှ သောင်ချိုင်းဂျာဒီတို့ကို ခြောက်ချက်အသာဖြင့် ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။

၂၀၀၉ ယူအက်စ်အပျော်တမ်း ချန်ပီယံရှစ်တွင် အသက်အငယ်ဆုံး ချန်ပီယံအဖြစ် မှတ်တမ်းဝင်ခဲ့ဖူးသော အသက် ၁၇ နှစ်အရွယ်ရှိ အန်သည် ဥရောပတိုးပြိုင်ပွဲများသို့ ပထမဆုံးဝင်ကစားခွင့်ရသည့် ရာသီတွင် ကြီးမားသည့်အောင်မြင်မှုကို ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

အိုလံပစ် စားပွဲတင်တင်းနစ် ချန်ပီယံဟောင်းများဖြစ်သော တောင်ကိုရီးယား ဖခင်နှင့် တရုတ် မိခင်တို့မှ မွေးဖွားလာသူ အန်မှာယခုအောင်မြင်မှုကြောင့် ကမ္ဘာ့အဆင့် ၆၀ အတွင်း ဝင်လာသလို ယူအက်စ်အိုးပင်းနှင့် ဗြိတိသျှအိုးပင်းတို့တွင်လည်း ငါးနှစ်ဆက်တိုက် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရခဲ့သည်။

# ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)ဒုဥက္ကဋ္ဌအပါအဝင် အမှုဆောင်အရာရှိခြောက်ဦးကို လာဘ်စားမှုစွပ်စွဲချက်များဖြင့် ဆွစ်ဇာလန်ရဲတပ်ဖွဲ့က ဖမ်းဆီး ရွေးကောက်ပွဲကို ရွှေ့ဆိုင်းပေးရန် ယူအီးအက်ဖ်အေမှ တောင်းဆို

ဆွစ်ဇာလန်ရဲတပ်ဖွဲ့သည် ခြစားသည်ဟူသော စွပ်စွဲချက်များဖြင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)မှ ဒုတိယဥက္ကဋ္ဌအပါအဝင် အမှုဆောင်အရာရှိခြောက်ဦးကို ဖမ်းဆီးလိုက်ကြောင်း သိရသည်။

ဖီဖာ၏နှစ်ပတ်လည်ညီလာခံသို့ တက်ရောက်ရန် ဇူးရစ်မြို့သို့ ရောက်ရှိလာသည့် ဖီဖာအရာရှိများကို ၎င်းတို့တည်းခိုရာဟိုတယ်တွင် ယူနီဖောင်းဝတ်ဆင်ထားခြင်းမရှိသော ဆွစ်ဇာလန်ရဲများက မေ ၂၆ ရက်က ဝင်ရောက်ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ထို့ပြင် မေ ၂၇ ရက်ကလည်း ဖီဖာ၏ဒုတိယဥက္ကဋ္ဌဖြစ်သူ ဂျက်ဖရီဝက်ဘ်ကိုပါ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ခြင်းဖြစ်သည်။

အရပ်ဝတ် ဝတ်ဆင်ထားခြင်းမရှိသည့် ရဲများသည် ဇူးရစ်မြို့ရှိ Baur au Lac ဟိုတယ်ဧည့်ကြိုဌာနမှ တောင်းယူကာ အခန်းတစ်ခန်းချင်းစီသို့ ဝင်ရောက်ရှာဖွေပြီးမှ ဖီဖာအရာရှိများကို ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

ဆွစ်ဇာလန် တရားရေးဌာနကမူ ဖီဖာအဖွဲ့အတွင်း အမေရိကန်ဒေါ်လာ သန်း ၁၀၀ ပမာဏကို အလွဲသုံးစား ပြုလုပ်ထားကြောင်း အထောက်အထားများ ခိုင်ခိုင်လုံလုံ ရရှိထားပြီးဖြစ်သည်ဟုလည်း ဆိုသည်။ အဆိုပါဖီဖာအရာရှိများသည် အမေရိကန်ဘဏ်များမှတစ်ဆင့် ငွေအလွှဲအပြောင်းများ ပြုလုပ်ခဲ့ကြသည်ဟု ဆိုသည်။

ထိုကဲ့သို့ ထိပ်တန်းအရာရှိများ ဖမ်းဆီးခံခဲ့ရသော်လည်း ဖီဖာရွေးကောက်ပွဲကို ကျင်းပသွားမည်ဖြစ်ကြောင်း ဖီဖာက ထုတ်ပြန်ကြေညာခဲ့သည်။



ထို့ပြင် ဖီဖာ၏ (၆၅)နှစ်မြောက် နှစ်ပတ်လည်ညီလာခံကို ဆက်လက်ကျင်းပမည်ဖြစ်ပြီး အဆိုပါညီလာခံအပြီးတွင် ဖီဖာဥက္ကဋ္ဌရာထူး ရွေးကောက်ပွဲကို ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

ယူအီးအက်ဖ်အေ ဥက္ကဋ္ဌ မီချယ်ပလာတီနီကမူ ယခုဖြစ်ရပ်ကြောင့် ဖီဖာရွေးကောက်ပွဲကိုဆိုင်းငံ့ထားစေလိုကြောင်း ပြောကြားခဲ့သည်။ ယခုဖမ်းဆီးခံထားရသည့် ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်များသည် ဆော်ဒီမင်းသား ဘင်မိုဟာမက်အလီကို ထောက်ခံသူများဖြစ်ပြီး ယခုကဲ့သို့ ဖမ်းဆီးခံရမှုကြောင့် လက်ရှိ ဆပ်ဘလတ္တာသာလျှင် ဖီဖာဥက္ကဋ္ဌအဖြစ် ဆက်လက်ရွေးချယ်ခံသွားရနိုင်ဖွယ်ရှိနေကြောင်းဖြင့် သတင်းများက ရေးသားဖော်ပြလျက်ရှိသည်။

## ပြင်သစ်အိုးပင်းလုံခြုံရေးတာဝန်ရှိသူများ၏ ပေါ့လျော့မှုကို ဖက်ဒဲရား ပြင်းထန်စွာဝေဖန်

တင်းနစ်ကွင်းထဲဝင်လာပြီး ၎င်းနှင့်တွဲ၍ Selfie ဓာတ်ပုံရိုက်ရန်ကြိုးစားခဲ့သည့်ပရိသတ်ကြောင့် စိတ်အနှောင့်အယှက်ဖြစ်ခဲ့ရသည့် ဆွစ်ဇာလန်တင်းနစ်သမား ဖက်ဒဲရားက ပြင်သစ်အိုးပင်းပြိုင်ပွဲ လုံခြုံရေးတာဝန်ရှိသူများ၏ ပေါ့လျော့မှုကို ပြင်းထန်စွာဝေဖန်ခဲ့သည်။

ဖက်ဒဲရားသည် မေလ ၂၄ရက်နေ့က ကစားခဲ့သော ပထမအဆင့်ပွဲစဉ်တွင် ကိုလံဘီယာမှ အလီဂျန်ဒရိုဖယ်လာကို ၆-၃၊ ၆-၃၊ ၆-၄ဖြင့် သုံးပွဲပြတ် အနိုင်ရခဲ့သည်။ ပွဲအပြီးတွင် ပခုံး၌ အိတ်နှစ်လုံးလွယ်ပြီး ကွင်းထဲမှထွက်လာသော ဖက်ဒဲရားထံသို့ ဆယ်ကျော်သက်လူငယ်တစ်ဦး ရုတ်တရက် ပြေးဝင်လာပြီး Selfie ဓာတ်ပုံရိုက်ရန် ကြိုးစားခဲ့ခြင်းဖြစ်သည်။ အဆိုပါလူငယ်ကို ကွင်းလုံခြုံရေးများက မတားဆီးနိုင်ခဲ့သဖြင့် ဖက်ဒဲရားက "ဒီလိုဖြစ်တာကို ကျွန်တော် သဘောမကျပါဘူး။ လေ့ကျင့်ခန်းလုပ်တုန်းကလည်း ဖြစ်ခဲ့ပါသေးတယ်။ သူတို့တွေက ကလေးတွေ ဖြစ်ပေမယ့်လုံခြုံရေးအမြင်နဲ့ ကြည့်ရင်တော့ လက်မခံနိုင်ပါဘူး"ဟု ဝေဖန်ခဲ့သည်။



ယခုကစားသည့် Philippe Chartrier ကွင်းတွင်ပင် ဖက်ဒဲရားသည် ဆွီဒင်မှ ရော်ဘင်ဆိုဒါလင်းနှင့် တွေ့ဆုံခဲ့သည့်၂၀၀၉ ဖိုင်နယ်တွင်လည်း ယခုလို အဖြစ်မျိုးနှင့် ရင်ဆိုင်ခဲ့ရဖူးရာ လုံခြုံရေးအစီအမံများကို မေးခွန်းထုတ်စရာ ဖြစ်ခဲ့သည်။

## ရီးရဲလ်မက်ဒရစ်နည်းပြရာထူးကို ဘင်နီတက်ဇ်ရယူရန် ရာနှုန်းပြည့်နီးပါး သေချာနေသည်ဟုဆို



နာပိုလီနည်းပြ ရာဖေးဘင်နီတက်ဇ်သည် ရီးရဲလ်မက်ဒရစ်အသင်း၏ နည်းပြရာထူးကို ရယူရန် ၉၉ ရာခိုင်နှုန်း သေချာနေပြီဖြစ်ကြောင်း အန်ဆလော့တီ၏ အေးဂျင့်ဖြစ်သူ အာနက်စ်တိုဘရိုဇက်တီက ပြောကြားခဲ့သည်။

ရီးရဲလ်မက်ဒရစ် အသင်းသည် ယခုနှစ် ဘောလုံးရာသီတွင် ဖလားလက်မဲ့ဖြစ်ခဲ့ရမှုအတွက် နည်းပြ အန်ဆလော့တီကို ရာထူးမှထုတ်ပယ်ခဲ့ပြီးလာမည့်ရက် အနည်းငယ်အတွင်း နည်းပြသစ်တစ်ဦးကို အစားထိုးခန့် အပ်မည်ဖြစ်ကြောင်း အသင်းမှတာဝန်ရှိသူတစ်ဦးက ထုတ်ဖော်ကြေညာခဲ့သည်။

ရီးရဲလ်ဥက္ကဋ္ဌ ဖလော်ရင်တီနိုပီရက်ဇ်ကမူ အန်ဆလော့တီ၏နေရာတွင် ဆက်ခံမည့်သူအား ပြောကြားရန် ငြင်းဆိုခဲ့သော်လည်း ၎င်းအနေဖြင့် စပိန်ဘာသာစကားပြောကြားနိုင်သူကိုသာ ရှာဖွေနေကြောင်း အရိပ်အမြွက်ပြောကြားခဲ့သည်။

"ရီးရဲလ်နည်းပြအဖြစ် ဘင်နီတက်ဇ်က အသေချာဆုံးဖြစ်နေပါတယ်။ အန်ဆလော့တီကတော့ တစ်နှစ်လောက် အနားယူဦးမှာပါ။ ရီးရဲလ်အသင်းကနေ ထွက်ရတော့မယ်ဆိုတော့ သူ့ရဲ့ကစားသမားတွေ စိတ်မကောင်းဖြစ်ကြတယ်"ဟု ဘရိုဇက်တီက ပြောကြားခဲ့သည်။

ရီးရဲလ်မက်ဒရစ်အသင်းကို စတင်ကိုင်တွယ်စဉ်ကတည်းက ကိုပါအီတာ လီယာဖလားတစ်လုံးကိုသာ ရယူပေးနိုင်ပြီး ယခုနှစ်ဘောလုံးရာသီတွင်လည်း အဆင့်လေးတွင်သာ ရပ်တည်နိုင်ခဲ့သည်။ ဘင်နီတက်ဇ်သည် စီးရီးအေ နောက်ဆုံးပွဲစဉ်အပြီးတွင် နာပိုလီအသင်းမှ ထွက်ခွာတော့မည်ဟု ဘီဘီစီသတင်းတွင် ဖော်ပြထားသည်။ လာဇီယိုနှင့်ပွဲသည် နာပိုလီအသင်း၏ချန်ပီယံလိဂ်ဝင်ခွင့်အတွက် အဆုံးအဖြတ်ပေးမည့် ပွဲတစ်ပွဲဖြစ်သည့်အတွက် အလွန်အရေးကြီးကြောင်း ဘင်နီတက်ဇ်က ပြောကြားခဲ့သည်။

# မကွေးတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနတွင် စားသုံးသူအကာအကွယ်ပေးရေး အစည်းအဝေးကျင်းပ

မကွေးတိုင်းဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးရုံး၌ မေလ ၂၃ ရက်နေ့ နံနက်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေး ဗဟိုကော်မတီ အတွင်းရေးမှူး ဦးလှမော်ဦးတို့က မကွေးတိုင်းအတွင်းရှိ တိုင်းစက်မှုကြီးကြပ်၊ တိုင်းဟိုတယ်ခရီး၊ တိုင်းစိုက်ပျိုးရေး၊ တိုင်းစည်ပင်၊ တိုင်းပညာရေး၊ တိုင်းဥပဒေ၊ တိုင်းကျန်းမာရေး၊ FDA၊ တိုင်းအဆင့်ဌာန ဆိုင်ရာအကြီးအကဲများ၊ မကွေးတိုင်း ကုန်သည်စက်မှုလုပ်ငန်းရှင်များ အသင်းမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထား သူများ၊ တိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ တိုင်းဒေသကြီးဦးစီးမှူး၊ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများနဲ့ ပတ်သက်ပြီး တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။

တွေ့ဆုံပွဲ၌ စားသုံးသူအငြင်းပွားမှု ဗဟိုကော်မတီအတွင်းရေးမှူး ဦးလှမော်ဦးက မြန်မာနိုင်ငံဟာ WTO အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး၊ ကမ္ဘာ့နိုင်ငံများနဲ့ ချိတ်ဆက်ရောင်းဝယ်နေပါကြောင်း၊ ကျောင်းများမှာ အသိပညာပေးဆွေးနွေးမှုများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာပညာရေးဌာန၊ FDA၊ ကျန်းမာရေးဌာန၊ မိမိတို့ဌာနများ ပူးပေါင်းဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ ဥပဒေများ သိရှိအောင် မီဒီယာသတင်းသမားများကို သတင်းပေး၍ ထည့်သွင်းရေးသားနိုင်အောင် ဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ မကြာမီကျောင်းများ ဖွင့်တော့မှာ ဖြစ်တဲ့အတွက် ငယ်ရွယ်သူများကို ကျန်းမာရေးစောင့်ရှောက်မှု ပြုလုပ်ရမှာဖြစ်ကြောင်း၊ ယခင်က အစိုးရကသာ ဆောင်ရွက်နေပြီး ယခုအခါ ပြည်သူလူထုများ ပါဝင်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ နိုင်ငံတော်အပိုင်းမှ ငွေကြေးအကုန်အကျခံပြီး သင်တန်းပေးခြင်း၊ ပြည်ပပညာရှင်များမှ ဆွေးနွေးပေးခြင်းတို့ကို ဆောင်ရွက်ပေးမှာဖြစ်ကြောင်း၊ AFTA မကြာမီ ရောက်ရှိတော့မှာဖြစ်တဲ့အတွက် စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများ အဆင်သင့်ဖြစ်နေဖို့ လိုအပ်ပါကြောင်း၊ ပြည်ပမှတင်သွင်းလာသော စက်ကိရိယာ၊ ဓာတ်မြေသြဇာ၊ ဘိလပ်မြေ၊ ပိုးသတ်ဆေးများ အဆင့်မီဖို့ လိုအပ်ပါကြောင်း၊ အိန္ဒိယမှ အသင့်ကွမ်းစားဆေးများ တရားမဝင်တင်သွင်းနေ ပြီး၊ ရောဂါဝေဒနာဖြစ်မှတားရင် ကိုယ့်ပြည်သူတွေပဲ ထိခိုက်မှာဖြစ်ကြောင်း၊ တရားဝင်တင်သွင်းတဲ့ နည်းလမ်းကို သိရှိဖို့လိုကြောင်း၊ တရားမဝင် ကုန်သွယ်မှုများကို Mobile Team အဖွဲ့များဖြင့် စစ်ဆေးဖမ်းဆီးမှုများ ပြုလုပ်နေရကြောင်း၊ ဒီလုပ်ငန်းကို လုပ်ဆောင်ရာမှာ မိမိတို့ဌာနတစ်ခုထဲဆောင်ရွက်လို့ မရတဲ့အတွက် သက်ဆိုင်ရာ အခြားဌာနများ ပူးပေါင်းပါဝင်ဆောင်ရွက်ဖို့ လိုအပ်ပါကြောင်း ရှင်းလင်းပြောကြားခဲ့ပါတယ်။

တိုင်းဒေသကြီးဦးစီးမှူး ဦးမြင့်ဇော်ဦးက ရှေ့ဆက်ဆောင်ရွက်သွားရမည့် လုပ်ငန်းများအတွက် စီမံချက် ရေးဆွဲဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ စာသင်ကျောင်းပေါင်း ၃၉၉၃ ကျောင်းရှိပြီး၊ လုံခြုံစိတ်ချ အရည်အသွေးပြည့်မီတဲ့ စားသောက်ကုန်၊ ထုတ်ကုန်များ ဖြစ်ပေါ်လာစေရေး အသိပညာပေးဆွေးနွေးမှုကို ပြင်ပစိတ်ဝင်စားသူများနဲ့ ပူးပေါင်းဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ ဆွေးနွေးပါတယ်။ ညွှန်ကြားရေးမှူး ဦးခင်ဇော်ကလည်း ယခင်နှစ်က တိုင်း ၇ တိုင်းမှာရှိတဲ့ ကျောင်းတွေကို ဆောင်ရွက်ခဲ့ပြီး ယခုနှစ်မှာဆိုရင် တိုင်းနဲ့ပြည်နယ် အားလုံးဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ နမူနာကို ဝယ်ယူသုံးစွဲစစ်ဆေးသွားဖို့ လိုပါကြောင်း၊ ကျောင်းတွေမှာ ပညာရေးဌာနရဲ့ ခွင့်ပြုချက်၊ ဈေးများမှာ စည်ပင်သာယာက တာဝန်ယူပေးဖို့ ကျန်းမာရေးဌာန ပူးပေါင်းပါဝင်ဖို့ လိုအပ်ပါကြောင်း၊ ယခုအချိန်ဟာ ပညာပေး အသိပေးတဲ့ အဆင့်ကို ဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ နောက်ပိုင်း အရေးယူအပြစ်ပေးသွားမှာဖြစ်ကြောင်း ပြောကြားပါတယ်။ တက်ရောက်လာသူများမှလည်း သိလိုသည်၊ မရှင်းလင်းသည်များကို မေးမြန်းခြင်း၊ ဆွေးနွေးခြင်းများပြုလုပ်ခဲ့ကြပါတယ်။

စားသုံးသူအကာအကွယ်ပေးရေး ပညာပေးခြင်းကို မိမိတို့ မိသားစုမှတစ်ဆင့် ပတ်ဝန်းကျင်အထိ အဆင့်ဆင့် ပညာပေးကြဖို့လိုကြောင်း၊ ဒီလုပ်ငန်းကို အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ လွှဲပြောင်းတာဝန်ပေးသူများ ပူးပေါင်းပါဝင်ဖို့လိုကြောင်း မိမိတို့လုပ်ငန်းဟာ လူတွေကို ထိခိုက်ဒဏ်ရာရမှု၊ နာမှု၊ ရောဂါဖြစ်မှု၊ သေမှု၊ မဖြစ်အောင် ဆောင်ရွက်သည့် လုပ်ငန်းဖြစ်သည့်အတွက် ကုသိုလ်ရသည့် လုပ်ငန်းဖြစ်ပါကြောင်း၊ မိမိအတွက် ကုသိုလ်ဖြစ်ပြီး အများအတွက်ကောင်းကျိုးရှိသော လုပ်ငန်းဖြစ်ကြောင်း ညွှန်ကြားရေးမှူးချုပ်က နိဂုံးချုပ်အမှာစကားမှာ ထည့်သွင်း ပြောကြားခဲ့တယ်လို့ သိရပါတယ်။ **တင်တင်လှ - မကွေး**

## ရောင်းသူပစ်မှတ်

|မောင်မောင်အေး-လှိုင်ကော်|

အို. . အသင်လူသား၊ သပ္ပုရိသအပေါင်း၊ သူတော်ကောင်းတို့။ ဣတ္ထိယနွယ်ဝင်သူတော်စင်မိန်းမမြတ်တို့။အသင်တို့သည် မည်သည့်ကဏ္ဍကို ဝါသနာအပါဆုံးဖြစ်ပါသနည်း။ ဒီလိုများ အမေးရှိလာခဲ့ရင် သတ္တိကောင်းတဲ့ သူက နှုတ်ကဖွင့်ပြောမယ်။ သတ္တိနည်းနည်းရှိတဲ့သူက ခြေဟန်လက်ဟန်နဲ့လက်တို့ပြီးပြမယ်။ သတ္တိသိပ်မရှိတဲ့ သူအများစုကတော့ မသိမသာ သူတို့ဝါသနာပါရာ မေးကလေးများငေါ့ပြကြမယ်ထင်ပါတယ်။ သို့ပေမဲ့ အလုံးစုံကို ဆိုလိုခြင်းမဟုတ်ရကြောင်းနဲ့ ကျွန်တော်မေးလိုတဲ့အကြောင်း အရာနှစ်ရပ်က ဝယ်ခြင်းနဲ့ရောင်းခြင်းမျှသာဖြစ်ပါတယ်။

ဟုတ်ပ့ါခင်ဗျာ။ လူဆိုတာ ငယ်ငယ်က မိဘအုပ်ထိန်းသူအောက်မှာနေရပေမဲ့ ကိုယ့်ဝမ်းကိုယ်ကျောင်း၊ ကိုယ့်အိမ်ရာကို ကိုယ်ထူထောင်လို့ အရွယ်ရောက်ပြီဆိုတာနဲ့ ဝယ်ခြင်းနဲ့ရောင်းခြင်းအကြားမှာကျင်လည်ပြီး နေရထိုင်ရပါတယ်။ ဝယ်ခြင်းရောင်းခြင်းဆိုတာနဲ့ ချိန်ခွင်တွေ၊ ကတ္တားတွေကိုပဲ ကွက်မမြင်လိုက်ပါနဲ့ခင်ဗျ။ သင်တန်း ဆရာဟာ သင်တန်းသားတွေကို အခကြေးငွေယူပြီး သင်တန်းပေးထားတာဟာလည်း ပညာကို ရောင်းချခြင်းပါပဲ။ အနှိပ်ခန်းသွားပြီး အနှိပ်ခံခြင်းဟာလည်း ဝန်ဆောင်မှုကို ဝယ်ယူခြင်းပါပဲ။ ကျွန်တော်ကဲ့သို့ သော လူပြိန်းများ ခပ်ကြမ်းကြမ်း အတိုချုပ်မှတ်ထားတာကတော့ ကိုယ်ကငွေပေးရရင်ဝယ်တာ၊ ကိုယ့်မှာငွေရလာရင် ရောင်းတာ ဒါပဲ။

လူဆိုတာ အတ္တသမားတွေဆိုတော့ ရချင်တာပေါ့။ ကိုယ့်အတွက်အသုံးလိုသည်ဖြစ်စေ၊ မလိုသည်ဖြစ်စေ လိုချင်တာပဲ။ ရှိပြီးသားဆိုရင်လည်း ထပ်ရချင်တာပဲ။ ဒါပေမဲ့ ပစ္စည်းရှင်က အလကားမပေးတော့ ငွေကြေးနဲ့ဝယ်ရတာပေ့ါ။ ဝယ်နိုင်အောင် ငွေကြေးရှာရတာပေ့ါ။ အစစ်မတတ်နိုင်တော့လည်း ဈေးပေါတဲ့ အတုပေ့ါ။ ဒါကြောင့်လည်း စူပါမားကက်တွေပေါ်မှာ တစ်ထည် ၃၀၀၀၀ ကျပ်၊ ၄၀၀၀၀ ကျပ်တန်ရှိသလို လမ်းဘေးမှာလည်း တစ်ထည် ၁၅၀၀ ကျပ်၊ ၂၀၀၀ ကျပ်တန်ရှပ်အင်္ကျီတွေ အော်ရောင်းနေတာပေ့ါ။ အတူတူပါ။ ဝတ်လိုက်ရင် ကွာတ်တော့မကျရှာပါဘူး။

ဒါပေမဲ့ ဘာလို့ပဲရောင်းရောင်း၊ ဘာပဲရောင်းရောင်း၊ ရောင်းတော့ရောင်းနေကြတာပဲ၊ အလုပ်တော့ဖြစ်နေကြတာပဲ။ ဖြစ်လို့လည်း လမ်းမကြီးငယ်အသွယ်သွယ်တွေမှာ ဆိုင်ခန်းကြီးငယ်တွေ ဆိုင်းဘုတ်တွေ၊ နှုတ်ခမ်းချင်းဆက်အောင် အရောင်းဆိုင်တွေပေါများနေတာပေ့ါ။




ဝယ်လိုအားတွေမြင့်လာတော့ ပစ္စည်းပြတ်မှာစိုးပြီး၊ ပင်ရင်းကိုထပ်ပြီးမှာကြတယ်။ ပြည်တွင်းဖြစ်ဆိုရင်တော့ မြန်မာငွေနဲ့ မြန်မာ့ပြည်တွင်းပင်ရင်းပေ့ါ။ ကိစ္စမရှိဘူး။ အဲ. . နိုင်ငံခြားပစ္စည်းဆိုရင်တော့ နိုင်ငံခြားငွေကို အရင်ရှာရတယ်။ လိုချင်တဲ့ ပစ္စည်းမမှာခင် နိုင်ငံခြားငွေကို အရင်ရှာဝယ်ရတယ်။ နိုင်ငံခြားငွေဆိုတာ ကန့်သတ်ချက် အတိုင်းအတာရှိတယ်။ ဝင်လာတဲ့ နည်းလမ်းက သိပ်မများလှဘူး။ ပစ္စည်းအရောင်းသမားတွေက သူလည်းလို၊ ကိုယ်လည်းလိုဆိုရင် အလုအယက်ဝယ်ရတယ်။ အဲဒီမှာ တရိပ်ရိပ်ဈေးတက်တယ်။ နိုင်ငံခြားငွေရောင်းတဲ့ လူကလည်း ထိန်းပြီးရောင်းတတ်တယ်။ လိုသလောက်မရလေ။ ပိုလိုချင်လေ၊ ပိုရှားလေဖြစ်ပြီး ဒါဟာ နိုင်ငံခြားငွေ ဈေးတက်ရတဲ့ အကြောင်းရင်းထဲကတစ်ခုပဲ။

ဒါဆိုရင် ဝယ်သူတွေတောင်းဆိုလို့ ရောင်းသူတွေပစ္စည်းမှာနိုင်အောင် နိုင်ငံခြားငွေကရှာရင်းနဲ့ ရှားသွားတာလား၊ ရောင်းသူတွေကရော ဘာလုပ်ပေးနိုင်မလဲ ကြည့်ကြရအောင်။

ရောင်းသူဆိုတဲ့နေရာမှာ ကုန်ပစ္စည်းစတင်စိုက်ပျိုးမွေးမြူစက်ရုံမှစတင်၊ ထုတ်လုပ်သူများကအစ၊ ဈေးကွက်ထဲတည်ခင်းရောင်းချနေတဲ့ ဆိုင်ရှင်ကြီး၊ လတ်၊ ငယ်အားလုံး ပါဝင်ပါတယ်။ သူတို့အားလုံးနီးပါးပစ်မှတ်က ပြည်တွင်းပဲ။ ပြည်တွင်းဈေးကွက်မှာပဲ ရောင်းတော့ ပြည်တွင်းငွေပဲရမှာပေ့ါ။

ချောင်းဒီဘက်ကမ်းကနေ ဝါးခြမ်းပြားကို လက်အားနဲ့ လွှဲပစ်လိုက်ရင် ချောင်းရေထဲပဲကျမှာပေ့ါ။ ထိရောက်မှု သိပ်မရှိလှဘူး။ အရင်းအနှီးကလေးစိုက်ထုတ်ပြီး ခေတ်မီယန္တရားဆိုတဲ့ လေးကိုဝယ်၊ မျှားချွန်နည်း၊ မျှားသပ်နည်း၊ လေးပစ်နည်းတွေကို သင်ပြီး မျှားတံကိုလေးမှာညှို့ပြီး လွှတ်လိုက်ရင် လိုရာခရီး ချောင်းရဲ့ဟိုဘက်ကမ်းကို မပင်မပမ်းရောက်ပါလိမ့်မယ်။

ဒါကြောင့် ပြည်တွင်းက ကုန်ထုတ်လုပ်ငန်းများက ကုန်ထုတ်လုပ်သူများကိုလည်း ထိုက်သင့်တဲ့ငွေကြေး အရင်းအနှီး၊ နည်းပညာတွေနဲ့ ထပ်မံပေါင်းစပ်မွမ်းမံလိုက်ရင် ဟိုဘက်ကမ်းဆိုတဲ့ ပြည်ပဈေးကွက်ကို တိတိကျကျ ဝင်ရောက်ခွင့်ရကြမှာပါ။ ဒါဆိုရင် နိုင်ငံခြားငွေတွေ အထိုက်အလျောက်ဝင်လာပြီး၊ ငွေကို ငွေနဲ့ဝယ်ယူရတဲ့ဒုက္ခလည်း ဝေးပါမယ်။ ပြည်တွင်းငွေကြေး ဖောင်းပွခြင်းလည်း ကင်းလွတ်ပါမယ်။

ပြည်တွင်းဝယ်လိုအားအရ နိုင်ငံခြားပစ္စည်းတွေ သွင်းတဲ့သူတွေကလည်း ဒလစပ်သွင်းနေကြမှာပါ။ မရပ်မနား သွင်းနေကြမှာပါ။ ဒါကြောင့် နိုင်ငံခြားငွေတွေလည်း အဆက်မပြတ်လိုပြီးရင်း လိုအပ်နေကြမှာပါ။

ဒါကြောင့် ခြုံငုံပြီးပြောရရင်တော့ ဒီလိုအပ်နေတဲ့ နိုင်ငံခြားငွေတွေကို ထုတ်လုပ်ရောင်းချသူတွေကပဲ ကိုယ့်ပစ္စည်းကို ပြည်ပဈေးကွက်ဝင်သည်အထိ မျှော်မှန်းချက်ထားပြီး၊ အရည်အသွေးမြင့်မြင့်၊ ထုပ်ပိုးမှု ကောင်းကောင်း၊ အဆင့်မီမီထုတ်လုပ်ကြမယ်ဆိုရင်တော့ နိုင်ငံတော်ရဲ့ ကုန်သွယ်မှုပမာဏမှာ လိုငွေပြမှုတွေ လျော့နည်းကျဉ်းမြောင်းလာပြီး၊ နိုင်ငံခြားငွေ ဈေးကွက်လည်း တည်ငြိမ်လာမှာဖြစ်ကြောင်းပါ။

# Trade Facilitation & Trade Promotion

## ဧရာပုသိမ်ဖွံ့ဖြိုးမှု အများနှင့်သက်ဆိုင်သော ကုမ္ပဏီမှ ၂၀၁၅– ၂၀၁၆ မိုးစပါးရာသီမစတင်မီ တောင်သူများအား နည်းပညာပေးဆွေးနွေးပွဲများပြုလုပ်လျက်ရှိ



ဧရာပုသိမ်ဖွံ့ဖြိုးမှု အများနှင့် သက်ဆိုင်သော ကုမ္ပဏီသည် ၂၀၁၅-၂၀၁၆ မိုးစပါးရာသီ စိုက်ပျိုးမည့် ဒေသခံတောင်သူများအား အထွက်နှုန်းတိုး၍ သိပ္ပံနည်းကျစိုက်ပျိုးနိုင်ရေး၊ ဓာတုဆေးဝါးအသုံးပြုမှုလျှော့ချ၍ သဘာဝမြေဩဇာ အသုံးပြုနိုင်ရေးနှင့် ကုမ္ပဏီမှ ပံ့ပိုးပေးမည့် မျိုးစပါး၊ သွင်းအားစု၊ လယ်ယာသုံးစက်ကိရိယာ လိုအပ်မည့်အခြေအနေများကို သိရှိနိုင်စေရန်နှင့် နည်းပညာပေးဆွေးနွေးပွဲများကို ပုသိမ်၊ ကန်ကြီးတောင့်၊ ငပုတော၊ သာပေါင်းမြို့နယ်များရှိကျေးရွာများဖြစ်သော မိချောင်းတစ်ရာ၊ ဝါးဒူး၊ လိန်ကုန်း၊ ဝက်ကြီးကွင်း၊ ရွှေတွင်းတူး၊ မဲဇလီ၊ သောင်ကြီး၊ ကွင်းလျားအရှေ့၊ ကိုးဆူ၊ ထန်းကုန်း၊ မြတ်လေးချောင်း၊ ဘုရားချောင်း၊ အနန်းကုန်း၊ သစ်ပုတ်ကုန်း၊ တွန်ပလွန်၊ ဥတိုကြီးကျေးရွာများအထိ ကွင်းဆင်း၍ စိုက်ပျိုးရေးရာသီမစတင်မီ ၂၀၁၅ ခုနှစ်၊ ဧပြီ၊ မေလများတွင် နည်းပညာပေး ဆွေးနွေးပွဲများ ပြုလုပ်ပေးလျက်ရှိကြောင်း ကုမ္ပဏီ စီမံကိန်းမန်နေဂျာဦးဝင်းကြည်က ပြောပါတယ်။

၎င်းဆွေးနွေးပွဲများ ပြုလုပ်ပေးရာတွင် ဧရာပုသိမ်ဖွံ့ဖြိုးမှု အများနှင့် သက်ဆိုင်သော ကုမ္ပဏီအုပ်ချုပ်မှုဒါရိုက်တာနှင့် ဒါရိုက်တာများ၊ ကုမ္ပဏီ စီမံကိန်းမန်နေဂျာ၊ ဝယ်ရောင်းမန်နေဂျာ၊ စိုက်ပျိုးရေး မန်နေဂျာတို့မှ လိုအပ်သည့်ကဏ္ဍအလိုက် ဆွေးနွေးမှုများ ပြုလုပ်ပေးခဲ့ပြီး ကုမ္ပဏီနှင့် အကျိုးတူစိုက်ပျိုးသော တောင်သူများနှင့် စိုက်ပျိုးရေးနည်း ပညာပေးဆွေးနွေးပွဲကို စိတ်ဝင်စားသော တောင်သူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာအသီးသီးမှ တောင်သူဦးကြီးများ တက်ရောက်ခဲ့ကြောင်း သိရပါတယ်။

ကုမ္ပဏီစိုက်ပျိုးရေး မန်နေဂျာ ဦးအုန်းမြင့်သန်းကလည်း ကုမ္ပဏီမှ ယခုနှစ် မိုးစပါးရာသီတောင်သူများနှင့် အကျိုးတူပူးပေါင်း၍ မျိုးသန့်စပါးများ စိုက်ပျိုးထုတ်လုပ်ရန် လျာထားမှု၊ အကျိုးတူစိုက်ပျိုးမှုနှင့် ကုမ္ပဏီမှ မျိုးစပါးသွင်းအားစု၊ လယ်ယာသုံးစက်ကိရိယာများ ပံ့ပိုးပေးနိုင်ရန် လျာထားမှုများအပြင် တောင်သူများ စနစ်တကျစိုက်ပျိုးနိုင်ရေး၊ အလေအလွင့်နည်းပါးစေရေး၊ အထွက်နှုန်းတိုးတက်စေရေး၊ စတင်စိုက်ပျိုးသည့်အချိန်မှ ရိတ်သိမ်းခြွေလှေ့သည်အထိ တောင်သူများမှ ဆောင်ရွက်ရမည့် အပိုင်းကို နည်းပညာပေးဆွေးနွေးခဲ့ပြီး၊ ကုမ္ပဏီမှ ဝန်ဆောင်မှုပေးမည့်ကိစ္စရပ်များကိုလည်း အသေးစိတ်ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရပါတယ်။

**မင်းမင်းဦး - ပုသိမ်**

## စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နဲ့ လုပ်ငန်းဆပ်ကော်မတီဝင်များ အစည်းအဝေးကျင်းပ

မေလနောက်ဆုံးပတ်က မကွေးတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံးမှာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဗဟိုစားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းဆပ်ကော်မတီအတွင်းရေးမှူးနဲ့ မကွေးတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့တို့ တွေ့ဆုံဆွေးနွေးညှိနှိုင်းဆောင်ရွက်မှုများ ပြုလုပ်ခဲ့တယ်လို့ သတင်းရရှိပါတယ်။

ဆွေးနွေးပွဲမှာ ဗဟိုလုပ်ငန်းကော်မတီအတွင်းရေးမှူး ဦးလှမော်ဦးက စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းမှာ ပြည်သူလူထုကျန်းမာရေးအတွက် အဓိကအရေးပါသဖြင့် ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေး ဆောင်ရွက်သွားရန်၊ တိုင်းဒေသကြီး အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့မှာ သက်ဆိုင်ရာပညာရှင်များ၊ စားသုံးသူကိုယ်စားလှယ်များ၊ ထုတ်လုပ်သူလုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များပါဝင်ဖွဲ့စည်းထားသော အဖွဲ့ဖြစ်သဖြင့် အားလုံးပူးပေါင်း၍ တက်ညီလက်ညီဆောင်ရွက်သွားရန်လိုကြောင်းနဲ့ မကွေးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူလူထုတစ်ရပ်လုံးကို သိရှိအောင် ဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ မကြာခင်ကာလမှာ စာသင်ကျောင်းများဖွင့်လှစ်တော့မှာဖြစ်တဲ့အတွက် ကျောင်းကျန်းမာရေးပညာပေးလုပ်ငန်းများမှာ ပူးပေါင်းပါဝင်၍ အသိပညာ ပေးဆွေးနွေးသွားရန်လိုကြောင်း ပြောကြားခဲ့ပါတယ်။ ဆက်လက်ပြီး ထုတ်လုပ်ရောင်းချသူ လုပ်ငန်းရှင်များကလည်း စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းအပေါ် အလေးထား လိုက်နာပြီး လုပ်ငန်းဆောင်ရွက်ရာမှာ တာဝန်ယူမှုရှိသော အပြုအမူများ ဖြစ်ပေါ်လာစေရန်၊ စားသုံးသူများရဲ့ ဘေးအန္တရာယ် ကင်းရှင်းရေး၊ စိတ်ကျေနပ်မှု ရရှိစေရေး၊ အာမခံမှုပေးနိုင်တဲ့ အရည်အသွေးမြင့်ကုန်ပစ္စည်းများ ထုတ်လုပ်ဆောင်ရွက်တတ်စေရန် အသိပညာပေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလို ကြောင်း အတွင်းရေးမှူး က ပြောကြားခဲ့ပါတယ်။

တိုင်းဒေသကြီးအတွင်း စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နဲ့ လုပ်ငန်းကော်မတီဝင်များ အခြားဖိတ်ကြားထားတဲ့ ဧည့်သည်တော်များက မိမိတို့တိုင်းဒေသကြီးအတွင်း စားသုံးသူရေးရာကိစ္စများနဲ့ ပတ်သက်ပြီး ရှေ့ဆက်လက်ဆောင်ရွက်ရမယ့် လုပ်ငန်းအခြေအနေများကို ဝိုင်းဝန်းဆွေးနွေးကြပါတယ်။ တက်ရောက်လာသူများမှ သိလိုသည်များ မေးမြန်းချက်များကို ကော်မတီအတွင်းရေးမှူးနဲ့ တွဲဘက်အတွင်းရေးမှူးတို့က ပြန်လည်ဆွေးနွေး ဖြေကြားခဲ့ပြီး စားသုံးသူအကာအကွယ်ပေးရေးကို မိမိတို့မိသားစုမှတစ်ဆင့် ပတ်ဝန်းကျင် အဆင့်ဆင့်အထိ အသိပညာပေးခြင်းလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်ဦးစားပေး ဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့ကြတယ်လို့ သတင်း ရရှိပါတယ်။

**MIRT**

## မြောင်းမြခရိုင်တွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ သင်တန်းဖွင့်လှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှူး၍ မြောင်းမြခရိုင်၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနတွင် စားသုံးသူအကာအကွယ်ပေးရေး ဆိုင်ရာသင်တန်းအမှတ်စဉ် (၄/၂၀၁၅)အား မေလ ၂၇ ရက်နေ့မှ ၂၈ ရက်နေ့ထိ နှစ်ရက် သင်တန်းပို့ချခဲ့ပါသည်။ အဆိုပါသင်တန်းသို့ ဧရာဝတီတိုင်းဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တိုင်းဦးစီးမှူး ဒေါက်တာ ပြည့်ဖြိုး၊ မြောင်းမြမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်ချိုထွေးတို့ တက်ရောက်သင်တန်းပို့ချခဲ့ပြီး၊ မြောင်းမြခရိုင်၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ဝန်ထမ်း သင်တန်းသား/သူ ၃၄ ဦး တက်ရောက်ခဲ့ပါသည်။

သင်တန်းတွင် စားသုံးသူအကာအကွယ်ပေးရေးနှင့်ပတ်သက်၍ အသိပညာပေးဟောပြောခြင်း၊ ဈေးများတွင်စားသုံးရန်မသင့်သော အစားအသောက်များ ရှိ/မရှိ စစ်ဆေးခြင်း ရည်ရွယ်ချက်များ၊ အန္တရာယ်ရှိသော အစားအစာများ၊ နိုင်ငံတကာနှင့် အာဆီယံနိုင်ငံများတွင် စားသုံးသူအကာအကွယ်ပေးရေး ဆောင်ရွက်ချက်များ၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုများ၊ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန နှင့် ပေါင်းစပ်ဆောင်ရွက်နေမှုများ၊ စည်ပင်သာယာရေးအဖွဲ့နှင့် ပေါင်းစပ်ဆောင်ရွက်မှုများအကြောင်း ပို့ချဆွေးနွေးခဲ့ပြီး၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေနှင့် ပတ်သက်သော စာစောင်များ ၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**မြင့်အောင် (ပုသိမ်)**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Trade Promotion and Information Service(TPIS) များ၏ Contact Points များ

(၁) ရန်ကုန်တိုင်းဒေသကြီး — ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။
Fax:01-254023,
Ph:01-250270,254019
email: ygnmapt@gmail.com

(၂) ပဲခူးတိုင်းဒေသကြီး(အနောက်) — ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။
Fax : 053-28220,
Ph : 053-28032,28020

(၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) — အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။
Ph : 052-2221844, 2221108, 2221036

(၄) ဧရာဝတီတိုင်းဒေသကြီး — ပုသိမ်မြို့။
Fax : 042-21811,
Ph: 042-24520,24522
email: yiyinaingwin@gmail.com

(၅) မန္တလေးတိုင်းဒေသကြီး — မန္တလေးမြို့။
Fax : 02-36340,
Ph: 02-36342,36339
email: mdymapt@gmail.com

(၆) ရခိုင်ပြည်နယ် — စစ်တွေမြို့။
Fax:043-23426,Ph:043-23426

(၇) မကွေးတိုင်းဒေသကြီး — အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။
Fax : 063-23199,
Ph : 063-23196,23197

(၈) ရှမ်းပြည်နယ်(တောင်ပိုင်း) — အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။
Fax:081-2121093,Ph:081-2121627
email:m.myintmaungmaung@gmail.com

(၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) — ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။
Fax:084-21034,Ph:084-21034

(၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) — အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။
Fax:082-23493,Ph:082-23039

(၁၁) ကရင်ပြည်နယ် — ဘားအံမြို့။
Fax:058-21666,Ph:058-21041

(၁၂) တနင်္သာရီတိုင်းဒေသကြီး — ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။
Fax:059-41012,Ph:059-41012

(၁၃) ကချင်ပြည်နယ် — အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။
Fax:074-22459,Ph:074-22459

(၁၄) ကယားပြည်နယ် — (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။
Fax:083-21005,Ph:083-21005

(၁၅) မွန်ပြည်နယ် — အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့၊ မော်လမြိုင်မြို့။
Fax:057-24728, Ph:057-24318

(၁၆) စစ်ကိုင်းတိုင်းဒေသကြီး — သာစည်လမ်း၊ ဒေါနခြီရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။
Fax : 071-23630,
Ph:071-23630,22924

Organizations News
Vol: 15, No.20 Monday June 1 2015

# TPP သဘောတူစာချုပ်က ကမ္ဘာ့ကုန်သွယ်မှုဆွေးနွေးပွဲများကို အပြုသဘော အထောက်အကူပေးနိုင်

ပစိဖိတ်ဖြတ်ပူးပေါင်းဆောင်ရွက်ရေး (Trans-Pacific Partnership) သဘောတူစာချုပ်ကို အောင်အောင်မြင်မြင်ချုပ်ဆိုနိုင်မယ်ဆိုပါက ကမ္ဘာ့ကုန်သွယ်မှုဆွေးနွေးပွဲတွေအပေါ် မှာ အပြုသဘောဂယက်ရိုက်ခတ်မှုတွေ ဖြစ်ပေါ်လာစေနိုင်ကြောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) အကြီးအကဲရဲ့ မေ ၂၅ ရက်က ပြောကြားချက်ကို ကိုးကားပြီး ကျိုဒိုသတင်းမှာ ဖော်ပြပါ တယ်။

"ကျွန်တော်တို့ ကြိုးပမ်းဆောင်ရွက်နေတဲ့ နိုင်ငံစုံကုန်သွယ်မှုစနစ် တည်ဆောက်ရေးကို အကောင်အထည်ဖော်ရာမှာ TPP လို သဘောတူစာချုပ် တွေကြောင့်အားလျော့သွားနိုင်တယ်လို့ တချို့က ပြောကြပါတယ်။ အဲဒီသုံးသပ်ချက်ကိုတော့ ကျွန်တော်လက်မခံပါဘူး"လို့ စင်ကာပူနိုင်ငံ အက်စ်ရာဂျာရက်တနမ်အပြည်ပြည်ဆိုင်ရာလေ့လာရေးကျောင်းနဲ့ တီးမားဆက်ဖောင်းဒေး ရှင်းတို့ကကြီးမှူးကျင်းပတဲ့ နီးနှောဖလှယ်ပွဲမှာ WTO ညွှန်ကြားရေးမှူးချုပ် ရောဘတ်တို အဇယ်ဗယ်ဒိုကပြော ပါတယ်။

"ကျွန်တော်တို့ အများဆုံးကြုံတွေ့ရတဲ့ပြဿနာက နှစ်နိုင်ငံအပြန်အလှန်စာချုပ်တွေကြောင့်သာဖြစ်ပါတယ်။ နိုင်ငံစုံ စေ့စပ်ညှိနှိုင်းမှုတွေကြောင့် ဖြစ်ရတာမဟုတ်ပါဘူး"လို့ TPP ကြောင့် ဖြစ်လာနိုင်မယ့်ဂယက်နဲ့ပတ်သက်ပြီး သတင်းထောက်တွေကို သူကပြောပါတယ်။

TPP လွတ်လပ်စွာကုန်သွယ်မှုသဘောတူစာချုပ်တွေက နှစ်နိုင်ငံဆက်ဆံရေး သို့မဟုတ် ဒေသတွင်းပြဿနာတွေကို ဖြေရှင်းနိုင်မယ်ဆိုရင် ဒီအခြေအနေကနိုင်ငံစုံစေ့စပ်ညှိနှိုင်းမှုတွေကိုလည်း အထောက်အကူဖြစ်စေမှာဖြစ်ကြောင်း အဇယ်ဗယ်ဒိုက ပြောပါတယ်။ ဒီလိုဒေသအလိုက်ဦးဆောင်ဦးရွက်ပြုမှုနဲ့ ရရှိလာတဲ့အစီအစဉ်တွေ ကြောင့် WTO ရဲ့လုပ်ငန်းတွေကို အထောက်အကူဖြစ်ခဲ့တဲ့ သာဓကတွေ အများကြီးရှိပါတယ်လို့ သူကပြောပါ တယ်။

ကုန်သွယ်မှုသဘောတူညီချက်တွေက တစ်ခုနဲ့တစ်ခု ဆန့်ကျင်ဘက်ဖြစ်မနေဘဲအတူတကွညီညွတ်မှုရှိဖို့လို ကြောင်းသူကပြောပါတယ်။ ၁၂ နိုင်ငံပါဝင်တဲ့ TPP စေ့စပ်ညှိနှိုင်းမှုတွေက နွေရာသီမတိုင်မီ သဘောတူညီမှုတွေရလိမ့်မယ်လို့ ခန့်မှန်းထားပါတယ်။

ဒီဟာဆွေးနွေးပွဲတွေက အရှိန်ပြန်ရလာပြီဖြစ်ကြောင်းနဲ့ စေ့စပ်ညှိနှိုင်းမှုတွေမှာ အဖြေရလဒ်တွေထွက်ပေါ်ဖို့ ကြိုးကြိုးစားစားဆောင်ရွက်ဖို့လိုကြောင်း အဖွဲ့ဝင်နိုင်ငံတွေကို သူက တိုက်တွန်းပါတယ်။

# လာမယ့် ၁၀ နှစ်အတွင်း အာရှကုမ္ပဏီများက အာဆီယံနိုင်ငံများကို အလေးပေးဆောင်ရွက်မည်

လာမယ့် ၁၀ နှစ်အတွင်း အာရှကုမ္ပဏီများက စက်ရုံနဲ့ ရုံးသစ်တွေကို တရုတ်နိုင်ငံမှာလျှော့ချပြီး အရှေ့တောင်အာရှမှာ ပိုမိုဖွင့်လှစ်ဖို့ အလေးပေး ဆောင်ရွက်လာကြလိမ့်မယ်လို့ EIU က ထုတ်ပြန်တဲ့ အစီရင်ခံစာသစ်ကို ကိုးကားပြီး ထိုင်းစီးပွားရေးသတင်းမှာ ဖော်ပြပါတယ်။

ပထမဆုံးကြည့်မယ်ဆိုရင် အာရှဒေသက သူ့အလိုလိုပြည့်စုံပြီး ဖြစ်ပါတယ်။ ကမ္ဘာ့ကုန်ချောပစ္စည်း ထုတ်လုပ်မှုရဲ့ ထက်ဝက်နီးပါးကို အာရှဒေသမှထုတ်လုပ်တဲ့အတွက် အာရှဒေသကို ကမ္ဘာ့စက်ရုံကြီးလို့ပင် ခေါ်ဆိုနိုင်ပါတယ်။ ၂၀၃၀ ပြည့်နှစ်မှာ အာရှဒေသက ကမ္ဘာ့လူလတ်တန်းစားဦးရေရဲ့ ၆၆ ရာခိုင်နှုန်း မှီတင်းနေထိုင်ရာဒေသဖြစ်လာပြီး လူလတ်တန်းစား သုံးစွဲမှုရဲ့ ၅၉ ရာခိုင်နှုန်းကိုသုံးစွဲလာမှာဖြစ်ပါတယ်။ ဒီအခြေအနေက ၂၀၀၉ ခုနှစ် မှာ ၂၈ ရာခိုင်နှုန်းနဲ့ ၂၃ ရာခိုင်နှုန်း အသီးသီးရှိခဲ့ရာမှ တိုးတက်လာမယ့် အခြေအနေဖြစ်ကြောင်း စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနဲ့ ဖွံ့ဖြိုးရေးအဖွဲ့က ပြောပါတယ်။

ဒါပေမယ့် ထုတ်ပြန်ထားတဲ့ စာရင်းဇယားတွေအရ လက်တွေ့မှာ အခြေအနေတွေ ပြတ်ပြတ်သားသားမရှိပါဘူး။ အာရှဒေသမှာ စီးပွားရေးပေါင်းစည်းမှု က လက်တွေ့မှာ စိန်ခေါ်မှုတစ်ရပ်အဖြစ် တည်ရှိနေဆဲဖြစ်ပါတယ်။ အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)ကဲ့သို့ ဒေသခွဲအစီအစဉ်တွေ ဆောင်ရွက်ရင်းတိုးတက်မှုအခြေအနေတွေ ရှိနေပေမယ့် ကျယ်ပြန့်တဲ့ နိုင်ငံစုံကုန်သွယ်မှုနဲ့ရင်းနှီးမြှုပ်နှံမှုအစီအစဉ်တွေမှာ အမျိုးသားရေးဝါဒနဲ့ကြီးကြပ်မှု စံနှုန်းကွဲပြားမှုဆိုတဲ့ အခက်အခဲအချို့ နဲ့ရင်ဆိုင်နေရပါတယ်။

အာရှဒေသရဲ့ စီးပွားရေးလုပ်ငန်း အခင်းအကျင်းက လာမဲ့ဆယ်စုနှစ် အတွင်းမှာ ထူးထူးခြားခြားပြောင်းလဲမှုတွေ ဖြစ်လာပါလိမ့်မယ်။ ဒေသတွင်းမှာရှိတဲ့ ကုမ္ပဏီတွေက တရုတ်နိုင်ငံအပေါ် အလေးထားမှုလျော့ကျပြီး မြန်မာ၊ ဗီယက်နမ်နဲ့ ထိုင်းမှာရှိတဲ့ အခွင့်အလမ်းသစ်တွေမှာ ပိုမိုအာရုံစိုက်လာတာကို တွေ့ရပါလိမ့်မယ်လို့ EIU အစီရင်ခံစာမှာဖော်ပြထားပါတယ်။

# အေပက်ကုန်သွယ်ရေး အကြီးအကဲများက WTO လုပ်ငန်းများ အရှိန်မြှင့်မည်



အေပက် ခေါင်းဆောင်များ အစည်းအဝေး ကျင်းပနေစဉ်အတွင်း အလွတ်သဘောဆွေးနွေးပွဲမှာ TPP စာချုပ်အဖွဲ့ဝင်နိုင်ငံ ၁၂ နိုင်ငံတို့ မေလ ၂၄ ရက်တွင်တွေ့ဆုံပြီး အလုပ်သဘော စေ့စပ်ညှိနှိုင်းပွဲရလဒ်များကို ပြန်လည်သုံးသပ်ခဲ့ကြကြောင်း ဂျပန် စက်မှုဝန်ကြီးယိုအိချိမိယာဇာဝါရဲ့ ပြောကြားချက်ကို ကိုးကားပြီး သတင်းမှာဖော်ပြခဲ့ပါတယ်။

ဖိလစ်ပိုင်နိုင်ငံကလည်း အလွန်အသေးစား၊ အသေးစားနဲ့အလတ်စား စီးပွားရေးလုပ်ငန်းများ (Micro-Small and Medium Enterprises-MSMES) များ ကမ္ဘာ့ဈေးကွက်ဝင်ရောက်နိုင်ရေးအတွက် ဘိုရာကေးရှေ့လုပ်ငန်းစဉ် (Boracay Action Agenda) ချမှတ်နိုင်ရေးအတွက် ဆောင်ရွက် နေပါတယ်။

ဖိလစ်ပိုင်အစိုးရက MSME တွေရဲ့ ဒေသတွင်းနဲ့ ကမ္ဘာ့ဈေးကွက်မှာ ပါဝင်နိုင်ရေးအတွက် ဆောင်ရွက်သွားမယ်လို့ ပြောထားပြီးဖြစ်ပါတယ်။

အေပက်မှာ အများစုအဖြစ် ပါဝင်လျက်ရှိနေတဲ့ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းတွေ (SME) က ဒေသတွင်း စီးပွားရေးနဲ့ အဖွဲ့ဝင် ၂၁ နိုင်ငံတို့ရဲ့ ရေရှည်ဖွံ့ဖြိုးမှုအတွက် အကောင်အထည်ဖော်ရာမှာ အရေးပါတဲ့အခန်းကဏ္ဍမှ ပါဝင်နေကြောင်း ၂၀၁၅ ခုနှစ်အေပက်အစည်းအဝေးကို သဘာပတိအဖြစ်တာဝန်ယူနေသူ ကုန်သွယ်ရေးဝန်ကြီး ဂရီဂရီဒိုမင်ဂိုကမေ ၂၃ ရက်နေ့မှာပြုလုပ်တဲ့ အစည်းအဝေးရဲ့အဖွင့်အမှာစကားမှာ ပြောကြားခဲ့ပါတယ်။

အေပက်နိုင်ငံပေါင်း ၂၁ နိုင်ငံမှ ကုန်သွယ်ရေးဝန်ကြီးများက ဖိလစ်ပိုင်နိုင်ငံမှာကျင်းပတဲ့နှစ်ရက်ကြာအစည်းအဝေးကျင်းပပြီး ဒေသတွင်းလွတ်လပ်စွာကုန်သွယ်မှုနယ်မြေထူထောင်ရာမှာ ကြုံတွေ့ရမယ့် စိန်ခေါ်မှုတွေနဲ့ ဆောင်ရွက်ရမယ့် နည်းလမ်းတွေကိုဖော်ထုတ်ဖို့ မေလ ၂၄ ရက်နေ့ကသဘောတူခဲ့ကြပါတယ်။

အေပက် အစည်းအဝေးမှာ အဖွဲ့ဝင် ၂၁ နိုင်ငံတို့ကဒီဒေသအတွင်းမှာ ကြုံတွေ့နေရတဲ့ သဘာဝဘေးအန္တရာယ်ကိုကောင်းမွန်စွာရင်ဆိုင်နိုင်ဖို့နဲ့ သဘာဝဘေးအန္တရာယ်တွေလျော့ပါးရေးအတွက် ဆောင်ရွက်ရာမှာ အခြေခံအဆောက်အအုံ အရည်အသွေးမြင့်မားမှုရဲ့ အရေးပါပုံကိုလည်း အလေးပေးဆွေးနွေးခဲ့ပါတယ်။

■

# နိုင်ငံခြားဈေးကွက်တွေကို ဝင်ရောက်ဖို့ ထိုင်းဖရန်ချိုက်တွေကို တိုက်တွန်း

ထိုင်းဖရန်ချိုက် လုပ်ငန်းတွေက သူတို့ရဲ့ စီးပွားရေးလုပ်ငန်းတွေကို စုစုပေါင်းနိုင်ငံ ၄၁ နိုင်ငံမှာ တိုးချဲ့ပြီး ပင်လယ်ရပ်ခြားဈေးကွက်တွေကို ထိုးဖောက်လျက်ရှိရာ အထူးသဖြင့် အာဆီယံဒေသကို ထိုးဖောက်ဝင်ရောက်လျက်ရှိကြောင်း စီးပွားရေးဖွံ့ဖြိုးမှုဌာနရဲ့ ပြောကြားချက်ကို ကိုးကားပြီး နေးရှင်းသတင်းမှာ ဖော်ပြပါတယ်။

ထိုင်းဖရန်ချိုက် လုပ်ငန်းတွေက နိုင်ငံခြားဈေးကွက်ကို ထိုးဖောက်ဝင်ရောက်ဖို့ အလားအလာတွေရှိနေရာ အထူးသဖြင့် ဒေသတွင်းပေါင်းစည်းရေးအစီအစဉ်အရ အာဆီယံဒေသမှာ ဈေးကွက်ချဲ့ထွင်ဖို့ အလားအလာတွေ ရှိနေကြောင်းစီးပွားရေးဖွံ့ဖြိုးမှုဌာနနဲ့ ညွှန်ကြားရေးမှူးချုပ် ပွန်ပန်းဂီယာရာဗီရိယာပွန်က ပြောပါတယ်။

နိုင်ငံတကာ စီးပွားရေးနယ်ပယ်မှာ ပြည်တွင်း စီးပွားရေးလုပ်ငန်းတွေ လုပ်ငန်းတိုးချဲ့နိုင်ဖို့အတွက် ဌာနက ဆောင်ရွက်လျက်ရှိကြောင်း ပွန်ပန်းက ပြောပါတယ်။

ဖရန်ချိုက်လုပ်ငန်း ၁၀ ခုကို လေ့ကျင့်ပေးထားပြီး သူတို့စီးပွားရေးလုပ်ငန်းတွေကို အင်ဒိုနီးရှားနိုင်ငံမှာ တိုးချဲ့သွားဖို့ ဆောင်ရွက်နေကြောင်း သူမက ပြောပါတယ်။ အဲဒီကုမ္ပဏီတွေထဲမှာ ကားပြုပြင်ရေး၊ ဖက်ရှင်၊ အာမခံ၊ အစားအစာနဲ့ အဖျော်ယမကာ၊ ရေကူးကန်နဲ့ ပညာရေးစတဲ့ လုပ်ငန်းတွေပါဝင်ပါတယ်။ ဖရန်ချိုက် လုပ်ငန်းတွေကို အသုံးပြုပြီး ထိုင်းစီးပွားရေးလုပ်ငန်းများက အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းများဖြစ်လာအောင် ဆောင်ရွက်သင့်ကြောင်းနဲ့ ပင်လယ်ရပ်ခြားဒေသမှာရှိတဲ့ စီးပွားရေးလုပ်ငန်းတွေကိုပြည်တွင်း လုပ်ဖော်ကိုင်ဖက်တွေက အကူအညီပေးတဲ့အတွက် ဆုံးရှုံးမှုဖြစ်နိုင်တဲ့ အန္တရာယ်ကို လျှော့ချနိုင်ကြောင်း ပွန်ပန်းက ပြောပါတယ်။

ထိုင်းနိုင်ငံက လူဦးရေ သန်း ၆၀ သာရှိပြီး အာဆီယံဒေသကသန်း ၅၀၀ ရှိတဲ့အတွက် အာဆီယံပေါင်းစည်းရေး အစီအစဉ်အရထိုင်းစီးပွားရေးလုပ်ငန်းအများစုက နိုင်ငံခြားမှာစီးပွားရေးလုပ်ငန်းတွေချဲ့ထွင်ရေးအတွက် အခွင့်အလမ်းတွေကို လေ့လာသင့်ကြောင်း သူမကပြောပါတယ်။

အာဆီယံနိုင်ငံတွေရဲ့ စီးပွားရေးတိုးတက်မှုနှုန်းက ပျမ်းမျှခြင်းအားဖြင့် ၅ ရာခိုင်နှုန်းရှိတဲ့အတွက် ဝယ်ယူမှုစွမ်းအားမြင့်တက်ပြီး စီးပွားရေးအခွင့်အလမ်းတွေ ကောင်းမွန်မဲ့သဘောကို ဆောင်နေပါတယ်။ ပြည်တွင်းစီးပွားရေးလုပ်ငန်းတွေ အပြည်ပြည်ဆိုင်ရာအဆင့်ကို တက်လှမ်းနိုင်ဖို့အတွက် ဌာနက စီးပွားရေးလုပ်ငန်းတွေကို တိုးချဲ့လေ့ကျင့်ပေးသွားမှာ ဖြစ်ပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

# မလေးရှားအဲလိုင်းကို လုံးဝပြန်လည်ပြင်ဆင်ဖွဲ့စည်းမည်



မလေးရှားအဲလိုင်းရဲ့ပြန်လည်ပြင်ဆင်ဖွဲ့စည်း အုပ်ချုပ်မှုတွေ၊ လေယာဉ်လုပ်ငန်းကွန်ရက်ရဲ့ မဟာဗျူဟာ ပြောင်းလဲမှုတွေကို လာမယ့် ရက်သတ္တပတ်ထဲမှာ ထုတ်ဖော်ကြေညာတော့မှာဖြစ်တဲ့ အတွက် ဆုံးရှုံးမှုတွေနဲ့ ရင်ဆိုင်နေရတဲ့ မလေးရှားအဲလိုင်းက ကုမ္ပဏီသစ်တစ်ခုအဖြစ် လုံးဝ အသွင်ပြောင်းသွားတော့မှာဖြစ်ကြောင်း ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

ကုမ္ပဏီသစ်ကထူထောင်စ လုပ်ငန်းသစ်တစ်ခုလိုဖြစ်သွားလိမ့်မယ်လို့ ကုမ္ပဏီရဲ့ အမှုဆောင်အရာရှိချုပ်အဖြစ် အိုင်းရစ်အမျိုးသားလေကြောင်းလိုင်းမှ ပြောင်းရွှေ့ပြီး စတင်တာဝန်ယူဆောင်ရွက်ခဲ့သူ ခရစ္စတောမူလာက ပြောပါတယ်။ မလေးရှားအဲလိုင်း (MAS) အတွက် အမည်သစ်ကို စဉ်းစားနေဆဲဖြစ်ကြောင်း သက်ဆိုင်ရာသတင်းရပ်ကွက်မှ ရိုက်တာသတင်းဌာနကို ပြောပါတယ်။

"ကုမ္ပဏီသစ်ကို စီးပွားရေးတွက်ခြေကိုက်အောင် ဆောင်ရွက်ရမှာဖြစ်တဲ့အတွက် ခြေလှမ်းတစ်ချက် အမှားခံမှာ မဟုတ်ဘူး"လို့ ကွာလာလမ်ပူမြို့ရှိရုံးခန်းမှာ မူလာကရိုက်တာသတင်းဌာနကို ပြောပါတယ်။ လွန်ခဲ့တဲ့နှစ်က မလေးရှားနိုင်ငံသား ခါဇာနာဟာ MAS ကို ပုဂ္ဂလိကပိုင်အဖြစ် လက်ခံရယူကာ ရင်းဂစ် ၆ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၆ ဘီလီယံ) အကုန်အကျခံပြီး ဒီအဆောက်အအုံမှာပဲ ရုံးခန်းဖွင့်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။

ကုမ္ပဏီအဟောင်းကြီးကို အသစ်တစ်ခုလို ပုံပြောင်းထားတာ မဟုတ်ပါဘူး။ အရာအားလုံးကို အသစ်အဖြစ် ဖန်တီးထားတာပါလို့ လေကြောင်းလိုင်းကို Aer Leingus၊ ဘယ်လ်ဂျီယံလေကြောင်းလိုင်းဆာဘဲနဲ့ ဂျာမနီလေကြောင်းလိုင်း လုဖ်သန်ဇာလေကြောင်းလိုင်းတွေလို ပုံစံမျိုးဖြစ်လာအောင် ပြုပြင်ပြောင်းလဲရာမှာ ပါဝင်ကူညီနေသူ မူလာက ပြောပါတယ်။

ကုမ္ပဏီကိုအသစ် ပြန်လည်ဖွဲ့စည်းရာမှာ ကုမ္ပဏီရဲ့ ရရန်ပိုင်ခွင့်နဲ့ပေးရန် တာဝန်တွေကို ကြီးကြပ်ဆောင်ရွက်ဖို့အတွက် စာရင်းစစ်လုပ်ငန်းတစ်ခုဖြစ်တဲ့ Pricewater House Cooper ကို ခန့်အပ်ထားကြောင်း ခါဇာနာကမေလ ၂၅ ရက်က ပြောပါတယ်။ ဒီကုမ္ပဏီသစ်ရဲ့လုပ်ငန်းတွေကို စက်တင်ဘာကစပြီး လည်ပတ်မှာဖြစ်ပါတယ်။

လူပေါင်း ၂၃၉ ဦး တင်ဆောင်ပြီး လွန်ခဲ့တဲ့မတ်လက MH 370 လေကြောင်းလိုင်း ထူးဆန်းစွာပျောက်ဆုံးမှုက လေကြောင်းသမိုင်းမှာ လျှို့ဝှက်ဆန်းကြယ်မှုဖြစ်ခဲ့ရပါတယ်။ နှစ်ပေါင်းများစွာ ဆက်တိုက်အရှုံးပေါ်ခဲ့တဲ့ လေကြောင်းလိုင်းမှာ ဒီပြဿနာပေါ်ပေါက်ပြီးနောက် ဆုံးရှုံးမှုအကြီးအကျယ်ဖြစ်ခဲ့ရပါတယ်။

# နယ်စပ်ကုန်သွယ်မှု တိုးတက်ရေးအတွက် ထိုင်းပို့ကုန်-သွင်းကုန် ဘဏ်က ထောက်ပံ့မည်

ထိုင်းနိုင်ငံရဲ့ နယ်စပ်ကုန်သွယ်ရေးက ၂၀၁၄ခုနှစ်မှာ ဘတ်ဘီလီယံ ၉၉၀ အထိ ရခဲ့ကြောင်းနဲ့ နယ်စပ်ဖြတ်ကျော်ပြီး ပို့ကုန်တင်ပို့မှုက ဘတ်ဘီလီယံ ၅၉၀ အထိ ရှိတဲ့အတွက် တိုင်းပြည်ပို့ကုန်စုစုပေါင်းရဲ့ ၈ ရာခိုင်နှုန်းရှိကြောင်း ပို့ကုန်သွင်းကုန်ဘဏ်ရဲ့ ပြောကြားချက်ကို ကိုးကားပြီးနေးရှင်းသတင်းမှာ ဖော်ပြပါတယ်။ နယ်စပ်ဒေသတစ်လျှောက်မှာ ထိုင်းနိုင်ငံရဲ့ စီးပွားရေးလုပ်ငန်းတွေချဲ့ထွင်နိုင်အောင် ထောက်ပံ့ပေးဖို့ အသင့်ရှိကြောင်း ပို့ကုန် သွင်းကုန်ဘဏ်က ပြောပါတယ်။

ထိုင်းနိုင်ငံရဲ့ ၂၀၁၄ ခုနှစ်ပို့ကုန်စုစုပေါင်းတန်ဖိုးက အမေရိကန်ဒေါ်လာ ၂၂၇ ဒသမ ၅၇ ဘီလီယံ (ဘတ် ၇ ဒသမ ၆၈ ထရီလီယံ) ရှိပါတယ်။ ပို့ကုန်တွေတင်ပို့တဲ့ ထိပ်တန်းဈေးကွက် နိုင်ငံတွေက တရုတ်၊ အမေရိကန်ပြည်ထောင်စု၊ ဂျပန်နဲ့ ဥရောပသမဂ္ဂတို့ဖြစ်ပြီး ၁၁ ရာခိုင်နှုန်း၊ ၁၀ ဒသမ ၅ ရာခိုင်နှုန်း၊ ၉ ဒသမ ၆ ရာခိုင်နှုန်းနဲ့ ၉ ဒသမ ၅ ရာခိုင်နှုန်းအသီးသီးရှိပါတယ်။

နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုကို တိုးမြှင့်ပေးမယ့် အစိုးရရဲ့မူဝါဒ၊ အထူးစီးပွားရေးဇုန်တွေ ထူထောင်မှု၊ အာရှစီးပွားရေးအသိုက်အဝန်း တရားဝင် ထူထောင်မှုနဲ့အိမ်နီးချင်းနိုင်ငံတွေရဲ့ စီးပွားရေးတစ်ဟုန်ထိုး တိုးတက်မှုတွေကြောင့် နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုက အစဉ်တစိုက်တိုးတက်လာခဲ့ကြောင်း ပို့ကုန်သွင်းကုန်ဘဏ် ယာယီဥက္ကဋ္ဌ ဆုသာနိုင်းပရာဆပ်ဆန်က ပြောပါတယ်။

ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနဲ့ ဗီယက်နမ် (CLMV) နိုင်ငံတွေရဲ့ စီးပွားရေးက ဒီနှစ်မှာ ၇ ဒသမ ၂၊ ၇ ဒသမ ၃၊ ၈ ဒသမ ၃ နဲ့ ၆ ရာခိုင်နှုန်း အသီးသီး တိုးတက်မယ်လို့ ခန့်မှန်းထားပါတယ်။ လာမယ့်ငါးနှစ်အတွင်း ဒီနိုင်ငံတွေရဲ့ပျမ်းမျှစုစုပေါင်းပြည်တွင်းထုတ်လုပ်မှုကနှစ်စဉ် ၇ ရာခိုင်နှုန်းကနေ ၈ ရာခိုင်နှုန်းအထိ ရှိမယ်လို့ ခန့်မှန်းထားပါတယ်။ အလားအလာကောင်းနေတဲ့ CLMV နိုင်ငံတွေကိုတင်ပို့တဲ့ ထိုင်းပစ္စည်းတွေက မော်တော်ကား၊ လက်ဝတ်ရတနာနဲ့ ဆက်စပ်ပစ္စည်းများ၊ အလှပြင်ပစ္စည်းနဲ့ အဆင့်မြင့်ထုတ်ကုန်တွေ ဖြစ်ပါတယ်။ တင်ပို့မှုကလာမယ့် ၁၀ နှစ်မှာ နှစ်ဆမြင့်တက်လာလိမ့်မယ်လို့ ဆုသာနိုင်းက ပြောပါတယ်။ ထိုင်းနိုင်ငံက မြန်မာနိုင်ငံကိုသန့်စင်ပြီး ဓာတ်ဆီ၊ အဖျော်ယမကာတို့ တင်ပို့မှာဖြစ်ပြီး၊ လာအိုနိုင်ငံကိုတော့ ဓာတ်ဆီနဲ့ မော်တော်ယာဉ်နဲ့ အစိတ်အပိုင်းများ တင်ပို့မှာဖြစ်ပါတယ်။ ကမ္ဘောဒီးယားနိုင်ငံကိုတော့ အရက် မဟုတ်တဲ့ အဖျော်ယမကာနဲ့ မော်တော်ယာဉ် စက်အစိတ်အပိုင်းနဲ့ အင်ဂျင်တို့တင်ပို့မှာ ဖြစ်ပါတယ်။

# အစီရင်ခံစာမှာ ပြည့်စုံစွာ တင်ပြမှုမရှိလို့ ဖိလစ်လုပ်ငန်းတစ်သောင်းကျော်ကို ယာယီရပ်ဆိုင်းမည်

ဖိလစ်ပိုင်နိုင်ငံကော်ပိုရေးရှင်း ကြီးကြပ်ရေးအဖွဲ့က သတ်မှတ်ထားတဲ့ အစီရင်ခံစာသတ်မှတ်ချက်တွေနဲ့ ကိုက်ညီမှုမရှိတဲ့အတွက် ကော်ပိုရေးရှင်း တစ်သောင်းကျော်ရဲ့ ကုမ္ပဏီအသိအမှတ်ပြုလက်မှတ်တွေကို ယာယီရပ်ဆိုင်းမယ့် အခြေအနေရှိနေကြောင်း ဖိလစ် ပိုင်စတားသတင်းမှာ ဖော်ပြပါတယ်။ အာမခံစာချုပ်များနဲ့ ငွေကြေးဖလှယ်ရေး ကော်မရှင် (Securities and Exchange Commission-SEC) ရဲ့ အမိန့်စာကို ဖိလစ်ပိုင်စတားသတင်းမှာ ဖော်ပြခဲ့ရာ စုစုပေါင်းကော်ပိုရေးရှင်း ၁၀၃၁၃ ခုပါဝင်ပါတယ်။

"ယခုအချိန်ထိတော့ ဒီအရေအတွက်က အမြင့်မားဆုံးအရေအတွက်ဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်ကတုန်းကဆိုရင် အရေအတွက်တော်တော်နည်းခဲ့ပါတယ်"လို့ဖုန်းနဲ့တွေ့ဆုံမေးမြန်းခန်းမှာ SEC အရာရှိတစ်ဦးက The Star သတင်းဌာနကို ပြောပါတယ်။

ကော်ပိုရေးရှင်း ၁၀၃၁၃ ခုက အစီရင်ခံစာကို တင်တဲ့အခါ SEC ရဲ့ စည်းမျဉ်းစည်းကမ်းတွေနဲ့ ကိုက်ညီမှုမရှိတာကို တွေ့ရကြောင်း အမိန့်စာမှာ ဖော်ပြထားပါတယ်။ ၂၀၀၈ ခုနှစ်က မှတ်ပုံတင်ခဲ့တဲ့ကော်ပိုရေးရှင်းတွေက သတ်မှတ်ထားတဲ့အစီရင်ခံစာတွေကို ၂၀၀၉ ခုနှစ်က ၂၀၁၃ ခုနှစ်အတွင်း ငါးနှစ်တာကာလအတွက်တင်သွင်းဖို့ ပျက်ကွက်ခဲ့တာကို ကော်မရှင်ရဲ့ မှတ်တမ်းတွေအရ တွေ့ရကြောင်း SEC ကပြောပါတယ်။

ရက်ပေါင်း ၃၀ ကြာပြီးတဲ့နောက် စာရင်းထဲမှာပါဝင်တဲ့ ကော်ပိုရေးရှင်းတွေက လာရောက်တွေ့ဆုံဖို့ပျက်ကွက်ပြီး နောက်ဆုံးအခြေအနေအစီရင်ခံစာကို မတင်သွင်းဘူး။ ပေးဆောင်ရမယ့် ဒဏ်ကြေးတွေမပေးဘူးဆိုရင် သူတို့ရဲ့မှတ်ပုံ တင် အသိအမှတ်ပြုလက်မှတ်ကို ကော်ပိုရေးရှင်းပြန်လည်လျှောက်တဲ့အချိန်ထိ ယာယီရပ်ဆိုင်းထားမှာဖြစ်ကြောင်း SEC ကပြောပါတယ်။

တချို့ကော်ပိုရေးရှင်းတွေကတော့ ရက်ပေါင်း ၃၀ အတွင်း ပြန်လည်လျှောက်ထားလိမ့်မယ်လို့ SEC က ခန့်မှန်းထားပါတယ်။ SEC က သတ်မှတ်ထားတဲ့အချက်တွေကို ရက်ပေါင်း ၃၀ အတွင်းဆောင်ရွက်မပေးရင် လိုင်စင်တွေ ဖျက်သိမ်းမယ်လို့ အရာရှိက ပြောပါတယ်။

# ထုတ်လုပ်ရေးနည်းပညာတွေ တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ဖို့ ဗီယက်နမ်ငါးလုပ်ငန်းတိုက်တွန်း

ကမ္ဘာ့ဈေးကွက်ထဲမှာ ဗီယက်နမ် ငါးလုပ်ငန်းကဏ္ဍရဲ့ ယှဉ်ပြိုင်နိုင်မှုစွမ်းရည် တိုးတက်ကောင်းမွန်ဖို့အတွက် ဗီယက်နမ် ငါးဖမ်းလုပ်ငန်းကဏ္ဍက ခေတ်မီကုန်ထုတ်လုပ်မှုနည်းပညာတွေ ကို အသုံးပြုဖို့လိုအပ်ကြောင်း မေ ၂၃ ရက်က ကျင်းပခဲ့တဲ့ ကွန်ဖရင့်တစ်ခုမှာ လယ်ယာစိုက်ပျိုးရေးနဲ့ ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး ကာအိုဒပ်ဖတ်ရဲ့ ပြောကြားချက်ကို ကိုးကားပြီး ဗီယက်နမ်သတင်းအေဂျင်စီရဲ့သတင်းမှာ ဖော်ပြပါတယ်။

ငါးဖမ်းလုပ်ငန်းမှာ အောင်မြင်မှုတွေကို ထူးထူးခြားခြားစွမ်းဆောင်ပေးခဲ့ ပေမယ့်စွမ်းဆောင်နိုင်ရည်ကခန့်မှန်းထားသလောက် ရောက်မလာသေးကြောင်း အထူးသဖြင့်မွေးမြူရေးအပါအဝင် ဒီကဏ္ဍမှာ ကမ္ဘာ့ခေတ်မီတိုးတက်နေတဲ့ နည်းပညာတွေကို အသုံးချနိုင်မှုမရှိသေးကြောင်း သူက ပြောပါတယ်။ သုတေသနအဖွဲ့အစည်းတွေကလည်း ဒီလုပ်ငန်းဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်ဘတ်ဂျက်ကို အကောင်းဆုံး အသုံးမချနိုင်သေးကြောင်း သူကပြော ပါတယ်။

ပင်လယ်ငါးဖမ်းလှေ ၁၃၀၀၀၀ မှာ တာဝန်ယူဆောင်ရွက်နေကြတဲ့ ဗီယက်နမ်ငါးဖမ်းလုပ်သားအတွက် နည်းပညာတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ဖို့ကလည်း အရေးကြီးကြောင်း သူကပြောပါတယ်။ ဒါပေမယ့် ဗီယက်နမ်ငါးဖမ်းလုပ်သားတွေက ထိုင်းနိုင်ငံက ငါးဖမ်းပိုက်တွေနဲ့ ဂျပန်နိုင်ငံကတစ်ပတ်ရစ်အင်ဂျင်တွေကို တင်သွင်းအသုံးပြုနေရကြောင်း သူကပြောပါတယ်။

လွန်ခဲ့တဲ့ ဆယ်စုနှစ်တွေထဲမှာ ဗီယက်နမ်ငါးဖမ်းလုပ်ငန်းက တိုးတက်ကောင်းမွန်ခဲ့ပြီး ၁၉၉၅ ခုနှစ်က ဝင်ငွေအမေရိကန်ဒေါ်လာသန်း ၅၀၀ သာရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၇ ဒသမ ၈ ဘီလီယံအထိ ရောက်ရှိခဲ့ကြောင်း လယ်ယာစိုက်ပျိုးရေးနဲ့ ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဖန်အန်းတူ အန်ကပြောပါတယ်။



ယခုအခါ ဗီယက်နမ်နိုင်ငံက ပုစွန်တင်ပို့ရာမှာ ကမ္ဘာ့အများဆုံးတင်ပို့တဲ့နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ကမ္ဘာ့ငါးနဲ့ ပင်လယ် ထွက်ကုန်တွေ တင်ပို့ရာမှာ ထိပ်တန်းလေးနိုင်ငံ ထဲမှာပါဝင်လျက်ရှိပါတယ်။

ဘဏ်တင်-စုစည်းတင်ပြသည်

# ရက်သတ္တပတ်အတွင်း စီးပွားရေး သတင်းတိုများ

**လစ္စဘွန်း**

ယူရိုဇုန်မှ ဂရိနိုင်ငံထွက်ခွာမည်ဆိုပါက ၂၀၁၂ ခုနှစ်က အကျပ်အတည်းမျိုးကို ပြန်လည်ရောက်ရှိသွားနိုင်ကြောင်း၊ ယခု-တစ်ကြိမ်တွင် စွန့်စားမှုအန္တရာယ်များက ပျံ့နှံ့သွားပြီး အမြဲတမ်းတည်မြဲလိမ့်မည်ဟု ယူဆထားသော ငွေကြေးသမဂ္ဂရဲ့ သဘောသဘာဝတွေ ပြောင်းလဲသွားနိုင်ကြောင်း Moody's အဆင့်သတ်မှတ်ရေးလေ့လာဆန်းစစ်ရေးမှူးတစ်ဦးက မေ ၂၈ ရက်က ပြောကြားချက်ကို ကိုးကားပြီး ရိုက်တာသတင်းမှာဖော်ပြပါတယ်။

**ဆိုးလ်**

ပို့ကုန်လုပ်ငန်းတွေ ကျဆင်းမှုနှုန်း ပိုမိုလျင်မြန်လာမှုကြောင့် တောင်ကိုရီးယားစီးပွားရေး လုပ်ငန်းများ၏ ယုံကြည်မှုက လေးလအတွင်း အနိမ့်ဆုံးသို့ ကျဆင်းခဲ့ကြောင်း တောင်ကိုရီးယား ဗဟိုဘဏ်က ပြုစုထားသော ကိန်းဂဏန်း အချက်အလက်များကို ကိုးကားပြီး ရှင်ဝှါသတင်းတွင် ဖော်ပြထားသည်။

**တိုကျို**

နေစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးရုံကြီးကို ကာရိုရှီးမားစီရင်စုရှိ ကျယ်ပြန့်ပြီး တောတောင်ထူထပ်တဲ့ တောင်နံဘေးမှာ တည်ဆောက်မှာဖြစ်ကြောင်း ဒီစက်ရုံက ဂျပန်မှာ အကြီးမားဆုံးဖြစ်ကာ လျှပ်စစ်ဓာတ်အား ၉၂ မီဂါဝပ် ထုတ်ပေးမှာဖြစ်ပြီး လုပ်ငန်းများကို စက်တင်ဘာမှာ စတင်ဆောင်ရွက်မှာဖြစ်ကြောင်း စီမံကိန်းနဲ့ပတ်သက်နေတဲ့ ကုမ္ပဏီတွေရဲ့ မေ ၂၇ ရက်က ပြောကြားချက်ကို ကိုးကားပြီး အဆာဟိသတင်းတွင် ဖော်ပြပါတယ်။

**ဟနွိုင်း**

ဗီယက်နမ်နိုင်ငံ၏ ဆန်တင်ပို့မှုက ယခုနှစ်ပထမငါးလအတွင်း တန် ၂ဒသမ ၄သန်းရှိပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၅ ဘီလီယံရှိခဲ့ရာ ယခင်နှစ် အလားတူ ကာလနဲ့နှိုင်းယှဉ်ရင် ၁၁ ဒသမ ၄ ရာခိုင်နှုန်းနဲ့ ၁၄ ဒသမ ၆ ရာခိုင်နှုန်း အသီးသီး ကျဆင်းခဲ့ကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အစီရင်ခံစာကို ကိုးကားပြီး VNS သတင်းတွင် ဖော်ပြပါတယ်။

**EAST ASIA**

## တောင်ကိုရီးယားပို့ကုန် တတိယသုံးလပတ်အထိ ကျဆင်းနိုင်

ကမ္ဘာမှာ စီးပွားရေးအရ စတုတ္ထ နေရာကိုရောက်နေတဲ့ တောင်ကိုရီးယားနိုင်ငံ ဖွံ့ဖြိုးရေးအတွက် ပို့ကုန်လုပ်ငန်းက မောင်းနှင်အားတစ်ခု ဖြစ်ပါတယ်။ တရုတ်နိုင်ငံရဲ့ စီးပွားရေး ဖွံ့ဖြိုးမှုနှေးကွေးခြင်းနဲ့ ငွေကြေးအခြေအနေနဲ့ ပတ်သက်ပြီး အခွင့်မသာမှု စတဲ့အခြေ အနေတွေကြောင့် ဒီပို့ကုန်လုပ်ငန်းက ယခုနှစ် တတိယသုံးလ ပတ်အထိ ဆက်လက်ကျဆင်းနေဦးမှာဖြစ်ကြောင်း မေလ ၂၇ ရက်ကထုတ်ပြန်တဲ့ တောင်ကိုရီးယား ဗဟိုဘဏ်ရဲ့ အစီရင်ခံစာကို ကိုးကားပြီး ယွန်းဟပ်သတင်းမှာ ဖော်ပြပါတယ်။

"အဓိကပို့ကုန်ပစ္စည်းများရဲ့ ဈေး နှုန်းများ ကျဆင်းခြင်း၊ ယန်းငွေနဲ့ ယူရိုငွေကြေးတို့တန်ဖိုးကျဆင်းရာမှာ ဆက်နွှယ်ဖြစ်ပေါ်လာတဲ့ တောင်ကိုရီယားနိုင်ငံရဲ့ဈေးနှုန်းယှဉ်ပြိုင်နိုင်မှုစွမ်းရည် ကျဆင်းခြင်းနဲ့ တရုတ်နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးမှုနှေးကွေးခြင်းစတဲ့ အကြောင်းတရားတွေကြောင့် ပို့ကုန်ဖွံ့ဖြိုးမှုကို အဟန့်အတားဖြစ်စေခဲ့ပါတယ်"လို့ တောင်ကိုရီးယား ဗဟိုဘဏ်ရဲ့ အစီရင်ခံစာတွေမှာ ဖော်ပြထားပါတယ်။

ဒါပေမယ့် မိုဘိုင်းဖုန်းတွေရောင်းချမှုမြင့်တက်လာခြင်းနဲ့ ဒုတိယနှစ်ဝက်မှာ ဈေးကွက်တင်ဖို့စောင့်နေတဲ့ မော်တော်ကားသစ်တွေကြောင့် ပို့ကုန်တွေ ပြန်လည်မြင့်တက်လာနိုင်တယ်လို့ ဒေသဆိုင်ရာစီးပွားရေးအစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ ရေနံဈေးတွေကျဆင်းမှုနဲ့ အဲဒီကတစ်ဆင့် တောင်ကိုရီးယားရဲ့ အဓိကပို့ကုန်အမယ်တွေဖြစ်တဲ့ ဓာတ်ဆီနဲ့ ရေနံဓာတုထုတ်ကုန်တွေရဲ့ ဈေးနှုန်းကျဆင်းမှုကြောင့် တောင်ကိုရီးယားနိုင်ငံရဲ့ ပို့ကုန်လုပ်ငန်းက ဧပြီလမှာ စတုတ္ထမြောက်လအဖြစ် ဆက်တိုက်ကျဆင်းခဲ့ပါတယ်။

တောင်ကိုရီးယားရဲ့ ပြည်ပပို့ကုန်က ဧပြီလမှာ အမေရိကန်ဒေါ်လာ ၄၆ ဒသမ ၂၂ ဘီလီယံရှိခဲ့တဲ့အတွက် ယခင်နှစ်ကာလတူနဲ့နှိုင်းယှဉ်ရင် ၈ ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ကုန်သွယ်ရေး၊ စက်မှုဇုန်နဲ့ စွမ်းအင်ဝန်ကြီးဌာနက ပြောပါတယ်။

ပို့ကုန်တွေကျဆင်းမှုကြောင့် ပို့ကုန်ကို အားထားနေရတဲ့ စီးပွားရေးကို အဟန့်အတားဖြစ်လာမှာကို စိုးရိမ်နေရတဲ့ အချိန်မှာ တောင်ကိုရီးယားဗဟိုဘဏ်ရဲ့အစီရင်ခံစာ ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။

**EU**

## ဂရိနိုင်ငံက ကြွေးမြီပြန်ဆပ်လိုတဲ့ဆန္ဒရှိပေမယ့် အကူအညီလိုအပ်နေ

လာမယ့်ရက်သတ္တပတ်မှာ ပေးဆပ်ဖို့အတွက် ဂရိနိုင်ငံမှာ ငွေမရှိသေးဘူးလို့ အထက်တန်းအရာရှိများက ပြောကြားလျက်ရှိနေပါတယ်။ ဒါကြောင့် ဂရိအစိုးရကကြွေးမြီပေးဆပ်ရေး တာဝန်ကို ထမ်းဆောင်ဖို့ဆန္ဒရှိပေမယ့် ဒီလိုလည်း ပေးဆပ်နိုင်စွမ်း မရှိသေးဘူးလို့ ဂရိအစိုးရရဲ့ပြောကြားချက်ကို ကိုးကားပြီး အေအက်ဖ်ပီသတင်းမှာ ဖော်ပြပါတယ်။

ဂရိနိုင်ငံရဲ့ ဘွန်းစာချုပ်ဈေးကွက်ကို ပိတ်ထားသလိုကယ်တင်မှုချေးငွေရပေါက်ရလမ်းလည်း မရှိတဲ့အတွက် ကြွေးမြီပေးဆပ်ဖို့ ဂရိနိုင်ငံမှာ ငွေပြတ်နေပါတယ်။ ဂရိနိုင်ငံက အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ကို လာမယ့်လထဲမှာ ကြွေးလေးရစ်ပေးဆပ်ဖို့ရှိပြီး စုစုပေါင်းပမာဏက ယူရို ၁ ဒသမ ၆ ဘီလီယံရှိပါတယ်။ စုစုပေါင်းကြွေးမြီအနက် ပထမအရစ်အဖြစ် ဇွန် ၅ ရက်မှာ ယူရိုသန်း ၃၀၀ ပေး ဖို့ရှိရာ ဂရိနိုင်ငံဘဏ္ဍာရေးဌာနအတွက် ခေါင်းခဲစရာဖြစ်နေပါတယ်။

ယခုရက်သတ္တပတ်မှာ လစာနဲ့ ပင်စင်ပေးဖို့အတွက် ဂရိအစိုးရမှာ ငွေကြေးရှိထားပြီးဖြစ်ကြောင်း အစိုးရရဲ့ ပြောရေးဆိုခွင့်ရှိသူ ဂါဘရီယယ်ဆာကဲလာရီဒစ်က သတင်းစာရှင်းလင်းပွဲမှာပြောပါတယ်။ ဒါပေမယ့် ဇွန် ၅ ရက်အတွက် ပေးဆပ်ရေးကိစ္စကို တိုက်ရိုက်ဖြေကြားခြင်းမရှိဘဲ ပေးရန်တာဝန်များကိုပေးဖို့ တာဝန်ယူမှာဖြစ်ကြောင်း အစိုးရရဲ့ ရပ်တည်ချက်ကိုသာ ပြောကြားခဲ့ပါတယ်။

"ကျွန်တော်တို့ ရင်ဆိုင်နေရတဲ့ ငွေဖြစ်လွယ်မှုပြဿနာတွေကို အခြေခံပြီးပြောကြားရမယ်ဆိုရင် ကျွန်တော်တို့အတွက် ငွေကြေးလိုအပ်ချက်ရှိနေပြီး ယူရိုဇုန်နဲ့ အမြန်ဆုံးညှိနှိုင်းမှုတွေ ပြီးပြတ်ဖို့လိုအပ်နေပါတယ်။ ကျွန်တော်တို့ ပေးဆပ်နိုင်တဲ့ စွမ်းအားရှိသလောက် ကျွန်တော်တို့ရဲ့ ကြွေးမြီကိုပေးဆပ်သွားမှာပါ။ ဒီကြွေးမြီတွေအားလုံးပေးဆပ်ဖို့က အစိုးရမှာ တာဝန်ရှိပါတယ်"လို့ ဆာကဲလာရီဒစ်က ပြောပါတယ်။

IMF ရဲ့ကြွေးမြီကို ဂရိအစိုးရက ပေးဆပ်နိုင်မယ့် နည်းလမ်းမရှိကြောင်းနဲ့ ပြည်သူဝန်ထမ်းလစာတွေနဲ့ အငြိမ်းစားလစာတွေကိုဦးစားပေးပြီး ထုတ်ပေးရမှာဖြစ်ကြောင်းပြောကြားတဲ့ အထက်တန်းအရာရှိအရေအတွက်က ပိုမိုများပြားလာပြီး ဒီအထဲမှာ ပြည်ထဲရေးဝန်ကြီးလည်း ပါဝင်ပါတယ်။

**USA**

## အမေရိကန်ဗဟိုဘဏ်ရဲ့ အတိုးနှုန်းမြှင့်တင်မှုကြောင့် ကမ္ဘာ့မတည်မငြိမ်မှုကိုဖြစ်စေနိုင်

ဆယ်စုနှစ်တစ်စုနီးပါးကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် အမေရိကန်ပြည်ထောင်စုက အတိုးနှုန်းတွေကို မြှင့်တင်မယ်ဆိုပါက ကမ္ဘာ့စီးပွားရေး အပေါ် သက်ရောက်မှုတွေကို တွက်ဆသင့်ကြောင်းနဲ့ ထိုသို့ပြောင်းလဲမှုက ဘဏ္ဍာရေးဈေးကွက်မငြိမ်သက်မှုကို ဖြစ်စေနိုင်ကြောင်း မေလ ၂၆ ရက်နေ့ကအမေရိကန်ဗဟိုဘဏ်အရာရှိတစ်ဦး ရဲ့ပြောကြားချက်ကို ကိုးကားပြီး ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

"ဒါပေမယ့် ကျွန်တော်တို့ရဲ့ မူဝါဒကို ပုံမှန်အနေအထားဖြစ်အောင် ချမှတ်ဆောင်ရွက်တဲ့အခါ ထွန်းသစ်စဈေးကွက်တွေအတွက် နိုင်နိုင်နင်းနင်းကွပ်ကဲနိုင် တဲ့အခြေအနေမျိုးမှာရှိဖို့လိုအပ်ပါတယ်" လို့ အမေရိကန်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ စတန်လေဖစ်ချာက အစ္စရေးနိုင်ငံမှာ ပြောကြားပါတယ်။

အမေရိကန်ပြည်ထောင်စုရဲ့ စီးပွားရေးက ယခုနှစ်ပထမသုံးလပတ် မှာအားနည်းကျဆင်းနေတဲ့အတွက် ငွေကြေးမူဝါဒတင်းကျပ်ရမယ့် အစီအစဉ်ကို အမေရိကန်ဗဟိုဘဏ်က အချိန်ယူစောင့်ဆိုင်းရမှာဖြစ်ကြောင်း လေ့လာဆန်းစစ်သူတွေက ယုံကြည်ထား ကြပါတယ်။ ဒါပေမယ့် အမေရိကန် ဗဟိုဘဏ်ဥက္ကဋ္ဌ ဂျနက်ယယ်လင်က ယခုနှစ်အတွင်း အတိုးနှုန်းတွေမြှင့်တင်ပေးဖို့ အခြေအနေရှိနေတဲ့သဘောမျိုး ယခင်ရက်သတ္တပတ်ကပြောကြားခဲ့ပါ တယ်။ ဖစ်ချာပြောကြားခဲ့တဲ့မိန့်ခွန်းမှာတော့ အတိုးနှုန်းတိုးမြှင့်မယ့်ကာလကို ထည့်သွင်းပြောကြားခြင်းမရှိခဲ့ပါဘူး။ ဒါပေမဲ့ တင်းကျပ်တဲ့မူဝါဒတွေကျင့်သုံး တော့မဲ့သဘောကို ပြတ်ပြတ်သားသား ပြသခဲ့ပါတယ်။

ပုံမှန်အနေအထားရောက်အောင် ထိန်းသိမ်းတဲ့အခါ သို့မဟုတ် အတိုးနှုန်းမြှင့်တင်ဖို့သတ်မှတ်တဲ့အခါ ဈေးကွက်ထဲမှာ အထိတ်တလန့်မဖြစ်သင့်ကြောင်း သူကပြောပါတယ်။ အမေရိကန် အလုပ်သမားဈေးကွက် တိုးတက်ကောင်းမွန်မလာသေးဘူး။ ငွေကြေးဖောင်းပွနှုန်းက ဗဟိုဘဏ်ရည်မှန်းထား တဲ့ ၂ ရာခိုင်နှုန်းကိုမရောက်သေးဘူးဆိုရင် အမေရိကန်ဗဟိုဘဏ်ကအတိုးနှုန်းကို မြှင့်တင်ဦးမှာမဟုတ်ဘူးလို့ သူကပြောပါတယ်။

**MIDDLE EAST**

## ဈေးနှုန်းများ ကျဆင်းနေချိန်မှာပင် အိုပက်ရဲ့ ပြိုင်ဖက်တို့က ထုတ်လုပ်မှုကို တိုးမြှင့်

ရေနံစိမ်းဈေးနှုန်းတွေ ကျဆင်းနေတဲ့အချိန်မှာပင် မြောက်အမေရိကတိုက် ရေနံထုတ်လုပ်ရေးလုပ်ငန်းများက တောင့်ခံထားနိုင်တာကို သက်သေပြလျက်ရှိကြောင်း ယခုနှစ်အတွင်းထုတ်ပြန်တဲ့ အိုပက်အဖွဲ့ရဲ့ အစီရင်ခံစာမှာ ဖော်ပြထားကြောင်းနဲ့ ကမ္ဘာ့ရေနံ အလျှံပယ်ထုတ်လုပ်မှုက လာမယ့်နှစ်နှစ်အထိ ဆက်လက်တည်ရှိနေဦးမှာဖြစ်ကြောင်း အစီရင်ခံစာပါ အချက်တို့ကို ကိုးကားပြီး ရိုက်တာသတင်းမှာ ဖော်ပြထားပါတယ်။

ဗီယင်နာမှာ လာမဲ့ရက်သတ္တပတ်အတွင်းကျင်းပမယ့် အစည်းအဝေးကို တင်ပြမယ့် အိုပက်အဖွဲ့ရဲ့ ရေရှည်မဟာဗျူဟာမူကြမ်းမှာ အိုပက်အဖွဲ့ဝင်မဟုတ်တဲ့ ပြိုင်ဖက်နိုင်ငံတွေရဲ့ ရေနံထုတ်လုပ်မှုက ၂၀၁၇ ခုနှစ်အထိ ဆက်လက်ဖွံ့ဖြိုးနေဦးမှာဖြစ်ကြောင်း ဖော်ပြထားပါတယ်။ ကမ္ဘာ့ရေနံဝယ်လိုအားကျဆင်းမှုကြောင့် အိုပက်အဖွဲ့အနေနဲ့ ၂၀၁၄ ခုနှစ်က တစ်ရက်ကို ရေနံစည်သန်း ၃၀ ထုတ် လုပ်နေရာမှ ၂၀၁၇ ခုနှစ်မှာ ၂၈ ဒသမ ၂ သန်းထိ လျှော့ချထုတ်လုပ်ရမယ့် သဘောရှိပါတယ်။ ဒါကြောင့် အိုပက်အဖွဲ့အနေဖြင့် လက်ရှိထုတ်လုပ်မှုဖြစ်တဲ့ တစ်ရက်စည် ၃၁ သန်းကနေလျှော့ ထုတ်မလား။ ဒါမှမဟုတ် ရေနံဈေးနှုန်း ဒီထက် ကာလရှည်ကြာစွာကျဆင်းမှု အတွက် ကြိုတင်ပြင်ဆင်ထားမလား ဆိုတဲ့လမ်းနှစ်သွယ်ကို ရွေးချယ်ရပါ တော့မယ်။

"၂၀၁၄ ခုနှစ်ကစပြီး ရေနံဈေးနှုန်းတွေက ထူးထူးခြားခြားကျဆင်းတာနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ ၂၀၀၈ ခုနှစ် အကျပ်အတည်းကာလက ရောက်ရှိခဲ့တဲ့ဈေးနှုန်းအောက်ကိုပင်ရောက်ရှိခဲ့ပါတယ်။ ဒါပေမယ့် အိုပက်အဖွဲ့ဝင်မဟုတ်တဲ့နိုင်ငံတွေရဲ့ ရေနံရောင်းလိုအားက မြင့်တက်နေဆဲဖြစ်ပါတယ်"ဟု အိုပက်ရဲ့အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

နှုန်းကျောက်က ထုတ်လုပ်တဲ့ အမေရိကန်ပြည်ထောင်စုရဲ့ ရေနံကြောင့် ထုတ်လုပ်မှုမြင့်တက်ခြင်းနဲ့ အတူ အိုပက်အဖွဲ့ကလည်း ရေနံထုတ်လုပ်မှုကိုမလျှော့ဖို့ နိုဝင်ဘာလအတွင်းက ဆုံးဖြတ်ခဲ့တဲ့အတွက် ၂၀၁၄ ခုနှစ် ဇွန်လက တစ်စည်ကို ၁၁၅ ဒေါ်လာနှုန်းရှိခဲ့တဲ့ ရေနံစိမ်းဈေးက ယခုအခါ တစ်ဝက်ထိုး ကျဆင်းလာခဲ့ပါတယ်။

ဘာသာပြန်-စုစည်းတင်ပြသည်



# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်



အမေရိကန်ပြည်ထောင်စု ဗဟိုဘဏ်က အတိုးနှုန်းတွေမြှင့်တင်ဖို့ ပိုမိုနီးစပ်လာတဲ့အတွက် တောင်ကိုရီးယားဝမ်ငွေကြေးက ဦးဆောင်ပြီးအာရှငွေကြေးတွေက နိုဝင်ဘာနောက်ပိုင်းမှာ လအလိုက် တန်ဖိုးကျဆင်းမှုအမြင့်ဆုံးကို ရောက်လာတော့မယ့် အခြေအနေကိုဦးတည်နေပါတယ်။ အမေရိကန် စီးပွားရေးက မျှော်မှန်းထားတဲ့အတိုင်း ဖွံ့ဖြိုးမှုရှိလာရင် ယခုနှစ်အတွင်းမှာ အမေရိကန်ဗဟိုဘဏ်ရဲ့ အခြေခံစံထားတဲ့ချေးငွေစရိတ်ကို တိုးမြှင့်မယ်။ တစ်နည်းအားဖြင့် ဗဟိုဘဏ်အတိုးနှုန်းကိုမြှင့်တင်မယ်လို့ ဗဟိုဘဏ်ဥက္ကဋ္ဌ ဂျနက်ယယ်လင်က မေ ၂၂ ရက်က ပြောခဲ့ပါတယ်။

အာရှ အရှေ့မြောက်ပိုင်းဒေသမှာ ဂျပန်ယန်းငွေတန်ဖိုးက ၁၂ နှစ်အတွင်း အနိမ့်ဆုံးထိ ကျဆင်းခဲ့တဲ့အတွက် တောင်ကိုရီးယားနဲ့တရုတ် (တိုင်ပေ) တို့ရဲ့ ပို့ကုန်ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ကို ကျဆင်းစေခဲ့ပါတယ်။ ဒါကြောင့် ငွေကြေးစစ်ပွဲပြင်းထန်လာမဲ့ အန္တရာယ်တွေ အရှိန်မြင့်လျက်ရှိနေပါတယ်။

ဥရောပဒေသမှာ ဂရိနိုင်ငံကယ်တင်မှုချေးငွေနဲ့ ပတ်သက်ပြီး ပြုပြင်ပြောင်းလဲမှု အကောင်အထည်ဖော်ရေးကိစ္စကိုဆွေးနွေးမှုတွေက ခရီးမပေါက်ဘဲဖြစ်နေတာကို ရင်းနှီးမြှုပ်နှံသူတွေက မျက်လုံး ဒေါက်ထောက်ပြီးအကဲခတ်လေ့လာလျက်ရှိပါတယ်။ ကြွေးမြီ ပေးဆပ်ဖို့ပျက်ကွက်လို့ ဂရိနိုင်ငံ ယူရိုဇုန်ကထွက်ရရင် ကမ္ဘာ့ဈေးကွက်တွေမှာ ကသောင်းကနင်းတွေ ဖြစ်လာနိုင်ပါတယ်။ အာရှပစိဖိတ်ဒေသမှာ အများအားဖြင့်ဒေါ်လာတန်ဖိုး ကျဆင်းနေပါတယ်။

**တရုတ်ယွမ်**

မေ ၂၉ ရက်က တရုတ်နိုင်ငံခြားငွေရောင်းဝယ်ရေးဌာနမှာ ယွမ်ငွေကြေးတန်ဖိုးက သုည ဒသမ ဝ၆ ရာခိုင်နှုန်းမြင့်တက်ပြီး တစ်ဒေါ်လာ ကို ၆ ဒသမ ၁၁၉၆ ယွမ်နှုန်း ရှိခဲ့ပါတယ်။ လက်ငင်းဈေးကွက်မှာ ယွမ်ငွေကြေးတန်ဖိုးကို ဗဟိုဘဏ်ကနေ့စဉ် သတ်မှတ်ချက်ရဲ့ ၂ ရာခိုင်နှုန်းအတက်အကျထားပြီး ရောင်းဝယ်ခွင့်ပေးပါ တယ်။

**အိန္ဒိယရူပီး**

ပို့ကုန်လုပ်ငန်းရှင်တွေနဲ့ ဘဏ်တွေကဒေါ်လာရောင်းချမှုများပြားလာတဲ့အတွက် မေလ ၂၉ ရက်ကဒေါ်လာ-ရူပီးဖလှယ်ရာမှာ ရူပီးတန်ဖိုး သုည ဒသမ ဝ၅ ရူပီးနှုန်း မြင့်တက်ပြီး တစ်ဒေါ်လာကို ၆၃ ဒသမ ၇၅ ရူပီးနှုန်းရှိခဲ့ပါတယ်။ ပင်လယ်ရပ်ခြားဈေးကွက်မှာဒေါ်လာတန်ဖိုး ကျဆင်းမှုနဲ့ပြည်တွင်း စတော့ဈေးကွက်မှာ အိန္ဒိယရှယ်ယာတွေ တန်ဖိုးမြင့်တက်မှုကလည်း ရူပီး တန်ဖိုးမြင့်တက်မှုကို အထောက်အကူ ဖြစ်စေခဲ့ပါတယ်။

**ဂျပန်ယန်း**

ယန်းငွေတန်ဖိုးက ၁၂ နှစ် အတွင်း အနိမ့်ဆုံးကို ကျဆင်းမှုကြောင့် ပို့ကုန်ကျဆင်းမှုကို ကုစားဖို့ကြိုးစားနေတဲ့တောင်ကိုရီးယားနဲ့ တရုတ်(တိုင်ပေ) မှာအာဏာပိုင်တွေ အတွက် ဒေါသထွက်စရာဖြစ်ခဲ့ရပါတယ်။

ဂျပန်ယန်းနဲ့ ဒေါ်လာဖလှယ်နှုန်းက မေလ ၂၈ ရက်နေ့ညနေ ၅ နာရီကတစ်ဒေါ်လာကို နယူးယောက်မှာ ၁၂၃ ဒသမ ၉၀ ယန်းနဲ့ တိုကျိုမှာ ၁၂၃ ဒသမ ၆၃ ယန်းနှုန်းရှိခဲ့ရာမှ တိုကျိုမှာ မေလ ၂၉ ရက်နေ့ နံနက် ၉ နာရီမှာ တစ်ဒေါ်လာကို ၁၂၃၇ ဒသမ ၇၈ ယန်းနှုန်းကို ရောက်ရှိခဲ့ပါတယ်။

ယူရိုတန်ဖိုးက မေလ ၂၈ ရက်နေ့ညနေပိုင်းမှာ တစ်ယူရိုကို နယူးယောက်မှာ ၁ ဒသမ ဝ၉၄၄ ဒေါ်လာနဲ့ ၁၃၅ ဒသမ ၆၅ ယန်းရှိပြီး တိုကျိုမှာ ၁ ဒသမ ဝ၉၄၁ ဒေါ်လာနဲ့ ၁၃၅ ဒသမ ၂၇ ယန်းနှုန်း အသီးသီးရှိခဲ့ရာမှ မေလ ၂၉ ရက်နေ့မှာ တစ်ယူရိုကို ၁ ဒသမ ဝ၉၆၃ ဒေါ်လာနဲ့ ၁၃၅ ဒသမ ၆၉ ယန်းနှုန်း ရှိခဲ့ပါတယ်။

**မလေးရှားရင်းဂစ်**

ပြည်တွင်းသုံးငွေကြေးကို ဝယ်ယူဖို့ စိတ်ဝင်စားမှု နည်းလာတဲ့အတွက် မေလ ၂၉ ရက် နံနက်မှာ ဒေါ်လာရင်းဂစ်ဖလှယ်ရာမှာ ရင်းဂစ်တန်ဖိုးက ရက်သတ္တပတ် ငါးပတ်အတွင်း အနိမ့်ဆုံးနှုန်းကို ရောက်ရှိခဲ့ကြောင်း ဝယ်ရောင်းသမားတစ်ဦးက ပြောပါတယ်။ အနောက်တက္ကဆပ်မှာ ရေနံဈေးနှုန်းကျဆင်းမှုက ရင်းဂစ်တန်ဖိုးကို ထပ်မံကျဆင်းစေနိုင်ပါတယ်။ ဒါပေမယ့်အမေရိကန်ဗဟိုဘဏ်က အတိုးနှုန်းမြင့်တင်မယ်ဆိုတဲ့သတင်းက ရင်းဂစ်တန်ဖိုးကျဆင်းမှုအရှိန်ကို မြင့်တက်စေခဲ့ကြောင်း လေ့လာဆန်းစစ်သူတစ်ဦးက ပြောပါတယ်။ အခြားငွေကြေးများနဲ့ ဖလှယ်ရာမှာ အများအားဖြင့် ရင်းဂစ်တန်ဖိုးမြင့်တက်ပါတယ်။

**တောင်ကိုရီးယားဝမ်**

ငွေကြေးတန်ဖိုး မြင့်တက်နေတဲ့အတွက် တရုတ်(တိုင်ပေ) ဗဟိုဘဏ်က ဝင်ရောက်စွက်ဖက် ဆောင်ရွက်ပေးတဲ့နည်းတူ တောင်ကိုရီးယား ဗဟိုဘဏ်ကလည်း ဆောင်ရွက်ပေးဖို့ တောင်ကိုရီးယား အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးအသင်းက မေ ၂၂ ရက်က တိုက်တွန်းခဲ့ပါတယ်။ ဂျပန်ယန်းတန်ဖိုး ဆက်လက်ကျဆင်းနေရင် တောင်ကိုရီးယား ဗဟိုဘဏ်က ဝင်ရောက်ကိုင်တွယ်ဖို့ အသင့်ရှိကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာနမှ အရာရှိတစ်ဦးက မေ ၂၃ ရက်က ပြောပါတယ်။

ကိုရီးယားဝမ်တန်ဖိုးက မေလ ၂၉ ရက်မနက် ၉ နာရီ ၁၅ မိနစ်မှာ တစ်ဒေါ်လာကို ၁၁၀၇ ဒသမ ၉ ဝမ်နှုန်းရှိတဲ့အတွက် ၂ ဒသမ ၁ ဝမ်နှုန်း ပိုမိုကျဆင်းခဲ့ပါတယ်။

**ထိုင်းဘတ်**

မေလအတွင်းမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေက ထိုင်းဘွန်းစာချုပ်တွေကို ရောင်းချမှု ပိုမိုမြင့်တက်ခဲ့ပါတယ်။ ဒါကြောင့် ဘတ်ငွေတန်ဖိုးက ၂ ဒသမ ၃ ရာခိုင်နှုန်းကျဆင်းခဲ့ရာ ၂၀၁၃ ခုနှစ် ဒီဇင်ဘာနောက်ပိုင်း ကျဆင်းမှုအမြင့်ဆုံး ဖြစ်ခဲ့ပါတယ်။ ဒါပေမယ့် ဘတ်ငွေ တန်ဖိုးကိုနေ့အလိုက်ကြည့်ရင် မေ ၂၉ ရက်မှာ ယခင်နေ့ကထက် သုည ဒသမ ၁၈ ရာခိုင်နှုန်းပိုမိုမြင့်တက်ပြီး တစ်ဒေါ်လာကို ၃၃ ဒသမ ၇၂ ဘတ်နှုန်းရှိခဲ့ပါတယ်။

ဘဏ်တင်-စစည်းတင်ပြသည်

## တရုတ်ယွမ်ငွေကြေးကို အလွန်အကျွံတန်ဖိုး ချမထားကြောင်း အိုင်အမ်အက်ဖ်ကပြော



ငွေကြေးတန်ဖိုးကို တမင်ဈေးကစားထားတယ်လို့ အမေရိကန်အစိုးရက ကာလရှည်ကြာစွာ စွပ်စွဲလာခဲ့တဲ့ တရုတ်ယွမ်ငွေကြေးကို ယခုအခါတန်ဖိုးချထားခြင်းမရှိတော့ကြောင်း အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်)ရဲ့ မေလ ၂၆ ရက်နေ့က ပြောကြားချက်ကို ကိုးကားပြီး အေအက်ဖ်ပီသတင်းမှာ ဖော်ပြပါတယ်။ ရင်မင်ဘီလို့သိထားတဲ့ တရုတ်နိုင်ငံသုံးငွေကြေး ယွမ်ရဲ့တန်ဖိုးနဲ့ပတ်သက်ပြီး အမေရိကန်ပြည်ထောင်စု အပါအဝင် တရုတ်နိုင်ငံရဲ့ အဓိက ကုန်သွယ်ဖက်နိုင်ငံတွေနဲ့ နှစ်ပေါင်းများစွာ တင်းမာမှုတွေဖြစ်ခဲ့ကြပါတယ်။ တရုတ်နိုင်ငံက ယွမ်ငွေကြေးတန်ဖိုးကို တမင်လျှော့ချပြီး တရုတ်ပို့ကုန်လုပ်ငန်းတွေရဲ့ ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ကို တိုးမြှင့်အောင်ဆောင်ရွက်ထားတယ်လို့ စွပ်စွဲခဲ့ကြပါတယ်။ တရုတ်နိုင်ငံကလည်း စွပ်စွဲချက်ကို ငြင်းဆိုထားပါတယ်။

"လွန်ခဲ့တဲ့နှစ်က ယွမ်ငွေကြေးတန်ဖိုးကို ထိထိရောက်ရောက်တန်ဖိုးတိုးမြင့်ပြီးနောက်ပိုင်း ငွေကြေးဖလှယ်နှုန်းက တန်ဖိုးချထားတဲ့ အနေအထားမျိုးမရှိတော့ပါဘူး"လို့ တရုတ်နိုင်ငံသို့ လာရောက်ညှိနှိုင်းမှုများ ပြုလုပ်ပြီးနောက် အိုင်အမ်အက်ဖ်ကထုတ်ပြန်တဲ့ ကြေညာချက်မှာ ဖော်ပြထားပါတယ်။

တရုတ်နိုင်ငံထဲကို ငွေကြေးစီးဝင်စီးထွက်မှုအခြေအနေကို ခန့်မှန်းလို့မရရင်စီးပွားရေးကို ထိခိုက်နိုင်ပြီးဘဏ္ဍာရေးထိန်းချုပ်မှုကိုလည်း အားနည်းစေနိုင်ပါတယ်။ ဒီအခြေအနေတွေနဲ့ ပတ်သက်ပြီးစိုးရိမ်မှုတွေကြောင့် တရုတ်နိုင်ငံက ယွမ်ငွေကြေးရဲ့တန်ဖိုးကို တင်းတင်းကျပ်ကျပ် ထိန်းချုပ်ထားပါတယ်။ ဒါပေမယ့် ယွမ်ငွေကြေးကိုကမ္ဘာ့ဘဏ္ဍာရေးစနစ်မှာ ကြီးမားတဲ့အခန်းကဏ္ဍက ပါဝင်နိုင်ဖို့အတွက် တရုတ်နိုင်ငံက တွန်းအားပေး ဆောင်ရွက်လျက်ရှိပါတယ်။

ယွမ်ငွေကြေးရဲ့ နေ့အလိုက်အတက်အကျကို အာဏာပိုင်တွေက တင်းကျပ်စွာ ကန့်သတ်ထားတဲ့အတွက် ယွမ်ငွေကြေးတန်ဖိုးက တည်ငြိမ်မှုအရှိဆုံး ကမ္ဘာ့ငွေကြေးတွေထဲမှာ ပါဝင်လျက်ရှိပါတယ်။

## AIIB ဘဏ်တွင်တောင်ကိုရီးယားက ရှယ်ယာ သုံးရာခိုင်နှုန်း ကျော်ပါဝင်မည်

တရုတ်နိုင်ငံဦးဆောင်တဲ့ အာရှအခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုဘဏ် (AIIB) မှာ ရှယ်ယာဝေစု ၃ ဒသမ ၅ ရာခိုင်နှုန်းထည့်ဝင်ဖို့ ရည်မှန်းထားကြောင်း ယခင်ရက်သတ္တပတ်က ကျင်းပတဲ့ AIIB ဖွဲ့စည်းတည်ထောင်သူ အဖွဲ့ဝင်နိုင်ငံများ အစည်းအဝေးသို့ တက်ရောက်ခဲ့သူ ကိုယ်စားလှယ်တစ်ဦးရဲ့ မေ ၂၅ ရက်က ပြောကြားချက်ကို ကိုးကားပြီး ယွန်းဟပ်သတင်းမှာ ဖော်ပြပါတယ်။

AIIB ကို စတင်ဖွဲ့စည်းတည်ထောင်သူ ၅၇ နိုင်ငံမှ အဆင့်မြင့်အရာရှိများရဲ့ နောက်ဆုံးအကျော့ဆွေးနွေးပွဲကို ယခင်ရက်သတ္တပတ်က စင်ကာပူနိုင်ငံမှာ ကျင်းပခဲ့ပြီး ဒီအစည်းအဝေးမှာ ချေးငွေဘဏ်အသစ်ရဲ့ ချာတာစာချုပ်နဲ့ ပတ်သက်ပြီး တက်ရောက်လာတဲ့ ကိုယ်စားလှယ်တွေက သဘောတူညီမှုရခဲ့ပါတယ်။ AIIB ကို အာရှဖွံ့ဖြိုးရေးဘဏ် (အေဒီဘီ)နဲ့ ကမ္ဘာ့ဘဏ်တို့ အပါအဝင် အမေရိကန်ပြည်ထောင်စုဦး ဆောင်တဲ့ နိုင်ငံစုံချေးငွေဘဏ်တွေကို တန်ပြန်ထိန်းညှိဖွဲ့စည်း တည်ထောင်လာတယ်လို့ ယူဆထားကြပါတယ်။ အမေရိကန်ပြည်ထောင်စုနဲ့ ဂျပန်နိုင်ငံတို့ကဘဏ်ဖွဲ့စည်းတည်ထောင်ရာမှာ ပါဝင်ခြင်းမရှိဘဲ ဘဏ်သစ်မှာ ပွင့်လင်းမြင်သာမှုရှိဖို့နဲ့ စီမံအုပ်ချုပ်မှုမြင့်မားဖို့ တောင်းဆိုထားပါတယ်။

တရုတ်နိုင်ငံက ရှယ်ယာဝေစု ၂၅ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားပြီး AIIB မှာ ဗီတိုအာဏာသုံးစွဲနိုင်တဲ့ အခွင့်အရေးရရှိနိုင်ကြောင်း အမည်မဖော်လိုသူကိုယ်စားလှယ်တစ်ဦးက ပြောပါတယ်။ ယခု နှစ်အကုန်လောက်မှာ ဘဏ်ရဲ့လုပ်ငန်းတွေ စတင်လည်ပတ်မှာဖြစ်ကြောင်း တရုတ်ဘဏ္ဍာရေးဝန်ကြီးဌာနကပြောကြားပေမယ့် ချာတာနဲ့ပတ်သက်လို့ အသေးစိတ်ပြောကြားခြင်းမရှိပါဘူး။

International Entertainment
Vol: 15, No.20 Monday June 1 2015

# ဂန်းနမ်းအရပ်မှာ အိမ်ဝယ်လိုက်ပြီဖြစ်တဲ့ ဟန်ဆောင်ယွန်း

KARA အဖွဲ့ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ဟန်ဆောင်ယွန်းဟာ ဂန်းနမ်းအရပ်မှာ ကိုရီးယားဝမ် ၄ ဒသမ ၅ဘီလီယံ ဝမ်တန်ကြေးရှိတဲ့နေအိမ်တစ်လုံးကို ဝယ်ယူလိုက်ပြီဖြစ်ကြောင်း ကေပေါ့သတင်းမှာ ဖော်ပြထားပါတယ်။

ဟန်ဆောင်ယွန်းဟာ အဲဒီအိမ်ကို အကြွေးစနစ်နဲ့ ဝယ်ယူဖို့ ၂၀၁၄ခုနှစ် ဧပြီလအတွင်းက ဝယ်ယူခဲ့တာဖြစ်ပြီး ဝယ်ယူခဲတဲ့ အဆောက်အအုံတန်ဖိုးရဲ့ ၅၉ ရာခိုင်နှုန်းကို ကြိုတင်ငွေအဖြစ်နဲ့ ပေးချေခဲ့ရတာဖြစ်ပါတယ်။

ဟန်ဝယ်ယူခဲ့တဲ့နေအိမ်ဟာ ငါးထပ်ရှိတဲ့ အဆင့်မြင့်နေအိမ်တစ်လုံးဖြစ်ပြီး ချွဲဒန်ဘူတာကနေ လမ်းလျှောက်သွားပါက ငါးမိနစ်အတွင်း နေအိမ်ကို ရောက်ရှိသွားမှာဖြစ်တယ်လို့ ဆိုပါတယ်။

အသက် ၂၇ နှစ်အရွယ်သာ ရှိသေးတဲ့ ဟန်ဆောင်ယွန်းဟာ ငယ်ရွယ်စဉ်အချိန်က အနုပညာအလုပ်ကို စိတ်ဝင်စားခဲ့ပေမယ့် ပညာရေးအတွက် အမေရိကန်နိုင်ငံ၊ နယူးဂျာစီပြည်နယ်မှာရှိတဲ့ Tenafly High School မှာ သွားရောက်ပညာသင်ယူခဲ့ပြီး တောင်ကိုရီးယားနိုင်ငံကို ပြန်လည်ရောက်ရှိခဲ့ပါတယ်။

ဟန်ဟာ ၂၀၀၇ ခုနှစ် မတ်လ ၂၉ ရက်နေ့မှာ မိန်းကလေးအဆိုတော်အဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ KARA အဖွဲ့နဲ့ ပူးပေါင်းခဲ့ပြီး ကေပေါ့ဂီတလောကထဲကို ဝင်ရောက်လာခဲ့တာဖြစ်ပါတယ်။



# ဒဏ်ရာကနေ ပြန်လည်သက်သာလာတဲ့ ဟယ်ရစ်ဆင်ဖို့ဒ်



Star War ဇာတ်လမ်းတွဲကို ရိုက်ကူးနေစဉ်မှာ လေယာဉ် မတော်တဆမှုကြောင့် ဒဏ်ရာအနည်းငယ် ရရှိသွားတဲ့ ဟောလိဝုဒ်ရဲ့မင်းသားကြီး ဟယ်ရစ်ဆင်ဖို့ဒ်ဟာ ဒဏ်ရာကနေ ပြန်လည်သက်သာလာပြီဖြစ်တယ်လို့ ဆိုပါတယ်။ အသက် ၇၂နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဟယ်ရစ်ဆင်ဖို့ဒ်ရရှိခဲ့တဲ့ဒဏ်ရာဟာ ပြင်းထန်လှတာကြောင့် သုံးလကြာမျှ အနားယူခဲ့ရတာဖြစ်ပါတယ်။

"ကျွန်တော် နေကောင်းသွားပါပြီ။ အခုရိုက်ကူးဖို့ ကျန်နေခဲ့တဲ့ Star War ဇာတ်လမ်းတွဲကို ဆက်လက်ရိုက်ကူးသွားမှာဖြစ်ပါတယ်"လို့ ဖို့ဒ်က ပြောကြားခဲ့ပါတယ်။ ဖို့ဒ်ဟာ ပြီးခဲ့တဲ့မတ်လ ၅ရက်က သူ့ရဲ့ကိုယ်ပိုင်လေယာဉ်ဖြစ်တဲ့ WW2 လေယာဉ်ကို အဖော်လေယာဉ်မှူးတစ်ဦးနဲ့အတူ ပျံသန်းမောင်းနှင်လာစဉ် စက်ချို့ယွင်းခဲ့တာကြောင့် အနီးမှာရှိတဲ့ ဂေါက်ကွင်းတစ်ကွင်းပေါ်ကို အရေးပေါ်ဆင်းသက်ဖို့ကြိုးစားခဲ့ပါတယ်။ ဒါပေမယ့်လည်း လေယာဉ်ပျံဟာ အောက်ကိုမရောက်မီမှာပဲ ပျက်ကျခဲ့တာကြောင့် နှစ်ဦးစလုံးဒဏ်ရာပြင်းထန်စွာရရှိခဲ့ပါတယ်။

ဖို့ဒ်ဟာ ခြေကျင်းဝတ်နဲ့တင်ပဆုံ အရိုးတို့ကျိုးသွားတာကြောင့် ဆေးရုံမှာကုသမှုခံယူခဲ့ပြီး အခုလို ပြန်လည်ကျန်းမာလာခဲ့တာဖြစ်ပါတယ်။ အဲဒီဖြစ်ရပ်ကြောင့် Star War ဇာတ်လမ်းတွဲရိုက်ကူးမှုကို နားထားခဲ့ရက အခုပြန်လည်ရိုက်ကူးတော့မှာဖြစ်တယ်လို့ ဆိုပါတယ်။

# အမေရိကန်ဒေါ်လာသန်း ၁၀၀ နဲ့ အရောင်းစာရင်းတင်လိုက်တဲ့ မိုက်ကယ်ဂျက်ဆင်ရဲ့ Neverland Ranch




ကွယ်လွန်သွားရှာပြီဖြစ်တဲ့ ပေါ့ပ်ဘုရင်ကြီး မိုက်ကယ်ဂျက်ဆင်ရဲ့ ပိုင်ဆိုင်မှုတွေထဲကတစ်ခုဖြစ်တဲ့ ကယ်လီဖိုးနီးယားမှာရှိတဲ့ Neverland Ranch ကို အမေရိကန်ဒေါ်လာ သန်း ၁၀၀နဲ့ ရောင်းချဖို့ အရောင်းစာရင်းတင်လိုက်ပြီဖြစ်ပါတယ်။

မိုက်ကယ်ဂျက်ဆင်ရှိစဉ်ကတည်းက အခြေချနေထိုင်ခဲ့တဲ့ Neverland Ranch ဟာ ဧကပေါင်း ၂၇၀၀ ကျယ်ဝန်းပြီး အဲဒီအိမ်ထဲမှာ စိတ်ကူးယဉ်ဆန်ဆန်ပုံစံမျိုးနဲ့ အိမ်ရဲ့အတွင်းပိုင်းကို ပြင်ဆင်ထားသလို အဲဒီအိမ်ကို အဝေးကနေလှမ်းကြည့်လိုက်တာနဲ့ စိတ်ဝင်တစားရှိလှတဲ့ အိမ်တစ်လုံးဖြစ်အောင် ပြင်ဆင်ထားတယ်လို့ ဆိုပါတယ်။

အဲဒီ Neverland Ranch မှာ လူပေါင်း ၅၀ လောက်ကြည့်လို့ရတဲ့ ရုပ်ရှင်ရုံအသေးစားလေးတစ်ရုံ၊ ရေကန်နှစ်ကန်၊ ဘတ်စကက်ဘောကစားကွင်း တစ်ကွင်း၊ တင်းနစ်ကုတ် တစ်ခု၊ ဂီတဖျော်ဖြေပွဲတွေပြုလုပ်နိုင်တဲ့ အထူးပြုလုပ်ထားတဲ့ စင်မြင့်တစ်ခုတို့ပါဝင်တယ်လို့ ဆိုပါတယ်။

အဲဒီနေရာကို မိုက်ကယ်ဂျက်ဆင်က ၁၉၈၈ ခုနှစ်က ဝယ်ယူခဲ့တာဖြစ်ပြီး အဲဒီအချိန်က အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၅ သန်းပေးရတယ်လို့ ဆိုပါတယ်။ မိုက်ကယ်ဂျက်ဆင်ဟာ အဲဒီအိမ်ကို ဂေါက်သီးလုပ်ငန်းရှင် ဝီလျံဘုန်းထံကနေ ဝယ်ယူခဲ့တာဖြစ်ပါတယ်။

# အမေရိကရဲ့အချမ်းသာဆုံးစာရင်းဝင်သွားတဲ့ ဂျက်ဆီကာအယ်လ်ဘာ



အမေရိကန်ရုပ်ရှင်မင်းသမီး ဂျက်ဆီကာအယ်လ်ဘာဟာ ပြင်သစ်စီးပွားရေးမဂ္ဂဇင်းရဲ့စစ်တမ်းကောက်ယူမှုတွေအရ ကမ္ဘာ့အချမ်းသာဆုံးအမျိုးသမီးအဖြစ် စာရင်းဝင်သွားခဲ့တယ်လို့ ဆိုပါတယ်။

ဂျက်ဆီကာအယ်လ်ဘာဟာ သူ့ရဲ့ ကိုယ်ပိုင်ကုမ္ပဏီတစ်ခုဖြစ်တဲ့ The Honest ကုမ္ပဏီက ထုတ်လုပ်တဲ့ သဘာဝပတ်ဝန်းကျင်နဲ့ လိုက်ဖက်ညီအောင်ထုတ်လုပ်ထားတဲ့ကုန်ပစ္စည်းတွေကြောင့် ခုလိုမျိုး ချမ်းသာလာခဲ့တာဖြစ်တယ်လို့ ဆိုပါတယ်။

ဂျက်ဆီကာဟာ အဲဒီကုမ္ပဏီကို ၂၀၁၁ ခုနှစ်အတွင်းက တည်ထောင်ခဲ့တာဖြစ်ပြီး စတင်ရင်းနှီးခဲ့စဉ်က အမေရိကန်ဒေါ်လာ ၁၀ သန်းသာရှိခဲ့ပါတယ်။ ဒါပေမယ့်လည်း သုံးနှစ်အတွင်းမှာ အမေရိကန်ဒေါ်လာသန်းပေါင်း ၁၅၀ ခန့် ရရှိခဲ့တဲ့အပြင် ဒီနှစ်မှာလည်း အမေရိကန်ဒေါ်လာသန်းပေါင်း ၂၅၀ရှိတဲ့ စီမံကိန်းတစ်ခုကို လုပ်ဆောင်ဖို့ရှိတယ်လို့ ဆိုပါတယ်။

ဂျက်ဆီကာဟာ သူကိုယ်တိုင် ဖန်တီးတီထွင်လုပ်ဆောင်ထားတဲ့ အရာတွေဖြစ်တဲ့ ကလေးငယ်တွေရဲ့ အသုံးအဆောင်တွေကို ထုတ်လုပ်တဲ့ကုမ္ပဏီကြီးတစ်ခုကို တည်ထောင်ထားတာဖြစ်ပါတယ်။

ဂျက်ဆီကာရဲ့ကုမ္ပဏီဟာ ကလေးငယ်တွေရဲ့အသုံးဆောင်ဖြစ်တဲ့ ကလေးသေးခံမှအစ ကလေးငယ်တွေလိုအပ်တာမှန်သမျှကို ကမ္ဘာတစ်ဝန်းလုံးကို တင်ပို့ရောင်းချနေတာဖြစ်ပါတယ်။

အဲဒီလို ကလေးငယ်တွေအတွက် ရည်ရွယ်တဲ့ပစ္စည်းတွေကို ဘာကြောင့် ထုတ်လုပ်ရသလဲဆိုတာကို ဂျက်ဆီကာက "ကျွန်မ ၂၀၀၈ခုနှစ်တုန်းက ပထမဦးဆုံးကလေးကို မွေးခဲ့တယ်။ ကိုယ်ဝန်ဆောင်တဲ့အချိန်ကတည်းက ကလေးအတွက် လိုအပ်မယ်ထင်တဲ့ ပစ္စည်းလေးတွေကို ဝယ်တဲ့အခါမှာ စိတ်ကျေနပ်မှု မရှိခဲ့ဘူး။ အဲဒါကြောင့် ကျွန်မ သဘာဝပတ်ဝန်းကျင်ကိုထိန်းညှိပေးနိုင်တဲ့၊ ကလေးငယ်တွေအတွက် သင့်တော်သလို ဈေးနှုန်းလည်း အသင့်အတင့်ရှိမယ့် ကလေးပစ္စည်းလေးတွေကို ထုတ်လုပ်ဖို့ ရည်ရွယ်ထားခဲ့တာပါ။ ကလေးငယ်တွေအပေါ် မှန်ကန်တဲ့စေတနာနဲ့ ထုတ်လုပ်ဖို့ရည်ရွယ်ခဲ့တာပါ"လို့ ပြောကြားခဲ့ပါတယ်။

ဝန်းရံခ **CAR SALE CENTER**

**UN YAN KHA** SERVICES COMPANY LINITED

အရည်အသွေး မြင့် ကားကောင်း ၊ ကားသန့်များကိုသာ အစဉ်သုံးစွဲ လိုသော လူကြီးမင်းများအတွက် ဂျပန်နိုင်ငံ မှတိုက်ရိုက်တင်သွင်းလာသော အရည်အသွေးမှန်ကန်ပြည့်ဝ

သည့် ကားကောင်းကားသန့်များကို ကျွန်တော်တို့ ဝန်းရံခ ကားအရောင်းစင်တာမှ ဝယ်ယူသူများ စိတ်တိုင်းကျ ဝန်ဆောင်မှုပေးနေပါသည်။

၂၀၀၉မော်ဒယ်နှင့်အထက်ကားများကိုရှိုးမဘက်နှင့်ချိတ်ဆက်ပြီး(၁၂)လငွေပေးချေစနစ်ဖြင့်ဝယ်ယူရရှိနိုင်ပါသည်။

ဇွန်လ (၃၁ ) ရက်နေ့အထိ ဝယ်ယူအားပေးကြသော ဝယ်ယူသူများကိုလဲ **Honda Fit 2012 model** နှင့် အခြားဆုမဲပေါင်းများစွာ

ကံစမ်းပေးသွားမှာဖြစ်ပါတယ်...

G-mail.com/wunyankha.autocentre@gmail.com

facebook.com/wunyankha.carsalecenter@gmail.com







www.wykmotor.com

လိပ်စာ - အမှတ် ( ၁ )၊ ဗဟိုလမ်းမကြီး ၊ လှိုင်ရတနာပရိယတ္တိစာသင်တိုက်ဘေး ၊ ဘုတာရုံလမ်းနှင့် ပိရမိလမ်းကြား ၊ သံလမ်းမှတ်တိုင်အနီး ၊ (၇ ) ရပ်ကွက် ၊ လှိုင်မြို့နယ် ၊ ရန်ကုန်မြို့ ။

ဖုန်း - ၀၁-၂၃၀၅၃၇၇ ၊ ၀၁-၂၃၀၅၃၈၈ ၊ ၀၉-၇၃၇၃၈၅၈၅ ၊ ၀၉-၅၀၃၁၄၈၀ ၊ ၀၉-၅၀၂၂၅၇၇ ၊ ၀၉-၉၇၇၁၀၉၈၉၃

## စိုက်ပျိုးရေးသမားများအားထားရာ .........

## မာလာမြိုင်

### စိုက်ပျိုးရေးသုံးပစ္စည်းအရောင်းစင်တာ

**အရောင်းစင်တာများ**

(၁) ကျွန်းတောလမ်းနှင့်နာနတ်တောလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ၀၁-၂၃၀၄၂၄၇၊ ၀၁-၅၀၄၆၀၂၊ ၀၉-၇၃၀၇၅၈၂၂

(၂) မြေပဒေသာကျွန်း(ဂျပန်သံရုံးရှေ့)ဗဟန်းမြို့နယ်၊ ၀၁-၅၄၄၆၀၈

(၃) ည(၈၂)ယုဇနလမ်း၊ ဘုရင့်နောင်ပွဲရုံတန်း၊ မရမ်းကုန်းမြို့နယ်၊ ၀၁-၆၈၃၀၉၇၊ ၀၀၆၈၃၂၀၈

**အရောင်းပြခန်း**

အမှတ် (T2-7) ၊ပုလဲလမ်း၊ ၃၀ x ၃၂ နှင့် ၇၇ x ၇၈ လမ်းကြား၊ချမ်းအေးသာစံမြို့နယ်၊မန္တလေး။ ၀၂-၃၀၇၈၀၊၀၂-၃၀၇၉၀

---

Japan, Korea,Singapore,Thailand နိုင်ငံများမှ မော်တော်ယာဉ်တင်သွင်းသူများအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်
SINOR LINES RO/RO Services ကားသင်္ဘောရောက်ရှိမှု အချိန်ဇယားများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

## SINOR LINES

### RO/RO Service for Myanmar

<< May And June Sailing Schedule >>

DATE : 1st June 2015
* SUBJECT TO CHANGE WITH OR WITHOUT NOTICE

**JAPAN / MYANMAR**

| VESSEL | Height (m) | | | | | | JAPAN | | | | | | | MYANMAR | THAILAND |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | A | B | C | D | E | SHANGHI | YOKOSUKA | KOBE | NAGOYA | YOKOHAMA | SAKAI SENBOKU | MASAN | SINGAPORE | YANGON | LAEM CHABANG |
| MV.CITY OF MUMBAI V.19 | 1.55 | 1.90 | 2.20 | 3.50 | X | | 8.5.2015 | 11.5.2015 | 10.5.2015 | 9.5.2015 | | | 19.5.2015 | 22.5.2015 | 30.5.2015 |
| | S/O CUT | | | | | | 4.5.2015 | 7.5.2015 | 6.5.2015 | 7.5.2015 | | | | | |
| MV.HOEGH CHENNAI V.13 | 1.55 | 1.90 | 2.20 | 3.50 | X | | | | 23.5.2015 | 25.5.2015 | 22.5.2015 | 28.5.2015 | 5.6.2015 | 9.6.2015 | |
| | S/O CUT | | | | | | | | 19.5.2015 | 24.5.2015 | 18.5.2015 | | | | |
| MV.CITY OF MUMBAI V.20 | 1.55 | 1.90 | 2.20 | 3.50 | X | | 8.6.2015 | 11.6.2015 | 10.6.2015 | 9.6.2015 | | | | 22.6.2015 | 30.6.2015 |
| | S/O CUT | | | | | | 4.6.2015 | 4.6.2015 | 6.6.2015 | 5.6.2015 | | | | | |
| MV.HOEGH CHENNAI V.14 | 1.55 | 1.90 | 2.20 | 3.50 | X | | | | 25.6.2015 | 26.6.2015 | 24.6.2015 | | | 9.7.2015 | |
| | S/O CUT | | | | | | | | 21.6.2015 | 22.6.2015 | 20.6.2015 | | | | |
| MV.CITY OF MUMBAI V.21 | 1.55 | 1.90 | 2.20 | 3.50 | X | | | 8.7.2015 | 9.7.2015 | 10.7.2015 | | | 18.7.2015 | 22.7.2015 | 30.7.2015 |
| | S/O CUT | | | | | | | 4.7.2015 | 5.7.2015 | 6.7.2015 | | | | | |
| MV.HOEGH CHENNAI V.15 | 1.55 | 1.90 | 2.20 | 3.50 | X | | | | 25.7.2015 | 27.7.2015 | 24.7.2015 | | 5.8.2015 | 9.8.2015 | |
| | S/O CUT | | | | | | | | 21.7.2015 | 23.7.2015 | 20.7.2015 | | | | |

Yangon (Myanmar)
GOLDEN LAND EXPRESS LIMITED
Dagon Center II, Pyay Road, No. 268, Room 14 (C), 14 th Floor.
Sanchaung Township,Yangon, Myanmar.
Tel : +95 1 2305542,2306027,2306028
Mobile : + 95 9 250289802
Fax : + 95 1 2305543
Hot Line : + 95 9 254010441

Email : gleltd.office@gmail.com ( Management )
gleltd.mktg@gmail.com ( Operation )
docs.gle@gmail.com ( Document )
gleltd.marketing@gmail.com ( Marketing )
goldenland.gle@gmail.co m ( Marketing )

Loading address (YOKOHAMA DAIKOKU)
Daikoku T-3/4/5/6/7/8, Public Berth, Yokohama

Loading address (SAKAI SENBOKU)
Shiomi Wharf 5-A/B/C

Business Development Manager : Mr.Aung Myintta (95 9 250724445)
Management Secretary : Ms. Nway Ei Phyu ( 95 9 253036301)
Operation : Mr. Aung Swe Myint (95 9 86 22887)
Documention : Ms. Mar Mar Cho (95 9 421018250)
Marketing:Ms. Aye Kyar Phyu ( 95 9 250724446)
Marketing : Mr. Thiha Thiek ( 95 9 5145801 )
Marketing:Ms. Ja Seng Eain ( 95 9 402794677 )

ဥရောပနိုင်ငံများမှ တင်သွင်းလိုပါက စက်ဘပူနိုင်ငံမှတဆင့် ချိတ်ဆက်ဆောင်ရွက်ပေးနေပါသည်။

---

## Andaman Lines Sailing Schedule

<< June 2015 Sailings Schedule >>

Date : 1st June 2015

**SAILING SCHEDULE FOR IMPORT**

| VESSEL | VOYAGE | ETD/ETA | |
|---|---|---|---|
| | | RANONG | YANGON( AIPT ) |
| MV. JRS CARINA | RY-1506-014N | 03-Jun-15 | 05-Jun-15 |
| | | | |
| MV. JRS CARINA | RY-1506-015N | 10-Jun-15 | 12-Jun-15 |
| MV. JRS CARINA | RY-1506-016N | 17-Jun-15 | 19-Jun-15 |
| MV. JRS CARINA | RY-1506-017N | 24-Jun-15 | 26-Jun-15 |

**SAILING SCHEDULE FOR EXPORT**

| VESSEL | VOYAGE | ETD/ETA | |
|---|---|---|---|
| | | YANGON( AIPT ) | RANONG |
| MV. JRS CARINA | RY-1506-014S | 06-Jun-15 | 09-Jun-15 |
| | | | |
| MV. JRS CARINA | RY-1506-015S | 13-Jun-15 | 16-Jun-15 |
| MV. JRS CARINA | RY-1506-016S | 20-Jun-15 | 23-Jun-15 |
| MV. JRS CARINA | RY-1506-017S | 27-Jun-15 | 30-Jun-15 |

*Please note that above mention schedules will change with or without prior notice. You are kindly request to us for details ( arrival/departure ) time.
*Please note that cargos arrived into CY after closing time, loading of cargos and any cost incurred will not be our responsibilities.
*Cargo closing time is two days before departure.

Golden Land Express Ltd.
Dagon Center II,Pyay Road,No.268,Room 14 C,14th Floor.
Sanchoung Township,Yangon,Myanmar.
Tel : +95 1 2305542,2306027,2306028
Fax : +95 1 2305543
Hot Line : +95 9 260996074 ,+95 9 5035797

Business Development Manager : Ms.Nway Ei Phyu ( +95 9 253036301 )
Export/Import Dep : Mr.Thiha Thiek ( +95 9 261594515 )
Export/Import Dep : Mr.Soe Min Thu ( +95 9 260996073 )
Documentation and Customer Service Department :
Ms.Khin Swe Lwin ( +95 9 260996074 )
Operation Dep : Mr.Kaung Zaw ( +95 9 5202871 )

Email : nephyu@goldenlandexpress.com ( Export / Import )
marketing-imp@goldenlandexpress.com ( Import Marketing )
marketing-exp@goldenlandexpress.com ( Export Marketing )
cs-import@goldenlandexpress.com ( Import Document )
cs-export@goldenlandexpress.com ( Export Document )
operation@goldenlandexpress.com ( Operation Department )

TransOffshore Logistics Pte Ltd

NCL INTERNATIONAL LOGISTICS PUBLIC COMPANY LIMITED

Dee Delight Maritime & Consultants Co Ltd